www.burmeseclassic.com

NEW IDEA

စိတ်ကူးသစ်စာပေ

# နေဝိုးသော်

ရှေ့နေမလေး မေစံရှား နှင့်

## ဟောင်ကောင်ဂျုတ်မ မြနှင်းဆီ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၉၉၁၂၀၇
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၅၈၀၁၀၈

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၀၈၊မတ်လ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ။ | *Welfare* |
| အတွင်းဖလင် | ။ | *Quality* |

■

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၂၀၀ ကျပ်

# ၁

လကွေးကွေးက မှိန်မှိန်ဖျော့ဖျော့လေး ထွက်ပြူစ. .။

တိမ်မဲ့ညကောင်းကင်မှာ ကြယ်ကလေးတွေ ဟိုတစ်လုံးသည် တစ်လုံးနှင့် ပိုးစုန်းကြူးကလေးတွေကို ကြဲဖြန့်ထားသည်သို့။

လမ်းမီးရောင်ဝါကျင့်ကျင့်က ညအမှောင်ကို အန်တုနေသည်မှာ ခဝဲ့မရဲ. .။

အဝေးမှ ကင်းတဲတစ်ခု၏ သံချောင်းခေါက်သံ ထွက်ပေါ်လာသည်။ ဆယ့်တစ်ချက်. .။

မြို့လယ်ကောင်မဟုတ်သော သည်နေရာကလေးမှာ တစ်နေ့တာရုန်းကန်လှုပ်ရှားခဲ့သမျှကို အတိုးချအနားယူချိန်ကာလဖြစ်၏။ ရပ်ကွက်တစ်ခုလုံး အိပ်မောကျစပြုပြီ။ ကိုယ်ပိုင်ခြံကလေးတွေနှင့် ကိုယ်ပိုင်အိမ်ကလေးတွေက နာမည်ကျော်ဆိတ်ငြိမ်ရပ်ကွက်ကြီး မဟုတ်လင့်ကစား သီးသီးသန့်သန့်လေးဖြစ်၏။ အလယ်အလတ်တန်းစား လူနေမှုဝန်းကျင်လေးတစ်ခုဟု ဆိုနိုင်သည်။

တစ်ခုသော အိမ်ကလေးမှာ မီးရောင်ကလေး မြင်နေရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ည့်ခန်းထဲမှာ အမျိုးသမီးတစ်ယောက် မဂ္ဂဇင်းတစ်အုပ်ကို စိတ်မပါတပါဖတ်နေ၏။ စာဖတ်နေခြင်းက အချိန်ဖြုန်းနေခြင်းသာဖြစ်သည်။

စာဖတ်ရင်းမှနေ၍ မကြာခဏ အပြင်သို့ နားစွင့်နေသည်။

လင်သားအပြန်ကို မျှော်နေသော ဇနီးသည်တစ်ယောက်. .။

အလည်လွန်သော ခင်ပွန်းသည်ကို လည်တဆန့်ဆန့်စောင့်နေသည့် မယားကောင်းတစ်ယောက်. .။

မကြာမီမှာပင်. .

အဝေးမှ ကားသံသဲ့သဲ့တစ်ခုကို ကြားလိုက်ရသည်။

အမျိုးသမီး လှုပ်ရှားသွားသည်။ ထိုင်ရာမှ ထသည်။ အိမ်ရှေ့ပြတင်းမှ အပြင်သို့လှမ်းကြည့်သည်။

တက္ကစီကားလေးတစ်စီး ရပ်ကွက်ထွင်း ဝင်လာ၏။ ကားပေါ်မှာ ကားမောင်းသူနှင့် ခရီးသည်တစ်ဦးသာ ပါသည်။

နောက်ခန်းရှိ ခရီးသည်မှာ အရှိန်ကလေးတော်တော်တွေနေသည်။ မျက်လုံးကိုပင် ကောင်းကောင်းမဖွင့်နိုင်။ ကားထိုင်ခုံနောက်မှီပေါ်ဇက်ကိုမှေးတင်ကာ လိုက်ပါလာ၏။

ကားမောင်းသမားက ကားကိုရပ်လိုက်သည်။

"ဆရာပြောတဲ့လမ်းကိုတော့ ရောက်ပြီဆရာ။ ဒါပေမဲ့ လမ်းကဆိုးတယ်။ ချိုင့်တွေနဲ့. .။ ကားဆက်ပြီးမောင်းဝင်လို့ မရတော့ဘူး"

ဒရိုင်ဘာလူရွယ်၏စကား. .။

"ဟော. . ရောက်ပြီလား။ နေ. . နေပါဦး။ ငါကြည့်ဦးမယ်"

ခရီးသည်က မှိန်းနေရာမှ ကိုယ်ကိုမတ်ကာ အပြင်သို့ ခေါင်းပြူကြည့်သည်။

"အေး. . ဟုတ်တယ်။ ရောက်ပြီ။ အိမ်လည်း သိပ်မဝေးတော့ပါဘူး။ မောင်းမရလည်း ဒီကဆင်းတာပေါ့ကွာ။ ရော့. . ကားခ"

ဒရိုင်ဘာက ခရီးသည်ပေးသော တစ်ထောင်တန်သုံးရွက်ကို





ချမ်းယူရင်း. .

"လမ်းမီးတော့ ရှိပါတယ်။ ဆရာလျှောက်သွားလို့ ရမှာပါ"

ဟု ပြောသည်။

ခရီးသည်က တံခါးကိုဖွင့်ရင်း ဘေးမှာချထားသော အတက်ချိဘော့စ်ကို ယူသည်။

"ရတယ်. . ရတယ်. .။ ဒီနေရာက ကိုယ့်ဝန်းကျင်။ ဘာမှကြောက်စရာမလိုဘူး။ ဒီနားက လူတွေက ကိုယ့်ကိုဆိုရင် ဖြူပြီးသား။ နာမည်ကျော်ရွှေနေကြီးဆိုတော့. . ဟဲ. . ဟဲ. ."

ခရီးသည်သည် ပြောရင်းဆိုရင်း ကားပေါ်မှဆင်းလိုက်သည်။ ကားတံခါး ပြန်ပိတ်သည်။ လူက အနည်းငယ် ယိုင်ထိုးနေ၏။

ကားကလေးက ရှေ့မီးဖွင့်ထားလျက်နှင့်ပင် နောက်ပြန်ဆုတ်သွားသည်။ ကားမီးရောင်ဖြင့် လင်းနေသောလမ်းအတိုင်း ခရီးသည်ရှေ့နေကြီး လျှောက်၍သွား၏။ ဟန်သိပ်မပျက်သော်လည်း ခြေလှမ်းတွေတ သိပ်မမှန်။

ကားမီးရောင် ပျောက်သွားသည်။ ကားပြန်ကွေ့သွားပုံရသည်။

ဓာတ်မီးတိုင်ကလည်း ခပ်လှမ်းလှမ်းမှာသာရှိသဖြင့် ရုတ်ခြည်းထင် လမ်းတစ်လျှောက် အမှောင်တွေ ထိုးကျလာသလို ဖြစ်သွား၏။

ပြတင်းပေါက်မှ မျှော်ကြည့်နေသော အမျိုးသမီးက လင်တော်မောင် ရှေ့နေကြီး ရောက်လာပြီဆိုသည်ကို လှမ်းမြင်လိုက်၏။

"ခါတိုင်းလိုပဲ အပေါင်းအသင်းတွေနဲ့ ဝိုင်းဖွဲ့နေတာပဲ နေမှာပေါ့။ ပြန်လာတာကိုက သိုင်းကွက်နင်းနေတဲ့ပုံနဲ့။ ဟင်း. ."

မကျေမနပ်ရေရွတ်သည်။ သက်ပြင်းချသည်။

ထိုအခိုက်မှာပဲဖြစ်၏။

လမ်းဘေး သစ်ပင်တစ်ပင်၏နောက်ကွယ် မှောင်ရိပ်မှ လူတစ်ယောက် ရုတ်တရက် ပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီး၏ ရှေ့မလှမ်းမကမ်းမှာ ပိတ်ရပ်လိုက်သည်။

ရှေ့နေကြီး အမူးနည်းနည်းပြေသွားသလို မျက်လုံးပြူးကြည့်သည်။

ရှေ့မှပိတ်ရပ်သူမှာ ဦးထုပ်နက်တစ်လုံးကို ငိုက်၍ဆောင်းထား၏။ သားရေဂျာကင်အနက်ကို ဝတ်ထား၏။ ဘောင်းဘီရှည်ကလည်း အနက်ဖြစ်၏။ ဖိနပ်ကလည်း အနက်ရောင်ဖြစ်၏။ မဟူရာညမင်းသားဖြစ်သည်ဟု ဆိုရမည်ထင့်။

မဟုတ်. . ။ မဟုတ်. . ။

ညမင်းသားမဟုတ်။ ညမင်းသမီးဖြစ်၏။

ကိုယ်နေဟန်အချိုးအဆက်က အမျိုးသမီးဖြစ်ကြောင်း သက်သေခံနေသည်။ အချိုးအစား သိပ်လှသည်။ ရုပ်နေပုံကပင် နိုင်ငံခြားမင်းသမီးလား ထင်မှတ်ရ၏။

အဝေးမှ လမ်းမီးရောင်ဖြင့် သူမ၏လက်ထဲမှာ အရာတစ်ခု လက်ခံနဲဖြစ်သွားသည်။ ဓား. . ။

ရှေ့နေကြီး ပို၍ မျက်လုံးပြူးသွားသည်။ အမူးတွေ ချက်ချင်း ပြေသွားသလိုရှိသည်။ ယမကာ၏အရှိန်အဟုန်များကို ရုတ်ခြည်းဆုံးရှုံးလိုက်ရပြီး အကြောက်တရားက စိမ့်ဝင်လာသည်။

ရန်သူ. . ။

ခေါင်းထဲမှာ မီးနီက ဝင်းခနဲပြ၏။

ပြေးဖို့ပြင်လိုက်သည်။

သို့သော် နောက်ကျသွားပြီ။

ညမင်းသမီးက သူ့ရှေ့မှာ တိုး၍ပိတ်ရပ်သည်။ လျင်သည်။ မြန်သည်။ သွက်သည်။ ထက်သည်။

သူမ၏ လက်အလှုပ်အရှားက အချိန်အဆမိသည်။

ရှေ့နေကြီးရင်ဝမှာ ပူခနဲ. . ။





"အ. ."

နာကျင်မှုနှင့်အတူ ညည်းသံက မချိမဆံ့။ လူက ခါးကိုင်းသွားသည်။ ဒူးက ညွတ်သွားသည်။ လက်တွင်ဆွဲလာသော အတက်ချိုကော့စ် ပြုတ်ကျသွားသည်။

ညမင်းသမီးက လက်ကိုပြန်ရုတ်သည်။ ဓားပြန်ပါသွားသည်။ ပြီးလျှင် နောက်တစ်ချက် ထပ်မံလှုပ်ရှားသည်။

"အီး. ."

ရှေ့နေကြီး ညည်းညူကာ ဒူးက မြေသို့ကျသွားသည်။ မျက်လုံးကြီးပြူးလျက် ညမင်းသမီးကို ကြည့်သည်။

"ဟင်. . မင်း. . မင်း. ."

ညမင်းသမီးက ပြုံးသည်။ လက်က ဓားကို လွှတ်လိုက်သည်။ ထောက်လျက်မှ ရှေ့နေကြီး မြေပေါ်ခွေလဲကျသွားသည်။ ရင်ဘတ်မှ ဓားစိုက်နေသော နေရာကိုဖိကာ တအီးအီးအော်နေသည်။ မြေပေါ်မှာ တစောင်း ခွေခွေလေး။

ညမင်းသမီးက အခြေအနေကို အေးဆေးစွာငုံ့ကြည့်နေစဉ် အဝေးမှ ပြေးလာသောအသံကို ကြားရ၏။

"အစ်ကို. . အစ်ကို. ."

အမျိုးသမီးသံဖြစ်သည်။

"လာကြပါဦး. . ။ လုပ်ကြပါဦး. . ။ အစ်ကို့ကို သတ်နေပါတယ်"

အော်သံက အလန့်တကြား ဆက်တိုက်ထွက်လာ၏။

ညမင်းသမီး လှုပ်ရှားသွားသည်။ ဖျတ်ခနဲ နေရာမှလှည့်ထွက်ကာ မှောင်ရိပ်ထဲ ပြေးဝင်သွားသည်။ မြန်လိုက်တာ. . ။ ကြောင်နက်တစ်ကောင်လား ထင်ရ၏။ မှောင်ထဲဝင်သည်နှင့် ပျောက်သွားသည်။

ပြေးလာသူ အမျိုးသမီးက လဲကျနေသူ ခင်ပွန်းသည်ရှေ့နေကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ပွေ့ထူလိုက်သည်။ စိုးရိမ်တကြီး အော်ခေါ်သည်။

“အစ်ကို. . အစ်ကို. .”

ရှေ့နေကြီး မျက်လုံးတစ်ချက်ဖွင့်ကာ ခပ်တိုးတိုး အသံတစ်သံ ထွက်လာ၏။ စကားသံက တစ်ပိုင်းတစ်စဖြစ်၏။ ခေါင်းငိုက်စိုက်ကျ သွား၏။

“သူ. . သူ. . မေ. . မေစံရှား. .”

# ၂

ရဲစခန်းအတွင်းသို့ မေစံရှား ဝင်လာသည်။

ကြည်လင်သန့်ရှင်း၍ ဣန္ဒြေရကာ ကျက်သရေရှိလှသော မျက်နှာသည် တည်ငြိမ်မှုအပြည့်။ မျက်လုံးကလေးနှစ်လုံးသည် စိန်ပွင့်လေးများလို တလက်လက်တောက်နေ၏၊ ပိရိသေသပ်လှပသော နှုတ်ခမ်းနီထွေးထွေးနှစ်လွှာသည် တင်းတင်းစေ့လျက်။

ရဲစခန်းတွင်း ဝင်လာပုံမှာ ရဲရင့်လှ၏။ ကြောက်သော၊ ရွံ့သော ခြေလှမ်းများဖြင့်မဟုတ်။ ထို့အတူ ဂရုမစိုက်၊ သရော်မော်ကားနိုင်လှသော ခြေလှမ်းများလည်းမဟုတ်။ တစ်လှမ်းချင်း တစ်လှမ်းချင်း မှန်မှန်ဖြစ်၏။

ခါးကိုကျော်သည်ထိ ရှည်လျားသော နက်မှောင်သည့်ဆံပင်များကို စုစည်းထုံးနှောင်ကာ နောက်တွင်ချထား၏။ မြန်မာအင်္ကျီအဖြူကလေး ပေါ်မှာ ရှေ့နေကုတ်အနက်ကလေးကို ထပ်ဝတ်ထားသည်။ အောက်ပိုင်းမှာက ချိတ်ထဘီကျောက်စိမ်းရောင်. . ။ မြန်မာဆန်သည့်အလှ. . ။

မြင်သူတိုင်း၏ရင်ကို အေးမြမှုပေးသည့်အလှ. . ။

ပူလောင်မှု တစ်စွန်းတစ်စ မပေါ်သောအလှ. . ။



www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်မောင်မောင်သန်းက သူ့၏စားပွဲဆီသို့ ဦးတည်လျှောက်လာနေသော မေစံရှားကို မော့ကြည့်ရင်း ခေါင်းထဲမှာ ပဟေဠိတွေ ဝင်နေသည်။

မေစံရှားနောက်မှာက ဒုရဲအုပ်မင်းခန့် လိုက်ပါလာသည်။

"ထိုင်ပါ ဒေါ်မေစံရှား"

ရဲအုပ်မောင်မောင်သန်းက ပြုံး၍ သူ့စားပွဲရှေ့မှထိုင်ခုံကို ညွှန်ပြသည်။ မေစံရှားက တည်ကြည်ဣန္ဒြေရစွာ ဝင်ထိုင်သည်။ ဒုရဲအုပ်မင်းခန့်က ရပ်၍ ရဲအုပ်မောင်မောင်သန်းကို အလေးပြုသည်။

"လေးစားပါတယ်..။ မင်းသွားနိုင်ပြီ"

ရဲအုပ်မောင်မောင်သန်းက လက်ပြပြီး ပြောလိုက်၏။ ဒုရဲအုပ်မင်းခန့် ပြန်ထွက်သွားသည်။

"ခုလို ခေါ်ခိုင်းလိုက်ရတာ အားနာပါတယ် ဒေါ်မေစံရှား။ ဒေါ်မေစံရှား အလုပ်တွေပျက်သွားတယ်ဆိုရင်လည်း နားလည်ပေးပါ"

"ရပါတယ်..။ တာဝန်အရ လုပ်ရတာပဲဟာ။ ကျွန်မသဘော ပေါက်ပါတယ်။ ပြောပါ"

မေစံရှားက ပီသသောစကားဖြင့် တုံ့ပြန်၏။ တုန်လှုပ်ယိမ်းယိုင်မှု စိုးစဉ်းမပါ။

ရဲအုပ်မောင်မောင်သန်းက မေစံရှား၏မျက်လုံးများကို ရှောင်လွှဲပြီး စားပွဲပေါ်ကဖိုင်များကို နေရာရွှေ့ရင်း ပြောရမည့်စကားကို ရွေးနေသည်။ မေစံရှားနှင့် သူက ထိပ်တိုက်ဆုံခဲ့ဖူးသော မိတ်ဆွေဟောင်းကြီးများဖြစ်ကြ၏။ သူက အမှုလိုက်ရဲအရာရှိ၊ မေစံရှားက တရားခံအကျိုးဆောင်အဖြစ်ဖြင့် နှစ်ကြိမ်ခန့်ဆုံခဲ့ပြီး ဖြစ်သည်။ အယူအဆချင်း၊ ရှုထောင့်ချင်း မတူသဖြင့် အပြင်းအထန် ပြောခဲ့ဆိုခဲ့ကြဖူး၏။ နှစ်ကြိမ်စလုံးမှာပင် မေစံရှားက တရားခွင်မှာ အနိုင်ရကာ တရားခံက ကွင်းလုံးကျွတ်လွတ်သွားခဲ့သည်။ တရားရုံးကိုတင်ခဲ့သော အမှုလိုက်ရဲအရာရှိအနေဖြင့်





အခံရခက်ခဲ့၏။

သို့သော် မေစံရှားက သူတင်ပြသောတရားခံကို အပြစ်ရှိလျက် လွတ်အောင်ထုချေခဲ့ခြင်း သက်သက်မျှသာ မဟုတ်။ ထိုအမှုကို အမှန်ဖြစ်ပေါ်စေရန် အထောက်အထားကွင်းဆက်များကို ရှာဖွေဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။

သို့အတွက် အခြားသော တရားခံအစစ်သည် ပေါ်လာခဲ့ရ၏။

မေစံရှား၏ကြိုးပမ်းမှုကြောင့် တရားခံအစစ်သည် ဉာဏ်များပြီး မှန်းရှောင်နေနိုင်ရာမှ ဥပဒေရှေ့မှောက်သို့ ရောက်ရှိလာသည်။ မှန်ကန်သောတရားစီရင်မှုကို ပြုနိုင်ခဲ့သည့်အတွက် မေစံရှားကို သူ လေးစားခဲ့၏။

တစ်ဖက်ကလည်း မာနတရားကြောင့် သူ အရှက်ကိုခံစားခဲ့ရသည်ဟု ဆိုရမည်။

အမှုမှာ အမှန်တရားကိုရခဲ့သော်လည်း အကျိုးဆောင်မေစံရှားကို အမှုလိုက်အရာရှိက ရှုံးခဲ့ရသည်လေ။ ထို့အတွက်တော့ သူ့ရင်မှာ နည်းနည်းတော့ ခံစားမှုတွေရှိခဲ့သည်။

ယခုတော့ အခြေအနေတစ်ရပ်သည် သူနှင့်မေစံရှား၏ကြားသို့ အလိုလိုဝင်ရောက်လာပြန်လေပြီ။

"ဒေါ်မေစံရှားလို ဥပဒေဘက်တော်သားတစ်ယောက်ကို ဒီလိုခေါ်ပြီး မေးခွန်းတွေမေးရတဲ့အတွက် ဝမ်းနည်းပါတယ်။ ဒါပေမဲ့ မမေးမဖြစ် မေးရမယ့်အကြောင်းကလည်း ရှိလာလို့ပါ။ ကိုမင်းခန့် အကျိုးအကြောင်းတို့ သဘောလောက်တော့ ပြောခဲ့ပြီးဖြစ်ပါလိမ့်မယ်"

ရဲအုပ်မောင်မောင်သန်းက စကားကို ပြေပြစ်စွာ အစပျိုးသည်။

"ဟုတ်ကဲ့..။ ကိုမင်းခန့်ပြောလို့ အရိပ်အမြွက်တော့ သိရပါတယ်။ မေးစရာရှိတာ မေးပါ။ ကျွန်မ အမှန်အတိုင်းဖြေပါ့မယ်။ အမှန်တရားအတွက် အလုပ်လုပ်ကြတာပါ။ ကျွန်မအတွက် ဝမ်းနည်းစရာမလိုပါဘူး။ ဘယ်သူမဆို တစ်ချိန်မှာ တရားဥပဒေဘောင်အတွင်းက ရှိနေပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် တခြားတစ်ချိန်မှာကျတော့ တရားဥပဒေရဲ့အပြင်ဘက်ကို ရောက်သွားနိုင်တာပါပဲ''

မေစံရှားက ရိုးစင်းရှင်းလင်းစွာ ပြန်ပြောသည်။ အပြောမှာ ရှိမြဲကြည်လင်သောမျက်နှာဖြင့်. .။ ရှိမြဲအပြုံးငွေ့ငွေ့ဖြင့်. .။

''ဒီလိုနားလည်ပေးတာ ကျေးဇူးတင်ပါတယ်။ အမှန်တော့ ကျွန်တော့်အနေနဲ့ ယတိပြတ်ဆ ာက်ချက်မချရသေးပါဘူး။ လိုအပ်တာကို စုံစမ်းတဲ့သဘောပါ။ ဒေါ်မေစံရှားဟာ ဥပဒေကို လေးစားလိုက်နာပြီး ကျွန်တော်တို့ကို အကူအညီပေးနေတဲ့သူ ဖြစ်တာကြောင့် စိတ်ထဲမှာ ဘယ်လိုမှမဖြစ်နိုင်ဘူးလို့လည်း ယုံကြည်နေမိပါတယ်။ အခြားတစ်ဖက်မှာကျတော့လည်း ဖြစ်ရပ်ရဲ့အနေအထားနဲ့ သက်သေရဲ့စကားက ဒေါ်မေစံရှားကို ညွှန်ပြနေပြန်ပါတယ်''

''ဟုတ်ကဲ့. . ပြောပါ''

''အမှုကတော့ ဒေါ်မေစံရှား အကြမ်းဖျင်းသိပြီးဖြစ်တဲ့အတိုင်း ညက ရွှေနေကြီးဦးသက်မွန်ဟာ မိတ်ဆွေတွေနဲ့ ဟိုတယ်တစ်ခုမှာ စားသောက်ပြီး အိမ်ကိုပြန်သွားတယ်။ အငှားကားနဲ့ပြန်တယ်။ ကားပေါ်က ဆင်းပြီး အိမ်ဆီကို လမ်းလျှောက်ပြန်တယ်။ အဲဒီမှာ မှောင်ရိပ်ထဲက လူတစ်ယောက်ထွက်လာပြီး သူ့ကိုဓားနဲ့ထိုးတယ်။ ဓားချက်က နှစ်ချက်ဖြစ်တယ်။ သူ့ဇနီးသည် ဒေါ်သူဇာက ဦးသက်မွန်ကို စောင့်နေရာက ပြတင်းပေါက်ကနေ ကြည့်နေတာ။ ရုတ်ရုတ်သဲသဲဖြစ်တာကို မြင်တယ်။ အိမ်ပေါ်ကနေ ပြေးဆင်းလာတယ်။ လာကြပါဦးဆိုပြီး အော်ပြီးပြေးလာတယ်။ သူမကိုမြင်တော့ ဓားနဲ့ထိုးသူက ထွက်ပြေးသွားတယ်။ အမျိုးသမီးတစ်ဦးဆိုတာကို ဒေါ်သူဇာက သေသေချာချာမြင်လိုက်တယ်။ ဦးထုပ်နက်နဲ့၊ သားရေဂျာကင်အနက်နဲ့၊ ဘောင်းဘီအနက်နဲ့တဲ့။ ဒေါ်သူဇာက ဦးသက်မွန်ကို ပွေ့ထူလိုက်တော့ ဦးသက်မွန် အသက်ရှိနေသေးတယ်။ ဒေါ်သူဇာကို 'သူ. . သူ. . မေစံရှား. .' လို့ ပြောပြီးမှ ဇက်ကျိုးကျသွား





တယ်။ ဒါကြောင့်. .''

ရဲအုပ်မောင်မောင်သန်းက စကားကိုဖြတ်လိုက်သည်။ ရှေ့ဆက်ရမည့်စကားကို ရွေးမရရှိ၍ဘဲဖြစ်သည်။

မေစံရှားက ပြုံး၍ စကားဆက်ပေးလိုက်သည်။

''ဒါကြောင့် မေစံရှားဟာ ဦးသက်မွန်ကိုသတ်တဲ့တရားခံ ဖြစ်နိုင်တယ်။ သံသယတရားခံ နံပါတ်တစ် ဖြစ်နေတယ်။ ဒီလိုပေါ့နော်''

ရဲအုပ်မောင်မောင်သန်းက ခေါင်းကို လေးပင်စွာညိတ်သည်။

''ဒေါ်မေစံရှား. .။ ညက ဆယ့်တစ်နာရီဝန်းကျင်မှာ ဘယ်မှာရှိနေလဲ''

''ညနေ ခြောက်နာရီထိုးဖို့ ဆယ့်ငါးမိနစ်မှာ အိမ်ပြန်ရောက်ပါတယ်။ အဲဒီကတည်းက ခုမနက်ရုံးသွားတဲ့အချိန်ထိ အိမ်မှာပဲရှိပါတယ်''

''ဒေါ်မေစံရှား အိမ်မှာရှိတာကို ဘယ်သူသက်သေပြနိုင်သလဲ''

''ကျွန်မဒေါ်လေး ဒေါ်လေးကြင်ကြင်ရှိပါတယ်''

''အင်း. . ဒါက အတူနေသေ ဒေါ်ကို ဆိုလိုတာမဟုတ်လား။ တခြား. .''

''ကျွန်မက ရပ်ကွက်ထဲမှာ လျှောက်မသွားတတ်ဘူး။ ကျွန်မအိမ်ကိုလည်း တခြားသူတွေက ညဘက်မှာ အကြောင်းထူးမရှိဘဲ မလာတတ်ဘူး။ ဒါကြောင့် တခြားသူစိမ်းတစ်ဦးဦးကိုတော့ ကျွန်မ အလီဘိုင် မပြနိုင်ဘူး''

ရဲအုပ်မောင်မောင်သန်း သက်ပြင်းချသည်။

''ခက်နေတာက ဒေါ်မေစံရှားပြတဲ့ အလီဘိုင်ဟာ အဒေါ်ဆိုတော့. .''

မေစံရှား ပြုံးသည်။

''ရိုးသားပြီး တရားဥပဒေဘောင်အတွင်းမှာ နေထိုင်တဲ့သူတစ်ဦးဟာ အမျိုးဖြစ်ဖြစ်၊ သူစိမ်းဖြစ်ဖြစ် စစ်မှန်တဲ့သက်သေ ဖြစ်နိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ သူစိမ်းပေမယ့် မရိုးသားရင် သက်သေကောင်းဖြစ်ပါ့မလား"

"ဟာ..ကျွန်တော် ဒီလိုဆိုလိုတာ မဟုတ်ပါဘူး။ အများအမြင်မှာ ပိုပြီးရှင်းမယ်လို့ ဆိုလိုတာပါ"

"အရေးကြီးတာက အမှုကိုင်ရဲအရာရှိကြီး အမြင်ရှင်းဖို့ပဲ မဟုတ်လားရှင်"

ရဲအုပ်မောင်မောင်သ... သက်ပြင်းရှိုက်ပြန်သည်။

"သေဆုံးသူဦးသက်မွန်ရဲ့ ဇနီး ဒေါ်သူဇာကိုယ်တိုင်က သက်သေအဖြစ် ထွက်ဆိုထားတာမို့.."

"ဒါဖြင့် ကျွန်မက တရားခံဆိုပါတော့..ဟုတ်လား။ ဦးသက်မွန်ဟာ ကျွန်မမိတ်ဆွေပါ။ လုပ်ဖော်ကိုင်ဖက်ပါ။ သူ့ကိုသတ်ရလောက်အောင် ဘယ်လိုအကြောင်းအချက်များ ကျွန်မမှာရှိနိုင်မှာလဲ။ Motive ပေါ့လေ"

"ကျွန်တော်တို့ ဒီမနက် လေ့လာစုံစမ်းချက်များအရ ဦးသက်မွန်နဲ့ ဒေါ်မေစံရှားဟာ တရားခံနဲ့တရားလိုအကျိုးဆောင်များအနေနဲ့ တရားရုံးမှာ နှစ်ကြိမ်တွေ့ဆုံပြီး အကြီးအကျယ်၊ အပြန်အလှန် ထုချေလျှောက်လဲခဲ့ကြဖူးတယ်။ ဒီအမှုတွေမှာ ဒေါ်မေစံရှားနိုင်သွားခဲ့လို့ ဦးသက်မွန်က ဒေါ်မေစံရှားကို လက်ဖက်ရည်ဆိုင်မှာ ရိသဲ့သဲ့ပြောခဲ့တယ်။ ဒီအမျက်နဲ့ ဦးသက်မွန်နဲ့ ဒေါ်မေစံရှား စကားအဆင်မပြေဖြစ်ခဲ့ကြတယ်ဆိုတဲ့အချက် ပေါ်လာတယ်"

မေစံရှား ပြုံးပြန်ပါသည်။

"ရဲအုပ်ကြီးနဲ့ ကျွန်မလည်း အမှုနှစ်မှုမှာ ထိပ်တိုက်တွေ့ခဲ့ဖူးပါတယ်။ ပြောကြဆိုကြ၊ ငြင်းခုန်ကြ၊ ဝေဖန်ထောက်ပြကြ ဖြစ်ခဲ့ဖူးပါတယ်။ ရဲအုပ်ကြီး ကျွန်မကို သတ်ချင်ပါသလား"

"ဟာဗျာ..။ ကျွန်တော်က ဦးနှောက်မရှိတဲ့လူမှ မဟုတ်တာ"

"ဦးသက်မွန်နဲ့ ကျွန်မဟာလည်း တရားခွင်မှာ သူက သူ့အမှု





သည်ဘက်က၊ ကျွန်မက ကျွန်မအမှုသည်ဘက်က ရပ်တည်ပြီး အပြန်အလှန် စွပ်စွဲ ချေဖျက်ကြတာပါပဲ။ ဒါဟာ ရှေ့နေတွေရဲ့ အလုပ်ပါ။ သူ့ကို ကျွန်မ မုန်းစရာအကြောင်းမရှိသလို သူကလည်း ကျွန်မကို မုန်းစရာအကြောင်းမရှိပါဘူး"

"ဒါဖြင့် လက်ဖက်ရည်ဆိုင်မှာ စကားများကြဖူးတယ်ဆိုတာက.."

"စကားများတာ မဟုတ်ပါဘူး။ သူနဲ့ ကျွန်မ ယှဉ်ပြိုင်ပါဝင်တာမဟုတ်တဲ့ အမှုတစ်ခုမှာ သူစစ်မေးလျှောက်လဲနေတာနဲ့ပတ်သက်ပြီး ဆုံတုန်းဆုံခိုက် ကျွန်မက ပြောရင်းကနေ အပြန်အလှန်ပြောခဲ့ဆိုခဲ့ကြတာပါ။ အဲဒီလိုဖြစ်ခဲ့တာကို သက်သေပြပါဆိုရင်လည်း ကျွန်မချစ်သူ အယ်ဒီတာ၊ စာရေးဆရာ ကိုနေသော်ကို ပြနိုင်ပါသေးတယ်"

"ထားပါ..။ ဖြစ်ခဲ့တာလေးကို အကျဉ်းချုံးပြန်ပြောပါဦး"

"ဒီလိုပါ..။ အမှုက မုဒိမ်းမှုပါ။ ဦးသက်မွန်က တရားခံရဲ့ အကျိုးဆောင်ပါ။ တရားခွင်မှာ ဦးသက်မွန်က သူ့တရားခံလွတ်မြောက်ရေးအတွက် အမျိုးမျိုးကြိုးစားတာနဲ့ပတ်သက်ပြီး ကျွန်မအမြင်ကို ပြောခဲ့တာပါ"

❦ ❦ ❦ ❦ ❦

"ဦးသက်မွန်..။ အခုအမှုမှာ တရားခံဘက်ကနေ ထွက်ပေါက်ရအောင် ကြိုးစားတာကို ရှေ့နေကောင်းတစ်ယောက်အနေနဲ့ ကျွန်မ ချီးကျူးပါတယ်။ ဒါပေမဲ့ စိတ်မရှိဘူးဆိုရင် ကျွန်မခံစားချက်ကို ပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ် ဦးသက်မွှန်''

''ပြောပါ ဒေါ်မေစံရှား''

''ဦးသက်မွှန်က တရားလိုဖြစ်တဲ့ ကျူးလွန်စော်ကားခြင်းခံရတဲ့ မိန်းကလေးကို ပြန်လှန်စစ်မေးနေတာ ကျွန်မကြားရလို့ပါ။ မိန်းကလေးဟာ ငယ်ရွယ်ပြီး အင်မတန်ရိုးသားနုံချာတဲ့၊ ပညာမတတ်တဲ့ ကလေးလေးပါ။ အပျိုဘော်လေးပါ။ မြန်မာမိန်းကလေးကလည်းဖြစ်၊ ရိုးသားတဲ့ ပတ်ဝန်းကျင်မှာ နေလာတဲ့သူလည်းဖြစ်တော့ အလွန်လည်းရှက်တတ် ကြောက်တတ်ပုံပေါ်ပါတယ်။ ပြီးတော့ အမှုကိုက အများရဲ့ရှေ့မှာ ကျူးလွန်ခံရသူအနေနဲ့ ရောက်လာရတာ။ အရှက်တရားကို အံခဲရင်ဆိုင်ပြီး ရောက်လာရတာပါ။ ဒါကို အတွေ့အကြုံများပြီး ပညာရှိ၊ သမ္မာရင့်တဲ့ အကျိုးဆောင်ဦးသက်မွှန်က မိန်းကလေးရဲ့ ရိုးသားမှု အရှက်အကြောက်ကြီးမှု ပညာမဲ့မှုတွေကို အခွင့်ကောင်းယူပြီး မိန်းကလေးရဲ့ အားနည်းချက်၊ ဟာကွက်တွေရှာတဲ့အနေနဲ့ မလိုအပ်တဲ့ မိန်းကလေးကို ပိုမိုအရှက်ရစေမယ့်မေးခွန်းတွေ မေးတာကိုတော့ ကျွန်မသဘောမကျဘူး''

''ဒါ. . ရှေ့နေရဲ့အလုပ်ပဲလေဗျာ။ ဒေါ်မေစံရှားလည်း ရှေ့နေပဲ ကိုယ့်အမှုသည်နိုင်အောင် မေးရ၊ ပြောရ၊ ထုချေရ၊ လျှောက်လဲရမှာပဲ ဒါ. . ကျွန်တော်တို့သင်လာတဲ့ ပညာပဲလေဗျာ''

''မဟုတ်သေးဘူး ဦးသက်မွှန်. .။ အဲဒါကိုပဲ ကျွန်မသဘောမကျတာပါ။ ဒီအမှုမှာ ကိုယ့်အမှုသည်ဟာ တကယ်ကာယကံမြောက်ကျူးလွန်တဲ့တရားခံ။ ဒါကို ဦးသက်မွှန်သိတယ်။ မိန်းကလေးက လီဆယ်စွပ်စွဲတာမဟုတ်ဘူး။ သို့ပါလျက်နဲ့ တကယ်ကျူးလွန်တဲ့တရားခံ လွတ်မြောက်ရေးအတွက် တကယ်မတရား ကျူးလွန်စော်ကားခြင်းခံရတဲ့ မိန်းကလေးကို နှိပ်စက်နာ၊ အရှက်ရစေပြီး လီဆယ်တဲ့မိန်းကလေး မကောင်းတဲ့ မိန်းကလေးဘဝရောက်အောင် မေးမြန်း၊ ပြောဆို၊ လျှောက်လဲတာဟာဖြင့် အမှန်တရားကို ကျောခိုင်းပြီး မမှန်တရားကို ဦးတည်နေတာပဲဖြစ်





ဘယ်။ ဒီအမှုမှာ တစ်ဖက်ကရှေ့နေကလည်း အားနည်းနေမယ်ဆိုရင် တရားခံက လွတ်သွားနိုင်တယ်။ ဒီလိုသာဆိုရင် ကျွန်မတို့သင်လာတဲ့ ပညာဟာ မဟုတ်တာလုပ်တဲ့သူတွေ၊ မမှန်တာလုပ်တဲ့သူတွေ၊ ဥပဒေမဲ့ နိုင်းစိုင်းကြမ်းကြုတ်သူတွေကို ကာကွယ်ပေးတဲ့ပညာ ဖြစ်မနေဘူးလား။ မဟုတ်မမှန်သူတွေ အပြစ်ကလွတ်အောင် ငွေကြေးယူပြီး ကျွန်မတို့က အနိုင်ရအောင်လုပ်နေခြင်းဟာ သမ္မာအာဇီဝမဖြစ်ဘဲ မသမာတဲ့အသက်မွေးမှု ဖြစ်မနေဖူးလား။ အဲဒါဆိုရင် ရှေ့နေဆိုတာ လောကမှာ မရှိသင့်တဲ့လူတန်းစား ဖြစ်နေပြီ''

''ခင်ဗျားအတွေးခေါင်နေတာ ဒေါ်မေစံရှား။ ရှေ့နေပညာကို ရှေ့နေက အသုံးချရမှာပဲလေ''

''ကျွန်မတို့သင်လာတာဟာ ဥပဒေပညာပါ။ ဥပဒေဆိုတာ နိုင်ငံသားမှန်ကန်ဖြောင့်မတ်စွာနေထိုင်ကြတဲ့ ပြည်သူတွေကို အကာအကွယ်ပေးဖို့ ပြဋ္ဌာန်းထားတဲ့ လူ့ဘောင်စည်းကမ်းတွေပါ။ မကောင်းမှုကို အားပေးဖို့ မဟုတ်ဘူး။ ရှေ့နေတွေက အဲဒီဥပဒေကို အရည်ကျိုသောက်နိုင်အောင် လေ့လာပြီး ဥပဒေပညာကို နားမလည်တဲ့ အရိုးခံပြည်သူတွေကို နားလှည့်ပါးရိုက်လုပ်နေတာပါ။ ပညာကို ခုတုံးလုပ်မပြောပါနဲ့''

''ဒါဆို ဒေါ်မေစံရှားရဲ့သဘောက တရားခံဘက်က ရှေ့နေမလိုဘူးလို့ ဆိုချင်တာလား။ လိုအပ်လို့ ရှေ့နေဆိုတာ ရှိလာတာပဲ''

''လိုအပ်လို့ ရှိလာတာပဲဆိုတာ ကျွန်မလက်ခံပါတယ်။ ဒါပေမဲ့ အပြစ်ရှိသူကို ထိုက်သင့်မှန်ကန်တဲ့အပြစ် ပေးရမှာပဲ၊ အတတ်ကျူးဘီလူးဖြစ်ဆိုတာလို သိပ်တော်တဲ့ရှေ့နေက အမှားကိုအမှန်လုပ်၊ အမှန်ကိုအမှားလုပ်ပစ်တာဟာ လောကမှာ ဖောက်ပြန်ပြီး ကြောက်စရာကောင်းတဲ့သူဖြစ်သွားပြီ ဦးသက်မွှန်။ ကျွန်မ အဲဒါမျိုး တစ်ခါမှမလုပ်ခဲ့ဘူး။ နောက်လည်း မလုပ်ဘူး။ ငွေကြေးစေခိုင်းရာကိုကတဲ့၊ ဥပဒေကို အရောင်းဆိုးတဲ့ ရှေ့နေ၊ လောကကို ဖောက်ထိုးမိုးမျှော်ဖြစ်စေတဲ့ ရှေ့နေမျိုး ကျွန်မအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မခံဘူး။ အခု ကျွန်မ ဦးသက်မွန်ကိုပြောချင်တာက. . အဲ. . မေတ္တာရပ်ခံချင်တာပါ။ ရိုးသားပြီး မသိနားမလည်တဲ့ မိန်းကလေးကို အရှက်ရစေ၊ အရှက်ကြောင့် ကယောင်ချောက်ချားဖြစ်ပြီး အမှားမှားအယွင်းယွင်းတွေ ရှေ့နေအလိုကျ လိုက်ပြောအောင် သိပ်တော်တိုင်၊ မျက်လှည့်ပြတဲ့မေးခွန်းတွေ မမေးပါနဲ့ ဆိုတာပါပဲ။ အဲဒီမိန်းကလေးဟာ ဦးသက်မွန်ရဲ့ညီမသာ ဖြစ်မယ်ဆိုရင်. . ဆိုတဲ့ စိတ်ကလေး မွေးကြည့်ပါလို့"

"ဒါ. . ခင်ဗျား ကျွန်တော့်ကိုစော်ကားလိုက်တာပဲ ဒေါ်မေစံရှား။ ဒါ. . ခင်ဗျားပြောဖို့မလိုဘူး။ ခင်ဗျားယုံကြည်ချက်နဲ့ ခင်ဗျားလမ်းကို ခင်ဗျားလျှောက်ပါ။ ကျွန်တော့်ရဲ့ အောင်မြင်နေတဲ့လမ်းကို မဟန့်တားပါနဲ့။ ဒါပါပဲ. ."

❦ ❦ ❦ ❦ ❦

"ဦးသက်မွန်က ဒေါ်မှပြီး ကျွန်မရှေ့က ထသွားတယ်။ ကျွန်မခံစားချက်က တရားခွင်မှာ တစ်ဖက်သတ် အောက်တန်းကျတဲ့မေးခွန်းတွေနဲ့ မိန်းကလေးကို တိုက်ခိုက်နေတာကို မလုပ်စေချင်တာပါ။ ရှေ့နေပညာဆိုတာ အောက်လမ်းပညာမဟုတ်ဘူးလေ"

ရဲအုပ်မောင်မောင်သန်း သက်ပြင်းချပြန်သည်။

"ကျွန်တော်တို့လည်း အမှန်တရားကိုပဲ မြတ်နိုးတာပါ ဒေါ်မေစံရှား။ ဒီအမှုကိုလည်း အမှန်အတိုင်းဖြစ်စေချင်တာပါ"

"အမှန်အတိုင်းဖြစ်စေချင်တယ်ဆိုရင်တော့ အဘက်ဘက်က





ထောင့်စုံအောင် လေ့လာ၊ ရှာဖွေ၊ ကြောင်းကျိုးဆက်စပ်ပြီး ခိုင်လုံမှအမှုတည်ဆောက်ယူရမှာပါပဲ။ ဦးသက်မွန်ကိုသတ်တဲ့သူဟာ မိန်းကလေးဖြစ်တယ်။ ဦးသက်မွန်သေဆုံးခါနီးမှာ မေစံရှားလို့ပြောသွားတာနဲ့ တရားခံဟာ ကျွန်မပဲလို့ တပ်အပ်ပြောမယ်ဆိုရင်တော့ အပြည့်အဝမမှန်သေးဘူးထင်ပါတယ်။ အဖြေထုတ်ဖို့လည်း စောနေပါသေးတယ်။ တရားခွင်မှာသာဆိုရင် တရားခံအကျိုးဆောင်အနေနဲ့ ကျွန်မမေးမှာပါ။ မှောင်ထဲမှာ၊ အလင်းရောင်မပီသတဲ့အနေအထားမှာ အလောတကြီးနဲ့ပြေးသွားတဲ့ ဒေါ်သူဇာက ထွက်ပြေးသွားတဲ့သူဟာ မိန်းကလေးလို့ဆိုတာကို သေချာသေချာမှုအဖြစ် ယူဆနိုင်ပါသလား။ သေခါနီးလူတစ်ယောက်ရဲ့ သေငယ်ဇောနဲ့ နှုတ်ခမ်းကထွက်လာတဲ့ စကားလုံးဟာ ဒီစကားလုံးပဲလို့ တပ်အပ်သေချာပြောနိုင်ပါ့မလား။ အရက်ကလည်း မူးနေတယ်၊ ကျွန်မနဲ့ အကြောင်းခင်ကဖြစ်ခဲ့တဲ့ စကားများမှုကြောင့် မကျေနပ်တဲ့ ဆူးကလေးတစ်ချောင်းလည်း သူ့ရင်ထဲမှာရှိနေတယ်ဆိုတော့ မှောင်ရိပ်ကျကျနဲ့ မြင်ရတဲ့ လူသတ်သမားကို ကျွန်မလို့ထင်တာလည်း ဖြစ်နိုင်သလို လူသတ်သမားက မိန်းကလေးယောင်ဆောင်ထားတာလည်း ဖြစ်နိုင်တာပါပဲ။ ဒါမှမဟုတ် ကျွန်မနဲ့ ရုပ်ချင်းတူတဲ့၊ ရုပ်ချင်းဆင်တဲ့ မိန်းကလေးလည်း ဖြစ်နိုင်တာပါပဲ။ ဒါကိုတော့ ဦးနောက်နဲ့ချိန်ဆကြည့်ဖို့ လိုဦးမယ်ထင်ပါတယ်"

"အင်း. . ဒေါ်မေစံရှားပြောတာလည်း သဘာဝကျတယ်ဆိုတာ ဝန်ခံပါတယ်။ ကျွန်တော်တို့ကလည်း ထည့်သွင်းစဉ်းစားလို့ရအောင် ကြိုးစားရတာပါ။ မနိုင်မှာဘဲ ကောက်ချက်မချသလို မသေချာဘဲ သက်သေမပြဘဲ ပယ်ဖျက်လို့ မရပါဘူး"

"ဒါဆို ကျွန်မက သံသယတရားခံပဲပေါ့။ ရပါတယ်. . ။ ကျွန်မ လွှန်တယ်လို့ သေချာတိကျနိုင်မှာတဲ့ အထောက်အထားတွေ တွေ့ရင် အချိန်မရွေး ကျွန်မကိုဖမ်းပါ။ ဘာကိုမှ ထောက်ထားစရာမလိုဘူး။ ကဲ. . ကျွန်မပြန်နိုင်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်နိုင်ပါပြီ. . ။ ဒါပေမဲ့ ခုတလော ခရီးသွားမယ်ဆိုရင်တော့ ကျွန်တော့်ကို အကြောင်းကြားပြီးမှ သွားပါ"

"ခြေချုပ်ပေါ့. . ဟုတ်လား။ ဟုတ်ကဲ့ပါရှင်. . ဟုတ်ကဲ့ပါ. . ။ ကျွန်မကို ခွင့်ပြုပါဦး"

မေစံရှား ထိုင်ရာမှထသည်။ တည်ငြိမ်ကျခြေရှိစွာဖြင့် နေရာမှ လှည့်ထွက်သွားသည်။ အလာတုန်းကလိုပင် တုန်လှုပ်ခြင်းကင်းစွာဖြင့်။

မေစံရှားထွက်သွားသည်ကို ငေးကြည့်ရင်း ရဲအုပ်မောင်မောင်သန်း ငိုင်နေမိ၏။ ထိုအခိုက် အနားသို့ ဒုရဲအုပ်မင်းခန့် ပြန်ရောက်လာ၏။

"ဆရာ. . ကျွန်တော့်အမြင်ပြောရရင်လည်း ဒေါ်မေစံရှား ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဦးသက်မွန်ကိုသတ်စရာအကြောင်း ဒေါ်မေစံရှားမှာ မရှိဘူး။ ပြီးတော့ အခု သူဆရာ့ကိုပြောသွားတဲ့ အချက်တွေက လည်း စဉ်းစားစရာပဲ။ လူသတ်သမားဟာ မိန်းကလေးအစစ်ဟုတ်ရဲ့ လား။ မိန်းကလေးဟန် ဆောင်ထားတာလား။ ဦးသက်မွန်ပြောသွားတာ ကရော မေစံရှားဆိုတဲ့စကားလုံးမှ ဟုတ်ရဲ့လား။ ဒါမှမဟုတ် ဒေါ်မေစံရှားနဲ့ ရုပ်ချင်းတူသူဖြစ်နေမလား။ ဦးသက်မွန်မှာ တခြားဆက်နွယ်ပတ်သက် နေသူတွေ ဘယ်သူရှိသလဲ။ ဦးသက်မွန်ကို အငြိုးတရားရှိနေသူတစ်ဦးဦး ရှိနေလား။ ကျွန်တော်တို့ စဉ်းစားစရာတွေ၊ ရှာဖွေရမှာတွေ အများကြီး ရှိသေးတယ်"

ရဲအုပ်မောင်မောင်သန်းက မော့ကြည့်သည်။

"မင်းက ဒေါ်မေစံရှားဟာ တစ်မြို့တည်း၊ တစ်ကျောင်းတည်း နေလာတဲ့သူဆိုတဲ့အစွဲနဲ့ ဖော့ပြီးတော့ တွေးနေတာလား။ အမှုတစ်ခု ကို စဉ်းစားရင် အစွဲကင်းရတယ်ကွ"

ဒုရဲအုပ်မင်းခန့်က ပြန်ပြောသည်။

"ဆရာကလည်း ဒေါ်မေစံရှားဟာ ငါလိုက်ခဲ့တဲ့အမှုတွေတုန်းက ထိပ်တိုက်တွေ့ခဲ့တဲ့သူဆိုတဲ့အစွဲကို ချွတ်ရဦးမယ်နော်"





"အံမာ. . ဝါးနုက ဝါးရင့်ကို ပတ်လို့ကွာ"

"နောက်တာပါ ဆရာရယ်။ ဟား. . ဟား. . ဟား. ."

"မင်းခန့်. . တို့ ဦးသက်မွန်ရင်ဝကဓားကို စီအိုင်ဒီကိုပို့ပြီး လက် ဗွေယူရမယ်။ မင်းစီစဉ်ပြီးပြီလား"

"ပြီးပါပြီ ဆရာ"

"လက်ဗွေဟာ မေစံရှားလက်ဗွေဆိုရင်တော့. ."

www.burmeseclassic.com

www.burmeseclassic.com

၃

ကျောပေးထားသော်လည်း တသိမ့်သိမ့်လှုပ်နေသောပခုံးကို ကြည့်၍ ဦးဒိဗ္ဗရယ်နေကြောင်း မြနှင်းဆီသိသည်။

ဦးဒိဗ္ဗ တကယ်ပင် မနောခွေ့ သဘောကျနေပုံရ၏။

"ဘာတွေများ ဒီလောက်သဘောကျနေတာလဲ ဒက်ဒီ"

မြနှင်းဆီက မေးလိုက်၏။

ဦးဒိဗ္ဗ မြနှင်းဆီဘက် လှည့်လာသည်။ အရယ်ရပ်သွားသော်လည်း မျက်နှာပေါ်မှ အပြုံးအပျော်ကား မပြယ်သေး။ ဆံပင်ကိုနောက်လှန်ဖြီးလျက် ကာလာပါသောမျက်မှန်နှင့် ဦးဒိဗ္ဗက ဥပမိရုပ်ကောင်းလှသည်။

"သမီး တော်တယ်. . သိပ်တော်တယ်။ ဒက်ဒီ ဆုချမယ်။ ဘာလိုချင်လဲ. . ပြော"

ဦးဒိဗ္ဗက ဆုံလည်ကုလားထိုင်မှာ ဝင်ထိုင်ရင်း ပြောသည်။

"သမီးလိုချင်တာ ပြောရမှာလား"

"အင်းပေါ့. ."





"ဒက်ဒီပြောထားခဲ့တဲ့ စကားလေ. 'ဒါကိုးချင်တယ်' မယ်ဆိုတာ"

ဦးဒိဗ္ဗ၏ အပျော်မျက်နှာ ရုတ်ခြည်း တည်သွား. . စကားမပြန်။ မေးစေ့ကို လက်ဝါးဖြင့် တခဏပွတ်သည်။

"သမီး ဟောင်ကောင်ကပြန်လာတာလည်း ဒက်ဒီရဲ့စကားကြောင့်ပဲလေ။ ဒက်ဒီခိုင်းတာမှန်သမျှ လုပ်ပေးနေတာလည်း ဒီစကားကြောင့်ပဲလေ"

မြနှင်းဆီက ထပ်မံအရေးဆိုသည်။ မျှော်လင့်တကြီးလည်း ကြည့်နေသည်။

ဦးဒိဗ္ဗအကြည့်က မြနှင်းဆီထံ ခပ်ရှူးရှူးရောက်လာ၏။ ပြီးမှ အပြုံးတစ်ပွင့်ကိုဖန်ဆင်းကာ. .

"ဒက်ဒီရဲ့ စကားပဲ။ ဒက်ဒီ မပြောင်းလဲပါဘူး။ ဒက်ဒီကိုယ်တိုင်က သမီးကို အသိပေးသင့်တယ်ထင်လို့ ဆုံးဖြတ်ပြီး ပြောခဲ့တာ [illegible] သမီးအမေနဲ့ တွေ့ပေးမှာပါ။ ဒါပေမဲ့. ."

စကားကို ရပ်လိုက်သည်။

"ဒါပေမဲ့ ဘာဖြစ်လဲ ဒက်ဒီ"

"အချိန်နည်းနည်းလိုသေးလို့ပါ"

မြနှင်းဆီ စိတ်ပျက်သွားသည်။ သက်ပြင်းယဲ့ယဲ့ချသည်။

ဒက်ဒီဦးဒိဗ္ဗ၏စကားတွေမှာ ပဟေဠိဆန်လှ၏။ လူက ပဟေဠိ[illegible]သလို စကားတွေကလည်း အကွယ်အဝှက်တွေနှင့်။

မြနှင်းဆီ လေးငါးခြောက်လအရွယ်မှာ ဒက်ဒီက သူ၏ညီရှိရာ [illegible]ောင်ကောင်သို့ ပို့ခဲ့ခြင်းဖြစ်၏။ သည်တော့ မြနှင်းဆီသည် ဦးလေး [illegible]ကိုတို့မိသားစုလက်ပေါ်မှာ ကြီးပြင်းလာခဲ့ရသည်။ ထိုစဉ်က ဒက်ဒီ [illegible]ကြောင့် မြနှင်းဆီကို ပို့ခဲ့သည်ကို မြနှင်းဆီမသိ။

မြနှင်းဆီ ဟောင်ကောင်မှာကြီးပြင်း၍ ဟောင်ကောင်မှာပင်



www.burmeseclassic.com

www.burmeseclassic.com

…တော့ လူပုံပန်းကအစ၊ လူနေမှုစရိုက်အလယ်၊ …င်ကောင်းတရုတ်တို့ပုံစံ ဖြစ်လာ၏။ သို့သော် …က မြန်မာစကားနှင့် မြန်မာစာကို သင်ပေးခဲ့သည်။ မြနှင်းဆီဆိုသည်မှာပင် ဦးလေးဂျက်ကီပေးခဲ့သည့် မြန်မာအမည်ဖြစ်၏။

မြနှင်းဆီအရွယ်ရောက်တော့ ဦးလေးဂျက်ကီ၏အစီအစဉ်ဖြင့် ကိုယ်ခံပညာတွေ သင်ရသည်။ နောက်တော့မှ သိလာရသည်မှာ ဦးလေးဂျက်ကီသည် ဟောင်ကောင်တွင် လူဆိုးဂိုဏ်းတစ်ဂိုဏ်း၌ ပါဝင်နေခဲ့သည် ဆိုခြင်းပင်။ ထို့ကြောင့်လည်း ဦးလေးဂျက်ကီအစီအစဉ်ဖြင့် မြနှင်းဆီပါ ထိုဂိုဏ်းထဲသို့ တစ်စတစ်စရောက်ရှိသွားရတော့သည်။

လူဆိုးတွေ၊ လူကြမ်းတွေကြားမှာ ကျင်လည်သောကာလ ကြာလာသည်နှင့်အမျှ လူဆိုး၊ လူကြမ်းတွေ၏ စရိုက်လက္ခဏာများကို မြနှင်းဆီ အပြည့်အဝပိုင်ဆိုင်လာသည်။ ဂိုဏ်းခေါင်းဆောင်ဆရာကြီး၏ ယုံကြည်အားကိုးမှုကိုလည်း ရရှိလာသည်။

မြနှင်းဆီကိုယ်တိုင်လည်း မြနှင်းဆီယုံကြည်လာ၏။

ဘာလုပ်ရမလဲ. .။ အပေးအယူလုပ်ရမလား။ အလုအယက်လုပ်ရမလား။ အတိုက်အခိုက်လုပ်ရမလား။ ကျရာတာဝန် မကျေမရှိစေရ။

တိုက်ခိုက်ဖို့ရန်လည်း မြနှင်းဆီက ဝါသနာပါသည်။ အများနှင့်တစ်ယောက်လည်း မကြောက်။ ဟောင်ကောင်ရှိ နာမည်ကြီးလူဆိုးတွေနှင့် ယှဉ်ခဲ့ရဖူးသည်။ ရှုံးပွဲမရှိခဲ့။

အဆုံးစွန် လူသတ်ဖို့ရန်ပင် မြနှင်းဆီလက်မရွံ့။

သည်ကာလမှာ ဒက်ဒီဟောင်ကောင်ရောက်လာခြင်းဖြစ်၏။

''ဒက်ဒီနဲ့ မြန်မာပြည်ပြန်လိုက်ခဲ့ပါ''

မွေးရာဇာတိဟူသော အသိကြောင့် မြနှင်းဆီကလည်း မြန်မာပြည်ကို ပြန်ချင်သည်။





''ဒက်ဒီအလုပ်တွေမှာ သမီးကို အားကိုးချင်တယ်''

ဒက်ဒီက သူ့ဆန္ဒကို ဖွင့်ပြောသည်။

တစ်ဆက်တည်းမှာပင်. .

''တကယ်တော့ သမီးမှာ အမေရှိနေသေးတယ်။ သမီးအမေနဲ့ သမီးကို တွေ့ပေးချင်တယ်''

ဟုလည်း ဖွင့်ပြောသည်။

'အမေ'. . ဟူသောစကားက မြနှင်းဆီရင်ကို ကိုင်လှုပ်သည်။ ဦးလေးဂျက်ကီ၏ဖေးကိုပင် မိခင်သဖွယ် ချစ်နေခဲ့ရသူ။ မိခင်ကို စိတ်ထဲက တမ်းတနေမိသူ။ လူကကြမ်းသော်လည်း နှလုံးသားက မိခင်မေတ္တာကို လိုချင်သူ။

မြနှင်းဆီ ဝမ်းသာအားရခေါင်းညိတ်ခဲ့မိသည်။

ရန်ကုန်ရောက်တော့မှ ဒက်ဒီက သူ့လုပ်ငန်းတွေမှာ မြနှင်းဆီကို နေရာပေးသည်။ ဒက်ဒီပိုင်ကုမ္ပဏီအလုပ်မှာတော့ မဟုတ်။ ထိုကုမ္ပဏီနောက်ကွယ်မှ တရားမဝင်အလုပ်များမှာ။

ယခုဆိုလျှင် တစ်နှစ်ကျော်ကြာခဲ့ပြီ။

အမေကို မတွေ့ရသေး။

''သက်မွန်ဆိုတဲ့ကောင်က ဒက်ဒီ့ကုမ္ပဏီမှာ ဥပဒေအကြံပေးလုပ်တယ်။ ဒါပေမဲ့ ဒီကောင်က လူလည်။ ဒက်ဒီရဲ့ကုမ္ပဏီအလုပ်သာမကဘူး။ တခြားအလုပ်တွေ ဒက်ဒီလုပ်တာကို သူကျိတ်ပြီးလေ့လာတယ်။ တိတိကျကျမသိပေမယ့် ရိပ်ဖမ်းသံဖမ်းသိတယ်။ အဲဒီမှာပဲ ဒက်ဒီတာ သူ့ကို မြွေပွေးခါးပိုက်ပိုက်မိမှန်း သိလာရတယ်။ သူက ဒက်ဒီကို ခြိမ်းခြောက်လာပြီလေ။ ဒါပေမဲ့ ဒီဖွကို ဒီလိုလာစမ်းလို့ ဘယ်ရမလဲ''

ဒက်ဒီပြောခဲ့သောစကား. .။

''အန္တရာယ်ဆိုတာ ရှင်းပစ်ရမှာပဲ။ သမီး ဒီတာဝန်ကိုယူပါ''

ဒက်ဒီဦးဒီဖွပေးခဲ့သောတာဝန်. .။



www.burmeseclassic.com

www.burmeseclassic.com



ယခု မြနှင်းဆီ တာဝန်ကျေစွာ ထမ်းဆောင်ပြီးပါပြီ။

"သမီးလုပ်တာ ပိရိသေသပ်တယ်။ ဘာအစအနမှ မကျန်ဘူး။ ဒီထက်ပိုပြီး ကောင်းသွားတဲ့အချက်က သမီးမျက်နှာက ရွှေနေမလေး မေစံရှားနဲ့ တူနေတာပဲ။ ဒီတော့ ရဲဘက်က မေစံရှားဆီကို အာရုံရောက်သွားတာပေါ့။ ကောင်းတယ်. . သိပ်ကောင်းတယ်. ."

"ဒီသတင်းကို ဒက်ဒီဘယ်လိုရလဲဟင်"

မြနှင်းဆီက သိလိုသည်ကို မေး၏။ မိမိနှင့်တူသော ရွှေနေမလေးမေစံရှား ဆိုသူကိုလည်း စိတ်ဝင်စားသွားသည်။

ဦးဒိဗ္ဗက ရယ်သည်။

"ဟား. . ဟား. . ဟား. . ဒိဗ္ဗလေ. .။ ဒိဗ္ဗမှာ ဒိဗ္ဗစက္ခုရှိနေတာပဲဟ။ ဒိဗ္ဗမသိတာ ဘာမှမရှိဘူး"

❦ ❦ ❦ ❦ ❦

# ၄

"ဒီတစ်ခါတော့ ရွှေနေမလေးမေစံရှား နှုပ်ပစ်ခံလိုက်ရတာပဲပေါ့. . ဟုတ်လား။ ရွှေနေဘဝကနေ လူသတ်သမား တရားခံအဖြစ် ရှုပ်ထွေးခံလိုက်ရတယ်။ ကြုံကြုံဖန်ဖန်. ."

ကိုနေသော်က သောက်နေသောလက်ဖက်ရည်ပန်းကန်ကို ပြန်ချကာ ရယ်ဟဟဖြင့်ပြောသည်။ ပြောရင်းက မေစံရှားကို ကြည့်သည်။ အကြည့်မှာ ကျီစယ်သည့်သဘောများပါသည်။

မေစံရှားက မချိုပြုံးဖြင့်. .

"ကြုံကြုံဖန်ဖန် တိုက်ဆိုင်လာတာကတော့ အံ့ဩစရာကောင်းတာ အမှန်ပဲ ကိုကို။ ဒီကိစ္စမှာ ဖြစ်နိုင်တာကိုတွေးရင် အနီးစပ်ဆုံးက အဲဒီလူသတ်သမား မိန်းကလေးဟာ ရှားနဲ့ ရုပ်ချင်းဆင်နေတယ်ဆိုတာပဲ"

"လူတူမရှား၊ နာမည်တူမရှားပေါ့ ရှားရယ်"

"လောလောဆယ်မှာတော့ ရှားက ခြေချုပ်မိနေတယ်။ ကိုသက်မွန်ကိုသတ်တဲ့ တရားခံအမှန်ကို မမိမချင်း ရှားက သံသယတရားခံ



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်တစ် ဖြစ်နေမှာပဲ''

''ရှားက ရဲအုပ်ဦးမောင်မောင်သန်းကို ပြောခဲ့တဲ့စကားအရ ဒေါ်လေးကြွင်ကြွင်ကို ရဲက လာမမေးဘူးလား။ ကိုသက်မွန်အသတ်ခံရတဲ့ညက ရှားအိမ်မှာရှိနေတယ်ဆိုတဲ့စကားကို အဟုတ်ယူနိုင်၊ မယူနိုင်. .''

''လာသွားတာပေါ့ ကိုကိုရယ်. .။ ရှားကို ရဲစခန်းမှာခေါ်မေးတဲ့နေ့မှာပဲ ဒေါ်လေးကို လာမေးသွားတာ။ ဒေါ်လေးအဖြေနဲ့ ရှားအဖြေ တစ်ထပ်တည်းကျနေလို့ တော်သေးတာပေါ့''

''အဲဒီအမှုအတွက် ရှားဘယ်လိုလုပ်မလဲ''

''ရဲဘက်ကတော့ အသည်းအသန်လိုက်နေကြတာပဲ။ ခက်တာက အချင်းဖြစ်တဲ့နေရာမှာ ဘာသဲလွန်စမှ မကျန်ခဲ့ဘူး။ မျက်မြင်သက်သေကလည်း ကိုသက်မွန်ရဲ့ဇနီး မသူဇာပဲရှိတယ်။ မသူဇာက လူသတ်တရားခံကို အနီးကပ်မြင်လိုက်ရတာတော့မဟုတ်ဘူး။ မိန်းကလေးလို့ပဲ သိလိုက်တာ။ မျက်နှာကို မမြင်လိုက်ရဘူးတဲ့။ ကိုသက်မွန်ပြောသွားတဲ့ စကားကတော့ မေစံရှားပဲတဲ့''

ကိုနေသော် သက်ပြင်းချသည်။

''ကိုကိုတို့ အဲဒီမသူဇာနဲ့ တွေ့ကြည့်ရင် မကောင်းဘူးလား''

''ရှားလည်း အဲဒီလိုတွေးမိတယ်။ မသူဇာနဲ့တွေ့ရင် တစ်ခုခုများ ထူးခြားချက်တွေ့ရမလား မသိဘူး''

''ဒါဆို ခု ရှားအချိန်ရလား။ တရားရုံးသွားဖို့ ရှိသေးလား''

''ဒီနေ့တော့ မသွားနဲ့ဦး ကိုကို။ ဒီနေ့က အသုဘချတဲ့နေ့။ အေးအေးဆေးဆေး စကားပြောလို့ရမှာ မဟုတ်ဘူး။ မနက်ဖြန်မှ သွားကြမယ်''

မေစံရှားက သူမရှေ့ရှိအအေးပုလင်းကို ဆွဲယူကာ ပိုက်ဖြင့်စုပ်၍ သောက်နေသည်။ အမှုအကြောင်းကို ဦးနှောက်ထဲမှာ ကွန်ပျူတာ





လို စီထည့်နေပုံရှိ၏။

ကိုနေသော်က တွေးတွေးဆဆဖြင့်. .

''ကိုသက်မွန် အသတ်ခံရတဲ့ အကြောင်းရင်း ရှိရမယ် ရှား။ ကိုကိုအထင် ကိုသက်မွန်မှာ ဥပဒေအပြင်ဘက်ကလူတွေနဲ့ ဆက်စပ်မှုများ ရှိနေသလားပဲ။ ဒီလူက ငွေရဖို့ဆိုရင် အသည်းအသန်ဖြစ်နေတဲ့လူ''

''ရှေ့နေလောကမှာတော့ ကိုသက်မွန်ဟာ လူတော်တစ်ယောက်ပဲ။ တော်လွန်းလို့ ခက်နေတာ။ သူကိုင်တဲ့အမှုဟာ အနိုင်ရတာများတယ်။ အနိုင်ရဖို့အတွက်တော့ ကိုသက်မွန်က နည်းလမ်းစုံသုံးတာပဲ။ ရှားမကြိုက်တာကတော့ အဲဒီအချက်ပဲ ကိုကို''

''ကိုသက်မွန်က ရှေ့နေလိုက်တဲ့အပြင် တခြားဘာလုပ်သေးသလဲ''

''ကုမ္ပဏီတစ်ခုမှာ ဥပဒေအကြံပေးလုပ်တယ်လို့ ကြားတယ်''

''ဘယ်ကုမ္ပဏီလဲ''

''The Rays ဆိုတဲ့ ကုမ္ပဏီပဲ။ နိုင်ငံခြားဆေးဝါးတွေ တင်သွင်းဖြန့်ချိတဲ့ ကုမ္ပဏီပေါ့''

''အဲဒီကုမ္ပဏီနဲ့များ ငြိတာရှိလို့လား''

''ဒါ. . စဉ်းစားရမယ့်အချက်ပဲ။ ဒါကို ရှားလည်း တွေးမိနေတယ်''

ထိုစဉ် လက်ဖက်ရည်ဆိုင်ထဲသို့ မိန်းကလေးနှစ်ဦးဝင်လာသည်။ မေစံရှားတို့ကိုမြင်၍ ဝင်လာခြင်းဖြစ်၏။ မေစံရှား၏မိတ်ဆွေတွေပဲဖြစ်သည်။ သူတို့က မေစံရှားတို့ရှိရာဝိုင်းသို့ တန်းတန်းမတ်မတ် လျှောက်လာကြသည်။

''အကြည်ဆိုက်နေကြတယ်ပေါ့လေ. .။ ဟင်း. . ဟင်း. . နှောင့်ယှက်ရတာ ဝမ်းနည်းပါတယ်နော်''

သဇင်က ဝင်ထိုင်ထိုင်ချင်း ပြောသည်။ ဗီဇဝါကမူ ပြုံး၍သာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်၏။ ဘာမှမပြော..။ နှစ်ဦးစလုံးက ရွှယ်တူ။ ကုမ္ပဏီတစ်ခုမှ ဝန်ထမ်းများ..။

"နင်တို့ ဘယ်ကလှည့်လာလဲ။ ဘာသောက်မလဲ"

မေစံရှားက လောကွတ်ပြုသည်။

"အအေးပဲသောက်မယ်။ လိမ္မော်ပဲမှာဟာ"

ဇီဇဝါက ဝင်ပြော၏။

ကိုနေသော်က စားပွဲထိုးကိုလှမ်းခေါ်ကာ အအေးမှာသည်။

"ကဲ..ဆိုစမ်းပါဦး။ ငါ့ကိုရှာတဲ့ကိစ္စ.."

မေစံရှား စကားစလိုက်တော့..

"ဟဲ့..နင့်ကိုရှာတယ်လို့လည်း မပြောရသေးပါလား"

သဇင်က ပြန်ပြောသည်။

"နင်တို့က အကြောင်းမရှိဘဲ ငါ့ဆီမလာတတ်တဲ့သူတွေလေ။ ငါသိတာပေါ့။ အကြောင်းရှိလို့ လာတယ်ဆိုတာ"

"အင်း..ထားပါတော့"

"ငါ့ရုံးခန်းကို ရောက်ခဲ့သေးတယ်မဟုတ်လား။ ငါ့ရုံးခန်းက ပိတ်ထားမယ်။ ဒီတော့ နင်တို့ အစ်ကိုကြီးချစ်ကိုကိုယုကို ဝင်မေးမယ်။ အစ်ကိုကြီးက ကိုကိုနဲ့ငါ ဒီမှာရှိတယ်လို့ ညွှန်လိုက်မယ်။ ဒါကြောင့် နင်တို့ ဒီကိုတန်းလာတာမဟုတ်လား"

"ဟဲ့..အဲဒါ နင်ဘယ်လိုလုပ်သိလဲ"

သဇင်နှင့်ဇီဇဝါ တအံ့တဩ..။

ကိုနေသော်က တစ်ခွန်းမျှဝင်မပြော။ စားပွဲထိုးလာချပေးသော အအေးပုလင်းများကို သဇင်တို့ရှေ့သို့ ပို့ပေးသည်။

မေစံရှားက ရယ်၍..

"ဒီဆိုင်မှာထိုင်တတ်တာ အစ်ကိုကြီးပဲသိတယ်။ ပြီးတော့ ငါတို့ ရုံးခန်းကထွက်လာတုန်းက အစ်ကိုကြီးနဲ့ စကားပြောဖြစ်ခဲ့သေး





တယ်လေ။ ဒါကြောင့် မှန်းဆကြည့်ရတာပေါ့"

"နင်ကတော့ စုံထောက်ဉာဏ်အပြည့်ပါပဲဟာ"

ဇီဇဝါ၏မှတ်ချက် အဆုံးတွင် သဇင်က ကိုနေသော့်ဘက် လှည့်ကာ..

"ကိုနေသော်..မေစံရှားကို သိပ်ပြီးလွှတ်မထားနဲ့နော်။ သူက ခြေများနေတယ်"

ဟု ပြောသည်။

ကိုနေသော်က ရယ်၍..

"သဇင်တို့သူငယ်ချင်းပဲလေ"

ဟု ပြန်ပြောသည်။ အပြုံးမပျက်..။

"ဟဲ့..နင် ဘာတွေလျှောက်ထောင်ဦးမလို့လဲ"

မေစံရှားက ဝင်ဟန့်သည်။

"ဒီမှာ..ငါမေးမယ်။ နင် တနင်္ဂနွေနေ့ နေ့လယ်က ရန်ကင်း စင်တာကို ဘာသွားလုပ်လဲ။ ဘေးမှာ အမျိုးသားတစ်ယောက်ပါတယ်"

သဇင့်အမေး..။

"သဇင်..နင်ကတော့ လုပ်ပြီ။ ကိုကို ငါ့ကို အထင်လွဲ အောင်.."

"နောက်နေတာ မဟုတ်ဘူး။ ငါ အတည်မေးတာ။ ငါနဲ့ဇီဇဝါ တွေ့လိုက်တယ်။ နင်က ဘောင်းဘီအကျပ်တွေ၊ အကျႌအမိုက်စားတွေ နဲ့။ ဘေးကကောင်ကလည်း ဆံပင်ရှည်ရှည်နဲ့"

"နင်အကြောင်းရိုက်မနေနဲ့။ တနင်္ဂနွေနေ့က ငါဘယ်မှမသွား ဘူး။ အိမ်မှာပဲရှိတယ်။ အဲဒီနေ့က ကိုကိုလည်း ငါတို့အိမ်မှာပဲ။ ညနေ မှ ကိုကိုပြန်သွားတာ"

သဇင်နှင့်ဇီဇဝါက မယုံကြည်သလို မေစံရှားကိုကြည့်သည်။

"မေစံရှားပြောတာ အမှန်ပဲလား ကိုနေသော်"



www.burmeseclassic.com

www.burmeseclassic.com



သဇင်က ကိုနေသော်ကိုပါ လှည့်၍မေး၏။ ကိုနေသော်က ခေါင်းညိတ်သည်။

"ဟုတ်တယ် သဇင်..။ အဲဒီနေ့က ကျွန်တော်နဲ့ရှား တစ်နေကုန် အိမ်မှာရှိတယ်။ ဒေါ်လေးသုပ်ကျွေးတဲ့လက်ဖက်စားရင်း ဗီဒီယိုတစ်ခွေ ကြည့်နေကြတာ"

"ဟဲ့..ဒါဆိုရင် ငါတို့လွဲမှားတာပဲ"

သဇင်က ဇီဇဝါကို လှည့်ပြောသည်။ သူတို့မျက်နှာတွင် နားလည်ရခက်သော ပဟေဠိတစ်ပုဒ်ကို တွေ့နေရသည့်ပမာ။

မေစံရှား အာရုံတွေစုစည်းသွားသည်။ မျက်နှာတည်သွားသည်။ စင်ယော်တောင်မျက်ခုံးနှစ်ဖက် အရင်းပိုင်းကလေး တွန့်သွားသည်။

"နေစမ်းပါဦး..။ နင်တို့ တကယ် ငါ့ကိုတွေ့လိုက်လို့လား။ တကယ်ပြောနေကြတာလား"

မေးသည်။ မျက်လုံးတွေ တောက်နေသည်။ စူးစမ်းမှုဖြင့် ဆန္ဒစောနေသည်။

"တကယ်ပေါ့ဟ..။ ငါတို့က ရန်ကင်းစင်တာကိုအဝင်၊ နင်နဲ့ အမျိုးသားတစ်ယောက်က ထွက်လာပြီး ကားပေါ်တက်သွားတာ။ ကားက အနက်ကလေး။ အမျိုးသားက မောင်းသွားတယ်။ ငါတို့ လှမ်းခေါ်သေးတယ်။ မရဘူး"

သဇင့်အဖြေ..။

မေစံရှားက ကိုနေသော်ကို လှမ်းကြည့်သည်။ ကိုနေသော်က မေစံရှားကို ပြန်ကြည့်သည်။ အကြည့်ချင်းဝဆုံသည်။ ထိုမျက်လုံးများမှာလည်း ပဟေဠိများဖြင့်..။

"ငါမဟုတ်တာတော့ အမှန်ပဲ"

"ငါတို့က နင်ပဲလို့ ထင်တာဟ။ ငါတို့နှစ်ယောက်လုံး တွေ့လိုက်တာ။ မျက်စိတော့ မမှားဘူး။ အင်း..နင်မဟုတ်ဘူးဆိုရင်တော့ နင်နဲ့အတော်တူတဲ့ မိန်းကလေးပဲ"

သဇင့်မှတ်ချက်..။

ဇီဇဝါက ဝင်၍..

"ဟုတ်တယ် မေစံရှား။ နင်နဲ့ အတော်တူတာပဲ။ ငါတို့လို သူငယ်ချင်းကတောင် နင်လို့ပဲထင်တာဆိုတော့ နင်စဉ်းစားကြည့်..။ တစ်ခုတော့ ရှိတယ်ဟ။ သူက နင့်ထက် အသားဖြူတဲ့ပုံရှိတယ်။ ပြီးတော့ ဝတ်ပုံစားပုံက အရမ်းဟော့တယ်။ အဲဒီနေ့က သူ့အင်္ကျီက လည်ဟိုက်တာ အရမ်းပဲ။ ပခုံးသားတွေလည်း ပေါ်လို့"

"နင်တို့တွေ့လိုက်တာ သေချာတယ်နော်"

မေစံရှားက အတည်ပြုချက်ထပ်တောင်းသည်။ အလေးအနက်ဖြစ်သည်။

"အသေအချာဟ.."

"ဒါဆိုရင်တော့ ကိုသက်မွန်အမှုမှာပါဝင်နေတဲ့ မိန်းကလေးများ ဖြစ်နေမလား"

ကိုနေသော်က မရဲတရဲမှတ်ချက်ပေးသည်။ မေစံရှားက ခေါင်းညိတ်လိုက်၏။

"အဲဒါ စဉ်းစားရမယ့်အချက်ပဲ။ သူ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ကိုသက်မွန်နဲ့ ပတ်သက်သလား"

"ဟဲ့..ဘာတွေလဲဟ နင်တို့ဟာက"

သဇင်က နားမလည်သဖြင့် အူကြောင်ကြောင်မျက်နှာဖြင့် ဝင်မေးသည်။

"တခြားကိစ္စတစ်ခုပါဟာ..။ ထားပါ..။ ကဲ..ပြော..နင်တို့လာတဲ့ကိစ္စ.."

မေစံရှားက စကားလွှဲလိုက်၏။

"ဒီလိုဟ..။ ငါ့သူငယ်ချင်းတစ်ယောက် မကြာခင်က စက်ဘမှု







www.burmeseclassic.com

www.burmeseclassic.com



က ပြန်လာတယ်။ အလုပ်လုပ်ပြီး ပြန်လာတာပေါ့ဟာ။ ခရွှတီးနား..တဲ့။ ခရစ်ယာန်မလေးပေါ့။ သူက ငါနဲ့တွေ့တော့ ပြောတယ်။ သူမှာ တိုင်ပင်စရာ အရေးတကြီးကိစ္စတစ်ခုရှိတယ်တဲ့။ ရွှေနေ..အဲ..အာ ကိုးယုံကြည်ရမယ့်ရွှေနေ လိုချင်တယ်ပြောလို့ ငါက နှင့်နာမည်ကို ပြော လိုက်တယ်။ သူကလည်း နှင့်နာမည် ကြားဖူးတယ်တဲ့။ အဲဒါကြောင့် နှင်နဲ့တွေ့ချင်တယ်လို့ ပြောတယ်။ အဲဒါ..''

သဇင်က ရှင်းပြသည်။

''အရေးတကြီးကိစ္စဆိုတာက ဘာလဲ..။ နှင်သိလား''

''အတိအကျတော့ ငါလည်းမသိသေးဘူး။ ဒါပေမဲ့ သူပြောတဲ့ သဘောအရဆိုရင်တော့ စုံထောက်ဆန်ဆန်လိုက်ရမယ့်အမှုပဲ''

မေစံရှား သက်ပြင်းချသည်။

''လောလောဆယ်မှာတောင် ငါက ဘုန်းကြီးအမှုရှာပတ် ဖြစ် နေရတယ်။ အခု နှင်တို့က ငါ့ကို ဓားခုတ်ရာလက်လျှိုနိုင်းနေပြန်ပြီ''

''ဒီလိုတော့ မထင်ပါနဲ့ဟာ။ သူက အားကိုးရာမဲ့နေလို့ အနီး စပ်ဆုံးကောက်ရိုးမျှင်ကို ဆွဲတဲ့ပုံပဲ။ သူ့အတွက် သိပ်အရေးကြီးနေတယ် ဆိုတာ ငါရိပ်မိတယ်။ ကူညီလိုက်ပါဟာ။ နော်..''

သဇင့်စကားနှင့်ဆက်၍ ဗီဇဝါကပါ ဝင်ကာ..

''ဟုတ်တယ် မေစံရှား။ ခရွှတီးနားနဲ့တွေ့တဲ့နေ့က ငါလည်း ရှိတယ်။ သူ့မျက်လုံးတွေမှာ ဝမ်းနည်းမှုတွေရော၊ ကြောက်ရွံ့တုန်လှုပ်မှု တွေရော ငါသတိထားမိတယ်။ ပြီးတော့ သူ့မှာ အားကိုးတကြီးတိုင်ပင် စရာ ဆွေမျိုးညီအစ်ကိုမောင်နှမ လုံးဝမရှိဘူးတဲ့''

''ငါ နည်းနည်းတော့ စိတ်ဝင်စားသွားပြီ။ သူနဲ့ တွေ့ကြည့် မယ်လေ။ သူက ရိုးသားမှုရှိနေတဲ့သူဆိုရင်တော့ ငါကူညီဖို့ ဝန်မလေး ပါဘူး။ ဥပဒေအပြင်ကလူကို ကူညီမိမှာပဲ စိုးတာပါ''

''သူက ဥပဒေကိုကျော်ပြီး မဟုတ်တာလုပ်တဲ့သူတော့ မဟုတ်





ဘူးဟာ။ ဒါတော့ ငါအာမခံရဲတယ်။ သေချာသာ ကူညီလိုက်ပါဟာ။ ဟုတ်လား..ကဲ..ပြော..နှင် ဘယ်တော့ သူနဲ့တွေ့နိုင်မလဲ''

''အေးအေးဆေးဆေး အချိန်ရမှ ဖြစ်မှာဟာ။ ဒီတော့ ငါ့ရုံး ခန်းမှာဆိုရင် အဆင်မပြေဘူး။ သူ့အိမ်ကိုဖြစ်ဖြစ် ငါလာမယ်။ ဒါမှမဟုတ် တခြားလုံခြုံစိတ်ချရတဲ့နေရာမှာ ဆုံကြမယ်''

''ကောင်းပြီ..။ ငါ သူနဲ့ညှိပြီး နှင့်ဆီအကြောင်းပြန်မယ်။ အပြန်ဆုံးပေါ့ဟာ..။ ကျေးဇူးတင်တယ်။ ငါသွားမယ်။ ငါတို့ရောက် တာ ကြာပြီ။ နှင်တို့နှစ်ယောက်လည်း ငါတို့ကြောင့် အနှောင့်အယှက် တွေဖြစ်ကုန်ပြီ။ တော်ကြာ ငါတို့ဝင်ရှုလည်မှာစိုးတယ်''

မေစံရှားက ပြုံးသည်။

''အံမာ..နှင်က ဒီတစ်သက် ချစ်သူရမယ် မျှော်လင့်သေး သို့လား။ စိတ်ကူးမယဉ်ပါနဲ့ဟာ..။ ငှက်ပျောတုံးလှလှလေးသာ ရှာ ထားပါ''

အနောက်စကား..။ ပြောမနာဆိုမနာသူငယ်ချင်းတွေမို့ ပွင့် ပွင့်လင်း စခြင်း၊ နောက်ခြင်းဖြစ်၏။

''အထင်သေးလိုက်တာဟာ..။ ငါက မလိုချင်သေးလို့ အေး အေးနေတာ။ ခါချနေရတယ်..သိလား။ နှင်ကသာ မျက်စိလည်၊ လမ်း မှားနေတဲ့ ကိုနေသော်က ကြိုက်လို့..။ မဟုတ်ရင် ရွှေနေအပျိုကြီး ဘဝနဲ့ အရိုးထုတ်ရမယ့်သူ''

အပြန်အလှန် အချီအချ အရယ်အမောတွေဖြင့် ဆူညံအောင် ပြောဆိုကြပြီး သဇင်နှင့်ဗီဇဝါ နေရာမှထသွားကြသည်။

''ကိုကို..ငြိမ်သွားပါလား။ ဘာတွေတွေးနေတာလဲ''

မေစံရှားက ကိုနေသော်၏မျက်နှာကို အကဲခတ်၍ မေးလိုက် သည်။

''အခြေအနေတွေကတော့ ကိုကို ရှားကို ချက်ချင်းလက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



မှ ဖြစ်တော့မှာပါ။ ရှားတစ်ယောက်တည်းနဲ့ အန္တရာယ်များလှတယ်။ စိတ်မချဘူး''

ကိုနေသော်က အတည်ပြောရင်း မေစံရှား၏လက်ကို ဘေးလူမမြင်အောင် လှမ်းဆုပ်သည်။ မေစံရှား ချစ်မျက်စောင်းချိချိကလေး ခိုတ်လိုက်၏။

''ပွဲအလန့်မှာ ဖျာခင်းတဲ့နေရာမှာတော့ ကိုကိုက နံပါတ်တစ်''

ချိုမြသောရယ်သံကလေး ဝေစည်သွားသည်။

❦ ❦ ❦ ❦ ❦

# ၅

ရဲအုပ်မောင်မောင်သန်း စခန်းတွင်းပြန်ဝင်လာကာ ဦးထုပ်ကို ချွတ်ပြီး သူ၏စားပွဲနောက်မှ ကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင်ချ လိုက်သည်။ လေပူကြီးတစ်ချက်ကိုလည်း မှုတ်ထုတ်သည်။ နဖူးတွင် ချွေးများက မိုးရေပေါက်များပမာ။

ဒုရဲအုပ်မင်းခန့်က သူ၏စားပွဲမှနေ၍ ရဲအုပ်မောင်မောင်သန်းကို လှမ်းကြည့်ကာ နေရာမှထလာ၏။

''ဘာသတင်းထူးတွေ ရခဲ့လဲ ဆရာ''

ရဲအုပ်မောင်မောင်သန်းက ခေါင်းကိုခါယမ်းရင်း. .

''နေရာတော့ စုံတကာစေ့သွားတာပဲ။ ဦးသက်မွန်ရဲ့ရုံးကိုရော၊ မိတ်ဆွေတွေဆီရော ရောက်ခဲ့၊ တွေ့ခဲ့တယ်။ သိပ်ပြီးထူးခြားတာ၊ အမှုအတွက် အထောက်အကူပြုတာ မရပါဘူး။ ဒါပေမဲ့ တစ်ခုတော့သိရတယ်။ ဦးသက်မွန်က လည်တယ်။ ကောင်မလေးတစ်ယောက်အောင် တိတ်တိတ်ပုန်းယူထားသလိုလို သိရတယ်''

''ဟာ. . ဒါဆို အဲဒီကောင်မလေးကများ ဦးသက်မွန်ကို. .''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း ခေါင်းထဲထည့်ရမှာပဲ။ အဲဒီနောက် သူတို့ဆီက တစ်စွန်းတစ်စသိရတဲ့ ဦးသက်မွန်ဥပဒေအကြံပေးလုပ်နေတဲ့ The Rays ကုမ္ပဏီကို ငါလိုက်သွားတယ်။ သူဌေးဦးဒိဗ္ဗနဲ့ တွေ့ခဲ့တယ်။ သူတို့က လည်း ဦးသက်မွန်သတင်းကြားရလို့ စိတ်မကောင်းနေတာတဲ့။ သိပ်တော်တဲ့ရှေ့နေကြီးတဲ့။ လိုအပ်တာ ကူညီပါ့မယ်တဲ့။ တရားခံကို အမြန်မိအောင် ရှာပေးပါတဲ့။ ကြည့်ရတာ ဦးဒိဗ္ဗက သိပ်တည်ကြည်ခန့်ညားတဲ့ ပုဂ္ဂိုလ်ကြီးပဲ။ ပြီးတော့ သူက ဘက်ဂရောင်းလည်းတောင့်တယ်။ ရှေ့နေဦးသက်မွန်နဲ့ ဘာမှငြိစွန်းစရာမရှိဘူး"

"ဪ..ဆရာ။ စီအိုင်ဒီက လက်ဗွေပါရဂူရဲ့ ပြန်ကြားချက် ရပြီဆရာ။ ဓားပေါ်မှာ ဘာလက်ဗွေရာမှ မတွေ့ရဘူးတဲ့။ ဓားသွားမှာ တွေ့ရတဲ့သွေးကတော့ သေဆုံးသူဦးသက်မွန်ရဲ့ သွေးအမျိုးအစားနဲ့ တူကြောင်း ဓာတုဗေဒစစ်ဆေးချက်က ဆိုတယ်"

ဒုရဲအုပ်မင်းခန့်က သတင်းပို့သည်။

"ဘယ်မှာလဲ ဓားတွေ"

"ဖိုင်ထဲမှာ ဆရာ..။ ကျွန်တော်တွဲထားတယ်"

ဒုရဲအုပ်မင်းခန့်က ဖိုင်တစ်ခုကိုဆွဲယူပြီး ရဲအုပ်မောင်မောင်သန်း၏ရှေ့ စားပွဲပေါ်သို့ချကာ ဖွင့်ပြသည်။ ရဲအုပ်မောင်မောင်သန်း ပြန်ကြားစာကို ဖတ်သည်။ ပြီးလျှင် ဖိုင်ကို လေးပင်စွာပိတ်သည်။

"သတ်သူဟာ လက်အိတ်ကို အသုံးပြုခဲ့ပုံပဲ။ ဒါကြောင့် လက်ဗွေရာမထင်တာ။ အဲဒါကြောင့်လည်း တရားခံက ဓားကို စိတ်ချလက်ချ ထားခဲ့တာပဲပေါ့။ ဒါဟာ ငါတို့ကို စိန်ခေါ်လိုက်တာပဲ မင်းခန့်"

"ဒါဖြင့် ဒေါ်မေစံရှား ဘယ်လိုနည်းနဲ့မှ မဟုတ်နိုင်ဘူးပေါ့နော်"

ရဲအုပ်မောင်မောင်သန်း ဆတ်ခနဲမော့ကြည့်သည်။

"မင်းက ဘာကြောင့် ဒီကောက်ချက်ဆွဲတာလဲ"

"လက်ဗွေရာက ဒေါ်မေစံရှားလက်ဗွေရာမှ မဟုတ်တာ"





"လက်ဗွေရာ လုံးဝမတွေ့ရတာလေကွာ။ လက်ဗွေတွေ့ပြီး ဒေါ်မေစံရှားရဲ့လက်ဗွေနဲ့ မတူရင်တော့ မင်းပြောသလို ဒေါ်မေစံရှားမဟုတ်ဘူးလို့ အခိုင်အမာပြောနိုင်မှာပေါ့။ အခုတော့ ဒီလိုဘယ်ပြောနိုင်ဦးမလဲ"

ဒုရဲအုပ်မင်းခန့် ငြိမ်နေသည်။

ရဲအုပ်မောင်မောင်သန်းက ထိုင်ရာမှ ပြန်ထကာ..

"ငါ့အမြင်အရတော့ အခုမှ ဒေါ်မေစံရှားကို ပိုပြီးသံသယရှိလာတယ်။ သူက ရှေ့နေ..။ ဥပဒေကျွမ်းကျင်တယ်။ စုံထောက်ဉာဏ်ရှိတယ်။ ဒါကြောင့် သက်သေခံဖြစ်မယ့် လက်ဗွေရာ မကျန်အောင် လက်အိတ်ကိုစွပ်ပြီး ဓားကိုကိုင်ခဲ့တာပဲလို့ ယူဆနိုင်တယ်။ နောက်တစ်ချက်လည်း ဒေါ်မေစံရှားက Fighting အရမ်းတော်တယ်။ ဒါတွေဟာ စဉ်းစားရမယ့်အချက်တွေကွ"

"ဆရာပြောသလို ဒေါ်မေစံရှားက သူ့ရဲ့သဲလွန်စမကျန်အောင် လက်အိတ်ကို အသုံးပြုတယ်ဆိုရင် ဦးသက်မွန်သိနေတဲ့ သူ့မျက်နှာကို ဒီအတိုင်းပဲထားပါ့မလား။ ရုပ်ဖျက်လာမှာပေါ့"

"အခုလည်း ဦးထုပ်တွေ၊ လယ်သာဂျာကင်တွေနဲ့ ရုပ်ဖျက်လာတာပါပဲ။ ဦးသက်မွန်က မီးရောင်နဲ့မြင်လိုက်ရလို့သာ နေမှာပေါ့။ အဲ..စီအိုင်ဒီကအကြောင်းပြန်ချက်နဲ့ ငါဒီနေ့လိုက်တာကို စခန်းမှူးဆီ သွားပြီးအစီရင်ခံလိုက်ဦးမယ်"

ရဲအုပ်မောင်မောင်သန်းက စားပွဲပေါ်မှဖိုင်ကို ကောက်ယူကာ [illegible]ထွက်ရန်ပြင်သည်။

"ဪ..ဆရာ..ခဏ"

ဒုရဲအုပ်မင်းခန့်၏ အသံကြောင့် ရဲအုပ်မောင်မောင်သန်း တန့်သွားသည်။ နောက်ပြန်လှည့်ကြည့်သည်။

"ဘာလဲကွာ..။ ဘာထူးခြားတာ ရှိသေးလို့လဲ"

ဒုရဲအုပ်မင်းခန့် မျက်နှာငယ်ကလေးနှင့် မဝံ့မရဲကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ. . ထူးခြားတဲ့သတင်းပေးဖို့ မဟုတ်ပါဘူး။ ကျွန်တော် ခွင့်တင်ချင်လို့ပါ"

"ဟေ. . ဒီလောက် အလုပ်တွေများနေတာ။ မင်းက ဘာ ကြောင့် ခွင့်ယူချင်ရတာလဲ"

"ကျွန်တော့်အမေဆီက ဖုန်းလာလို့ပါ ဆရာ။ နေမကောင်း ဘူးတဲ့။ အဲဒါကြောင့် မြို့ခဏပြန်ချင်လို့ပါ"

"ဟုတ်လား. .။ အမေနေမကောင်းတာကတော့ အရေးကြီး တယ်ကွ။ တင်. . တင်. . ငါ စခန်းမှူးကိုတင်ပြပြီး ပြောပေးမယ်"

"ခဏ. . ခဏနေပါဦးဆရာ"

"ဟ. . မပြီးသေးဘူးလားကွ"

"အမေက ဖုန်းထဲမှာ သူမျက်စိမမှိတ်ခင် ကျွန်တော့်ကို ပြော စရာတစ်ခုရှိတယ်တဲ့။ အဲဒီကိစ္စအတွက် ရွှေနေဒေါ်မေစံရှားကိုပါ ခေါ် ခဲ့စေချင်တယ်တဲ့။ အမေက ဒေါ်မေစံရှားကို သိပ်ချစ်တာ ဆရာ"

"ဒေါ်မေစံရှားနဲ့ ဘာပတ်သက်လို့လဲကွ"

"မသိဘူးဆရာ. .။ ကေန္တ ဒေါ်မေစံရှားနဲ့ ကျွန်တော့်ကိုမှာ ပေးစားချင်လို့လားမသိဘူး"

"ဟေ့ကောင်. . ရူးပေါပေါ လျှောက်ပြောမနေနဲ့။ ဒေါ်မေစံရှား က မင်းကိုကြိုက်မလား။ သူ့မှာ ချစ်သူရှိနေတာ မင်းလည်းသိသားနဲ့"

"ဟုတ်ပါတယ်ဆရာ. .။ ဒါပေမဲ့ အမေ့စကားကလည်း ထူး ခြားနေလို့ပါ"

"သူ့ကိုမခေါ်ဘဲ သွားကွာ. .။ ငါက သူ့ကို တခြားမလွှတ် ချင်ဘူး"

"အဲဒါ စိတ်ချပါဆရာ။ ကျွန်တော်ပါတာပဲ။ ကျွန်တော် တာဝန် ယူပါတယ်။ ဒေါ်မေစံရှားပါမှ မြို့ပြန်လို့ ဖြစ်မှာမို့ပါ"

"ဒေါ်မေစံရှားကိုရော ပြောပြီးလို့လား"





"မပြောရသေးဘူး ဆရာ"

"မင်းက ဘယ်နေ့လောက် သွားချင်တာလဲ"

"တနင်္ဂနွေနေ့မနက် ဆရာ. .။ ဒေါ်မေစံရှားလည်း ရုံးအား ရက် ဖြစ်အောင်လို့"

"အေးပေါ့ကွာ. .။ ဒါ. . ငါက နားလည်ပေးရမှာပေါ့။ ဒါပေမဲ့ ခွင့်ရက်ရှည်တော့ မရဘူး"

"သုံးရက်တည်းပါ ဆရာ"

"ကောင်းပြီ. .။ စခန်းမှူးကို ငါ တစ်ခါတည်း နှုတ်နဲ့ခွင့် တောင်းခဲ့မယ်။ မင်းက ခွင့်စာရေးထား။ ဒေါ်မေစံရှားကိုလည်း ဒီမှာ လက်မှတ်ထိုးခိုင်းရမယ်"

"ဟုတ်ကဲ့. . ကျေးဇူးပါပဲဆရာ"

"မလိုဘူး"

ရဲအုပ်မောင်မောင်သန်း စခန်းမှူးအခန်းဘက်သို့ ထွက်သွား သည်။

"မျက်နှာကြီးက အမြဲရှုပ်နေတာပဲ။ အဲဒါကြောင့် သူ့မိန်းမ က သူ့ကိုမချစ်တာ။ ဟင်း. ."

ဒုရဲအုပ်မင်းခန့် ပြုံးဖြဲဖြဲ မှတ်ချက်ချသည်။

❦ ❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

# ၆

"မင်းခန့်. . နင်ကတော့ ငါ့ကို ပြဿနာလာရှာပြန်ပြီ"

မေစံရှားရုံးခန်းထဲမှာဖြစ်သည်။ ဒုရဲအုပ်မင်းခန့်ရောက်လာပြီး သူနှင့်အတူ မြို့သို့လိုက်ရန်ကိုစပြောရာ မေစံရှားက ဖတ်လက်စအမှုတွဲကိုချပြီး ပြန်ပြောလိုက်ခြင်းဖြစ်ပါ၏။

"ပြဿနာလာရှာတာ မဟုတ်ပါဘူး မမရှားရယ်။ ဒီတစ်ခါ ကိစ္စက ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စကို အကူအညီတောင်းတာပါ"

ဒုရဲအုပ်မင်းခန့်က ခပ်ယယပြောရှာသည်။ မောင်နှမလို ခင်မင်ရင်းနှီးနေကြသော တစ်မြို့တည်းသားချင်းမို့ မေစံရှား ငြင်းရန်ခက်သွားသည်။

"ကိစ္စက အရေးကြီးလို့လား"

"ကြီးတယ် မမရှား. .။ အမေက ကျန်းမာရေးသိပ်မကောင်းလို့ဆိုပြီး ကျွန်တော့်ကို တွေ့ချင်တာ။ ပြောချင်တာလည်း ရှိတယ်တဲ့"

"အဲဒါ ငါနဲ့ဘာဆိုင်လဲ မင်းခန့်ရဲ့"

"အမေက မမရှားကိုပါ ပါအောင်ခေါ်ခဲ့ပါ။ အကူအညီတောင်း





ရောလည်း ရှိလို့ပါလို့ ပြောတယ်"

"ငါ့မှာလည်း အလုပ်ကိစ္စတွေ ရှိသေးတယ်ဟ။ နင်ကတော့ ပြဿနာပဲ။ ပြီးတော့ ရဲအုပ်မောင်မောင်သန်းက ငါ့ကိုခွင့်ပြုပါ့မလား"

"ကျွန်တော်ခွင့်တောင်းပြီးပါပြီ မမရှား။ အဲဒီအတွက် မပူပါနဲ့"

"နင်က ဘယ်နှရက်သွားချင်တာလဲ"

"တနင်္ဂနွေနေ့ပါ. .။ ရထားနဲ့သွားမယ်"

"ငါက ဒေါ်လေးကိုဖြစ်ဖြစ်၊ ကိုကိုကိုဖြစ်ဖြစ် ခေါ်ခဲ့မှာ"

"ခေါ်ခဲ့လေ. . ရတယ်။ မမရှား ဘယ်နှယောက်လိုက်မှာလဲ သာပြော။ ကျွန်တော် လက်မှတ်ကြိုယူထားမယ်"

"မနက်ဖြန်မှ အသေအချာငါပြောမယ်လေ"

"ဟုတ်ကဲ့. . ကျေးဇူးပါပဲဗျာ"

ထိုအခိုက်မှာပင် ရုံးခန်းတွင်းသို့ သဇင်ဝင်လာသည်။ ရုံးခန်းထဲ၌ ဒုရဲအုပ်မင်းခန့်ရှိနေသည်ကိုမြင်မှ သဇင်၏ ရဲရဲတောင်းတင်းဝင်လာသောခြေလှမ်းများ အနည်းငယ်တုံ့သွားသည်။

"သဇင်. . လာ. . လာ. . ထိုင်"

မေစံရှားက လှမ်း၍ ဖိတ်မန္တကပြုသည်။

မေစံရှားရှေ့၌ ဒုရဲအုပ်မင်းခန့်ထိုင်နေသည်မို့ သဇင်က မေစံရှားဘေးဘက်ရှိခုံမှာ ဝင်ထိုင်၏။ သည်တော့ ဒုရဲအုပ်မင်းခန့်နှင့်သဇင် မျက်စောင်းထိုးအနေအထား ဖြစ်သွားသည်။

ဒုရဲအုပ်မင်းခန့်က သဇင့်ကိုလှမ်းကြည့်သလို သဇင်ကလည်း လှမ်းအကြည့် အကြည့်ချင်းဆုံသွားကြသည်။ နှစ်ဦးစလုံး မလုံမလဲဖြစ်သွားကြပြီး သဇင်က မျက်လွှာချသည်။ ဒုရဲအုပ်မင်းခန့်က အကြည့်လွှဲသည်။

"မိတ်ဆက်ပေးရဦးမယ်။ သဇင်. . ဒါ. . ဒုရဲအုပ်မင်းခန့်၊ ငါနဲ့ တစ်မြို့တည်းကပဲ။ ငါ့မောင်လေးပဲ ဆိုပါတော့ဟာ။ မင်းခန့်. . သူက



www.burmeseclassic.com

www.burmeseclassic.com



မမရှားရဲ့သူငယ်ချင်း။ သဇင်တဲ့..။ အဆိုတော်၊ မင်းသမီး သဇင်နဲ့တော့ မတူဘူး။ ရုပ်ဆိုးတယ်"

ဒုရဲအုပ်မင်းခန့်နှင့် သဇင်တို့ အကြည့်ချင်းပြန်ဆုံကြသည်။ သည်တစ်ခါတော့ မျက်နှာမလွှဲဖြစ်ကြဘဲ အပြုံးချင်းဖလှယ်ဖြစ်ကြသည်။

"ဟုတ်ကဲ့..တွေ့ရတာ ဝမ်းသာပါတယ်။ အကူအညီလိုရင်လည်း ပြောပါ"

ဒုရဲအုပ်မင်းခန့်က ရင်းနှီးစွာ စကားဆို၏။

"အို..ရဲအုပ်ကြီးဆီကတော့ အကူအညီမယူပါရစေနဲ့။ ရှေ့နေမကြီးဆီကလည်း အကူအညီမလိုချင်ဘူး။ ဖွဟဲ့..လွဲပါစေ..ဖယ်ပါစေ၊ အမှုအခင်းဆိုရင် ကြောက်လွန်းလို့"

သဇင်ကလည်း ပွင့်ပွင့်လင်းလင်း၊ သွက်သွက်လက်လက် ပြန်ပြောသည်။

မေစံရှားနှင့် ဒုရဲအုပ်မင်းခန့်တို့ မတိုင်ပင်ဘဲ ပြိုင်တူရယ်မိကြ၏။

"ဒါပေမဲ့ နင်လက်ထပ်မယ်ဆိုရင်တော့ ငါ့အကူအညီ လိုမှာပါဟာ။ မဟုတ်ဘူးလား.."

မေစံရှားက ကျီစယ်စကားဆိုသည်။

"နင်မကူညီလည်း ငါ့ဘာသာလုပ်လို့ရတယ်ဟဲ့..သိလား"

သဇင်ကလည်း အတင်မခံ။

"မင်းခန့်..သဇင်က အပျိုကြီးဟ။ အပျိုကြီးဆိုတော့ သိတဲ့အတိုင်းပေါ့ဟာ။ တက္ကသိုလ်တုန်းကတော့ အင်ဂျင်နီယာမှ သဘောသားမှဆိုပြီး ရွေးနေတာ။ အလုပ်ဝင်တော့ ကုမ္ပဏီပိုင်ရှင်ရမလား မှန်းပြန်ရော။ ဟော..ပိုင်ရှင်မရတော့ မန်နေဂျာလေးလည်း မဆိုးဘူးလို့ တစ်ထစ်လျှော့..။ လျှော့ရင်း အသက်ကကြီးလာ..။ ခုတော့ သနပ်ခါးသွေးရင် ရတာယူမယ် ဖြစ်နေပြီ"





မေစံရှားစကားကြောင့် ဒုရဲအုပ်မင်းခန့် ရယ်သည်။ သဇင်ကမျက်မျက်နှာနီတွေးတွေးဖြင့် မေစံရှားပခုံးကို လှမ်းထုသည်။

"ကောင်မစုတ်..သူများကို သိက္ခာချရမယ်ဆိုရင်တော့ နှစ်ယောက်မရှိဘူး။ သူ့မှာ ရှားရှားပါးပါး ရည်းစားလေးတစ်ယောက်ရှိတာနဲ့ ဘဝင်လေဟပ်နေတာ"

"ဟဲ့..ငါက တစ်ယောက်ဆို တစ်ယောက်၊ ပိတောက်ဆိုပိတောက်ပဲ။ တစ်ဘဝမှာ တစ်ချစ်ပဲရှိတာ။ ခုလည်းချစ်၊ နောင်လည်းချစ်၊ တစ်သက်လုံး ချစ်ကြမှာ"

"မေစံရှားတို့စုံတွဲက လိုက်ဖက်ပါတယ်ဗျာ"

ဒုရဲအုပ်မင်းခန့်က ဝင်၍ တစ်ခွန်းပြောသည်။

"သဇင်..မင်းခန့်ကလည်း ရည်းစားမရှိသေးဘူးဟ။ နင်စဉ်းစားချင်ရင် စဉ်းစားလို့ရတယ်"

"မေစံရှား..နင်နော်.."

အားလုံး အရယ်အမော၊ အပျော်တွေနှင့်..။ မေစံရှား၏နစ်လိုဖွယ် နွေးထွေးသောစကားများကြောင့် ဒုရဲအုပ်မင်းခန့်နှင့် သဇင်တို့ မစိမ်းတော့ဘဲ အချိန်တိုအတွင်းမှာ ရင်းနှီးမှုရသွားကြသည်။

"ဟိုကိစ္စ နှင့်ဆီလာတာဟ"

သဇင်က စကားအာတည်စသည်။

"ဘာကိစ္စလဲ..။ နင့်သူငယ်ချင်းကိစ္စလား"

"ဟုတ်တယ်..။ သူက တနဂ်နွေနေ့လောက် တွေ့ချင်တယ်ပြောတယ်။ နင်အဆင်ပြေမလား"

မေစံရှားက ဒုရဲအုပ်မင်းခန့်ကို ဝေ့ကြည့်၏။

"တနင်္ဂနွေတော့ မဖြစ်တော့ဘူး။ ဟောဒီမင်းခန့်က ငါ့ကိုလာပြီး ပြန်ပေးဆွဲသွားပြီ။ သူ့အမေက သူ့ကို မိန်းမပေးစားမယ့်ကိစ္စမှာငါက အသိသက်သေလုပ်ပြီး လိုက်ပေးဖို့ မြို့ကိုခေါ်ဖို့ ပြောပြီးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . မဟုတ်ဘူး မသဇင်"

"ဘာမဟုတ်တာလဲ။ နင်ပဲ တနင်္ဂနွေနေ့ဆို. ."

"အဲဒါက ဟုတ်တယ်လေ"

"ဟဲ့. . နင်တို့နှစ်ယောက်ကလည်း စကားနှစ်လုံးတည်းနဲ့ ကာ ရှုပ်နေတယ်"

သဇင်က ဝင်ပြောသည်။

"တနင်္ဂနွေနေ့ မြို့ကိုခေါ်တာက ဟုတ်တယ် မသဇင်။ မိန်း ပေးစားမယ့်ကိစ္စဆိုတာက မမရှားနောက်ပြောတာ"

မေစံရှားက ခစ်ခနဲရယ်သည်။

"ကြည့်စမ်း. .။ သဇင့်ကိုလည်းတွေ့ပြီးရော အိမ်က မိန်း ပေးစားမယ့်ကိစ္စကိုတောင် အသိမခံချင်တော့ဘူး။ မင်းခန့်. . နင် ငါ့ သူငယ်ချင်းအပေါ် မရိုးတော့ဘူး"

"ဟာ. . မမရှားကလည်း. . နောက်ပြီ"

ဒုရဲအုပ်မင်းခန့်နှင့် သဇင်တို့ မလုံမလဲ မျက်နှာပူပူနှင့် ကိုယ် ရှိန်သတ်ကာ ငြိမ်သွားကြ၏။

မေစံရှားက မျက်နှာတည်တည်ကလေးဖြင့် သဇင့်ဘက် လှည့် ပြောသည်။

"သဇင်. . နင့်သူငယ်ချင်းကို တောင်းပန်ပေးဟာ။ ငါ တနင်္ဂနွေ နေ့မှာ အရေးကြီးလို့ မြို့ပြန်ရမယ်။ မင်းခန့်အမေ နေမကောင်းလို့. . အဲဒီကပြန်လာမှ ငါအစီအစဉ်ချပြီး ရက်တစ်ရက်ပြန်ချိန်းမယ်။ တနင်္ဂနွေ မဟုတ်လည်း ကြားရက်တစ်ရက်ရက် တွေ့တာပေါ့"

"ရပါတယ်. .။ ငါပြောလိုက်ပါ့မယ်။ သူက တစ်ခုတော့ပြော တယ်ဟ။ သူ့အိမ်မှာ မတွေ့ချင်ဘူးတဲ့။ သူ့ပထွေးက သူ့အရိပ်အခြည် ကို စောင့်ကြည့်နေတာတဲ့။ တခြားတစ်နေရာရာမှာ. . သူပြောတာက တော့ ဟိုတယ်တစ်ခုခုမှာ စားရင်းသောက်ရင်း ပြောကြတာပေါ့တဲ့"





"ကောင်းသားပဲ. .။ ရက်နဲ့အချိန်ကို သူနဲ့ငါ အဆင်ပြေမယ့် ရက် ထပ်ပြီးညှိတာပေါ့"

"ကျွန်တော့်ကြောင့် မမရှား အလုပ်တွေပျက်ရပြီ။ အားနာ ပါတယ်"

ဒုရဲအုပ်မင်းခန့် ဝင်ပြော၏။

"ရပါတယ်ဟာ. . နင်ကလည်း။ အားနာစရာ မဟုတ်ပါဘူး။ နင်စရိတ်ခံပြီးခေါ်တော့ ငါလည်း ငါ့အဖေအမေတွေနဲ့ တွေ့ရတာပေါ့"

"အဲဒါဆို ကိုနေသော်ကို ခေါ်ခဲ့ဗျာ။ သူပါတော့ ကျွန်တော် လည်း အဖော်ရပြီး လွတ်လပ်မှုရှိတာပေါ့။ မမရှားတို့လည်း ဟန်းနီးမွန်း ထွက်တဲ့သဘောပေါ့"

"ဟဲ့. . ငါတို့က လက်မထပ်ရသေးဘူးလေ။ ဘယ်လိုလုပ် ဟန်းနီးမွန်းဖြစ်မှာလဲ"

သဇင်က ဝင်၍. .

"နင်တို့က မယူကြသေးဘူးလားဟာ။ ချစ်သူဖြစ်တာ သုံးနှစ် သုံးမိုးမကတော့ဘူး။ ငါးနှစ်ငါးမိုးဖြစ်နေပြီ။ နှစ်ဖက်မိဘတွေကလည်း သဘောတူထားကြပြီးသားပဲဟာ"

မေစံရှားက အပြုံးချိုချိုဖြင့်. .

"ကိုကိုက လက်ထပ်ချင်နေပြီဟ။ ငါက ငါ့အလုပ်တွေ လွတ် လွတ်လပ်လပ်လုပ်ချင်သေးလို့ အချိန်ဆွဲထားတာ"

"ပြောင်းပြန်ကြီးဟာ။ ငါသာဆို လက်ထပ်လိုက်တာ ကြာပြီ"

"နင်ကတော့ ဟုတ်မှာပေါ့ဟ။ ယောကျ်ားလိုချင်တာ တစ်ပိုင်း သေနေတာကိုး"

"ကြည့်. . ကောင်မ။ ခုထိ ပေါက်ကရပြောပြန်ပြီ"

သဇင်က ရှက်သွားဟန်ဖြင့် ဒုရဲအုပ်မင်းခန့်ကို တစ်ချက်ဝေ့ ကြည့်သည်။ ဒုရဲအုပ်မင်းခန့်က ပြုံး၍ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မေစံရှားက သူတို့နှစ်ဦးကို အကဲခတ်လိုက်ပြီး. .
"မင်းခန့်. . နင် ငါ့ကို လက်ဖက်ရည်လိုက်တိုက်ဖို့ ကောင်းပြီ"
ဟု ရယ်ကျဲကျဲနှင့် ပြောလိုက်သည်။

❦ ❦ ❦ ❦ ❦

# ၇

ကွန်ဒိုမီနီယံ၏ လေးလွှာပြတင်းမှနေ၍ ဦးဒိဗ္ဗ အဝေးသို့လှမ်းမျှော်ကြည့်နေသည်။

ကားလမ်းမကြီးပေါ်မှ ကားအသွားအလာများကို စိတ်ဝင်စားမှုမပါဘဲ ငေးနေခြင်းဖြစ်သည်။

အတွေးထဲမှာက အနည်းငယ်ရှုပ်ထွေးနေသည်။ မြန်နှင်းဆီကိစ္စ၊ ရွှေတီးနားကိစ္စ၊ မပြီးပြတ်သေးသော ကိစ္စရပ်များ. .။

"ဒေါက်. . ဒေါက်. ."

တံခါးခေါက်သံပေါ်လာ၏။ ငေးနေရာမှ လှည့်လိုက်ပြီး. .

"ဝင်ခဲ့ပါ"

ဦးဒိဗ္ဗ၏ အောင်မြင်ထည်ဝါသောခွင့်ပြုသံ ထွက်လာသည်။

ဝင်လာသူမှာ ယက္ခဖြစ်သည်။ ဒါက ဦးဒိဗ္ဗပေးထားသော အမည်။ သူ့နာမည်ရင်းက အောင်ဝိုင်း။ ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်းဇာတ်ကောင် သူ့မှာရှိသည်။ နိုင်းလျှင် တိကျစွာလုပ်သည်။ ယုံကြည်စိတ်ချရသည်၊ ထို့ကြောင့် ဦးဒိဗ္ဗက သူ့ကို ကောင်းကောင်းပေး။ ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွဲကော မွေးထားသည်။ လူယုံ၊ တပည့်ရင်းဟု ဆိုနိုင်၏။

အသက်သုံးဆယ်ကျော်မျှသာရှိသေးပြီး ပညာမတတ်သည့် ယက္ခကလည်း သူ့ဆရာဦးဒိဗ္ဗအဟွက်ဆိုလျှင် အသက်စွန့်ဖို့ပင် ဝန်မလေး။ သစ္စာကို စောင့်သိရှိသေရမည်ဟူသော အသိမှတစ်ပါး အခြားသူ့မှာ ဘာအသိမျှမရှိ။ ဘာအတွေးအခေါ်မျှမရှိ။

ပညာမတတ်။ စာက မဖတ်။ အပျော်အပါးနှင့်သာ. . သူ့စရိုက်ကလည်း ကိုက်ညီလှ၏။

ဦးဒိဗ္ဗရှေ့မှာ ခပ်ယို့ယို့လေး သူရပ်နေသည်။ ယက္ခဆိုသော်လည်း ဦးဒိဗ္ဗရှေ့မှာတော့ သူက ကျားရှေ့က ယုန်ပမာ. .။

ဦးဒိဗ္ဗက ယက္ခကို စိုက်ကြည့်သည်။

''ဟိုကောင်မလေးအခြေအနေ ဘယ်လိုလဲ''

ပြတ်သားတိကျသော အမေးစကားသံ. .။

''အခြေအနေ လုံးဝကောင်းပါတယ်။ အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင်ပါပဲ''

''သူကတော့ အေးဆေးပျော်ရွှင်နေမှာပေါ့ကွာ။ သူ့အမေက အားလုံးကို သူ့ကိုပဲ ပုံပေးခဲ့တာကိုး။ ဒီမိန်းမ ငါ့ကို တစ်ကွက်ကျော သွားတာ''

နာကျည်းသံပါသည်။

ယက္ခ ငြိမ်နေသည်။ ပြန်ပြောစရာ စကားမရှိ။ ပြန်ပြောဖို့လည်း မလို။ သူ့အပိုင်းမဟုတ်။

''သူ့အမေတာဝန်ပေးခဲ့တဲ့ ရှေ့နေကြီးနဲ့ရော သူတွေ့သေးလား''

''ဟုတ်ကဲ့. .။ ရှေ့နေကြီးလာတာ တွေ့ပါတယ်''

ဦးဒိဗ္ဗ အံတစ်ချက်ကြိတ်သည်။

''သူ့အမေရဲ့ဂူကိုရော သွားသေးလား''

''တစ်ခေါက်သွားပါတယ်''





''တောက်. . အဲဒါကွာ။ ငါကလည်း တစ်ခါတည်း မီးသင်္ဂြိုဟ်ခဲ့ချင်တာ။ သူက နိုင်ငံခြားကနေ ပြန်မလာနိုင်လို့ မီးမသင်္ဂြိုဟ်ပါနဲ့၊ ဂူသွင်းပေးပါဆိုလို့သာ မတတ်သာတဲ့အဆုံး လိုက်လျောလိုက်ရတာ။ စိတ်ထဲမှာက မပြီးပြတ်ဘူးဖြစ်နေတယ်''

''ဟုတ်ကဲ့. .''

''မင်း သူ့ကို ဆက်ပြီးကြည့်ထား။ သူ့အမေကိစ္စနဲ့ သူဘာတွေလှုပ်ရှားလဲဆိုတာ''

''ဟုတ်ကဲ့. .''

''မင်းသွားနိုင်ပြီ''

''ဟုတ်. .''

ယက္ခ လှည့်ထွက်သည်။

''ဪ. . နေဦး''

ဦးဒိဗ္ဗက လှမ်းတား၏။ ယက္ခ ပြန်လှည့်သည်။ သူ့ဆရာကို လှမ်းကြည့်သည်။ ဦးဒိဗ္ဗထံမှ မေးခွန်းတစ်ခုထွက်လာပြန်၏။

''မြနှင်းဆီရော''

''ရှိပါတယ်. .။ သူ့အခန်းမှာပါပဲ''

''မင်းကို သူ့အမေကိစ္စ ဘာမေးသေးလဲ''

''တွေ့ချင်တယ်လို့တော့ ပြောပါတယ်။ ကျွန်တော်က ကျွန်တော် ဘာမှ တိတိကျကျမသိကြောင်း။ ဆရာသာသိကြောင်း ပြောပါတယ်။ သူ ဘာမှ ထပ်ပြီးအတွန့်မတက်ပါဘူး''

''အေး. . အဲဒါ မင်းဘာမှမသိသလိုနေ''

''ဟုတ်ကဲ့ပါ. .''

''နောက်တစ်ခုက ငါတို့ပစ္စည်းတွေ နောက်တစ်ခေါက်သွားယူဖို့ရှိတယ်။ မကြာခင်ပေါ့. .။ မင်းနဲ့မြနှင်းဆီ တာဝန်ယူရမယ်''

''စိတ်ချပါ''



www.burmeseclassic.com

www.burmeseclassic.com



"အေး. . ခရီးထွက်ဖို့ အဆင်သင့်ပြင်ထား"

"ဟုတ်. ."

"သွားတော့"

ယက္ခ ထွက်သွားသည်။

တံခါးကို ယက္ခပြန်ပိတ်သွားသည့်အထိ ဦးဒိဗ္ဗငေးကြည့်ရင်း ကျန်ရစ်၏။ သည်ရုံးခန်းက ဦးဒိဗ္ဗ၏ The Rays ကုမ္ပဏီရုံးခန်းဖြစ်သည်။ နိုင်ငံခြားဆေးဝါးများ တင်သွင်းဖြန့်ဖြူးရေးလုပ်သည်။

မကြာခင်က ရဲအုပ်မောင်မောင်သန်းရောက်လာကာ ရှေ့နေ ဦးသက်မွန်အကြောင်းမေးသည့်ကို ဖျတ်ခနဲသတိရမိသေး၏။

ဦးဒိဗ္ဗ ပြုံးလိုက်သည်။

'ဒိဗ္ဗက မသေချာဘဲ ဘာတစ်ကွက်မှမလှုပ်ရှားဘူး ရဲအုပ်ကြီး ရေ. .။ ယောင်ဝါးဝါးနဲ့တော့ လာမကစားနဲ့။ ဒိဗ္ဗမှာ ပါဝါတွေအပြည့်'

စိတ်ထဲက ပြောမိ၏။

စားပွဲပေါ်ရှိ သူ့အလွန်နှစ်သက်သော စစ်တုရင်ခုံပေါ်သို့ အကြည့် ရောက်သွားသည်။

လက်က မြင်းရုပ်ကို လက်လှမ်းလိုက်၏။ တစ်ကွက်ရွှေ့သည်။ ခွချက်. .။ ဘုရင်မနှင့် ရထား. .။

❦ ❦ ❦ ❦ ❦

၈

Lucky Flower လက်ဖက်ရည်ဆိုင်ထဲသို့ ကိုနေသော်နှင့် မေစံရှား ဝင်လာသည်။ ကိုနေသော်က ခရီးဆောင်အိတ်အနက်တစ်လုံး ကို လွယ်လျက်. .။ မေစံရှားက အိတ်ပြားပြားလေးတစ်လုံးနှင့် စလင်း ဘက်နှင့်. .။

စားပွဲတစ်ခုတွင် ဝင်ထိုင်ကြရင်း ကိုနေသော်က လက်မှနာရီ ကို ပင့်ကြည့်သည်။

"အချိန်စောပါသေးတယ်။ ကိုကိုတို့က ဝိရိယကောင်းလွန်း နေတာ"

အနားသို့ရောက်လာသော စားပွဲထိုးလေးအား လက်ဖက်ရည် နှင့်အီကြာကွေး မှာလိုက်သည်။

မေစံရှားက. .

"မင်းခန့်နဲ့ချိန်းထားတာ ဒီဆိုင်ပဲ။ လက်မှတ်က သူ့ဆီမှာဆို တော့ ရှားတို့ ရထားတွဲပေါ်ကြိုတက်ချင်လည်း မရဘူး"

အပြင်ကိုငေးကြည့်ကာ ဒုရဲအုပ်မင်းခန့်ကိုရှာရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနေသော်က လုံချည်နှင့် တောင်ကော်လာဖြူအင်္ကျီနှင့် တရေး ဆရာပုံစံအပြည့်ဖြစ်သော်လည်း မေစံရှားကမူ သူမဝါဝတ်နေကျရှေ့နေ ဝတ်စုံနှင့် ခြားနားစွာ step စပို့ရှပ်ကန့်လန့်စင်းကလေးနှင့် ဂျင်းပင် အပြာရင့်ကို ပေါ့ပေါ့ပါးပါးဝတ်ဆင်ထားသည်။ အပေါ်က ဂျင်းဂျာကင် ထပ်ဝတ်ထားပြီး ခြေထောက်မှာက Fila ဖိနပ်ကင်းရှူးအဖြူနှင့်. . ။

"ကိုကို့ရှားက ဘယ်လိုဝတ်ဝတ် လှနေတာပဲ"

မေစံရှားကိုကြည့်၍ ကိုနေသော်က ပြောသည်။

"မမြှောက်ပါနဲ့။ လက်ဖက်ရည်ဖိုး ရှားကပေးမှာပါ။ ကဲ. . သောက်"

စားပွဲထိုးလာချသော လက်ဖက်ရည်ခွက်ကို ကိုနေသော့်ရှေ့သို့ ပို့ပေးရင်း မေစံရှားက ပြန်ပြောသည်။ ကျေနပ်မှုအပြုံးနှင့် ချစ်စရာ မျက်နက်ကလေး ထောင့်ကပ်သောအကြည့်. . ။

ကိုနေသော်က ရယ်သည်။

"ကိုကိုကတော့ စဉ်းစားတယ်"

"ဘာကိုလဲ ကိုကို"

"အဖေ၊ အမေတို့နဲ့တွေ့ရင် လက်ထပ်ဖို့ကိစ္စ တစ်ခါတည်း ပြောမလားလို့"

မေစံရှားက မျက်ခုံးကလေးတွန့်၍ ကြည့်သည်။ နှုတ်ခမ်းတွေကို လှပစွာမဲ့သည်။

"အရေးထဲမှာ နေရာလုချင်၊ ဖျာခင်းချင်တဲ့သူကလည်း တစ်မှောင့်ပဲနော်"

"တကယ်ပြောတာ ရှားရဲ့။ ကိုကိုတို့မိတ်ဆွေတွေကလည်း မေးလှပြီ။ မင်္ဂလာပွဲက ဘိုးဘွားရိပ်သာကျမှ ကျင်းပမှာလားတဲ့"

"ဟုတ်တယ်လို့ ပြောလိုက်ပေါ့ ကိုကိုရယ်။ လက်မထပ်သေးပေမယ့် အဲဒီလို သစ္စာရှိရှိ ချစ်သူဘဝနဲ့ နေကြမှာလို့"





"ဒါနဲ့ နေပါဦး။ မင်းခန့်က ရှားကို အပါခေါ်ရတဲ့အကြောင်း ဘာတဲ့လဲ"

မေစံရှားက လက်ဖက်ရည်ကို နှုတ်ခမ်းဖြင့်မှုရင်းက. .

"ရှားလည်း အတိအကျမသိဘူး။ မင်းခန့်ကလည်း အတိအကျ မပြောနိုင်ဘူး။ သူ့အမေက ကျန်းမာရေးမကောင်းတာနဲ့ အရေးတကြီး မှာတာ။ ရှားကို အပါခေါ်ခဲ့ပါ။ အကူအညီတောင်းစရာရှိလို့လို့ ပြောတာပဲ"

"မင်းခန့်တို့နဲ့ ရှားနဲ့က အမျိုးတော်လား"

"မတော်ပါဘူး။ အမျိုးမတော်ပေမယ့်လည်း ရပ်ဆွေရပ်မျိုးလို နေကြတာ။ ရှားကို သူ့အမေကလည်း သမီး. . သမီးနဲ့။ သိပ်ချစ်တာ"

"ဟော. . မင်းခန့်လာပြီ"

ဘောင်းဘီရှည်၊ စပို့ရှပ်၊ လယ်သာဂျာကင်တို့ဖြင့် အိတ်တစ်လုံးကိုဆွဲလျက် ဆိုင်ထဲဝင်လာကာ ဟိုကြည့်သည်ကြည့်လုပ်နေသော ဒုရဲအုပ်မင်းခန့်ကို ကိုနေသော်က လက်လှမ်းပြလိုက်သည်။ ဒုရဲအုပ်မင်းခန့် တွေ့သွားပြီး ပြုံးသည်။

ဒုရဲအုပ်မင်းခန့် မေ့စံရှားတို့စားပွဲသို့ လျှောက်လာသည်။

"ရောက်နေကြတာ ကြာပြီလား"

ဝင်ထိုင်ရင်း မင်းခန့်မေးသည်။ အိတ်ကို ဘေးဘက်ခုံပေါ် တင်သည်။

"ဆယ်မိနစ်လောက်ပဲ ရှိဦးမှာပါ"

"ဝမ်းတီးဟော့. ."

ဒုရဲအုပ်မင်းခန့်က လက်ဖက်ရည်လှမ်းမှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဘူတာရုံကြီးရှေ့သို့ အငှားကားတစ်စီးထိုး
လာပြီး အထဲမှ မြနှင်းဆီနှင့်ယက္ခ ဆင်းလာသည်။ သူတို့လည်း ခ
ဆောင်အိတ်တွေနှင့်. . ။

မြနှင်းဆီက ရွှေရောင်ဆိုးထားသောဆံပင်ကို အနည်းငယ
ကောက်၍ ပုံသွင်းထားပြီး အသားပျော့ပျော့ ဘောင်းဘီနက်အရှည်န
ဒေါက်ဖိနပ်ဖြူဖြူကလေးကို စီးထားသည်။ အင်္ကျီကလည်း အဟိုက
များသည်။ ခါးတိုသည်။ ဟောင်ကောင်တွင် နေတိုင်ကြီးပြင်းလာရသူပီ
အရာရာကို စိုးရွံ့ကြောက်လန့်ခြင်းမရှိသောစရိုက်က မြနှင်းဆီထံတွ
ဝီပြင်စွာပေါ်နေသည်။

မျက်လုံးအကြည့်များ လျင်သည်။

ကိုယ်နေဟန်အလှုပ်အရှားက သွက်လက်ရဲဝံ့သည်။ ဟန်
သည်။ မြနှင်းဆီ အိတ်ကိုဆွဲ၍ ခရီးသည်များဝင်ရာဝင်ပေါက်သို့ လျှော
လာရာတွင် ယောက်ျားသားများ၏အကြည့်များက သူမထံ ကပ်ငြိ
လာသည်။

နောက်မှလိုက်ပါလာသော ယက္ခကမူ ခပ်တည်တည်. . ။ မျ
ကုပ်ကုပ်. ။

မြနှင်းဆီက တုံ့ခနဲရပ်လိုက်ပြီး. .

"ကိုယက္ခ. . ရှင် အထဲဝင်နှင့်။ နံတစ်ခုခုမှာ ခဏနားနေ
ရထားက တွဲမထိုးသေးဘူး။ ကျွန်မ စားစရာတစ်ခုခုနဲ့ ရေသန့်ဘူးဝယ
လိုက်ဦးမယ်"

ဟု နောက်သို့လှည့်ပြောသည်။

"ဟုတ်ကဲ့. . ။ ဒါဆို ကျွန်တော့်ကို အဲဒီအိတ်ပေးလိုက်"

ယက္ခက လေးလေးစားစားပြန်ပြော၏။

မြနှင်းဆီက သူမ၏ခရီးဆောင်အိတ်ကို ယက္ခအားလှမ်းပေ
ပြီး နေရာမှပြန်လှည့်ထွက်လာသည်။ ယက္ခက အိတ်နှစ်လုံးနှင့် အတွင်





ဝင်သွားသည်။

စျေးဆိုင်များဆီသို့ အကြည့်က ဝေ့ဝဲရောက်သွားပြီး ဒန်ပေါက်
ဆိုင်ဆီသို့ မြနှင်းဆီခြေဦးဟည်လိုက်၏။

"ဒန်ပေါက်နှစ်ထုပ်"

ဒန်ပေါက်မှာရင်း အနားရှိမုန့်ဆိုင်မှ ရေသန့်ဘူးနှစ်ဘူးဝယ
သည်။ ဒန်ပေါက်ထုပ်စောင့်နေခိုက်မှာပင် ဘူတာကြီးတွင်းသို့ ဝင်လာ
သောသူများထံသို့ အကြည့်ရောက်သွားသည်။ လူသုံးယောက်ဖြစ်၏။
တစ်ယောက်က အမျိုးသမီး၊ နှစ်ယောက်က အမျိုးသား. . ။ အမျိုးသား
တစ်ယောက်က စတစ်ကော်လာဖြူရှပ်နှင့်၊ လုံချည်နှင့်. . ။ ကျန်တစ်
ယောက်က ဘောင်းဘီရှည်နှင့်၊ လယ်သာဂျာကင်နှင့်. . ။ အမျိုးသမီး
ကတော့ မြနှင်းဆီနှင့်ရွယ်တူဟု ခန့်မှန်း၍ရသည်။

ထိုအမျိုးသမီးထံသို့ မြနှင်းဆီ၏ အာရုံများ စုပုံကျရောက်
သွား၏။

ဆံပင်ရှည်ကို ကျောတွင်ဖြန့်ချထားသည်။ တင်ပါးကိုပင်ဖုံးအုပ်
ပြီး နက်မှောင်သန်စွမ်းလှသော ဆံပင်၏ကောင်းခြင်းနှင့် စပို့ရှပ်အစင်း၊
ဂျင်းပြာရင့်ကို ဝတ်ထားသော ထိုအမျိုးသမီးမှာ. .

ခြသေ့်လိုလည်း ရဲရင့်၍ ပန်းပွင့်လေးလို နူးညံ့လှပသော
မျက်နှာ. . ။

မိမိကိုယ်ကို ယုံကြည်မှုအပြည့်လည်းရှိ၍ ရိုးသားသန့်စင် နှိမ့်ချ
မှုလည်းရှိသော ဟန်ပန်အမူအရာ. . ။

ပညာတတ်၊ တွေးခေါ်မြော်မြင်မှုလည်း ကြီးမား၍ ဟိတ်ဟန်
မာန လုံးဝကင်းစင်သောအပြုံးတို့ဖြင့်. .

ကျက်သရေရှိနေသည်ဟု မြနှင်းဆီထင်လိုက်သည်။

ထို့ထက် သူမ၏ရုပ်ရည်က မြနှင်းဆီနှင့် ဆင်တူလှသည်။

အမြွှာညီအစ်မလို တစ်ထပ်တည်းမကျသော်လည်း အမြွှာဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောလျှင် ယုံကြမည့်အနေအထား..။

သူမ၏အသားရောင်မှာ ဝါရွှေရောင်ဖြစ်ပြီး မြနှင်းဆီက ဖွေးဖွေးဖြူသည်။ သူမက နူးညံ့သိမ်မွေ့ပြီး မြနှင်းဆီက သွက်လက်ဖျတ်လတ်သည်။ သူမက ရိုးစင်းပြီး၊ မြနှင်းဆီက ဟန်ပန်အမူအရာတွေများသည်။ ဒါပဲ ကွာခြားသည်။

သူမက ခေတ်ကိုမီရုံ ရင်ဘောင်တန်းထားပြီး မြနှင်းဆီက ခေတ်ရှေ့ကိုပြေးကာ ဆင်ယင်ထားသည်ကလည်း၊ ကွာခြားမှုထဲသို့ ထည့်နိုင်သည်။

နောက်တစ်ခုက..

သူမက ဥပဒေဘောင်အတွင်းမှနေ၍ မြနှင်းဆီက ဥပဒေဘောင်အပြင်ဘက်တွင် ရှိနေသည်။

'သူ ဒက်ဒီပြောတဲ့ မေစံရှားဆိုတာပဲနေမှာ။ ရွှေနေမလေး..တဲ့။ သူကြည့်ရတာ အေးချမ်းနေတာပဲ၊ အားကျလိုက်တာ..။ ငါ့မှာတော့..'

မြနှင်းဆီရင်ထဲသို့ အတွေးတွေဖြတ်ဝင်လာ၏။ ဘဝမှာ တစ်ခါမှ မတွေးဖူးသေးသော အတွေးများဖြစ်၏။ ငဲလေးနက်သောအတွေးများဟုလည်း ဆိုနိုင်၏။

'သူနဲ့ပါလာတာ ဘယ်သူတွေလဲ။ အင်္ကျီဖြူနဲ့ လုံချည်နဲ့လူကတော့ သူနဲ့ကျွမ်းဝင်ပုံ ပိုရတယ်။ ချစ်သူလား၊ ခင်ပွန်းလား..တစ်ခုခုပဲ။ ဟိုနောက်တစ်ယောက်ကတော့ ငယ်တယ်။ သူ့မျက်နှာလေးက ကလေးလေးလိုပဲ၊ ခင်စရာကောင်းတဲ့ပုံလေး..။ သူတို့ရော ဘယ်သွားကြမှာလဲ။ ငါတို့နဲ့ ခရီးဆုံးတူနေမလား'

"အစ်မ..ဒန်ပေါက်ရပြီ"

ဆိုင်ရှင်လူငယ်လေး၏အသံက မြနှင်းဆီ၏အတွေးများကို ရပ်တန့်သွားစေသည်။ မြနှင်းဆီ ဆိုင်ဘက်ပြန်လှည့်လိုက်ရသည်။





"ဩော်..အေး..အေး..။ ရော့..ဒန်ပေါက်ဖိုး"

ဒန်ပေါက်ထုပ်ကို လှမ်းဆွဲယူပြီး လှည့်လိုက်တော့ မေစံရှားတို့သုံးဦး စကြံတွင်းဝင်သွားကြပြီဖြစ်၏။

ရထားကလည်း တွဲထိုးပြီးနေပြီ။ ခရီးသည်များ စကြံတွင်းသွပ်ရှားနေကြသည်မှာ ပုရွက်ဆိတ်အုံ တုတ်နှင့်ထိုးလိုက်သည့်ပမာ။ အသံတွေလည်း ညံ၍နေ၏။

မြနှင်းဆီ လူအုပ်ကြားထဲ တိုးဝင်လာခဲ့၏။

"မြနှင်းဆီ.."

ယက္ခက အိတ်နှင့်ရပ်စောင့်နေသည်။

"တွဲပေါ်တက်ကြစို့"

မေစံရှားတို့ ဘယ်တွဲကိုတက်သွားကြပြီမသိ။ ဟိုဟိုသည်သည်ရှာကြည့်သော်လည်း မတွေ့ရတော့။

တစ်ချိန်တည်းမှာပင် ထူးထူးခြားခြား သူမ၏အာရုံထဲမှာ လူတစ်ယောက်၏ပုံက ပေါ်လာသည်။ မြင်ယောင်နေသည်ဟု ဆိုရမည်။

လယ်သာဂျာကင်နှင့်၊ ဘောင်းဘီနှင့်၊ အရပ်အမောင်းကောင်းကောင်း၊ ရုပ်ရည်သန့်သန့်၊ ဆံပင်တိုတိုနှင့် ခပ်ချောချောသူကောင်းသားကလေး..။

မေစံရှားတို့နှင့်ပါလာသော ကောင်ကလေး..။

'အို..ငါဘာဖြစ်တာပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com

၄

"အကြောင်းမကြားဘာမကြားနဲ့ ဘယ်လိုဖြစ်ပြီး ရောက်လာကြတာလဲ"

အိမ်ကိုရောက်သွားတော့ မေစံရှား၏အဖေနှင့်အမေတို့ အံ့အားသင့်နေကြသည်။ ဝမ်းသာအယ်လဲ နှုတ်ဆက်ကြိုဆိုကြရင်း အပြုံးတွေ တဝေဝေဖြင့်. . ။

မေစံရှားက သူမ၏မိခင်အား ကလေးတစ်ယောက်လို ဖက်လိုက်ကာ. .

"အမေ့ကိုလွမ်းလို့ လာတာပေါ့"

ဟု ပြောသည်။

"မိုပို. . ။ အလုပ်ကလွဲရင် ကိုယ်ယူမယ့်ယောကျ်ားတောင် ဒုတိယနေရာမှာထားတဲ့သူကများ. ."

မေစံရှားမိခင်၏စကားကြောင့် မေစံရှားဖခင်ရော၊ ကိုနေသော်ပါ ရယ်လိုက်မိကြ၏။ မေစံရှားသည်လည်း အပြုံးကို မကွယ်ဝှက်နိုင်။

"မင်းခန့်ပေါ့ အမေ. . ။ သူချောဆွဲတာနဲ့ ပါလာရတာ"





"မင်းခန့်က ဘာဖြစ်လို့လဲ"

"သူ့အမေ သိပ်နေမကောင်းဘူးတဲ့၊ သူ့ကိုတွေ့ချင်တယ်၊ လာခဲ့ပါလို့ အကြောင်းကြားတယ်လေ။ အဲဒါ သူသာမကဘူး၊ သမီးကိုပါ အပါခေါ်ခဲ့ပေးပါ၊ အကူအညီတောင်းစရာရှိတယ်လို့ ပြောတယ်လေ။ ဒါကြောင့် ပါလာရတာ။ အတော်ပါပဲ. . ။ သမီးကလည်း အမေတို့နဲ့ တွေ့ချင်နေတာ"

"သမီးဒေါ်လေးရော နေကောင်းရဲ့လား"

"ကောင်းပါတယ် အမေ"

"သူ့ကိုပါ ခေါ်ခဲ့ ပြီးရော. ."

"အစကတော့ ဒေါ်လေးပါ လိုက်မလို့ပါပဲ။ နီးတော့မှ မလိုက်တော့ဘူး ဖြစ်သွားတာ။ ခရီးသွားရတာ ပင်ပန်းလို့တဲ့။ ပြီးတော့ သမီးတို့က အလုပ်တွေနဲ့၊ ချက်ချင်းပြန်ကြမှာဆိုတော့ ဒီမှာကြာကြာနေရမှာ မဟုတ်ဘူး။ ရောက်ရုံပဲရှိမှာဆိုပြီး မလိုက်ဖြစ်တော့တာ။ အဖေနဲ့အမေ ရော နေထိုင်ကောင်းကြလား"

"ကောင်းပါတယ်။ ဒေါင်ဒေါင်မြည်ပါပဲ"

မိခင်၏အဖြေ. . ။

မေစံရှားဖခင်က. .

"မောင်နေသော်က သမီးနောက် ကန့်လန့်ကန့်လန့်ပါလာရပြန်တာပေါ့. . ဟုတ်လား။ သိပ်လည်းအလိုမလိုက်နဲ့ကွယ့်။ မင်းတို့လက်ထပ်ဖို့လည်း ပြင်ကြဆင်ကြဦး"

ဟု ပြောသည်။ မေစံရှား မျက်လုံးဝိုင်းကလေးဖြင့် ဖခင်ကို ကြည့်သည်။

"ဟာ. . အဖေကတော့ လိမ့်ချင်နေတဲ့ဘီးကို တွန်းပေးနေပြီ"

မေစံရှားက ရယ်၍ ဝင်ပြော၏။ ကိုနေသော်ကိုလည်း ငဲ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်၏။

ကိုနေသော်က ခပ်တည်တည်ဖြင့်. .

"ကျွန်တော်လည်း အဖေနဲ့ တစ်သဘောတည်းပါပဲ၊ ကျွန်တော့် မိဘတွေကလည်း မြေးချီချင်နေကြပြီ။ ကျွန်တော်က တစ်ဦးတည်းသော သားမဟုတ်လား။ ကျွန်တော့်ကိုပဲ မျှော်လင့်နေကြတာ။ အဖေ့သမီးက ကျွန်တော်ပြောလို့မရဘူး"

အကွက်ဝင်နိုက် စကားတွေအကုန်ချွန်ထည့်သည်။

"အဲဒီလို ကလေးတိုးလိုးတွဲလောင်းနဲ့ဆို သမီးအလုပ်တွေ ဘာမှလုပ်လို့မရမှာစိုးလို့ သမီးက အချိန်ဆွဲထားတာပါ"

မေစံရှားက ကိုနေသော်ကို မျက်စောင်းလှမ်းချိတ်ရင်း ဖြေရှင်းချက်ပေးသည်။ မေစံရှားမိခင်က "ဒါတော့ဒါပေါ့ သမီးရယ်။ ဒါပေမဲ့ ဘဝဆိုတာ သူ့အချိန်အခါနဲ့သူ ရှိသေးတယ်လေ။ အိမ်ထောင်ပြုတာ စောလို့မကောင်းသလို နောက်ကျလို့လည်း မကောင်းဘူးကွယ့်"

ဟု ဝင်ပြောသည်။

"အမေပြောတာ မှန်တယ်"

ကိုနေသော်က ထောက်ခံချက်ကို လျှင်မြန်စွာပေးသည်။

"ဘာမှန်တာလဲ. . ။ ကိုကို့အကြိုက်စကားတွေမို့ ခွတ်ထောက်ခံနေတာမဟုတ်လား"

မေစံရှားက လက်မခံ။

"မှန်လို့မှန်တယ်ပြောတာ ရှားရဲ့။ သားသမီးထက် မိဘက အမြော်အမြင်ကြီးတယ်။ လိမ္မာတဲ့သားသမီးဟာ မိဘစကား မပယ်ရှားရဘူး"

"အခွင့်အရေးရတုန်း လိုရင်းကို သိပ်ဆွဲမနေနဲ့ ကိုယ့်ဆရာ။ အဖေနဲ့အမေက ရှားဆန္ဒမပါရင် ဘာမှမလုပ်ဘူး"

"ဒီလိုမဟုတ်ပါဘူး။ ရှားကို ကိုကိုက သမီးအလိမ္မာလေး ဖြစ်





စေချင်လို့ပါ"

"တော်ပါ. . ။ ဇာတ်တစ်ခုထဲမှာ လောဘ၊ ဒေါသမကြီးကြနဲ့ဆိုပြီး အော်အော်နေတဲ့ နတ်ကြီးက ပဒေသာပင်ပေါ်က ပဒေသာတွေကို အော်ပြောရင်း ကိုယ့်အိတ်ထဲကိုချည်း ခူးဆွတ်ထည့်နေတာ ရှားကြည့်ရဖူးတယ်။ ကိုကိုလည်း အဲဒီနတ်ကြီးလိုပဲ"

တစ်ဦးနှင့်တစ်ဦး စကားနိုင်လုနေကြသည်ကို ဖခင်နှင့် မိခင်က ပြုံးကြည့်နေကြသည်။

"ဟဲ. . ဟဲ. . ဟဲ. . ပြောချင်သလိုပြော။ မြန်မြန်လက်ထပ်ဖို့ ဆိုတော့ အရေးကြီးတာ အမှန်ပဲ။ အဟုတ်ပြောတာ အဖေနဲ့အမေရဲ့။ သူ့ကို ကျွန်တော်က စိတ်ချတာမဟုတ်ဘူး။ မကြာသေးခင်ကဆို ရွှေနှမ တစ်ယောက်အသတ်ခံရတဲ့အမှုမှာ သူအစွပ်စွဲခံလိုက်ရတယ်။ ကံကောင်းလို့ ဖမ်းအချုပ်မခံရတာ"

"ဟင်. ."

ဖခင်ရော၊ မိခင်ပါ မျက်လုံးပြူးသွားကြသည်။

"ရှားမှ မဟုတ်တာ။ ဖမ်းချုပ်လို့ ရမလား"

"ရဲအုပ်မောင်မောင်သန်းကောင်းလို့ပါ ရှားရယ်။ သူက ချင့်ချင့်ချိန်ချိန်နဲ့မို့ပါ"

"ဘယ်လိုဖြစ်လို့လဲကွယ်"

မေစံရှားမိခင်က ဝင်မေးသည်။ ရင်ကိုလည်း ဖိထားသည်။ ပူပန်စိတ်စောနေသည်။

မေစံရှားက အဖြစ်သနစ်ကို အကျဉ်းချုံးပြီး ဖခင်နှင့်မိခင်နားလည်အောင် ပြောပြသည်။ မေစံရှားပြောသမျှကို စိတ်ဝင်တစား တအံ့တသြနားထောင်နေခဲ့ကြပြီး စကားအဆုံးတွင်. .

"ဒီလိုဆို သမီးနဲ့ရုပ်ချင်းတူတဲ့သူ ရှိနေလို့ပေါ့နော်"

ဟု မေစံရှားမိခင်က မှတ်ချက်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အမေ။ ဒါနဲ့ သမီးမှာ အမြွာညီအစ်မ မရှိပါဘူ
နော် အမေ"

"ကြီးကြီးဖန်ဖန်ကွယ်. . ။ သမီးတစ်ယောက်တည်းရှိတာ ရင်
ရှာသိပါ"

ရှားမိခင်၏စကားအဆုံး ရှားဖခင်က. .

"နေဦး. . ။ သမီးစကားနဲ့ဆက်ပြီး အဖေသတိရတာ တစ်
ရှိတယ်"

ဟု ဝင်ပြောသည်။ တွေးတွေးဆဆ၊ လေးလေးနက်နက်အ
အရာကို တွေ့ရသည်။ ကိုနေသော်ရော၊ မေစံရှားပါ စိတ်ဝင်စားသွ
သည်။ တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံသွားသည်။

"ဘာလဲ အဖေ. ."

"မောင်မင်းခန့်နဲ့ ပတ်သက်လို့လေ"

"မင်းခန့်. . ဟုတ်လား။ ဘာများလဲအဖေ"

မေစံရှား စိတ်ဝင်စားမှုပိုသွားသော်လည်း. .

"အိုတော်. . ရှင်က လျှောက်ပြောမနေနဲ့ဦးလေ။ မင်းခန့်အ
မထားရီက ကြိုက်၊ မကြိုက် မသိဘဲနဲ့"

မေစံရှားမိခင်က ဝင်တားသဲသည်။ စကားနှင့်သာမက အမူအ
နှင့်ပါ ဟန့်သည်။

"ဟင်. . ဒါဆို မင်းခန့်နဲ့ပတ်သက်ပြီး အဖေနဲ့အမေသိနေတ
တစ်ခုခု ရှိနေတယ်ပေါ့. . ဟုတ်လား။ ဘာများလဲ။ သမီးသိချင်တယ်"

ရှားဖခင်က. .

"အဖေထင်တာတော့ မထားရီ မင်းခန့်ကိုခေါ်တာ ဒီကိစ္စ
ပြောမှာ ထင်တာပဲ"

မေစံရှားက ဖခင်ကိုရော၊ မိခင်ကိုပါ အကဲခတ်သည်။ နာ
မလည်နိုင်ခြင်းများဖြင့်. . ။





ကိုနေသော်ကလည်း ငြိမ်၍ကြည့်နေ၏။

"မင်းခန့်အမေနဲ့တွေ့တော့ သမီးသိမှာပါ။ သမီးအဖေ အခု
မပြောလည်း မင်းခန့်အမေ မထားရီက ပြောမယ်ထင်တာပါပဲ။ မထားရီ
ပြောတာ နားထောင်ကြည့်တာကမှ ပိုပြီးပြည့်စုံတိကျမှာပါ။ အမေတို့
ပြောပြတာထက် သူပြောတာက ပိုကောင်းမှာပါ"

မေစံရှားမိခင်က စကားကိုအဆုံးသတ်လိုက်သည်။

ပြီး. . တစ်ဆက်တည်း. .

"ကဲ. . ရေမိုးချိုးဦးမလား။ ထမင်းစားကြရအောင်။ မိုးတောင်
ချုပ်တော့မယ်"

ဟု စကားလွှဲသည်။

❦ ❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

မိန်းကလေးက ခေါင်းပြန်ငုံ့သွားသည်။

ရဲအုပ်မောင်မောင်သန်း ရင်မောစွာဖြင့် ပြောရမည့်စကားများအတွက် အစရှာရခက်နေသည်။

ကြည့်စမ်းပါ့..။

မိန်းကလေးအသက်မှာ နှစ်ဆယ့်ငါးနှစ်ခန့်ပဲရှိဦးမည်။ အသားဖြူဖြူဝင်းဝင်းကလေးနှင့် အလှကြီးမဟုတ်သော်လည်း သူ့အလှဖြင့်သူ ရှိနေသည် ဆိုနိုင်၏။

ပညာတတ်ပုံစံတော့ မရှိ။ မိဘနှင့် အသိုင်းအဝိုင်းက ချို့ငဲ့ခြင်းလည်း ဖြစ်နိုင်သည်။

ဦးသက်မွန် အသတ်ခံရမှုနှင့် ပတ်သက်ပြီး ရဲအုပ်မောင်မောင်သန်း သူမနှင့်လာတွေ့ရခြင်းဖြစ်သည်။ အအေးဆိုင်မှာ သူမကိုခေါ်တွေ့ပြီး မေးစမ်းခြင်းဖြစ်သည်။

"မင်းနာမည်က ငြိမ်းငြိမ်းအိနော်"

"ဟုတ်ကဲ့.."





ငြိမ်းငြိမ်းအိ မဝံ့မရဲဖြေသည်။ ခေါင်းကို မမော့။

"မငြိမ်းငြိမ်းအိနဲ့ ဦးသက်မွန်နဲ့ ပေါင်းသင်းနေကြတယ်ဆိုတာ မှန်သလား"

"ဟုတ်.."

လေသံပိုတိုးသွားသည်။ ရှိုက်သံလေး ရောပါနေသည်။ ခေါင်းကား ငုံ့ထားဆဲ။ အကြည့်များကား စားပွဲမှာစိုက်နေ၏။

"ကဲ..အအေးသောက်လိုက်ဦး။ ဖြည်းဖြည်းပြောကြတာပေါ့"

သည်သဲလွန်စကို ပေးခဲ့သူမှာ မေစံရှားဖြစ်သည်။

မေစံရှားက ပထမဦးစွာ ဦးသက်မွန်၏ဇနီး (မယားကြီး) ဒေါ်တင်မမနှင့် သွားတွေ့သည်။ ဒေါ်တင်မမဆိုသည်က ဦးသက်မွန်အသတ်ခံရသည့်ညက လူသတ်သမားကို မြင်လိုက်ရသူ။ ဦးသက်မွန်က 'မေစံရှား' ဟုပြောခဲ့ကြောင်း သက်သေအဖြစ် ထွက်ဆိုခဲ့သူဖြစ်၏။

မေစံရှား ဒေါ်တင်မမနှင့် သွားရောက်တွေ့ဆုံသောအခါ အဖြေတစ်ခုထွက်လာ၏။

"ဟိုညက ကျွန်မတွေ့လိုက်တာ သူမဟုတ်ဘူးထင်တယ်။ အချိုးအဆစ်ပုံပန်းသဏ္ဍာန် နည်းနည်းကွာတယ်"

ဒေါ်တင်မမက ဤသို့ထင်မြင်ချက်ပေးသည်။

ဒေါ်တင်မမသည် အလှပြင်ဆိုင်ပိုင်ရှင်ဖြစ်၏။ သည်တော့ မိန်းကလေးတွေ၏ ခန္ဓာကိုယ်၊ အချိုးအဆက်၊ အရပ်အမောင်း၊ ဟန်ပန်၊ ရုပ်ရည်၊ အသားအရေ..စသည်တို့ကို နေ့စဉ်ထိတွေ့နေရသူ။ မီးရောင်မှိန်လဲ့လဲ့ဖြင့် ဖျတ်ခနဲမြင်လိုက်ရသော်လည်း မေစံရှားကိုမြင်သောအခါ ဟိုနေ့ကတွေ့ရသူသည် မေစံရှားမဟုတ်ဟု ထင်မြင်ကြောင်း ထုတ်ဖော်ပြောခဲ့သည်။ မေစံရှားအပေါ် ရဲအုပ်မောင်မောင်သန်း အမြင်ရှင်းသွား၏။

တစ်ဆက်တည်းမှာပင် မေစံရှားမေးမြန်းချက်များအရ ဦးသက်မွန်ထံတွင် ငြိမ်းငြိမ်းအိအမည်ရှိသော ဇနီးတစ်ယောက် ရှိနေကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အတည်ပြုချက် ပေါ်ထွက်လာခဲ့၏။ ငြိမ်းငြိမ်းအိ. . တဲ့။

ထိုအချက်များကို မေစံရှားက ရဲအုပ်မောင်မောင်သန်းထံ သတင်းပို့ခဲ့သည်။

ရဲအုပ်မောင်မောင်သန်းကလည်း ရလာသည့်ကွင်းဆက်အစကို အလွတ်ခံရိုးထုံးစံမရှိသော ဝါရင့်အမှုစစ်ပေပဲ။

ဒေါ်တင်မမနှင့် ထပ်တွေ့သည်။ မေစံရှားထံမှ ရသောသတင်းကို အတည်ပြုချက်ထပ်မံရယူသည်။ မှန်သည်။ ဟိုညက လူသတ်သမားမှာ မေစံရှားမဟုတ်ဟုထင်ကြောင်း (ထင်မြင်ချက်ပေးခြင်း) နှင့် ဦးသက်မွန်တွင် ငြိမ်းငြိမ်းအိဟူသော ဇနီးငယ်တစ်ယောက်ရှိနေကြောင်း. . ။

သို့ဖြင့် ရဲအုပ်မောင်မောင်သန်း ငြိမ်းငြိမ်းအိထံ လိုက်လာခဲ့ခြင်းဖြစ်၏။ ငြိမ်းငြိမ်းအိထံမှ ဦးသက်မွန်သေဆုံးရခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အရေးကြီးသောအချက် ရနိုင်သည်လေ။

"ဦးသက်မွန်နဲ့ မငြိမ်းငြိမ်းအိက တရားဝင်လက်ထပ်ထားတာ မဟုတ်ဘူးလို့ သိရတယ်။ အဲဒါ. ."

ရဲအုပ်မောင်မောင်သန်း၏ အမေးကို ငြိမ်းငြိမ်းအိက ခေါင်းညိတ်ရုံမျှသော အမူအရာဖြင့် ဖြေသည်။ နှုတ်မှ မဖြေ။ ရှက်ရွံ့ဟန်က အထင်းသား။

"အခု ဒီယုဇနအိမ်ရာမှာ မငြိမ်းငြိမ်းအိကို ဦးသက်မွန်က အိမ်ဝယ်ပေးထားတာလား"

"ငှားပေးထားတာပါ။ အပိုင်မဟုတ်ပါဘူး"

"ထောက်ပံ့မှုရော ပေးလား"

"ပေးပါတယ်"

"အမြဲတော့ လာမနေဘူးပေါ့။ ဟုတ်လား. ."

"ဟုတ်ပါတယ်"

"ဦးသက်မွန်မှာ ပေါင်းသင်းဆက်ဆံမှုရှိနေသူတွေ အများ





ကြီးရှိမှာပဲ။ ဒီအထဲမှာ ဦးသက်မွန်အသတ်ခံရတာနဲ့ ပတ်သက်ပြီး ဆက်စပ်မှုရှိနေနိုင်တယ်လို့ မငြိမ်းငြိမ်းအိထင်နေတဲ့သူ ရှိသလား"

"ကျွန်မ မသိပါဘူး"

"ဒီလိုပါ. . ။ ဦးသက်မွန်နဲ့ ပြဿနာဖြစ်ဖူးသူ၊ စကားများဖူးသူ၊ အလုပ်တွဲလုပ်ရာကနေ အဆင်မပြေသူ ဒါမျိုးတွေများ ရှိသလား"

"မရှိဘူး ထင်တာပါပဲ"

ဦးသက်မွန်က ငြိမ်းငြိမ်းအိကို အသိအမှတ်ပြုတိုင်ပင်ခြင်း ရှိဟန်မတူဟု ရဲအုပ်မောင်မောင်သန်း ကောက်ချက်ချမိ၏။

သည်ကလေးမထံမှ သဲလွန်စရဖို့ကလည်း မလွယ်လှ။

"မင်းကို အိမ်ဝယ်ပေးဖို့ စီစဉ်တာတွေ ဘာတွေရော မပြောဘူးလား"

တစ်မျိုးလှည့်၍ သတင်းနှိုက်ကြည့်သည်။

"မပြောဘူးရှင့်"

"မင်းကရော မပူဆာဘူးလား"

"ပူဆာပါတယ်. . ။ မရဘူး"

"လက်ဝတ်တန်ဆာတွေဘာတွေ လုပ်ပေးလား"

"အင်း. . ကျွန်မမွေးနေ့ကျရင် တစ်ဆင်စာလုပ်ပေးမယ်လို့တော့ ပြောတာပဲ။ အဲဒါကလည်း သူ့အလုပ်ရှင်ဆီကရရင်. . တဲ့။ ရစရာရှိတယ်လို့ ပြောတာပဲ၊ မသေချာပါဘူး"

ရဲအုပ်မောင်မောင်သန်း တစ်ချက်ပြုံးလိုက်သည်။

"တစ်ဆင်စာတောင်ရမှာဆိုတော့ ရစရာက အတော်များမှာပဲ၊ ဦးသက်မွန်ရဲ့အလုပ်ရှင်က ဘယ်သူလဲ။ ဘာအလုပ်မို့လို့လဲ"

"သူအကြံပေးလုပ်တဲ့ ကုမ္ပဏီပါ။ နာမည်တော့ အသေအချာ မသိပါဘူး"

ဦးသက်မွန် ဥပဒေအကြံပေးလုပ်နေသော ကုမ္ပဏီမှာ The



www.burmeseclassic.com

www.burmeseclassic.com



Rays ဖြစ်၏။ ယင်းအချက်ကို ရဲအုပ်မောင်မောင်သန်းသိထားသည်။ အားတက်သွားသည်။

"ကုမ္ပဏီကဆိုတော့ လစာပဲရမှာမဟုတ်လား။ များများစားစား ရဖို့မှ မရှိတာ"

စကားကို တစ်ဆင့်တိုး၍ နှိုက်ယူကြည့်သည်။

"ရှိတာတော့ ရှိတယ်ရှင့်။ ရရင် အများကြီးရမှာတဲ့။ သူ့ကို မပေးဘဲ မနေရဲဘူးလို့ ပြောတာပဲ"

ရဲအုပ်မောင်မောင်သန်း [illegible]ထဲမှာ ဝင်းခနဲ တစ်ချက်လက် သွား၏။

'ချိတ်' တစ်ခု ရှိနေပြီ။ ဦးသက်မွန်နှင့် The Rays ကြားမှာ ချိတ်တစ်ခုရှိနေပြီ။ ဘယ်သူက မိနေတာလဲ။ ဘယ်သူက များထားတာ လဲ။ ဦးသက်မွန်ကများ၍ The Rays က မိနေသည်လား။ ထို့အတွက် ဦးသက်မွန်က ရစရာရှိသည်ဟု ဆိုလိုလေသလား။ The Rays က ထိုကြောင့်များ ဦးသက်မွန်ကို ငွေမပေးဘဲ ကိစ္စဖြတ်ခဲ့လေသလား။

"အဲဒီကုမ္ပဏီက လူကြီးတွေနဲ့ ဦးသက်မွန် ပြောတာဆိုတာ တွေ မြင်ဖူး၊ ကြားဖူးလား"

"မကြားဖူးပါဘူး။ မြင်လည်း မမြင်ဖူးပါဘူး"

ရဲအုပ်မောင်မောင်သန်းက သူရရှိထားသော အတွေးကို အထောက်အကူပြုမည့်အချက်များ ရရှိရန် မေးခွန်းများထပ်မံ၍မေးပါ သေး၏။ မရတော့. .။ မငြိမ်းငြိမ်းအိက မဖြေဘဲ လျှို့ဝှက်ထားခြင်း မဟုတ်။ အမှန်မသိခြင်းသာဖြစ်သည်။

ရဲအုပ်မောင်မောင်သန်း ငြိမ်းငြိမ်းအိကို ကျေးဇူးတင်ကြောင်း ပြော၍ ပြန်လာခဲ့သည်။

ဦးသက်မွန်က ဥပဒေသမား. .။ The Rays နှင့် ပေးစရာ ရစရာရှိသည့်ဆိုသည်မှာ ဥပဒေနှင့်ပဲ ပတ်သက်ရမည်။ ဥပဒေပြင်ပက





အလုပ်တွေများ ရှိနေလေသလား။

The Rays ကို မျက်ခြည်ပြတ်၍မရဟု ကောက်ချက်ချလိုက် လေသည်။

❦ ❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

ဒုရဲအုပ်မင်းခန့်၏မိခင် ဒေါ်ထားရီသည် အိပ်ရာပေါ်တွင်လှဲ နေရာမှ မေစံရှားတို့ ဝင်လာသည်ကို မြင်သည်နှင့် ထ၍ ထိုင်လိုက်သည်။

"ဒေါ်လေး. . နေကောင်းရဲ့လား။ နေသာသလိုနေပါ။ မထ ပါနဲ့"

မေစံရှားက နှုတ်ဆက်ရင်း မထရန် တားသည်။

"ရပါတယ်ကွယ်. . ထနိုင်ပါတယ်။ နေလည်း နေသာပါတယ်"

ဟု ပြောပြီးမှ. .

"သမီးဖို့ မုန့်နဲ့ ကော်ဖီလေးဘာလေး လုပ်လေကွယ်"

ဟု မင်းခန့်ကို လှမ်းပြောသည်။

"နေပါစေဒေါ်လေး. .။ မလုပ်ပါနဲ့"

မေစံရှားက တားသော်လည်း မင်းခန့်က အခန်းအတွင်းမှ ထွက်သွားခဲ့ပေပြီ။

ကိုနေသော်နှင့် မေစံရှားတို့က ခုတင်ဘေးထိုင်ခုံများတွင် ထိုင် လိုက်ကြ၏။ နောက်ခံစီးပွားရေး အဆင်ပြေပြေဟန်ရှိသော ဒေါ်ထားရီတို့





အိမ်ကြီးနှင့် အတွင်းဘက် အပြင်အဆင်များကို မေစံရှားက အကဲ ခတ်ရင်း. .

"မင်းခန့်က ကျွန်မကို အတင်းခေါ်လာတာလေ ဒေါ်လေးရဲ့"

စကားစလိုက်သည်။

"အင်း. . သမီးလေးကို အားနာပါတယ်ကွယ်။ ဒေါ်လေးက ည်း အားကိုးစရာ စဉ်းစားလိုက်တော့ သမီးလေးကိုပဲ မြင်တာနဲ့ မီးလေးကို မပါပါအောင်ခေါ်ခဲ့ဖို့ မှာလိုက်တာ"

ဒေါ်ထားရီက စကားပြောပြီး မော်နေဟန်ရှိ၏။ ခဏနားနေ မေစံရှားတို့က အလောတကြီး ဘာမျှထပ်မမေးဘဲ ဒေါ်ထားရီ၏ ကိုသာ စိတ်ရှည်ရှည်ဖြင့် စောင့်နေကြသည်။

"ဒေါ်လေးက သမီးလေးမြင်တဲ့အတိုင်း ကျန်းမာရေးမကောင်း ဘူး။ ဆီးချို၊ သွေးချိုရော၊ နှလုံးရောပေါ့ကွယ်။ ဒေါ်လေးနေရလှ အလွန်ဆုံး တစ်နှစ်လောက်ပဲ မှန်းထားတယ်။ ဒီတော့. ."

ဒေါ်ထားရီ ခဏနားနေပြန်၏။ ပိန်လှီသောခန္ဓာကိုယ်၊ ချောင် နေသောမျက်နှာ၊ မှိန်ဖျော့နေသောမျက်လုံးများ၊ ဖြူဖျော့နေသော အရေများက ဒေါ်ထားရီ၏စကားကို ထောက်ခံအတည်ပြုပေး သည်သို့ရှိ၏။

ထိုစဉ် မင်းခန့်က အခန်းအတွင်း ပြန်ဝင်လာသည်။ ကော်ဖီ နှင့် မုန့်ပန်းကန်များကို လင်ပန်းတစ်ခုဖြင့် ထည့်ယူလာသည်။ ပုလေးတစ်ခုကို ခေါင်းရင်းမှဆွဲယူကာ ကော်ဖီနှင့်မုန့်ပန်းကန် ၍ မေစံရှားတို့ရှေ့သို့ ချပေးသည်။

"မရှားနဲ့ ကိုနေ. . ကော်ဖီသောက်ပါဦး။ ကော်ဖီသောက်ရင်း ဆေးဆေးပြောကြတာပေါ့"

"သောက်. . သမီးလေး"

မင်းခန့်လည်း အနားမှာဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမရှားပါလာတယ်ဆိုလို့ အမေက ဝမ်းသာနေတာ"

မင်းခန့်အပြော. .။

ဒေါ်ထားရီက စကားဆက်သည်။

"ဒေါ်လေးက ခုလိုဖြစ်လာတော့ ဒေါ်လေးရဲ့သား မင်းခန့်တို့ စိတ်မချဘူးဖြစ်လာတယ်။ ဒေါ်လေးဘက်က ဆွေမျိုးတွေဆိုတာကလည်း ဘယ်သူမှ အရေးပါ အရာမရောက်ကြဘူး။ မင်းခန့်မှာကလည်း တစ်ယောက်တည်းဖြစ်နေလေတော့ သမီးလေးကပဲ မောင်လေးတစ်ယောက်လို စောင့်ရှောက်ပေးပါ"

"ဒါများ ဒေါ်လေးရယ်. .။ ဒေါ်လေးမပြောလည်း ကျွန်မက စောင့်ရှောက်မှာပါ။ မင်းခန့်နဲ့ ကျွန်မက ခုလည်း မောင်နှမတွေလို နေတာပါပဲ"

မေစံရှားက ဝင်ပြောသည်။ ကိုနေသော်ကမူ ငြိမ်ငေး၍နေသည်။

"ဒါတော့ ဒါပေါ့ကွယ်။ ဒီ့ထက်အရေးကြီးတာ ရှိသေးတယ် သမီးရဲ့။ ဒီစကားကိုတော့ သမီးလေးနဲ့မင်းခန့် ဆုံပြီး ဒေါ်လေးကပြော ချင်တာ"

မေစံရှားအာရုံ၊ မင်းခန့်အာရုံတို့ ဒေါ်ထားရီမျက်နှာပေါ် စူးစိုက်သွားကြသည်။ နေရာအနေအထားပြင်ထိုင်ရင်း ဒေါ်ထားရီက မင်းခန့်ကို သူမ၏ဘေးသို့ခေါ်သည်။ မင်းခန့် သူ့မိခင်ဘေးမှာ ပြောင်း၍ထိုင်လိုက်သည်။ ဒေါ်ထားရီက မင်းခန့်၏ပခုံးကိုဖက်ရင်း မေစံရှားကိုကြည့်သည်။

"ဒေါ်လေးအနေနဲ့ သားလေးမင်းခန့်ကို မပြောခဲ့ဘဲ လျှို့ဝှက်ထားခဲ့တဲ့ အချက်တစ်ချက်ရှိတယ် သမီး။ အဲဒါကတော့ သားလေးဟာ တစ်ဦးတည်းသောသား မဟုတ်ဘူး။ သူ့မှာ အစ်မတစ်ယောက်ရှိသေးတယ်"

"ဟင်. ."





မေစံရှားရော၊ မင်းခန့်ပါ မျက်လုံးတွေဝိုင်းကာ အာမေဋိတ်သံတွေ ခုန်ထွက်သွားကြသည်။

"မေမေ. . မေမေတကယ်ပြောနေတာလား"

မင်းခန့်က မယုံနိုင်သလို မေးသည်။ မိခင်မျက်နှာကိုလည်း အဖြေတောင်းသလို ကြည့်သည်။

ဒေါ်ထားရီ ခေါင်းညိတ်သည်။

"အမှန်ပါပဲ သားရယ်. .။ ဒီအကြောင်းတွေကို သမီးလေးရဲ့ အဖေနဲ့အမေလည်း သိပါတယ်။ ပတ်ဝန်းကျင်က တချို့လည်း သိပါတယ်"

မေစံရှား မနေ့က အဖေနှင့်အမေတို့ ပြောခဲ့ကြသည့်စကားများကို သတိရလိုက်သည်။

"ဒါဖြင့် အဲဒီမမရော။ မမက ဘယ်မှာလဲ. .။ ဘယ်သူလဲ. ."

မင်းခန့်၏ ဆန္ဒစောနေသော အမေးများ. .။

ဒေါ်ထားရီက မင်းခန့်၏ခေါင်းကို ညင်သာစွာပွတ်ရင်း ဝဲလာသောမျက်ရည်များကို ထိန်းသည်။ ခဏကြာမှ အသံတုန်တုန်ကလေး ထိုးတိုးထွက်လာသည်။

"သားရဲ့မမ ဘယ်မှာလဲဆိုတာတော့ မေမေလည်းမသိဘူး သားရယ်။ အသက်ရှင်လျက်ရှိနေလား၊ မရှိတော့ဘူးလားဆိုတာတောင် မေမေမသိပါဘူးကွယ်"

"အဲဒါ ဘယ်လိုဖြစ်တာလဲ မေမေ။ ကျွန်တော် မေမေပြောတာတွေ ဘာမှနားမလည်ဘူး"

မေစံရှားက ငြိမ်သက်စွာ စောင့်ကြည့်ငုံလင့်နေ၏။ အဖြစ်အပျက်က ဇာတ်ရည်မလည်သေး။ ကိုနေသော်က ပရိသတ်။ ငြိမ်ငြိမ်ငေး လျက်. .။

"အဲဒီသမီးလေးက သမီးဦးပေါ့။ ဟောဒီသမီးလေးမေစံရှားနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်တည်း၊ တစ်လတည်း မွေးတာ။ တစ်ပတ်ပဲကွာတယ်။ မေစံရှားက တစ်ပတ်ကြီးတယ်။ ဒါကြောင့်လည်း သမီးလေးပျောက်သွားတော့ သမီးလေးကိုယ်စား မေစံရှားကို ချစ်ခဲ့ရတာ။ သမီးကလေးအလွမ်း ပြေပေါ့"

"မမက ပျောက်သွားတယ်. . ဟုတ်လား"

"ဟုတ်တယ် သား. . ။ သမီးလေး တစ်လသမီးမပြည့်တပြည့်မှာ ထူးဆန်းစွာ ပျောက်သွားတာပဲ။ ဘယ်မှာမှ ရှာလို့မရဘူး။ ရဲစခန်းမှာ လူပျောက်တိုင်ခဲ့တယ်။ အသိအကျွမ်းတွေ၊ အဆက်အသွယ်တွေ စုံစမ်းရှာဖွေခဲ့တယ်။ ဒါပေမဲ့ သမီးလေးဟာ လုံးဝကို အစအနပျောက်သွားတယ်။ အဲဒီစိတ်ကြောင့် အမေဟာ အရူးတစ်ပိုင်းဖြစ်ခဲ့ရတယ်"

ဒေါ်ထားရီက ပြောပြီး မောနေသည်။ ကျလာသောမျက်ရည်များကို လက်ခုံဖြင့်ပွတ်သုတ်သည်။ ကြေကွဲဟန်ခံစားမှုများက ဒေါ်ထားရီကို ပို၍အိုမင်းရင့်ရော်သွားစေသည် ထင်ရ၏။

"ဒေါ်လေး. . ဖြည်းဖြည်းပြောပါ။ စိတ်ကိုလည်း လျှော့ထားပါ"

မေစံရှားက ဒေါ်ထားရီ၏လက်ကို ဆုပ်ကိုင်၍ ပြောသည်။ နှစ်သိမ့်သည့်သဘောဖြစ်၏။ မင်းခန့်သည်လည်း မျက်ရည်များဝဲလျက်. . ။

"သားရဲ့အဖေကတော့ ဒါဟာ မလိုသူတစ်ဦးဦးက ခိုးယူသွားတာပဲလို့ တစ်ထစ်ချမှတ်ယူခဲ့တယ်။ သူ့ရဲ့အထင်ကတော့ သူ့ရဲ့သူငယ်ချင်း၊ သူ့ရဲ့စီးပွားပြိုင်ဖက် ကိုထင်ကျော်ဖြစ်မယ်ပေါ့။ ကိုထင်ကျော်နဲ့ သူနဲ့က ဒီမြို့မှာ ပြိုင်ဖက်တွေဖြစ်ခဲ့တာ။ သားအဖေက ရိုးရိုးသားသား လုပ်ကိုင်တော့ ပွဲရုံက အောင်မြင်တယ်။ ကိုထင်ကျော်က အတ္တသမား ဆိုတော့ မအောင်မြင်ဘူး။ သူတို့ ပြဿနာတွေတက်ခဲ့ကြတယ်။ နောက်တော့ ကိုထင်ကျော် မြို့ကပျောက်သွားတယ်။ ရန်ကုန်ကိုရောက်သွားတယ် ကြားတာပဲ။ အဲဒီနောက် သမီးလေးကိုမွေးတယ်။ သမီးလေး တစ်လပြည့်ခါနီးမှာ ပျောက်သွားတယ်။ သားအဖေက ကိုထင်ကျော်





လက်ချက်ပဲလို့ ယူဆပြီး ကိုထင်ကျော်ကို မြေလှန်ရှာတာပဲ၊ မတွေ့ဘူး။ ဒီအကြောင်းတွေကို သမီးလေးမေစံရှားရဲ့မိဘတွေ သိပါတယ်။ သူတို့ကပဲ စာနာစိတ်နဲ့ ဒေါ်လေးကို နှစ်သိမ့်ပေးခဲ့၊ အားပေးခဲ့ကြတာ"

"ဒါဆို. . လုံးဝပြန်မတွေ့ရတော့ဘူးပေါ့။ သတင်းလည်း မရဘူးပေါ့။ ဟုတ်လား ဒေါ်လေး"

မေစံရှားအမေးကို ဒေါ်ထားရီက ခေါင်းညိတ်အဖြေပေးသည်။

"အဲဒီနောက် နှစ်နှစ်လောက်ကြာပြီးမှ မင်းခန့်ကို ကိုယ်ဝန်ရှိတယ်။ မင်းခန့်မွေးပြီး တစ်နှစ်ကျော်မှာ မင်းခန့်အဖေဆုံးတယ်။ ဒီကတည်းက ဒေါ်လေးနဲ့မင်းခန့် သားအမိနှစ်ဦးတည်း ဘဝမှာ သံယောဇဉ်တွယ်စရာ ကျန်ခဲ့တာ။ ပွဲရုံကိုလည်း ဒေါ်လေးပဲဦးစီးခဲ့ရတာ"

"ဒါတွေကို အရင်က ဘာကြောင့် ကျွန်တော့်ကိုမပြောခဲ့တာလဲ မေမေ"

မင်းခန့်က သိလိုသည်ကို ဝင်မေးသည်။

"ပြောင်းလဲထူးခြားလာမှာ မဟုတ်တဲ့ အကြောင်းတစ်ခုအတွက် သားလေးစိတ်ထဲမှာ မရှုပ်ထွေးသွားစေချင်လို့ မပြောဘဲထားခဲ့တာပါ။ မေစံရှားတို့မိဘတွေကိုလည်း လျှို့ဝှက်ပေးထားဖို့ မေမေကပဲ တောင်းပန်ခဲ့တာပါ။ သမီးလေးကိုလွမ်းတိုင်း မေစံရှားကိုပဲ အစားထိုးပြီး ချစ်ခဲ့ရတာပါ"

"ဒေါ်လေးက ကျွန်မအပေါ် သိပ်ပြီးချစ်ခဲ့၊ အလိုလိုက်ခဲ့တာတွေ ကျွန်မမှတ်မိပါတယ် ဒေါ်လေးရယ်"

မေစံရှားက တစ်ခွန်းပြောသည်။ မေစံရှားမျက်ဝန်းတွေထဲမှာလည်း မျက်ရည်များစိမ့်အိုင်နေသည်။ မင်းခန့်တို့သားအမိအပေါ် စာနာနားလည်မှုများကို မေစံရှားမျက်နှာမှာ မြင်နေရသည်ဟု ကိုနေသော်ထင်သည်။

"ဒါဖြင့် အခုကျတော့ မေမေဘာကြောင့်ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်ကို သူ့မိခင်ဒေါ်ထားရီက နဖူးပေါ်ဝဲကျနေသော ဆံပင်များကို သပ်တင်ပေးရင်း. .

"မေမေ သားနဲ့အတူရှိနေနိုင်မယ့် အချိန်တွေက နည်းသွားပြီ။ မေမေမရှိရင် သားတစ်ယောက်တည်း လူ့လောကမှာ ကျန်ရစ်ခဲ့ရမှာ။ မေမေစိတ်မချဘူး။ ဒီတော့ သားမှာ အစ်မတစ်ယောက်ရှိနေသေးတယ်ဆိုတာကို အသိပေးချင်တယ်။ ကံကောင်းရင် အဲဒီအစ်မကို ပြန်တွေ့ချင် တွေ့ရမှာ။ တွေ့ရင် မောင်နှမနှစ်ယောက် ချစ်ချစ်ခင်ခင်နေကြဖို့ ရည်ရွယ်ပြီး မေမေက ဖွင့်ပြောရတာပါ"

"မမက လူ့လောကမှာ ရှိနေသေးတယ်လို့ မေမေထင်လို့လား"

"ဆိုပါတော့. ."

"ကျွန်တော်က ဘယ်လို ပြန်ပြီးရှာတွေ့နိုင်မှာလဲ။ ကျွန်တော် မမွေးခင်က ပျောက်သွားတဲ့ မမကို. ."

ဒေါ်ထားရီက မေစံရှားလက်ကို လှမ်းဆွဲယူသည်။

"သမီးလေးမေစံရှားကလည်း မင်းခန့်ကို ဝိုင်းရှာပေးပါကွယ်။ ဒေါ်လေးမျက်စိမမှိတ်ခင် သမီးလေးကို ပြန်တွေ့ရရင် အကောင်းဆုံးပေါ့။ ဒေါ်လေးတွေ့နိုင်ခွင့်မရရင်တောင်မှ မင်းခန့်အတွက် မွေးဖော်သွေးရင်း ပြန်ရတာပေါ့ကွယ်"

"ကျွန်မ ကူညီပါ့မယ်"

မေစံရှားက ကတိပြုသည်။ လှိုက်လှိုက်လှဲလှဲစိတ်ရင်းနှင့် ပြောခြင်းဖြစ်၏။

"အဲဒီလို အကူအညီတောင်းချင်လို့လည်း သမီးလေးကို အပါခေါ်ခဲ့ပါလို့ ဒေါ်လေးက မှာရတာပါ"

"ပျောက်သွားတဲ့ ဒေါ်လေးသမီးကို ရှာတွေ့ဖို့ ဒေါ်လေးက ကျွန်မကို ဘယ်လိုအထောက်အထားတွေ ပေးနိုင်လဲ"

မေစံရှားက မေးသည်။





ဒေါ်ထားရီ ခေါင်းညိတ်သည်။

ပြီးနောက် ခုတင်ခေါင်းရင်းရှိ သူမ၏ခေါင်းအုံးဆီသို့ လက်လှမ်းသည်။ ခေါင်းအုံးကို ပေါင်ပေါ်ဆွဲယူကာ ခေါင်းအုံးစွပ်အတွင်းသို့ လက်ကိုနှိုက်သည်။

မေစံရှား၊ ကိုနေသော်နှင့် မင်းခန့်တို့၏ မျက်လုံးအကြည့်များ ထိုခေါင်းအုံးကိုနှိုက်နေသော ဒေါ်ထားရီ၏လက်ဆီသို့ ကျရောက်သွားကြ၏။ အားလုံး အသက်ရှူဖို့ပင် မေ့သွားသလို မလှုပ်ရှားမိကြ။

ဒေါ်ထားရီလက်ထဲတွင် ပါလာသည်မှာ စက္ကူခေါက်ကလေး တစ်ခု။ သတင်းစာစက္ကူခေါက်ကလေးဖြစ်၏။

ဒေါ်ထားရီက ထိုစက္ကူခေါက်ကို တုန်ယင်သောလက်များဖြင့် ဖြန့်လိုက်သည်။

အထဲတွင် အဖြူအမည်းဓာတ်ပုံလေးတစ်ပုံ. .။

ဒေါ်ထားရီက မေစံရှားကို ကမ်းပေးသည်။

"အဲဒါ သမီးလေးပါပဲ။ သမီးလေးသုံးပတ်ပြည့်ပြီးတော့ ရိုက်ထားတဲ့ ဓာတ်ပုံကလေး။ သမီးမပျောက်ခင် တစ်ပတ်အလိုမှာ ရိုက်ထားတဲ့ ဓာတ်ပုံလေးပေါ့"

မေစံရှားလက်ထဲမှ ဓာတ်ပုံကို ကိုနေသော်ရော၊ မင်းခန့်ပါ ခေါင်းတွေဆိုင်ကာ ငုံ့ကြည့်လိုက်ကြ၏။

ဝမ်းလျားမှောက်အနေအထားဖြင့် ခေါင်းကလေးထောင်နေသော ကလေးငယ်တစ်ဦး၏ပုံဖြစ်သည်။

ပုံတွင် ထူးခြားချက်နှစ်ခုကို မေစံရှားတွေ့လိုက်ရသည်။

တစ်ခုမှာ ဘယ်လက် လက်မအရင်းမှ ထွက်နေသော လက်ချောင်းကလေး. .။

နောက်တစ်ခုမှာ ညာဘက်လက်ပြင်ပေါ်မှ အမှတ်မည်းကြီး တစ်ခု. .။



www.burmeseclassic.com

www.burmeseclassic.com



"အသက်အရွယ်ကတော့ မေစံရှားနဲ့ ရွယ်တူပေါ့"

ဒေါ်ထားရီက ဖြည့်စွက်ပြောပြန်သည်။

"ဒီတတ်ပုံလေးကို ကျွန်တော် ကွန်ပျူတာထဲထည့်ပြီး ဓာတ်ပုံသုံးလေးခု ပွားထားမယ်။ ကိုနေနဲ့ မမရှားကို ကျွန်တော်ပေးထားမယ်"

မင်းခန့်က ပြောသည်။ သူ့အစ်မပုံကို ကြည့်မဝသလို ကြည့်ပြီးရင်း ကြည့်နေသည်။

"ဒေါ်လေးစောစောကပြောတဲ့ ဦးထင်ကျော်ရဲ့ပုံရော မရှိဘူးလား။ ဦးလေးက ဦးထင်ကျော်ကို သံသယရှိခဲ့တာဆိုတော့ ဦးထင်ကျော်ဆီမှာ မင်းခန့်ရဲ့အစ်မ ရှိချင်ရှိနေမှာလေ။ ဦးထင်ကျော်ကိုလည်း ကျွန်မတို့ ရှာရမယ်"

မေစံရှားက အကြံပြုတွေးဆချက်ကို ပြောသည်။

"အင်း . . ဟုတ်တယ်။ သား . . မင်းခန့် . . မင်းအဖေရဲ့စာအုပ်တွေထားတဲ့ စားပွဲအံဆွဲထဲမှာ သွားရှာစမ်း။ မင်းအဖေနဲ့ ဦးထင်ကျော်တွဲရိုက်ထားဖူးတဲ့ပုံ ရှိတယ်"

ဒေါ်ထားရီစကားအဆုံးတွင် မင်းခန့် ထိုင်ရာမှ ထသွားသည်။

မင်းခန့်ကျောပြင်ကို လိုက်ကြည့်ရင်း ဒေါ်ထားရီက မေစံရှားကို တိုးညင်ခယစွာ ပြောပြန်လေသည်။

"သမီးလေးက 'မင်းခန့်တို့မောင်နှမ ပြန်ဆုံတွေ့နိုင်အောင် ...ပြီပေးပါကွယ်။ ဒါ . . ဒေါ်လေးရဲ့ နောက်ဆုံးဆန္ဒပါ။ ဒေါ်လေး အကူ...ကောင်းတာပါ"

❦ ❦ ❦ ❦ ❦

# ၁၂

အဝေးပြေးလမ်းမကြီးပေါ်မှာ ကားလေးတစ်စီး တရိပ်ရိပ်ပြေးနေသည်။ ပါဂျဲရိုးမီးခိုးရောင်ဖြစ်သည်။ ကားကောင်းသဖြင့် အရှိန်ကမြန်သည်။

ကားကလေးဘေးမှာ လယ်ကွင်းတွေက ရိပ်ခနဲရိပ်ခနဲ ကျန်ခဲ့၏။ ရှည်လျားသောမြွေကြီးတစ်ကောင်လို လမ်းမကြီးက ရှေ့သို့မျှော်ဆုံး။ တွန့်လိမ်ကောက်ကွေးစွာ . .။

အအေးဓာတ်ကလေး စိမ့်နေသော ကားအတွင်းနောက်ခန်းမှာ မြနှင်းဆီက ရိတ်သိမ်းပြီး ရိုးပြတ်များဖြင့်ရှိနေသော လယ်ကွင်းပြင်တစ်ပြန့်တစ်ပြောကြီးနှင့် လယ်ကွင်းပြင်၏အဆုံး တောင်တန်းညိုညို့ ...ပြာမှုန်မှုန်ကို လှမ်း၍ငေးရင်း ပါလာ၏။ သည်မြင်ကွင်းတွေကို မြနှင်းဆီ ...ချစ်သည်။ ဟောင်ကောင်မှာတုန်းက မရခဲ့သောခံစားမှုများကို ရရှိသည် ...ဟု မြနှင်းဆီထင်သည်။

ယကွက ရှေ့ခန်းမှာဖြစ်၏။ ကားမောင်းသူ၏ဘေးမှာဖြစ်၏။ အပြန်ခရီးဖြစ်သည်။ အသွားတုန်းက ရထားနှင့်။ အပြန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကားနှင့်။ သည်ကားက ဒက်ဒီဦးဒိဗ္ဗစီစဉ်ထားသောကားဖြစ်၏။ ဦးဒိဗ္ မိတ်ဆွေ၏ကား. .။

တည်းခိုရာဟိုတယ်မှ ထွက်လာခဲ့စဉ်တုန်းကတော့ တက္ကစီနှင့် ဖြစ်သည်။ ဂေါဝိန်ဆိပ်ဘက်မှာ ကားတစ်စီးနှင့်ပြောင်းသည်။ တိုယိုတာ အဖြူရောင်ကလေး. .။ ထိုတိုယိုကာအဖြူရောင်ဖြင့် မြို့မှထွက်ခဲ့ပြီ လမ်းခုလတ်ကျမှ ပါဂျဲရိုးမီးခိုးရောင်ပေါ် ပြောင်းတက်ခဲ့ခြင်းဖြစ်သည် တိုယိုတာကားဖြူလေးက မြို့သို့လှည့်ပြန်သွားသည်။

အဆင်ပြေလျှင် ရန်ကုန်ထိ သည်ကားကို သုံးရမည်။

အခက်အခဲ၊ အတားအဆီးရှိလျှင် ကားပြောင်းရမည်။

ယခုထိတော့ အစစအရာရာသည် အဆင်ပြေဖြောင့်ဖြူးလျှ ရှိ၏။ ခရီးကမူ ဝေးသေးသည်။ ရှေ့တွင် မည်သို့သောအခက်အခဲ ကြုံလာမည်မသိသေး။

သို့သော်. .

အခက်အခဲ၊ အတားအဆီးဟူသမျှကို လျှပ်တစ်ပြက်ဖြတ် ဉာဏ်ဖြင့် ဖြေရှင်းခဲ့ရသည့် အတွေ့အကြုံများက မြနှင်းဆီတွင် များခဲ့ ဟောင်ကောင်တွင်ရှိစဉ်က နွှဲခဲ့ရသည့်ပွဲများ ရေတွက်၍ပင်မရနိုင်

လက်ချင်းလည်း ယှဉ်ခဲ့ဖူးသည်။

ဓားချင်းလည်း ယှဉ်ခဲ့ဖူးသည်။

သေနတ်ချင်းလည်း ယှဉ်ခဲ့ဖူးသည်။

တစ်ယောက်တစ်ယောက်ချင်းလည်း ယှဉ်ခဲ့ဖူးသည်။

အများနှင့်တစ်ယောက်လည်း ယှဉ်ခဲ့ဖူးသည်။

သည့်အတွက် မြနှင်းဆီမှာ ကြောက်စိတ်ကတော့ လုံး

ကြောက်စိတ်မရှိသလို သံယောဇဉ်တွေ၊ အချစ်တွေလည်း မြနှင်းဆီမှာ ယုံစား. .။

လူဆိုသည်မှာ အတ္တသတ္တဝါတွေ။ ကိုယ်ကလွဲလျှင် အ





အတွက်၊ သူ့အတွက်ဆိုသည်များ မည်သူ့ထားရှိပါသနည်း။ မြနှင်းဆီ မတွေ့ဖူးခဲ့။

တခြားမကြည့်နှင့်. .။

ဒက်ဒီဦးဒိဗ္ဗသည်ပင် တကယ့်အတ္တသမားကြီးဖြစ်၏။ ဒက်ဒီ သူ့အတွက်ကလွဲလျှင် တခြားသူအတွက် ကြည့်တတ်သူမဟုတ်။

မြနှင်းဆီတွင် အမေရှိသည်၊ အမေနှင့်တွေ့ပေးမည်ဟု ပြော ခဲ့သော်ငြား ယခုထိ အကောင်အထည်မပေါ်သေး။ မိခင်နှင့်သမီး ပြန် ဆုံတွေ့ဆုံရေးကိစ္စသည်ပင် သူ၏စီးပွားရေးကိစ္စများလောက် အရေး ကြီးခဲ့။

သမီးဟူသော မြနှင်းဆီကိုပင် ဒက်ဒီဦးဒိဗ္ဗသည် သူ၏စီးပွား အသုံးချနေသည်။ သမီးကိုချစ်သော မိဘမေတ္တာ၊ ဖခင်မေတ္တာ ဘယ်မှာပါနည်း။

ရန်ကုန်မှ သည်ခရီးကို မထွက်ခွာခဲ့မီ ရန်ကုန်ဘူတာကြီး၌ မှတ်မထင်တွေ့ခဲ့ရသော မေစံရှားကို မြနှင်းဆီ အားကျအထင်ကြီး မေစံရှားသည် အပူအပင်၊ အကြောင့်အကြကင်းကာ အေးချမ်း ယာသောဘဝကို ပိုင်ဆိုင်ထားကြောင်း သူမမျက်နှာတွင်တွေ့ရသည် မြနှင်းဆီခံစားမိ၏။

မေစံရှားလိုဘဝမျိုး လိုချင်လိုက်တာဟု ပထမဆုံး မြနှင်းဆီ မှာ မတောင့်တစဖူး တောင့်တမိ၏။

ဖခင်၏ဘဝကိုလည်း စိတ်ကုန်သလိုဖြစ်မိ၏။

ဘဝဆိုတဲ့အဓိပ္ပာယ်က ဘာလဲ။ လူတွေ ဘာကြောင့် အသက် တည်နေကြတာလဲ။ ကိုယ့်အတ္တအတွက် လောဘတကြီးလုပ်ရှား နေခြင်းဖြင့် ဘဝသည် အဓိပ္ပာယ်ပြီးပြည့်စုံနေပြီလား။ ရုပ်ခန္ဓာ လိုလားတောင့်တမှုများ ပြည့်စုံနေရုံနှင့် လူ့ဘဝက အဓိပ္ပာယ်ရှိနေ အဓိပ္ပာယ်ရှိသော ဘဝရှင်သန်ခြင်းက ဘာလဲ။ မေတ္တာတရား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကရော ဘာလဲ. .။

မေစံရှား၏ဘဝက အဓိပ္ပာယ်ရှိသလား. .။

မိမိဘဝက အဓိပ္ပာယ်ရှိသလား. .။

"မမလေး. . မမလေး. ."

အလောတကြီးခေါ်လိုက်သော ယက္ခအသံက မြနှင်းဆီ၏ အတွေးကွန်ရက်ကို ဖြတ်တောက်တိုးဝင်လာသည်။ အိပ်မက်မှနိုးလာသူ လို မြနှင်းဆီ ကယောင်ချောက်ချား ဖြစ်သွားသည်။

"ဘာလဲ ကိုယက္ခ"

"ရှေ့မှာ ရဲတွေ. .။ ကားတွေကို ဖမ်းတားပြီး စစ်ဆေးနေ ကြတယ်"

ယက္ခ၏ သတင်းပို့ချက်. .။

မြနှင်းဆီ ရှေ့ကိုလှမ်းကြည့်၏။ မှန်သည်. .။ လမ်းဘေးမှာ ကားကြီးနှစ်စီးနှင့်ကားငယ်သုံးစီး ရပ်တန့်နေ၏။ ရဲအဖွဲ့ဝင်များက ရှာဖွေ နေကြ၏။

"ဘယ်လိုလုပ်မလဲ. .။ ဖြတ်မောင်းမလား"

ယက္ခအမေး. .။ ရှူးရှူးမိုက်မိုက်အတွေး. .။ ဘယ်လိုဖြတ်၍ မောင်းပြေးလျှင် ရပါမည်နည်း။

"တို့ပစ္စည်းတွေ ထည့်လာတာ လုံခြုံပါတယ်နော်"

"ဟုတ်. ."

"အေးအေးဆေးဆေးသာ ရပ်ပြီး အရှာခံပါ။ ကြွေမပျက် စေနဲ့"

"ကောင်းပါပြီ"

မြနှင်းဆီစကားက အမိန့်ပဲဖြစ်သည်။ သည်ခရီးမှာ မြနှင်းဆီ က ခေါင်းဆောင်ရယ်လေ။ သည်နေရာမှာ မြနှင်းဆီ၏အဆုံးအဖြတ်ပဲ ဖြစ်ရမည်ပေါ့။





ရဲတပ်ဖွဲ့ဝင်တစ်ဦးက ကားကိုဖမ်းတားနေလေပြီ။

ကားသမားက ကားကိုအရှိန်လျှော့ကာ လမ်းဘေးသို့ ကပ်ရပ် ပေးသည်။ ကားပြတင်းမှန်ကို မြနှင်းဆီက အဆုံးထိချလိုက်၏။

"တာဝန်အရ ကျွန်တော်တို့ကို ရှာဖွေခွင့်ပြုပါ"

ရဲတပ်ဖွဲ့ဝင်က လေးလေးစားစားပင် ခွင့်တောင်း၏။

"ကောင်းပြီလေ. . ရှာပါ"

မြနှင်းဆီက ပြန်ပြောပြီး တံခါးကိုပါဖွင့်၍ ဆင်းလိုက်သည်။ ခါဂျဲရိုးနားသို့ ရဲအရာရှိတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ အရပ်ဝတ်သုံးဦး ချဉ်းကပ်လာကြ၏။ ယက္ခနှင့် ကားဒရိုင်ဘာလည်း အောက်သို့ဆင်းလာ ကြပြီ။

"ဒီက အစ်မတို့က ဘယ်ကိုသွားမှာလဲ"

အရပ်ဝတ်အမျိုးသားတစ်ဦးက မေးသည်။

"ရန်ကုန်ကိုပါ"

ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်ဝတ်တစ်ဦးက ကားတွင်းသို့ဝင် ၍ ရှာဖွေနေကြသည်။ ရဲအရာရှိက ကားဆီသို့လှမ်းကြည့်ရင်း မေးခွန်း ထုတ်သည်။

"ဘယ်ကလာတာလဲ"

"မန္တလေးကပါ"

"ကျွန်တော်တို့က သတင်းအရ ရှာဖွေရတာပါ။ စိတ်မရှိပါနဲ့"

"ရပါတယ်. .။ ခရီးဆောင်အိတ်တွေလည်း ကြည့်လို့ရပါ တယ်။ သော့ပိတ်မထားပါဘူး"

မြနှင်းဆီက ကြွေရွရွစွာပြောသည်။ နေကာမျက်မှန်ကိုလည်း တန်ပါပါချွတ်လိုက်ကာ ကားတွင်းသို့ ညွှန်ပြလိုက်၏။ မိမိတို့ပါလာသော ပစ္စည်းများက လျှို့ဝှက်သောနေရာမှာ လုံခြုံစွာရှိနေသည်မို့ မြနှင်းဆီ အဖို့ ပူစရာမရှိဟု ထင်သည်။ သို့သော် ရာနှုန်းပြည့်တော့ စိတ်မချရ။



www.burmeseclassic.com

www.burmeseclassic.com



ရဲဆိုသည်ကလည်း အတွေ့အကြုံတွေက များလှသည်လေ။

ရဲအရာရှိက ကားတွင်းကိုငုံ့ကြည့်နေရာမှ မြနှင်းဆီဘက် လှည့်လိုက်ရင်း မျက်လုံးဝိုင်းသွားသည်။ နှုတ်ခမ်းမှာ အပြုံးတစ်ပွင့် ပွင့်လာသည်။

"ဟာ. . ဘယ်သူများလဲလို့။ မေစံရှားကိုး. .။ မတွေ့ရတာ ကြာပြီ။ နေကောင်းတယ်နော်"

ရဲအရာရှိက ဝမ်းသာအားရနှုတ်ဆက်သည်။

ပထမ မြနှင်းဆီ ကြောင်သလိုဖြစ်သွားသေး၏။ ပြီးမှ ဝီဝီက မေစံရှားနှင့်မှားပြီး နှုတ်ဆက်သည်ကို သဘောပေါက်လိုက်၏။ မြနှင်းဆီ ချက်ဆို နားခွက်က မီးတောက်လိုက်ပြီ။

ချက်ချင်းပင် အပြုံးတုတစ်ခုကိုဖန်ဆင်းကာ. .

"သြော်. . ရဲအုပ်ကြီးတို့ကိုး။ တွေ့ရတာ ဝမ်းသာပါတယ် ကျွန်မက အမှုကိစ္စတစ်ခုအတွက် ခရီးသွားပြီး ပြန်လာတာပါ။ အဲ့ ဘာသတင်းတွေများရလို့ ရဲအုပ်ကြီးတို့ ခုလို. ."

"စိတ်ကြွရူးသွပ်ဆေးပြားတွေ သတင်းရလို့ပါ။ ဒေါ်မေစံရှား တို့ကားမှန်း မသိလို့ပါဗျာ။ ဒေါ်မေစံရှားလို ဥပဒေဘောင်တွင်းမှာနေ ဥပဒေအလုပ်ကိုလုပ်၊ ကျွန်တော်တို့ရဲတပ်ဖွဲ့ကို အကူအညီပေးနေတဲ့သူ ကို နှောင့်ယှက်မိသလိုဖြစ်သွားပြီ။ ကဲဟေ့. . တော်ပြီ။ မရှာနဲ့တော့ ဒါ. . ရှေ့နေဒေါ်မေစံရှားကားကွ"

ရဲအရာရှိက မြနှင်းဆီ၏အမေးကို ဖြေရင်း သူ့လူများကိုပါ လှမ်း၍အမိန့်ပေးသည်။ ကားပေါ်တွင် တက်၍ရှာဖွေနေသော ရဲများနှင့် အရပ်ဝတ်တစ်ဦး ပြန်ဆင်းလာကြသည်။

"ကဲ. . သွားနိုင်ပါပြီ ဒေါ်မေစံရှား"

"ကျေးဇူးတင်ပါတယ်။ နောက်မှ တွေ့ကြသေးတာပေါ့"

"ဟုတ်ကဲ့. .။ တွေ့တွေ့ချင်း ရုတ်တရက်မမှတ်မိတာလည်း





ခွင့်လွှတ်နော်။ ဒေါ်မေစံရှားက ပိုလှလာလို့ မမှတ်မိတာ။ ဟဲ. . ဟဲ. ."

"ရဲအုပ်ကြီးက ရယ်စရာပြောတတ်သားပဲ။ ကဲ. . သွားမယ်နော်"

မြနှင်းဆီ ကားပေါ်တက်လိုက်သည်။

ခပ်လှမ်းလှမ်းတွင်ရှောင်နေသော ယက္ခနှင့် ကားဆရာလည်း ကားပေါ်ပြန်ရောက်လာကြသည်။

ကားကိုမောင်းထွက်လိုက်တော့ ရဲအရာရှိက လက်ပြနှုတ်ဆက်သည်။

"မမလေး. . သူတို့က သတင်းရထားလို့ သေသေချာချာရှာ တာဗျ။ ကျွန်တော်တော့ သွားပြီထင်လိုက်တာ။ ရဲအရာရှိက တော်ပြီ ဆိုပြောလိုက်မှ ရင်ထဲကအပူလုံးကြီး ကျသွားတယ်"

စစ်ဆေးရေးဂိတ်နှင့် အတော်လှမ်းလာမှ သက်ပြင်းချသံနှင့် ယက္ခက ပြောသည်။ မြနှင်းဆီ ကျေကျေနပ်နပ်ပြုံးလိုက်မိ၏။

"အဲဒါ မေစံရှားကျေးဇူးပဲ ကိုယက္ခ"

"ဗျာ. ."

"ကျွန်မကို ရှေ့နေမလေးမေစံရှားနဲ့မှားပြီး ရှာဖွေတာကို ရပ် လိုက်တာရှင့်. . သိလား။ အင်း. . မေစံရှား။ မင်းက အတော့်ကိုခရီး ပေါက်တဲ့သူပါပဲလား။ မင်းနဲ့ရုပ်ချင်းတူရတာ ငါ့ကုသိုလ်ယူသွားပြီ"

❦ ❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

# ၁၃

ဟိုတယ်၏စားသောက်ခန်းထဲသို့ မေစံရှားနှင့်သဇင် ဝင်လိုက်သည်။

မှန်ပြတင်းနှင့်ကပ်လျက်ရှိသော စားပွဲဝိုင်းတွင် ထိုင်နေသော အမျိုးသမီးငယ်တစ်ဦးက သူတို့ကို လက်လှမ်းပြသည်။ မေစံရှားတို့နှင့် ဆုံတွေ့ရန်ချိန်းဆိုထားသော ခရစ္စတီနာပင်ဖြစ်၏။

မေစံရှားနှင့် သဇင်တို့ ခရစ္စတီနာ၏ရှေ့တွင် ဝင်ထိုင်ကြ၏။

"တီနာ. . နင်ရောက်နေတာ ကြာပြီလား"

သဇင်က မေးသည်။

"မကြာသေးပါဘူး။ ခုပဲရောက်တာပါ"

ခရစ္စတီနာအသံလေးက သေး၍ ညင်သာသည်။ မျက်လုံးက မေစံရှားထံရောက်နေ၏။ နှုတ်ခမ်းနီထွေးထွေးမှာ အပြုံးလှလှကလေး

"ကဲ. . တီနာ။ ဒါ. . မေစံရှားပဲ။ ခရီးသွားရာက မနေ့ကမှ ပြန်ရောက်တာ။ ရောက်ရောက်ချင်း နင်နဲ့တွေ့နိုင်အောင် ငါစီစဉ်လိုက်တာ"





ခရစ္စတီနာက ဦးကလေးညွှတ်သယော

"ကျွန်မ ခရစ္စတီနာပါ။ ဒေါ်မေစံရှား ခုလို ...လွန်ပါတယ်။ အဲဒီဆုံတာ သိပ်ကိုကျေးဇူးတင်ပါတယ်။ အလုပ်တွေမအား... ဦးစီးပြီး တီနာ့ပေးရတာကိုလည်း အားနာလှပါတယ်။ ဒေါ်မေစံရှားဆိ...မိဆုံပြီးသည်း အေးအေးဆေးဆေးပြောလို့ဆိုလို့ ရ၊ မရ မသိနိုင်လို့ပါ"

ဟု ရည်မွန်စွာပြောသည်။

ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်နှင့် အသက်မှာ မေစံရှားတို့၊ သဇင်တို့နှင့် မတိမ်းမယိမ်းရှိမည်ဖြစ်သော ခရစ္စတီနာမှာ မြန်မာမလေး မဟုတ်ပါ။ ကလယ်ခရစ်ယာန်မလေးဖြစ်သည်။ သဇင်ကြိုတင်ပြောပြထားချက်အရ ခရစ္စတီနာ၏မိဘနှစ်ပါးစလုံးမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်သည်ဟု မေစံရှားသိရ၏။

မျက်နှာကလေးက ချိုမြမြလေးဖြစ်ရုံမက စိတ်အားငယ်တတ်သောသဘောကိုပါ မေစံရှားအကဲခတ်မိ၏။

ထို့ထက်ပို၍ မေစံရှားသတိပြုမိသည်မှာ ခရစ္စတီနာ၏ထိုင်ခုံဘေးတွင် ထောင်ထားသော စတီးချိုင်းထောက်တစ်စုံဖြစ်၏။ ခရစ္စတီနာသည် ခြေမသန်စွမ်းသော မိန်းကလေးတစ်ဦးပါတကား။

ယင်းအချက်သည်ပင် မေစံရှား ခရစ္စတီနာကို ကရုဏာပိုသွားခြင်းဖြစ်ပြီး သူမ လိုအပ်သောအကူအညီကို ပေးနိုင်အောင်ကြိုးစားမည်ဟုလည်း စိတ်ပိုင်းဖြတ်ပြီး ဖြစ်သွားစေ၏။

စားပွဲထိုးလေးက အစားအသောက်များချပေးတော့မလားဟု လာမေးရာ ခရစ္စတီနာက ခေါင်းညိတ်လိုက်သည်။

"ကျွန်မကိုလည်း သဇင့်လိုပဲ သူငယ်ချင်းလို့သတ်မှတ်ပြီး လိုအပ်တာ ပြောနိုင်၊ တိုင်ပင်နိုင်ပါတယ်။ တတ်စွမ်းသမျှ ကူညီပါ့မယ်"

မေစံရှားက ပထမဆုံးစကားကို ဆိုသည်။ လမ်းဖွင့်ပေးခြင်းဟု ဆိုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

ပြောပြထားလို့ ဒေါ်မေစံရှားဟာ ဟိတ်ဟန်မကြီ
င်းတယ်၊ ကူညီတတ်တယ်ဆိုတာ တီနာသိပြီးပါပြီ
တာ့လည်း မမသဇင်ပြောပြတာထက်တောင် ခင်မင်
ကောင်းနေတာကို တီနာသတိပြုမိပါတယ်။ တီနာ မမရှား
မယနော်"

"အဲဒါ ကောင်းပါတယ်။ မေစံရှားကလည်း တီနာလို့ပဲခေါ်
ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း ပြောကြပါ"

သဇင်က ဖြည့်စွက်ပေးသည်။

စားပွဲထိုးကလေးများက ဟင်းများ၊ ထမင်းများကို စားပွဲကြီ
တွင် လှပစွာခင်းကျင်း၍ပေးသည်။ ဟင်းပွဲတွေက စုံလှသည်။

"ကဲ. . မမရှားနဲ့မမသဇင်. . သုံးဆောင်ကြပါ။ စားရင်းနဲ့ စကာ
ပြောကြတာပေါ့"

စားပွဲအလယ်မှဟင်းခွက်များကို ရှားခပ်ယူရလွယ်ကူစေရ
စားပွဲ၏အလယ်ပိုင်းကို ခရစ္စတီနာက လှည့်ပေးသည်။

"တီနာ စင်္ကာပူကပြန်ရောက်တာ မကြာသေးဘူးလို့ သိ
တယ်။ အခုနေတာက. ."

ရှားအမေး. .။

"တီနာတစ်ယောက်တည်းပဲ နေပါတယ်။ မာမီနေခဲ့တဲ့အိမ်မှာ
ပေါ့။ ရှစ်မိုင်မှာပါ။ ဦးဒိဗ္ဗက သူနဲ့လာနေဖို့ပြောပေမယ့် တီနာက ငြင်
လိုက်တယ်"

"ဦးဒိဗ္ဗ. . ဒီနာမည် ကြားဖူးသလိုပဲ။ သူက တီနာနဲ့ ဘာတော်
သလဲ"

မေစံရှားက စဉ်းစားဟန်ဖြင့် မေးသည်။

"တီနာနဲ့ သွေးမျိုးမတော်ဘူးလို့ ပြောလို့ရပါတယ်။ တော်တယ်
လို့ပြောရင်လည်း ဖြစ်တယ်ပေါ့။ မာမီရဲ့ ဒုတိယအိမ်ထောင်ပါ"





"သြော်. ."

"တီနာ့ဒက်ဒီက တီနာရှစ်နှစ်သမီးမှာ ကွယ်လွန်ပါတယ်။ အဲဒီ
တစပြီး မာမီကပဲ ဒက်ဒီချန်ခဲ့တဲ့စီးပွားရေးကို ဆက်လက်ဦးစီးပြီး တီနာ့
ကို ပြုစုပျိုးထောင်ခဲ့တာပါ။ တီနာဘွဲ့ရပြီးချိန်မှာ ဦးဒိဗ္ဗနဲ့ မာမီဆုံပြီး
လက်ထပ်ဖို့ကြံလာတော့ တီနာက သဘောမတူတာနဲ့ စင်္ကာပူကို ပညာ
သင်ထွက်သွားခဲ့တာ။ ပြီးတော့ စင်္ကာပူမှာပဲ အလုပ်ဆက်လုပ်နေခဲ့တာ"

"မေစံရှား. . ထည့်စားလေ။ နင်တို့စကားကောင်းနေတာနဲ့ ငါ
တချည်း ငိုကြိတ်နေရတယ်။ ဆင်ဖြူတော်မှိုပြီး ကြော်စပ်ရတာ အပိုင်ပဲ"

သဇင်က အရွှန်းဝင်ဖောက်သည်။

"အေးပါဟ. .။ နင်စားရင် ငါစားရသလိုပါပဲ။ စားသာစား"

မေစံရှားက ပြန်ပြောသည်။ ခရစ္စတီနာက ရယ်သည်။

"မေစံရှား. . တီနာပြောတဲ့ ဦးဒိဗ္ဗဆိုတာ The Rays ကုမ္ပဏီ
ပိုင်ရှင်ပဲ။ နိုင်ငံခြားကနေ ဆေးဝါးတွေတင်သွင်းတယ်"

သဇင်၏ အဖြည့်စကား. .။ မေစံရှားက ခေါင်းညိတ်သည်။

"တကယ်တော့ ဦးဒိဗ္ဗဟာ မာမီနဲ့တွေ့တော့ လူချမ်းသာ
အယောင်ဆောင်ထားတဲ့ လူကြီးပါ။ အခွံချည်းသက်သက်နဲ့ပါ။ ဒါပေမဲ့
ရုပ်ရည်နဲ့အပြောကတော့ ကျလောက်တယ်။ ဒက်ဒီဆုံးခဲ့ပြီး ဘဝမှာ
အဖော်မဲ့သလိုဖြစ်နေတဲ့ မာမီဟာ ဦးဒိဗ္ဗရဲ့စကားကွင်းမှာ မိသွားခဲ့တာပဲ။
ဒါကို တီနာက သဘောမတူခဲ့တာ။ တီနာ့အထင်ပြောရရင် မာမီဟာ
ဦးဒိဗ္ဗကို တကယ်ချစ်မြတ်နိုးပြီး လက်ထပ်ခဲ့ပုံ မရဘူး။ ဦးဒိဗ္ဗရဲ့ လှည့်ကွက်
တစ်ခုခုမှာ မရုန်းနိုင်ဘဲ ငြိသွားခဲ့တာလို့ ထင်တာပဲ၊ The Rays ဟာ
မာမီနဲ့ရပြီးမှ မာမို့ပစ္စည်းတွေနဲ့ ဦးဒိဗ္ဗထူထောင်ခဲ့တဲ့ ကုမ္ပဏီပါ"

"သြော်. ."

ခရစ္စတီနာ၏စကားမှာမူ ဦးဒိဗ္ဗဟူသော ပထွေးအပေါ် အမြင်
မကြည်ဟု ကောက်ချက်ချရမည်။ ခရစ္စတီနာ၏အမြင် မှန်မမှန်မည်



www.burmeseclassic.com

www.burmeseclassic.com



နည်းဆိုသည်ကိုမူ အတိအကျ မဆုံးဖြတ်နိုင်သေးသော်လည်း ခရစ္စတီနာ၏အပြောအဆိုမှာမူ ရိုးသားမှုပါဝင်နေပြီး သူမ၏ခံစားချက်ကို ဖွင့်အန်ပြနေပုံဖြစ်သည်ဟု မေစံရှားက အကဲခတ်မိ၏။

ဟင်းချိုတစ်ဇွန်းခပ်သောက်ပြီး. .

"တီနာ့မာမီက. ."

မေစံရှားက တစ်ခွန်းထောက်သည်။

ခရစ္စတီနာ၏မျက်နှာ ရုတ်ချည်းညို့သွားသည်။ မျက်ရည်များဝဲခနဲဖြစ်သွားသည်။ ပင့်သက်ချပြီး. .

"မာမီဆုံးသွားပြီ မမရှား"

"အို. . စိတ်မကောင်းစရာ"

"မာမီဆုံးတာ မနှစ်ကပါ။ ဒီအချိန်ပါပဲ။ တီနာက စကော့ပူမှာ။ မာမီရုတ်တရက်ဆုံးတယ်ဆိုတော့ တီနာယုံတောင်မယုံဘူး။ တစ်ခုတော့ရှိတာပေါ့လေ။ မာမီ့မှာက နှလုံးရောဂါရှိတယ်။ တစ်ခုခုစိတ်လှုပ်ရှားစရာနဲ့တွေ့ပြီး ရှော့ခ်ဖြစ်သွားတာလို့ ဦးဒိဗ္ဗက ပြောတာပဲ။ အဲဒီအချိန်က တီနာကလည်း ဟိုမှာ အရေးကြီးတဲ့ပရောဂျက်တစ်ခုကို ကိုင်တွယ်နေရတာရယ်၊ အက်ဆီးဒင့်တစ်ခုကြောင့် ခြေထောက်ဒဏ်ရာရပြီး မသွားမလာနိုင်သေးတာရယ်ကြောင့် မာမီ့ရဲ့အသုဘကို ပြန်မလာနိုင်ခဲ့ဘူး။ ဒါပေမဲ့ တီနာက မာမီ့ကို မီးမသဂြိုဟ်ပါနဲ့၊ ဂူသွင်းပေးပါ၊ ဂူကိုလည်း မာမီနေတဲ့ခြံထဲမှာပဲ လုပ်ပေးပါလို့ ဦးဒိဗ္ဗကို တောင်းဆိုခဲ့တယ်။ ဦးဒိဗ္ဗကလည်း သဘောတူပြီး တီနာတောင်းဆိုတဲ့အတိုင်း လုပ်ပေးခဲ့ပါတယ်"

"ဪ. ."

ထမင်းစားခြင်းကို အဆုံးသတ်ပြီး ခရစ္စတီနာက သစ်သီးပွဲများကို မေစံရှားရှေ့သို့ ပို့ပေးသည်။ သဇင်က နားထောင်သူပရိသတ်မျှသာ. .။

"တီနာပြန်ရောက်တာ မကြာသေးပါဘူး။ တီနာပြန်ရောက်ပြီးတော့ ရှေ့နေကြီးဦးသူရိယ ရောက်လာတယ်။ မာမီရေးခဲ့တဲ့သေတမ်းစာကို ပေးတယ်။ သေတမ်းစာပါ အချက်တွေကတော့ မာမီက တီနာ့ရှေ့ရေးအတွက်ကြည့်ပြီး စီစဉ်ခဲ့တာတွေလို့ ဆိုရမှာပါ။ မာမီနေခဲ့တဲ့တိုက်ရယ်၊ ခြံရယ်၊ မာမီစီးခဲ့တဲ့ကားရယ်၊ ဘဏ်မှာအပ်ထားတဲ့ ဒက်ဒီနဲ့လက်ထက်က ရတနာပစ္စည်းတွေရယ်. . အားလုံးကို တီနာ့ကို ပေးခဲ့တာပါ။ သူ့ယောကျ်ား ဦးဒိဗ္ဗကတော့ ကုမ္ပဏီတစ်ခုပဲ ရခဲ့တယ်"

"မမရှားနားထောင်နေခဲ့သမျှတော့ တီနာ့မှာ ဘာပြဿနာမှ ရှိပါလား။ မမရှားကို တိုင်ပင်ချင်တာ ဘာလဲ"

ပန်းသီးစိတ်ကို ခက်ရင်းဖြင့်ထိုးယူရင်း မေစံရှားမေးသည်။

"အခုပြောခဲ့တာတွေက မမရှားနားလည်အောင် တီနာရဲ့ဇာတ်လမ်းကို အတိုချုံးခင်းပြနေတာတွေပါ။ ဒါတွေထဲမှာ ပြဿနာမပါပါဘူး။ ဒါပေမဲ့ တီနာ့ရင်ထဲမှာ ခံစားနေရတဲ့ပြဿနာ ရှိနေတယ်"

ခရစ္စတီနာက ပြောလက်စစကားကို ရပ်သည်။ မျက်တောင်ကို တဖျတ်ဖျတ်ခတ်ပုံက မျက်ရည်ကိုထိန်းနေသည့်ဟန်။ ခေါင်းကလေး ငုံ့၍ အသက်ကိုပြင်းစွာရှူရှိုက်နေသည့်ဟန်က ကြီးမားသောအစိုင်အခဲကြီးတစ်ခုကို မျိုသိပ်ထားရသည့်ပမာ။

"ပြောပါ တီနာ. .။ ပွင့်ပွင့်လင်းလင်းပြောပါ"

"ရှေ့နေကြီးဦးသူရိယပြောပြမှ တီနာသိခဲ့ရတာ။ မာမီဆုံးသွားပြီးနောက်ပိုင်း ဦးဒိဗ္ဗက မာမီရဲ့ပိုင်ဆိုင်မှုတွေကို သူ့နာမည်နဲ့လွှဲပြောင်းလုပ်တာ။ ဦးသူရိယက မာမီရဲ့သေတမ်းစာရှိကြောင်း ကန့်ကွက်ခဲ့လို့ ဦးဒိဗ္ဗလက်လျှော့သွားတယ်တဲ့။ ကြည့်ရတာ မာမီရေးခဲ့တဲ့သေတမ်းစာကို ဦးဒိဗ္ဗသိခဲ့ပုံမရဘူး။ ဒါကြောင့် ဦးဒိဗ္ဗကျေနပ်ပုံမရဘူး။ အခု တီနာပြန်ရောက်တဲ့အခါ ဦးဒိဗ္ဗရဲ့ အမူအရာ၊ အပြောအဆိုတွေက တီနာ့ကို ဆိုလားကြောင်းတွေ ပေါ်လွင်နေတယ်။ တီနာ့ကို ဦးဒိဗ္ဗရဲ့တပည့်တွေက စောင့်ကြည့်နေတယ်။ ခြံစောင့်ဆိုပြီး ထည့်ထားတဲ့လူက ဦးဒိဗ္ဗ







www.burmeseclassic.com

www.burmeseclassic.com



တပည့်ပဲ။ ကားဒရိုင်ဘာလည်း သူ့တပည့်ပဲ။ ဒါဟာ တစ်ခုခုမရိုးသား ဘူးလို့ တီနာခံစားရတယ်"

ခရစ္စတီနာက စကားကို ခဏရပ်သည်။ မေစံရှားကမူ တစ် ခွန်းတစ်ပါဒမထောက်ဘဲ ငြိမ်၍နားထောင်နေ၏။ မျက်ခုံးစိမ်းမှောင်မှောင် ကလေးက တွန့်ခေါက်လျက်. . ။

"နောက်တစ်ခု တီနာ့ခေါင်းထဲမှာ ဝင်လာတာက ဦးဒိဗ္ဗက မာမီ့ပစ္စည်းတွေ လွှဲယူဖို့လုပ်တဲ့ကိစ္စရယ်၊ မာမီရုတ်တရက်ဆုံးသွားရတဲ့ ကိစ္စရယ်၊ အခု တီနာပြန်လာတော့ ဦးဒိဗ္ဗက လောင်းရိပ်ကြီးမိုးနေတာ တွေဟာ ဆက်နွယ်နေတယ်ဆိုတဲ့အတွေးပဲ။ မာမီရှိစဉ်က မာမီရဲ့လက် ဖြစ်တဲ့ အိမ်ဖော်ဒေါ်ကြီးညွန့်ညွန့်လည်း ဦးဒိဗ္ဗက မထားတော့ဘူး။ မာ ကို အမြဲကုသပေးရတဲ့ မိသားစုဆရာဝန် ဒေါက်တာလွှန်းမောင်ဟာလည် တီနာ့ကို ရှောင်နေသလိုပဲလို့ ထင်တယ်။ ဒါကြောင့် မာမီရုတ်တရ ဆုံးပါးခြင်းဟာ ရိုးသားရဲ့လားလို့ တီနာသံသယဝင်နေတယ် မမရှား မမရှားကိုပြောချင်တဲ့အချက်က အဲဒါပဲ"

"တီနာဆိုလိုချင်တာက တီနာ့မာမီဟာ ဦးဒိဗ္ဗရဲ့စနက်တစ်ခု ကြောင့် ဆုံးပါးရတယ်ဆိုတဲ့သဘောလား"

မေစံရှားက တိကျသောမေးခွန်းတစ်ခုကို ထုတ်သည်။

"ဟုတ်ပါတယ်"

"တိကျသေချာတဲ့ အထောက်အထားတစ်ခုခုများ တီနာတွေ့ ထားလား"

"အဲဒီလိုတော့ မရှိဘူး မမရှား"

"တီနာ့ရင်ထဲက သံသယပဲ ဆိုပါတော့. . ဟုတ်လား"

"ဟုတ်ပါတယ်"

"တီနာ့မိခင်က ရိုးရိုးသားသား နှလုံးရောဂါနဲ့ ဆုံးသွားတာ လည်း ဖြစ်နိုင်ပါတယ်။ တီနာ့စိတ်ထဲမှာ ဦးဒိဗ္ဗကို နဂိုကတည်းက သဘော





ကျတာကြောင့် ဒီသံသယဝင်လာတာမျိုးပေါ့။ ဒါပေမဲ့ တစ်ဖက်ကလည်း တီနာပြောတာတွေက စဉ်းစားစရာလည်းကောင်းနေပြန်တယ်။ ဒါကြောင့် တီနာပြောသလို ဖြစ်နိုင်တယ်လို့လည်း ယူဆနိုင်ပြန်တယ်။ ရာနှုန်းက တော့ ငါးဆယ်. . ငါးဆယ်ပဲ။ အတိအကျတော့ မပြောနိုင်သေးဘူး။ ဒါကို တီနာက ဘာလုပ်ချင်လဲ"

"မမရှားက စုံထောက်စွမ်းရည်ရှိတယ်လို့ တီနာကြားရလို့ပါ။ တီနာသံသယရှိနေတာကို မမရှားစုံစမ်းပေးစေချင်တယ်။ တီနာ့စိတ်ထဲ မှာတော့ ဦးဒိဗ္ဗကို လုံးဝမယုံကြည်ဘူးဖြစ်နေတယ်"

မေစံရှား ခေါင်းတဆတ်ဆတ်ညိတ်သည်။

"အင်း. . တီနာ့သဘောကိုတော့ မမရှားနားလည်ပါပြီ။ ဒါပေမဲ့ ဆက်တာက တီနာ့မာမီဆုံးတာက တစ်နှစ်တောင်ရှိနေပြီဆိုတော့ မလွယ် ဘူး တီနာ။ ရဲစခန်းနဲ့ တိုင်ပင်ကြည့်ရင်ကော"

"ရဲတွေ စိတ်ဝင်စားမှာမဟုတ်ဘူး မမရှား။ တီနာက သံသယ တွေနဲ့ လျှောက်ပြောတာပဲလို့ သူတို့ထင်ကြမှာ"

"ဟုတ်ပြီလေ. . ။ ဒါကိုလည်း မမရှားနည်းမမရှားဟန်နဲ့ ကြိုး စားကြည့်ပါ့မယ်။ အချိန်တော့ နည်းနည်းယူရမယ်"

"ကျေးဇူးပါပဲ မမရှားရယ်"

ထိုအခိုက်မှာ မေစံရှား၏လက်ကိုင်ဖုန်းက အသံမြည်လာသည်။ သာယာငြိမ့်ညောင်းသော တေးသွားလေးတစ်ခု. . ။

www.burmeseclassic.com

www.burmeseclassic.com

၁

ဒုရဲအုပ်မင်းခန့်စီးလာသည့် အငှားကားက...က ဟိုတ
၏ဝင်ပေါက်မှ ဝင်လာကာ ဟိုတယ်ရှေ့တွင် ဝင်၍ရပ်သည်။

ကားခရှင်းပြီး ကားပေါ်မှ ဒုရဲအုပ်မင်းခန့်ဆင်းလာသည်
အရာရှိယူနီဖောင်းအပြည့်အစုံနှင့် ဒုရဲအုပ်မင်းခန့်မှာ အရပ်အမော
ကိုယ်လုံးကိုယ်ထည်ကောင်းလှသဖြင့် ရုပ်သွင်မှာ. ခန့်ညားလှသ
မျက်နှာက ကြည်စင်၍နေသည်။

ထိုအချိန်တွင် ဟိုတယ်ဝင်ပေါက်မှန်တံခါးမှ မေစံရှားတို့ ထွ
လာသည်။ မေစံရှားတို့ဆိုသည်မှာ မေစံရှား၊ သဇင်နှင့် ခရစ္စတီနာတို့
သည်။ မေစံရှားနှင့် သဇင်က ခရစ္စတီနာကို နှစ်ဖက်ညှပ်၍ တွဲကူ
လာသည်။ ခရစ္စတီနာက ချိုင်းထောက်နှင့်လျှောက်ရသည် မဟုတ်ပါ

ဒုရဲအုပ်မင်းခန့်က ကားဘေးမှပင် ရပ်၍စောင့်နေလိုက်သ
မေစံရှားတို့ ကား Parking သို့ လာနေကြသည်လေ။

ခရစ္စတီနာကို ထိန်းမတ်ကူညီပေး၍ လျှောက်လာနေကြသ
မို့ မေစံရှားတို့က ဒုရဲအုပ်မင်းခန့်ကို မမြင်ကြသေး။





ဒုရဲအုပ်မင်းခန့်၏ အမြင်မှာတော့ ချိုင်းထောက်ကိုအားပြု၍ လျှောက်လာနေသည့် ခရစ္စတီနာက ထူးခြားနေသည်။ ချောချောလှလှ လေးဖြစ်သော်လည်း ခြေထောက်မသန်စွမ်းသည့်အတွက် သနားဖွယ် ကောင်းလှသည်။ ပြီးတော့ ထိုမိန်းကလေး၏မျက်နှာမှာ နူးညံ့ခြင်းများပေါ်၌ နွမ်းလျခြင်းများ အုပ်မိုးနေသည်ဟု ဒုရဲအုပ်မင်းခန့် ခံစားရသည်။

"ဟဲ့. . မင်းခန့်ပါလား။ နင်ဘယ်တုန်းကရောက်လဲ"

မေစံရှားက လှမ်းမြင်သွားပြီး နှုတ်ဆက်သည်။

ဒုရဲအုပ်မင်းခန့်က ပြုံး၍. .

"အခုလေးပါပဲ။ မမရှားဆီကို ဖုန်းဆက်ပြီး မမှရှားတို့အပြန် အမီရောက်အောင် လာခဲ့တာ"

ဟု ပြောသည်။

မေစံရှားကိုပြောရင်း ဒုရဲအုပ်မင်းခန့်၏အကြည့်က မေစံရှား ဘေးမှ ခရစ္စတီနာထံ ရောက်သွားသည်။ ခရစ္စတီနာကလည်း မော့ကြည့် နေသည်မို့ အကြည့်ချင်းဆုံသွားသည်။ ခရစ္စတီနာက ရှက်ရွံ့စွာ မျက်လွှာ ချသွားသည်။ ဒုရဲအုပ်မင်းခန့်၏ရင်မှာ လှိုင်းဂယက်တွေ လူးလွန့် ဖြတ် ပြေးသွားသည်။

အို. . ဘယ်လိုဖြစ်တာလဲ။

မိန်းကလေးတွေနှင့် များစွာတွေ့ခဲ့ဆုံခဲ့ဖူးပါလျက် တစ်ကြိမ် တစ်ခါမျှ ဤသို့မဖြစ်ဖူးပါလား။

မမသဇင်နှင့် ဆုံစဉ်ကလည်း သည်လိုမခံစားရဖူးပါ။ မမရှား က မမသဇင်နှင့် အနောက်အပြောင်၊ အကျီအစယ်တွေပြောတော့လည်း သူအနည်းငယ် ရှက်ရွံ့ခြင်းသာ ဖြစ်ခဲ့၏။ ရင်မခုန်ခဲ့။

ယခုမူ ရင်ခုန်သံမြန်နေပြီ။

မေစံရှားက ဒုရဲအုပ်မင်းခန့်၏မျက်လုံးများ၏ လားရာကို မြင် လိုက်၏။ အပြုံးတစ်ပွင့်နှင့်အတူ. .



www.burmeseclassic.com

www.burmeseclassic.com



"မင်းခန့်. . နင့်ကို မိတ်ဆက်ပေးရဦးမယ်။ ဒါ. . ငါနဲ့သဇင် တို့ရဲ့ မိတ်ဆွေသစ်ပေါ့။ ခရစ္စတီနာတဲ့။ တီနာ. . သူက မမရှား မောင်လေးဆိုပါတော့။ ဒုရဲအုပ်မင်းခန့်"

"ဟုတ်ကဲ့. . သိရတာဝမ်းသာပါတယ်"

"တီနာကိုလည်း မမရှားတို့၊ မမသဇင်တို့လို ခင်နိုင်ပါတယ်"

ဒုရဲအုပ်မင်းခန့်နှင့် ခရစ္စတီနာတို့ အပြုံးချင်းဖလှယ်က မိတ်ဆွေဖြစ်သွားကြသည်။

"ကဲ. . ဆိုပါဦး။ နင့်အရေးတကြီးကိစ္စ. ."

မေစံရှားက ရှေ့တိုး၍မေးသည်။

"ဓာတ်ပုံတွေ ကူးထားတာ ရလို့ လာပေးတာ"

"နင့်အဖေပုံနဲ့ ဦးထင်ကျော်ပုံလား"

"ဟုတ်တယ် မမရှား"

"နောက်မှပေးလည်း ရတာပဲ မင်းခန့်ရယ်"

"ကျွန်တော့်အဖို့ သိပ်အရေးကြီးနေတယ် မမရှားရဲ့။ မမရှား တစ်မိနစ်စောပြီး ပုံတွေ့ရထားရင် တစ်မိနစ်စောပြီး သူတို့ကို ရှာနိုင်တာ ပေါ့"

"အေးပါဟာ. . အေးပါ။ ကဲ. . ပေး"

ဒုရဲအုပ်မင်းခန့်က ဓာတ်ပုံများထည့်ထားသော စက္ကူအိတ် ကလေးကို မေစံရှားကို လှမ်းပေးသည်။ မေစံရှားက လွယ်ထားသော စလင်းဘက်ကိုဖွင့်၍ ဓာတ်ပုံအိတ်ကို ထည့်သည်။

"ရဲအုပ်ကြီးရော. .။ ဦးသက်မွန်ကိစ္စဘာထူးသေးလဲ။ နင် ဘာကြားလဲ"

"ဦးသက်မွန်ရဲ့ဇနီး ဒေါ်တင်မမရော၊ နောက်တစ်ယောက် မငြိမ်းငြိမ်းအိကိုရော တွေ့ပြီးပြီတဲ့။ ဒေါ်တင်မမကတော့ မမရှားမဟုတ် နိုင်ဘူးလို့ ပြောပြီး မငြိမ်းငြိမ်းအိစကားအရတော့ ဦးသက်မွန်ဟာ သူ့





မွေးဘီပိုင်ရှင်နဲ့ တစ်စုံတစ်ခု အဆက်အသွယ်ရှိပုံရတယ်လို့ ကောက်ချက် ထားတယ်"

"ဒါဆို တရားခံအစစ်ကို ခြေရာခံမိဖို့ နီးလာပါပြီ။ မမရှား လည်း ရဲအုပ်ကြီးဆီ ဆက်သွယ်ပါဦးမယ်"

"ဒါဆို ကျွန်တော်သွားတော့မယ်"

"နင် ဘာနဲ့လာတာလဲ"

"တက္ကစီနဲ့လာတာ။ ကားစောင့်ခိုင်းထားတယ်။ အဲဒါနဲ့ပြန်မှာ။ မမရှားတို့လိုက်မလား"

"မလိုက်ဘူး။ မမရှားက တီနာနဲ့ ပြန်မယ်"

"မမရှား. . သွားမယ်နော်။ မသဇင်နဲ့ ခရစ္စတီနာတို့လည်း ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဒုရဲအုပ်မင်းခန့်က သဇင်နှင့်ခရစ္စတီနာဘက်သို့ပါ လှည့်၍ နှုတ်ဆက်သည်။ ခရစ္စတီနာနှင့် အကြည့်ချင်းဆုံရပြန်ပြီ။ ရင်အခုန် မြန်းသွားပြန်ပြီ။ ဒုရဲအုပ်မင်းခန့် လှည့်ထွက်သွားခဲ့သော်လည်း သူ့ နှလုံးသည်းနှလုံးများ နောက်တွင်ကျန်ခဲ့ပြီဟု သူသိနေသည်။

ခရစ္စတီနာကလည်း ဒုရဲအုပ်မင်းခန့် ကားပေါ်တက်သွားသည် ကို လှမ်းကြည့်နေသဖြင့် မေစံရှားက ခရစ္စတီနာ၏လက်ကို လှမ်းဆွဲ ၏. .

"ယောက်မလေး. . မမရှားတို့ သွားကြမယ်"

ဟု နောက်လိုက်သည်။

မေစံရှား၏ ကျီစယ်မှုကို ခရစ္စတီနာရုတ်တရက်သဘော ပေါက်သဖြင့်. .

"ဟင်. . မမရှား။ တီနာ့ကို ဘယ်လိုခေါ်လိုက်တာလဲ"

မေးသည်။ မျက်လုံးဝိုင်းဝိုင်းကလေးနှင့်ဖြစ်၏။

"ယောက်မလေးလို့ ခေါ်လိုက်တာ။ ကြည့်ရတာ မမရှားမောင်



www.burmeseclassic.com

www.burmeseclassic.com



လေး မင်းခန့်က ခရစ္စတီနာကိုကြည့်ပြီး ကြွေသွားပုံပဲ။ ဒါကြောင့် မမရှားက တီနာ့ကို ယောက်မလေးတော်ရတော့မယ်လို့ ဝမ်းသာသွားလို့ပါ''

''အို. . မမရှားကလည်း''

ခရစ္စတီနာက ပန်းနုရောင်သွေးများ စွန်းထင်းလာသော မျက်နှာဖြင့် ရှက်စကားဆိုသည်။ ဆိုသာဆို၏။ နှုတ်ခမ်းဖူးဖူးလေးမှာတော့ အပြုံးကလေးက တွဲလွဲခိုလျက်။ မျက်လုံးလေးတွေက ရွှန်းရွှန်းတောက်တောက်။

သဇင်က ခရစ္စတီနာ၏ အကဲကိုဖမ်းကာ မေစံရှားကိုကြည့်သည်။ မေစံရှားက ပြုံးရှုံပြသည်။

''သွားကြစို့''

ခရစ္စတီနာ၏ကားရှိရာသို့ မေစံရှားတို့ လျှောက်လာကြသည်။

ခရစ္စတီနာ၏ ကားပေါ်မှ ဒရိုင်ဘာက မေစံရှားတို့နှင့် ဒုရဲအုပ် မင်းခန့် စကားပြောနေကြသည်ကို ဂရုစိုက်အကဲခတ်နေခဲ့ကြောင်း သူတို့ မရိပ်မိခဲ့။ သို့မဟုတ် မသိဟန်ဆောင်နေခြင်းလည်း ဖြစ်နိုင်သည်။

ဒရိုင်ဘာက ကားစက်ကိုနှိုးထားပြီး မေစံရှားတို့အားလုံး ကားပေါ်ရောက်သည်နှင့် စတင်မောင်းထွက်လိုက်သည်။

''အိမ်ပြန်မှာလား မမလေး''

ကားမောင်းရမည့်လမ်းကြောင်းကို မေးသည်။

''ရန်ကုန်ထဲကို အရင်မောင်းပေးပါ။ ဒေါ်မေစံရှားကို အရင်လိုက်ပို့မယ်''

ခရစ္စတီနာက ပြောလိုက်သည်။

❦ ❦ ❦ ❦ ❦

၁၅

''ဒါဆို ခရစ္စတီနာက သူ့အမေဆုံးခဲ့တဲ့ကိစ္စကို မသင်္ကာလို့ ...ကို ပြန်လည်စုံစမ်းဖော်ထုတ်ပေးဖို့ အပ်တဲ့သဘောပေါ့. . ဟုတ်လား''

ဂျေဒိုးနတ်စ်ဆိုင်ထဲမှာက အအေးဓာတ်စိမ့်စိမ့်ကလေးနှင့်။ ...ညောင်းသောတေးသံကလေးနှင့်။ အပြင်နှင့်မတူ သီးခြားကမ္ဘာလေး ဖြစ်နေသည်။ အတွင်းဘက်ကျသော စားပွဲတစ်ခုမှာ ကိုနေသော်နှင့် မေစံရှား မျက်နှာချင်းဆိုင်လျက် ရှိနေ၏။

ကော်ဖီအေးကိုယ်စီနှင့်။

''ဟုတ်တယ်ကိုကို''

''တစ်နှစ်တောင်ကြာခဲ့ပြီဆိုတော့ လွယ်ပါ့မလား''

''လွယ်တော့ မလွယ်ဘူးလေ။ ဒါပေမဲ့ ကိုကိုရေးခဲ့တဲ့ သံသယ ခြေချင်းနဲ့လူထဲကလိုပဲပေါ့။ ရှားတို့ နောက်ကြောင်းကို ပြန်လိုက်ကြည့်မှာပဲ။ တွေ့သင့်သူတွေ တွေ့ပြီးရင်တော့ ခရစ္စတီနာရဲ့သံသယတွေ အခြေအမြစ်ရှိ မရှိ ပေါ်လာမှာပါ''

''ရှား ဘယ်သူတွေနဲ့ တွေ့မလဲ''



www.burmeseclassic.com

www.burmeseclassic.com



မေစံရှားရုတ်တရက်မဖြေ။ နံရံဆီသို့ ငေးစိုက်ရင်း ငြိမ်နေ၏။ မိနစ်အနည်းငယ်လွန်သွားမှ . .

"ပထမဆုံးတွေ့ကြည့်ဖို့ စဉ်းစားထားတာကတော့ ခရစ္စတီနာရဲ့မိခင်ကို ပြုစုကုသပေးရတဲ့ မိသားစုဆရာဝန် ဒေါက်တာလွန်းမောင်ပဲ"

"ဒေါက်တာလွန်းမောင်ဆီက ရိုးသားမှန်ကန်တဲ့အဖြေတွေ ရမယ်လို့ ရှားထင်လို့လား"

"မပြောနိုင်ဘူးကိုကို"

"ရှားသွားရင် ကိုကိုလိုက်ပေးမယ်လေ"

"ကောင်းတာပေါ့"

မေစံရှားက သူမ၏ လယ်သာဆလင်းဘက်ကို ဖွင့်ကာ အထဲမှ စက္ကူအိတ်ကလေးကို ကိုနေသော်အား လှမ်းပေးသည်။

"ဘာလဲရှား"

"မင်းခန့်ပေးသွားတာကိုကို။ သူ့အစ်မဓာတ်ပုံနဲ့ ဦးထင်ကျော်ရဲ့ပုံ"

ကိုနေသော်က ဓာတ်ပုံကို အိတ်ထဲမှ တစ်ပိုင်းဆွဲထုတ်ပြီး ကြည့်နေသည်။

"ဦးထင်ကျော်ကလည်း ဒီဓာတ်ပုံရိုက်စဉ်က အသက်သုံးဆယ်ဝန်းကျင်ပဲရှိဦးမှာ။ အခုဆိုရင် ငါးဆယ်ကျော်၊ ခြောက်ဆယ်နား ကပ်နေလောက်ရောပေါ့"

"ဟုတ်တယ်ကိုကို"

"ရုပ်လည်းရင့်လာပြီး ပြောင်းနေမှာပဲ"

"ဒါပေမဲ့ ငယ်ရုပ်ကတော့ ပျောက်မှာမဟုတ်ပါဘူး။ သူ့မျက်ခုံးမျက်လုံးက နည်းနည်းထူးခြားပါတယ်"

"ပုံဖမ်းမရမှာကတော့ မင်းခန့်အစ်မပဲ။ ဒါပေမဲ့ သူ့မှာလည်း လက်ပွားနဲ့ အမှတ်ကြီးတစ်ခု ရှိနေတာဆိုတော့ အဲဒါကို အားပြုပြီး





ရှာရမှာပဲ"

"အခုထိ ကိုကိုတွေ့ဖူးသမျှထဲမှာ လက်ပွားနဲ့မိန်းကလေး ဘယ်နှယောက်ရှိသလဲ"

"တစ်ယောက်မှမရှိဘူး။ ယောကျ်ားလေးတစ်ယောက်တော့ တွေ့ဖူးတယ်။ ကိုကိုတို့မဂ္ဂဇင်းတိုက်က ဒီဇိုင်းနာကောင်လေးမှာ ဘယ်လက်နားမှာ လက်ပွားကလေးရှိတယ်။ ရှားရောတွေ့ဖူးသလား"

"ဟင့်အင်း"

"ဒီလို လက်ပွားလေးမျိုးက ရှိတော့ရှိတယ်၊ ရှားတယ်ဆိုတော့ တွေ့ရင်တော့ လွဲနိုင်စရာသိပ်မရှိဘူး ထင်ရတယ်။ ပခုံးကအမှတ်ကြီးတော့ ကြည့်ဖို့မလွယ်နိုင်ဘူး"

ကော်ဖီသောက်ရင်း မေစံရှားပြုံးနေသည်ကို တွေ့သဖြင့် . .

"ရှား ဘာပြုံးတာလဲ"

ဟုမေးသည်။

မေစံရှားက ကော်ဖီခွက်ကိုချ၍ .

"မင်းခန့်ကို သဘောကျလို့ပါ"

"ဘာကိုလဲ"

"မနေ့က ဟိုတယ်မှာ ရှားနဲ့ ခရစ္စတီနာ ဆုံကြတယ်လေ။ အဲဒီကို မင်းခန့်က ရောက်လာပြီး ဓာတ်ပုံပေးတာ။ ခရစ္စတီနာကိုတွေ့ပြီး မင်းခန့်သဘောကျသွားပုံပေါ်တယ်။ ခရစ္စတီနာကလည်း မင်းခန့်ကို စိတ်ဝင်စားသွားပုံပဲ။ သူတို့ကို အကဲခတ်လိုက်ရတာ မြင်မြင်ချင်းချစ်တယ်ဆိုတဲ့ Lone at First Sight ဆိုတဲ့ စကားလိုပဲ ဖြစ်နေမလားလို့လေ"

"ဟုတ်လား . .။ မြင်မြင်ချင်းချစ်တယ်ဆိုတာမျိုးကလည်း ထူးခြားတာပဲ၊ ဒါနဲ့ ရှားပြောတော့ ခရစ္စတီနာက ခြေထောက်တွေမသန်လို့ ချိုင်းထောက်ကြီးနဲ့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ။ ချိုင်းထောက်ကြီးနဲ့မို့ မချစ်ရဘူးလို့ ဘယ်သူက ကန့်သတ်တားမြစ်ထားလို့လဲ"

"ဟာ. . အဲဒီလို ပြောတာမဟုတ်ဘူးလေ။ ကိုကိုဆိုလိုချင်တာက ခရစ္စတီနာက ခြေထောက်မသန်စွမ်းသူမို့ မင်းခန့်က ကရုဏာသက်တာ ဖြစ်ချင်ဖြစ်မှာလို့လေ"

မေစံရှားခေါင်းယမ်းသည်။

"သူတို့မျက်လုံးတွေမှာ အချစ်ရဲ့အရောင်တွေ လင်းလက်နေတာကို မြင်ရတယ်ကိုကို"

ကိုနေသော်က ဟက်ခနဲရယ်သည်။

"ဟား. . ရွှေနှမလေးက ဒီတစ်ခါ ဥပဒေစကားတွေကို တလေးတနက်ကြီးတွေ မပြောဘဲ ကဗျာဆရာမလေးလို နူးညံ့လှပတဲ့ စကားလုံးလေးတွေ ပြောလို့ပါလား"

"ရှားလည်း ချစ်တက်သူပဲလေ ကိုကိုရဲ့"

"အင်း. . ရှားချစ်တတ်တာတော့ ဟုတ်ပါတယ်။ ရွှေထပ်မတက်သေးတာက ခက်တယ်။ အဖေပြောလိုက်တဲ့စကားကို မစဉ်းစားသေးဘူးလား"

မြို့မှာတုန်းက မေစံရှား၏ဖခင် ပြောခဲ့သောစကားကို ကိုနေသော်က ပြန်ညွှန်းသည်။ မေစံရှားက မဲ့ပြုံးတစ်ချက်ပြုံးသည်။

"ရှားက ဘယ်သူခြိမ်းခြောက်တာကိုမှ မကြောက်တတ်ဘူး"

အငေါ်တူးစကား. . ။

"ခြိမ်းခြောက်တယ်လို့ မပြောပါနဲ့။ စက္ကန့်လေးတောင် ခွဲမနေချင်လို့ အပူကပ်နေရတာပါ"

မေစံရှား ရယ်ချင်စိတ်ကိုထိန်း၍ စိန်းစိန်းကလေးကြည့်သည်။

"သိပ်ပိုတာပဲ။ စာရေးဆရာလို့ မပြောရဘူး"

"စာရေးဆရာမို့ အသည်းနှလုံးက ပိုနုတယ်လေ ရှားရဲ့"





"ရွှေနှမလေးရဲ့ အသည်းနှလုံးကတော့ ထိလိုက်ရင် ချင်ခနဲ ညည်သွားပြီး မီးပွင့်တွေဖြာသွားရလောက်အောင် မာတယ်ရှင့်"

"မှားပါတယ်"

ကိုနေသော် အရှုံးပေးဟန် လက်နှစ်ဖက်မြှောက်သည်။ မေစံရှား[illegible] သဘောကျစွာ တခစ်ခစ်ရယ်သည်။

"တကယ်ပဲ။ ကိုကိုက တစ်ခါတစ်ခါ ကလေးလေးလိုပဲ"

ပြောရင်းက ခုံပေါ်တင်ထားသော ကိုနေသော့်လက်ကို သူမ၏လက်ဖဝါးကလေးဖြင့် လှမ်း၍ဆုပ်သည်။ မအီမလည်ကြီးဖြင့်ကြည့်နေသော ကိုနေသော်ကို ရွှန်းလဲ့တောက်ပသော မျက်လုံးများဖြင့် ကြည့်တာ. .

"ကိုကို့ကို အားနာပါတယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ ရှားအတည်ပြောတာပါ။ မကြာတော့ပါဘူး ကိုကိုရယ်။ သည်းခံလက်စနဲ့ သည်းခံလိုက်ပါဦးနော်"

ချော့စကား. .

"ရှိစေတော့. . ရှိစေတော့. . ။ ဝက်ဖြစ်နေမှတော့ အိုက်စခရင်ကြောက်နေလို့ မဖြစ်တော့ပါဘူး"

ကျေနပ်ခြင်းပါသော အလျှော့ပေးစကားကို ကိုနေသော်ဆိုသည်။ မေစံရှားက တခစ်ခစ်ရယ်သည်။

"အဲဒီစကားမျိုး မကြားဖူးပါဘူး။ ဝက်က 'အိုက်စခရင်မကြောက်'ဆိုတာ။ ခစ်. . ခစ်"

တရားခွင်မှာ မှင်နှင့်မောင်းနှင့် ခြသေ့လို တည်ကြည်ပြတ်သားသော မေစံရှားက ချစ်ခြင်းမေတ္တာ အိမ်ကလေးထဲမှာကျတော့လည်း နွဲ့ပျောင်းသွဲ့နေလိုက်သည်မှာ ချိုးငှက်ဖြူကလေးပမာ. . ။

သီချင်းတစ်စက သူတို့နှစ်ဦးကြား ပျံ့လွင့်ကျီစယ်သော၏။

"I was almost about to lose my faith was



www.burmeseclassic.com

www.burmeseclassic.com



still dreaming but feared it was too late. But then, you come along to my surprise and stole my heart before my very eyes."

❦ ❦ ❦ ❦ ❦

# ၁၆

"ဘာ. . ဘယ်လို. . ပြန်ပြောစမ်းပါဦး"

ဦးဒိဗ္ဗ ထိုင်နေရာမှ ဝုန်းခနဲထလိုက်မိ၏။ ကြားရသော စကားက မယုံချင်စရာ။ သည်ဒုက္ခိတမလေးက သည်လောက် ခြေလှမ်းတွေ ကျော်နေလေသလား။

"ကျွန်တော် ဟိုတယ်ကိုလိုက်ပို့ပြီး အောက်ကစောင့်နေရတာ ပါ။ တစ်နာရီနီးပါးလောက် အပေါ်မှာ ကြာပါတယ်။ ပြန်ဆင်းလာတော့ သုံးယောက်ပါ။ ခရစ္စတီနာနဲ့အတူ မိန်းကလေးနှစ်ယောက် ပါလာပါ တယ်။ တစ်ယောက်က ရှေ့နေဝတ်စုံနဲ့ပါ။ ရုပ်က မမလေးမြနှင်းဆီနဲ့ တူပါတယ်"

"အဲဒါ မေစံရှားပဲကွ"

မေစံရှား. . ရှေ့နေမကလေး. . ။ ရှေ့နေမကလေးမေစံရှားနှင့် ခရစ္စတီနာက ဘာကြောင့်တွေ့ရတာလဲ။ ဘာတွေ တိုင်ပင်တာလဲ။ ဒါ. . ငါ့ကို ခြိမ်းခြောက်လာတာပဲ။

ဦးဒိဗ္ဗ အတွေးမေးခွန်းတွေနှင့် ခေါင်းမှာရှုပ်ထွေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဟိုတယ်အဝအရောက်မှာ တက္ကစီတစ်စီးနဲ့ ရဲအရာရှိ
တစ်ဦးရောက်လာပြီး သူတို့နဲ့ စကားပြောကြပါတယ်"

အစီရင်ခံနေသူ ခရစ္စတီနာ၏ဒရိုင်ဘာ ကြွက်စုတ်တင်လှ။

"ဟော. . ရဲအရာရှိ. . ဟုတ်လား"

"ဟုတ်ကဲ့. . လူငယ်ပါ။ ဒုရဲအုပ်လို့ ထင်ပါတယ်"

"ဘာတွေ ပြောနေကြတာလဲ"

"ကျွန်တော့်နေရာကတော့ မကြားရပါဘူး။ ရွှေနေမနဲ့ စကား
ပြောတာ များပါတယ်။ ခရစ္စတီနာနဲ့ကတော့ ခဏပဲပြောတာပါ။ ပြီးတော့
ရဲအရာရှိက စက္ကူအိတ်လေးတစ်ခုကို ပေးပါတယ်"

"ခရစ္စတီနာကို ပေးတာလား"

"မဟုတ်ပါဘူး။ ရွှေနေမကို ပေးတာပါ"

"နောက်တော့ကော"

"ခဏစကားပြောကြပြီး ရဲအရာရှိပြန်သွားပါတယ်။ ခရစ္စတီနာ
နဲ့ ရွှေနေမရယ်၊ နောက်တစ်ယောက်ရယ် ကျွန်တော့်ကားပေါ် တက်ကြ
ပါတယ်။ ရွှေနေမရဲ့ရုံးခန်းကို လိုက်ပို့ရပါတယ်"

"ကားပေါ်မှာ ဘာတွေပြောကြလဲ"

"ထွေရာလေးပါးပါပဲ။ ရဲအရာရှိနာမည်က မင်းခန့်ဖြစ်ပုံရပါ
တယ်။ ခရစ္စတီနာနဲ့ နောက်ပြောင်နေတာပါ"

"ရွှေနေမကို ပို့ပြီးတော့ရော"

"ရွှေနေမရုံးခန်းရှေ့မှာ ရွှေနေမနဲ့ နောက်တစ်ယောက် ဆင်း
တယ်။ ခရစ္စတီနာကို သူ့အိမ်ကို ပြန်ပို့ရပါတယ်"

"ရွှေနေမရုံးခန်းက ဘယ်မှာလဲ"

"မဟာဗန္ဓုလပန်းခြံလမ်းမှာပါ"

"ကောင်းပြီ. . ။ ခရစ္စတီနာ ဘယ်သွားတယ်၊ ဘယ်သူနဲ့တွေ့
တယ်ဆိုတာကို မင်းဆက်ပြီးကြည့်ထား။ ထူးခြားတာနဲ့ ငါ့ဆီသတင်းပို့"





"ဟုတ်ကဲ့"

"သွားနိုင်ပြီ"

ကြွက်စုတ်တင်လှ ပြန်ထွက်သွားသည်။

ဦးဒိဗ္ဗ နေရာမှာ ပြန်ထိုင်ချလိုက်၏။ အနှောင့်အယှက်တစ်ခုက
ဦးနှောက်ထဲ ဝင်လာပြီ။ ခရစ္စတီနာကို လျှော့တွက်၍မရ။ သည်ကောင်မ
လေးက သူ့အမေနှင့်လက်ထပ်စဉ်ကတည်းက မိမိကို မကျေနပ်ခဲ့သူ။
သူစင်ကာပူထွက်သွား၍ မိမိစိတ်အေးခဲ့ရသည်။ သူ့အမေဆူဇီကိစ္စမှာ
သူစင်ကာပူက ပြန်မလာနိုင်ခဲ့၍ တစ်မျိုးအပူအပင်ကင်းခဲ့ရ၏။ သို့သော်
ယခု သူပြန်ရောက်လာတော့ ဘာတွေကျိတ်ကြံနေသည်မသိ။

စင်စစ် ဆူဇီကို ဦးဒိဗ္ဗလက်ထပ်ခဲ့သည်မှာ မုဆိုးမ ကလေးတစ်
ယောက်အမေကို ချစ်၍မဟုတ်။ ထိုစဉ်က ဦးဒိဗ္ဗ၏ဇနီးနှင့် ကွာရှင်းပြီး
သုံးလေးနှစ်အကြာမှာဖြစ်သည်။ မုဆိုးမဘဝဖြင့် စီးပွားရေးလောကမှာ
ရှိနေသော ဆူဇီကိုတွေ့တော့ ဆူဇီ၏ပိုင်ဆိုင်မှုတွေကို ဦးဒိဗ္ဗသွားရည်ကျ
ခဲ့သည်။ ဆူဇီကိုသာ အပိုင်ရခဲ့လျှင် ဘဝက ပြည့်စုံပြီ။

ဝန်ခံရလျှင် ထိုစဉ်က ဦးဒိဗ္ဗက ဘာတစ်ခုမျှ အောင်မြင်မှုမရှိ
သောအချိန်။ သောင်ပြင်လွှတ်သောခွေးလို ဖြစ်နေချိန်. . ။

သို့ဖြင့် ဦးဒိဗ္ဗ ဆူဇီကိုချဉ်းကပ်ခဲ့ခြင်းဖြစ်၏။

သို့သော် ဆူဇီကလည်း အချဉ်တော့မဟုတ်။ သူ့အတိုင်းအတာ
နှင့်သူ လည်ပတ်နိုင်စပ်သူ။ သူကလည်း စီးပွားရေးလောကသားပေပဲ။
ဂျင်အငယ်စားပေပဲ။

မည်သို့ဆိုစေ ဂျင်ပေါ်ကထုံးဦးဒိဗ္ဗနှင့် အတွေ့မှာတော့ ဆူဇီ
ငိုက်ခနဲဖြစ်သွားရသည်။ ဦးဒိဗ္ဗလက်ထဲကို ဆူဇီရောက်ခဲ့သည်။

ဆူဇီနှင့်လက်ထပ်ပြီး The Rays ကို ဆူဇီ၏ငွေကြေးများဖြင့်
တူထောင်ကာ ဦးဒိဗ္ဗ စီးပွားရေးလောကမှာ နေရာရလာသည်။ သို့သော်
ဆူဇီက မြင်းကို အတောင်တပ်မပေး။ ဇက်ကြိုးကို နောက်ပြန်ဆွဲထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ဦးဒိဗ္ဗ ဆူဇီကို ဖယ်ထုတ်ချင်လာသည်။ ဆူဇီမရှိလျှင် ဆူဇီ့ပစ္စည်းတွေ မိမိအပိုင်သိမ်းရမည်။ ဆူဇီ့သမီး ခရစ္စတီနာက စင်ကာပူမှာ..။

ဦးဒိဗ္ဗ မဟာစိမ်ကိန်းချသည်။

နှလုံးရောဂါအခံရှိသော ဆူဇီ့ကို နှလုံးရောဂါအသွင်ဖြင့် လောကမှ ထွက်ခွာသွားဖို့ ဦးဒိဗ္ဗကြံစည်သည်။

ဦးဒိဗ္ဗကြံစည်ချက် အောင်မြင်သွားပါ၏။

သို့သော်..

ဆူဇီက ဦးဒိဗ္ဗထက် တစ်ကွက်ကျော်ပြီး တက်ထားခဲ့သည်လေ။ ဦးဒိဗ္ဗက မြင်းကိုချ၍ ဘုရင်မနှင့် ဘုရင်ကြီးကို ခွအချက်တွင် ဆူဇီတက်ထားခဲ့သော ရထားက မြင်းကိုစားသွားခဲ့ပေပြီတည်း။

ဦးသူရိယနှင့်တိုင်ပင်ပြီး ရေးထားခဲ့သည့် သေတမ်းစာ..။

ဦးဒိဗ္ဗ ပန်းတိုင်ရောက်အောင်ပြေးလာပြီးမှ နှစ်သိမ့်ဆုနှင့် ကျေနပ်လိုက်ရ၏။ နှာတစ်ဖျားနှင့် ရှုံးနိမ့်ခဲ့ရသည့်အဖြစ်။

သည်တော့ ဘယ်ကျေလိမ့်မလဲ။

နေနှင့်ဦး ခရစ္စတီနာ..။ မင်း..ငါ့လက်ထဲက ဘယ်ပြေးမလဲ။

သို့သော် ယခု ခရစ္စတီနာက ဆူဇီ့သမီးပီပီ ပညာခန်းစလာခဲ့ပြီထင့်။ ရှေ့နေတွေ၊ ရဲတွေနှင့် ဆက်သွယ်နေပေပြီ။

ဦးဒိဗ္ဗကိုပင် တန်ပြန်တိုက်စစ်ဆင်တော့မည်လား။

ကျွီခနဲ တံခါးဖွင့်သံနှင့်အတူ..

အခန်းထဲသို့ မြနှင်းဆီဝင်လာသည်။

"ဒက်ဒီ"

ဦးဒိဗ္ဗ ပြုံးလိုက်ရ၏။

"ဘာလဲ သမီး"





"သမီး ပလာဇာသွားမလို့။ ဒက်ဒီဆီက မုန့်ဖိုးတောင်းချင်လို့"

"ဒါများ သမီးရယ်..။ ဒက်ဒီ့သမီးအတွက် ဒက်ဒီက ဘယ်တုန်းက လက်တွန့်ဖူးလို့လဲ..ရော့"

အံဆွဲကိုဖွင့်..တစ်ထောင်တန်တစ်အုပ်ကို ဆွဲထုတ်ကာ စားပွဲပေါ် ဖတ်ခနဲတင်ပေးလိုက်သည်။

မြနှင်းဆီက ငွေထုပ်ကို ဆတ်ခနဲဆွဲယူရင်း..

"ကျေးဇူးပဲဒက်ဒီ။ သမီးသွားမယ်"

ဟု ပြောပြောဆိုဆို လှည့်ထွက်သည်။ တံခါးဝရောက်မှ ပြန်လှည့်ကာ..

"ဒက်ဒီ"

ခေါ်ပြန်သည်။

ဦးဒိဗ္ဗလှည့်ကြည့်တော့..

"သမီးအမေနဲ့ တွေ့ပေးဖို့ ဒက်ဒီအမြန်ဆုံးစီစဉ်ပေးပါဦး"

အကြည့်စူးစူးနှင့် စကားသံက ရှတတ။

"ဒက်ဒီကြိုးစားနေပါတယ်။ သမီးဆန္ဒ မကြာခင် ပြည့်ဝတော့မှာပါ"

ဦးဒိဗ္ဗက ပြုံး၍ ပြောလိုက်သည်။

မြနှင်းဆီ တံခါးဝမှ ထွက်သွားပြီး တံခါးကိုပြန်ပိတ်သည်။

ပိတ်သွားသောတံခါးကိုကြည့်ပြီး ဦးဒိဗ္ဗဝင့်ဝင့်ကြီးပြုံးနေ၏။ သူ့ရှေ့ရှိ စစ်တုရင်ကွက်ပေါ်မှ ရထား၊ မြင်း၊ ဘုန်းကြီးနှင့် ဘုရင်မတို့က သူ့ကို လှမ်းကြည့်နေသယောင်။

ဦးဒိဗ္ဗ ဘယ်ပါဝါကို ကိုင်မည်နည်း။

❦ ❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

ပလာဇာက ထုံးစံအတိုင်း စည်ကားလှ၏။

ဝယ်သူ၊ အထူးသဖြင့် မိန်းကလေးတွေနှင့် ပလာဇာမှ အရောင်စုံအသွေးစုံ ခြယ်သထားသည်သို့။ လှချင်ကြသည့်အမျိုးတွေ အတွက် လှချင်စရာပစ္စည်းတွေက ဆိုင်တိုင်းမှ ဖိတ်ခေါ်ညို့မြူနေသည်

ဆိုင်တွေကများများ။ လမ်းတွေကကျဉ်းကျဉ်း။ ဝယ်သူတွေ စုပြုံတိုးဝှေ့ဆိုတော့ကာ ဒီဝန်းကျင်ကို ဒုစရိုက်သမားကလည်း ကြိုက် သည်။ နှိုက်ရမလား၊ ဆွဲရမလား၊ လုရမလား။

အလှမက်သူတွေ၊ အလှပြချင်သူတွေ လာထား။

ရဲအုပ်မောင်မောင်သန်းက ဒုရဲအုပ်မင်းခန့်ကိုခေါ်ကာ တာဝ တစ်ရပ်ပေးလိုက်သည်။

"ပလာဇာထဲက ဆိုင်တစ်ဆိုင်ကို မင်းသွားပြီးစောင့်ကြည့်ပေ သတင်းပေးတစ်ယောက်က ပို့ထားတဲ့ သတင်းတစ်ခုရှိတယ်။ မူးယ ဆေးဝါးအရောင်းအဝယ်ရှိတယ်တဲ့။ ဝင်ဖမ်းဖို့ မဟုတ်ဘူးနော်။ သတင် အတည်ပြုချက် အရင်ယူချင်တာ"





ဒုရဲအုပ်မင်းခန့် အရပ်ဝတ်လဲပြီး စျေးဝယ်လူငယ်တစ်ယောက် အသွင်ဖြင့် ပလာဇာကို ရောက်လာရသည်။

မြေညီထပ်တွေက အဝတ်အထည်၊ အသုံးအဆောင်တွေ ရောင်းချကြသည်။ မင်းခန့်တစ်ယောက် မိန်းကလေးရောင်စုံတွေကြား တိုးကာ အပေါ်ထပ်သို့တက်သည်။ ဆိုင်တွေကိုပတ်သည်။ တစ်ထပ်ပြီး တစ်ထပ်. .။

ရဲအုပ်မောင်မောင်သန်း ပြောလိုက်သောဆိုင်ကို တွေ့၏။ ဆိုင် ထဲကိုမဝင်သေးဘဲ လမ်းသလားသည်။ တခြားဆိုင်တွေဝင်သည်။ ဟို လျှောက်ကြည့်၊ သည်လျှောက်ကြည့် လုပ်သည်။ နေကာမျက်မှန်တစ် လက် ဝယ်သည်။ စီဒီတစ်ချပ် ဝယ်သည်။

ဆိုင်ကို မသိမသာရှုံးသည်။

ထူးခြားမှုမတွေ့. .။

မလှမ်းမကမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်သည်။ ပစ်မှတ် ဖြစ်သောဆိုင်ကို လှမ်းမြင်ရသည့် စားပွဲတစ်ခုကိုရွေးကာ မျက်နှာချင်း ဆိုင်အနေအထားဖြင့် ထိုင်သည်။

"အစ်ကို. .ဘာသောက်မလဲ"

"ကိုကာကိုလာရှိလား။ တစ်ဘူးပေးကွာ။ အာလူးကြော်ရှိရင် လည်း ယူလာခဲ့"

မကြာခင် ရေခဲစိမ်ထားသော ကိုကာကိုလာဘူးနှင့် အာလူး ကြော် ရောက်လာသည်။ အာလူးကြော်ကို စိမ်ဆွဲ၍စားရင်း ကိုကာကိုလာ ကို သောက်သည်။ မျက်စိက ပစ်မှတ်ဖြစ်သော ဆိုင်မှာ. .။

စက္ကန့်မှမိနစ်၊ မိနစ်မှ နာရီ၏အစိတ်အပိုင်းများသို့ ကူးသွား၏။

မည်သို့မျှ ထူးခြားမှုယိမတွေ့။ သာမန်စျေးဝယ်သူတွေသာ ဝင် ထွက်သွားလာနေကြ၏။ သံသယဖြစ်စရာမမြင်။

တစ်ခါတစ်ရံ ရရှိသောသတင်းက ဤသို့ဖြစ်တတ်၏။ သို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အတည်ပြုချက်မရနိုင်ဘဲ လှုပ်ရှားမှုဝင်၍မဖြစ်။ ဦးစွာ ထောက်လှမ်းရသည်။

မင်းခန့် စခန်းသို့ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

စားပွဲပေါ်သို့ ကျသင့်ငွေကိုချကာ စားပွဲမှထပြီး ဆိုင်ထဲမှအထွက်တွင် မြင်ကွင်းထဲသို့ လှပသောအမျိုးသမီးတစ်ဦး ဝင်လာသည်။

ဆံပင်ကို လှပစွာပုံသွင်းထားပြီး အရောင်မှာ ရွှေရောင်ဖြစ်၏။ အသားက ဆွတ်ဆွတ်ဖြူသည်။ နေကာမျက်မှန်တပ်ထားသည်။ တီရှပ်အင်္ကျီကျပ်ကျပ်ကလေးနှင့် အသားပျော့ဘောင်းဘီနက်ကလေးကို ဝတ်ထားသည်။ အဝတ်အစားက ခန္ဓာကိုယ်၏အနေအထားအတိုင်း ကောက်ကြောင်းဖော်ပေးနေသည်မို့ သူမ၏အချိုးအစားလှပမှုက မြင်သူပုရိသတို့ ငေးစရာ။

လမ်းလျှောက်ပုံနှင့် ဟန်ပန်ကလည်း စပ်ိုင်လ်အပြည့်။

ဆွဲထားသော ဆလင်းဘက်ကလေးကို ယမ်း၍ လျှောက်လာနေသည်မှာ ခန္ဓာကိုယ်အလှုပ်အယမ်းတွေနှင့် စည်းချက်ကျနစွာ။ လက်ကိုင်ပဝါပတ်ထားသော ဘယ်လက်ကလည်း ဝယ်လာသောပစ္စည်းများထည့်ထားသည့် အိတ်တစ်လုံးနှင့်။

သူမက မင်းခန့်ထွက်လာရာ စားသောက်ဆိုင်ဘက်သို့ မလာဘဲ ကွေ့သွားသည်။

စစချင်းမှာတော့ သူမကို ထူးခြားမှုရှိ၍ ဆွဲဆောင်မှုရှိ၍ မင်းခန့် သတိထားလိုက်မိခြင်းဖြစ်သည်။

သို့သော် ကွေ့အသွားတွင် မြင်လိုက်ရသော သူမ၏မျက်နှာက မြင်ဖူးသလိုပဲဟု မင်းခန့်တွေးလိုက်မိ၏။ ဘယ်မှာတွေ့ဖူးပါလိမ့်၊ ဘယ်သူနှင့်တူပါလိမ့်ဟု မင်းခန့်အပြေးအလွှားတွေးသည်။

သူမက ဖန်စီပစ္စည်းဆိုင်တစ်ခုရှေ့တွင်ရပ်ကာ မှန်ကော့စ်ထဲမှ ပစ္စည်းများကို ငုံ့ကြည့်နေသည်။





မင်းခန့် သူမရှိရာသို့ ခပ်ဖြည်းဖြည်းလျှောက်သွားလိုက်သည်။

သူမသည် အရောင်းဝန်ထမ်းက ဖန်စီလက်ကောက်များ ထုတ်ပြသည်ကို ကြည့်နေရာမှ မင်းခန့်ဘက်သို့ အမှတ်မထင် လှည့်ကြည့်သည်။

"ဟာ. . မမရှား"

နှုတ်မှ လွှတ်ခနဲအော်မိမလို ဖြစ်သွားသည်။ ခြေလှမ်းတွေ တုံ့ခနဲရပ်သွားသည်။

သူမနှင့်မင်းခန့် အကြည့်ချင်းဆုံနေသည်။ သူမကလည်း သူ့ကိုမြင်ပြီး ဆက်၍ကြည့်နေသည်။ အကြည့်မလွှဲ. . ။ မင်းခန့်ကလည်း သူမကိုကြည့်နေမိဆဲ။

မင်းခန့်ခေါင်းထဲမှာ အတွေးတွေ ဆက်တိုက်ပေါ်လာ၏။

သူမသည် မေစံရှားမဟုတ်။

သူမသည် မေစံရှားနှင့်တူသည်။

ဦးသက်မွန်သည် မေစံရှားနှင့်တူသော မိန်းကလေးတစ်ဦး၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

သူမသည် ဦးသက်မွန်ကို သတ်ခဲ့သူပေလား။

အခြားသော အတွေးစတစ်ခုကလည်း. .

သူမကို သိနေသည်ဟု ထင်သည်။

သူမကို ရင်းနှီးနေသည်ဟု ထင်သည်။

သူမသည် ဘယ်သူလဲ။

ထိုအချိန်မှာပင်. .

သူမသည် မင်းခန့်ကိုကြည့်နေရာမှ လှုပ်ရှားသွား၏။ ဖန်စီလက်ကောက်များကို ထပ်မံ၍မကြည့်တော့ဘဲ နေရာမှ လှည့်၍ထွက်သွားသည်။ လှုပ်ရှားမှုက သွက်လက်လျင်မြန်ပါဘိခြင်း။

မင်းခန့်သည်လည်း လှုပ်ရှားသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဦးသက်မွန်ကိုသတ်ခဲ့သော လူသတ်သမားဖြစ်နိုင်သည်။ သူမကို အလွတ်ပေး၍မရ။ သူမကို ခြေရာခံရမည်။

မင်းခန့်၏ခြေထောက်များက သူမနောက်သို့. .။

သူမက ခပ်သွက်သွက်ခြေလှမ်းများဖြင့် လျှောက်သွားနေရာမှ အကွေ့တစ်ခုတွင် နောက်သို့ ဖျတ်ခနဲလှည့်ကြည့်သည်ကို တွေ့ရ၏။ မင်းခန့်လိုက်လာသည်ကို သူမသိသွားပုံရသည်။ လေကားဆီသို့ ခပ်သုတ်သုတ်လျှောက်သွားသည်။

မင်းခန့် သူမကို မျက်ခြည်မပြတ်စေရန် သူမ၏ခြေလှမ်းများနှင့် အမီလိုက်လာ၏။ မျက်လုံးက လှမ်းကြည့်. .။ ခြေလှမ်းက အသွက်နှင့်. .။

သူမနှင့် မင်းခန့် လိုက်တမ်းပြေးတမ်းကစားနေသလို. .။

သူမ လေကားမှ ပြေးဆင်းသွားသည်။ မင်းခန့်သည်လည်း သူမဆင်းသွားသောလေကားမှ တက်လာသည့်လူများကို ကွေ့ရှောင်ကာ လိုက်၍ တိုး၍ ကွေ့၍ ပြေးဆင်းသည်။

ပထမထပ်မှာ သူမကို မျက်ခြည်မပြတ်သေး။

သူမက နောက်သို့ပြန်လှည့်ကြည့်ရင်း ဆိုင်တန်းများ၏ လမ်းကြားများသို့ ဟိုမှသည်မှ ကွေ့ချိုးသွားနေသည်။ မင်းခန့်ကို သူမက မျက်လှည့်ပြချန်ထားရစ်ခဲ့လိုပုံရသည်။ သို့သော် မင်းခန့်ကလည်း လျင်ပြီးသား။

မောက်ကလိုက်သည့်အခါ လိုက်သည်။ ရှေ့မှပိတ်ဆို့နိုင်ရန် ဖြတ်လမ်းကလိုက်သည့်အခါ လိုက်သည်။ လေကားက သူမဆင်းသွားပြန်သည်။

မြေညီထပ်ရောက်လာ၏။

ဈေးဝယ်သူများက ပိုမိုများပြားနေသည်မို့ မင်းခန့် သူမကို အမီကြိုးစားပြီး လိုက်နေရ၏။ သူမကလည်း သွက်သလားမမေးနှင့်။





လူအုပ်ကြားမှာ မြွေတစ်ကောင်လို လျှောခနဲလျှောခနဲ တိုးသွားနိုင်သည်။

ထွက်ပေါက်သို့ သူမရောက်သွားပြီ။

မင်းခန့် သူမကိုလှမ်းကြည့်ရင်း ပြေးအလိုက်မှာ အကွေ့မှချိုးလာသော မိန်းမငယ်တစ်ဦးနှင့် ဝင်တိုက်သည်။ မိန်းမငယ်ကလည်း ဆိုင်များကိုငေးလာသူမို့ မင်းခန့်ကိုမမြင်။

"အင့်. .အမလေး"

မိန်းကလေးက မင်းခန့်အရှိန်နှင့် ပြေးလာသော ကိုယ်လုံးနှင့် တိုက်မိကာ ဘေးသို့လွင့်၍ လဲကျသွား၏။

မင်းခန့်ထူပူသွားသည်။ အားနာစိတ်ဖြင့် မိန်းကလေးကို ကမျာကယာဆွဲထူရင်း တောင်းပန်သည်။

"ဆောရီးပဲဗျာ. . တောင်းပန်ပါတယ်။ ကျွန်တော့်မိတ်ဆွေကို တွေ့လို့ အလောတကြီး ပြေးလိုက်လာမိလို့ပါ"

"ရပါတယ်ရှင်. . ကိစ္စမရှိပါဘူး"

မိန်းကလေးက ရှက်မျက်နှာနီတွေးတွေးနှင့် ပြန်ပြောပြီး နောက်ပါလာသော အဖော်ကိုခေါ်ကာ ထွက်သွားသည်။

မင်းခန့် နေရာမှ ဆက်၍ပြေးထွက်ခဲ့သည်။

ထွက်ပေါက်မှ အပြင်သို့ရောက်ချိန်တွင် သူမကို အရိပ်အယောင်မျှ မမြင်ရတော့။ သူမ ဘယ်ဘက်ကိုသွားပြီနည်း။

ကားမှတ်တိုင် လူအုပ်စုများရှိရာသို့ မင်းခန့်ပြေးသွားပြီး သူမကိုလိုက်ရှာတော့လည်း မတွေ့။

ကားနှင့်ပါသွားပြီလား။ အငှားကားနှင့်ပဲ ပြန်သွားသလား။ ကိုယ်ပိုင်ကားနှင့်ပဲ ပြန်သွားသလား။

မျက်ခြည်ပြတ်သွားရသည်ကို မင်းခန့်မကျေနပ်။

"တောက်. . နာတယ်ကွာ"

ဘတ်စ်ကားမှတ်တိုင်မှာ မင်းခန့် တဖျစ်တောက်တောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှသည်မှ အစုန်အဆန်လျှောက်ကာ ရှာသဲ။
သူမကား မြေလျှိုးမိုးပျံသွားလေပြီ။

❦ ❦ ❦ ❦ ❦

# ၁၈

သတင်းရထားသည့်အတိုင်း ရဲအုပ်မောင်မောင်သန်းနှင့်အဖွဲ့တို့ အရပ်ဝတ်ဖြင့် ကိုယ်ယောင်ဖျောက်ကာ ဆေးဆိုင်ကို စောင့်ကြည့်နေကြသည်။

အမာခံသတင်းပေး၏ အဆိုအရမူ သည် 'ဇီဝက' ဆေးဆိုင်သည် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းဝယ်နေသည်တဲ့။

ဇီဝကသို့ လူတစ်ယောက်သည် ညဘက်၌ ပစ္စည်းများလာပို့တတ်သည်ဟုဆိုသည်။

ဇီဝကဆိုသည်က ဆေးဆိုင်ကြီးဖြစ်၏။ လူစည်ကားရာ လမ်းမကြီးတစ်ခုပေါ်မှာရှိသည်။ နံနက်စောစောမှနေ၍ ညဆယ့်တစ်နာရီခန့်အထိ ဖွင့်သည်။ အရောင်းအဝယ်ကောင်းသော ဆိုင်ကြီးဖြစ်၏။

သို့သော် ဝိသမလောဘသားဆိုသည်ကလည်း သမွာအာဇီဝဖြင့် တဖြည်းဖြည်းတိုးတက်ကြီးပွားသည်ထက် အချိန်တိုအတွင်း ဆေးကြိမ်လုံးနှင့်တို့လိုက်သလို ဝုန်းခနဲကြီးပွားချမ်းသာချင်ကြသည်။ သည်တော့ တရားဥပဒေအပေါ် ကြိုးတန်းလျှောက်ကာ မစွန့်စားသင့်ဘဲ စွန့်



www.burmeseclassic.com

www.burmeseclassic.com



စားကြတော့၏။

လုပ်သင့်မသင့်ကို မကြည့်တော့။ အတ္တက ကြီးစိုးမင်းမူလေပြီ။ ဘယ်သူသေသေ ငတေမာလျှင်ပြီးရော လုပ်ကြပေပြီ။

"ဒီဆိုင်ကြီးကကွာ. . ရိုးရိုးသားသား ဆေးရောင်းဝယ်နေတာနဲ့ ကြီးပွားနေတာပါ။ မဟုတ်တာ လုပ်ပါ့မလား"

ဟု ရဲအုပ်မောင်မောင်သန်းပင် သတင်းစကားအပေါ် မယုံ့ရဲ ယုံ့ရဲ ဖြစ်နေသည်။

အချိန်က ညဆယ့်တစ်နာရီဝန်းကျင် ရှိနေပေပြီ။

မိုးချုပ်စကတည်းက လူများနေရာခွဲကာ ဆိုင်ကိုစောင့်ကြည့်လာသည်မှာ ယခုဆိုလျှင် အချိန်သုံးနာရီခန့်မျှ ရှိလေပြီ။ မသင်္ကာစရာ အရိပ်အယောင်ကား မတွေ့သေး။

ဆေးဆိုင်နှင့် မျက်စောင်းထိုးမှာရှိသည့် လက်ဖက်ရည်ဆိုင်တွင် ရဲအုပ်မောင်မောင်သန်းနှင့် တပည့်တစ်ဦးတို့ ထိုင်နေသည်မှာ ကြာပြီ။ လက်ဖက်ရည်သောက်ပြီး လေကန်ချင်ဟန်ဆောင်နေသည်ကို ဆိုင်မှ စားပွဲထိုးများကပင် သိပ်မကြည့်ချင်တော့။ ကြာလျှင် မိမိတို့ကိုပင် မသင်္ကာဖြစ်လာနိုင်၍ ငွေရှင်းပြီး ထွက်လာခဲ့ရသည်။

နောက်တစ်ဖွဲ့ကလည်း ခပ်လှမ်းလှမ်းမှာ ဟိုလျှောက်သည်လျှောက်၊ ဟိုငေးသည်ငေးနှင့်။

ရဲအုပ်မောင်မောင်သန်းက လမ်းဘေးကွမ်းယာဆိုင်မှာ ကွမ်းယာဝင်ဝယ်သည်။

ထို့နောက် ဗာဒံပင်အောက် ကွန်ကရစ်ခုံကလေးတွင် ဝင်ထိုင်လိုက်၏။ တပည့်ဖြစ်သူက ဘေးမှာရပ်လျက်. .။

"ဆရာ့. ခုထိ အခြေအနေမထူးဘူး"

အခြားအဖွဲ့မှ ရဲတပ်ကြပ်ကြီးရောက်လာကာ သတင်းပို့၏။

"ဆိုင်ပိတ်ချိန်ထိ စောင့်တာပေါ့ကွာ"





ရဲအုပ်မောင်မောင်သန်းက အဆုံးအဖြတ်ပေး၏။ ရဲတပ်ကြပ်ကြီး ပြန်ထွက်သွားသည်။

သည်နေရာက သစ်ပင်ရှိနေသဖြင့် မှောင်ရိပ်ကျနေသောကြောင့် စောင့်ရသည်မှာ အဆင်ပြေသည်။ လမ်းမီးရောင်ကလည်း ဝေးသည်မို့ ရဲအုပ်မောင်မောင်သန်းတို့ ထိုင်နေသည်ကို ရုတ်တရက် ကြည့်သူမျှ သတိမပြုမိနိုင်။

ခြင်ကိုက်သည်ကိုမူ သည်းခံရ၏။

သည်းခံခြင်းသည် အကျိုးမဲ့ကား မဖြစ်။

ဆယ်နာရီခွဲသာသာတွင် လမ်းသွားလမ်းလာများကြားမှ ဖြည်းဖြည်းလျှောက်လာသော လူတစ်ဦးကို လှမ်း၍သတိမူမိလိုက်သဖြင့် ရဲအုပ်မောင်မောင်သန်း ကိုယ်တွေမတ်ကာ အကြောအချင်တွေလှုပ်ရှားသွားသည်။ အာရုံက နိုးကြားသွား၏။

"ထိန်လင်း. . ဟိုကလာနေတဲ့ကောင်ကို ကြည့်စမ်း"

အနားတွင်ရပ်နေသော ထပည့်ကိုလည်း သတိပေးလိုက်သည်။ ထိန်းထိန်လင်းကလည်း. .

"မြင်တယ်ဆရာ" ဟု တိုးတိုးပြန်ပြောသည်။

ထိုသူမှာ စတိုင်လ်ဘောင်းဘီနှင့် ကုတ်အင်္ကျီကို ဂုတ်ဆင်ထားသည်။ သို့သော် ဆံပင်ကရှည်ရှည်နှင့်။ ရုပ်က လူရည်သန့်ရုပ်မျိုးမဟုတ်။ လက်တွင်လည်း အိတ်အမည်းတစ်လုံးကို ဆွဲလာသည်။ လမ်းလျှောက်ပုံမှ ဖြည်းဖြည်းမှန်မှန်။ ဣန္ဒြေရရပင်ဖြစ်၏။ သို့သော် သူ့ခေါင်းကမူ ဟိုဒီဒီ ငုံ့စောင်းကြည့်လိုက်၊ နောက်ပြန်ကြည့်လိုက် ရှိနေ၏။

သာမန်လူတစ်ယောက်၏ အမူအရာမျိုး ရိုးသားအေးဆေးသည့် သဏ္ဌာန်မရှိ။ နောက်ကျောမလုံစိတ်ကို သူ့ဟန်ပန်က ဖော်ပြနေကြောင်း တွေ့အကြုံများလှသော ရဲအုပ်မောင်မောင်သန်းက အကဲခတ်မိ၏။

ရဲအုပ်မောင်မောင်သန်း ထိုနေရာမှ ထလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့လိုပင် အခြားတစ်ဖွဲ့ကလည်း လမ်းတစ်ဖက်မှနေ၍ အိတ်နှင့်လူကို အကဲခတ်နေကြသည်။

အိတ်နှင့်လူသည် လျှောက်လာသောနေရာမှ တစ်ခဏရပ်လိုက်ကာ ဇီဝကဆေးဆိုင်ကြီးရှိရာသို့ လှမ်းကြည့်သည်။ ဘေးဘီငဲ့ကြည့်၏။ ထို့နောက် ဆေးဆိုင်ကြီးဆီသို့ တစ်လှမ်းချင်းလျှောက်သွားကာ အတွင်းသို့ဝင်သွားသည်။

ရဲအုပ်မောင်မောင်သန်းအဖို့ လှုပ်ရှားရန် အချိန်ကျပေပြီ။

အနားတွင်ရှိသော နယ်ထိန်းထိန်လင်းကို လက်တို့ကာ သူတို့၏ခြေလှမ်းကို ဇီဝကဆေးဆိုင်သို့ ဦးတည်လိုက်ကြ၏။ သူတို့၏လှုပ်ရှားမှုအရိပ်အကဲကို စောင့်နေသော တစ်ဖက်မှအဖွဲ့ကလည်း လမ်းကိုဖြတ်ကူးလာသည်။

ရဲအုပ်မောင်မောင်သန်းတို့ ဆိုင်တွင်းပင်သွားကြချိန်မှာ ဆေးဝယ်သူအချို့ရှိနေ၏။ ကောင်တာမှာ အရောင်းဝန်ထမ်းအမျိုးသမီးများလည်း ရှိ၏။ လူရွယ်တစ်ယောက်က အနောက်မှထွက်လာကာ. .

''ဘာအလိုရှိပါသလဲခင်ဗျာ''

ဟု မေးသည်။

အိတ်နှင့်လူကိုကား မတွေ့ရ။

အတွင်းဘက်အခန်းတစ်ခန်းမှာ ရှိနေနိုင်သည်။

ရဲအုပ်မောင်မောင်သန်းခေါင်းက ကွန်ပျူတာတစ်ခုလို အလုပ်လုပ်လျက်ရှိ၏။ မသေချာဘဲနှင့် အတင်းစစ်ဆေးလျှင် သင့်မလား၊ အခြေအနေကိုကြည့်ပြီးမှ ဝင်လျှင် ကောင်းမလား။

''ငါ့မိတ်ဆွေတစ်ယောက်လာတာ တွေ့လို့ပါဗျာ။ အိတ်တစ်အိတ်ပါတယ်လေ။ သူဘယ်ရောက်သွားလဲ''

ရဲအုပ်မောင်မောင်သန်းက မေးလိုက်သည်။

လူရွယ်မျက်နှာပျက်သွားသည်။





''အိတ်နဲ့လူ တစ်ယောက်မှမလာပါဘူးခင်ဗျာ''

ဖြေသည့်အသံမှာ တုန်နေကြောင်း ရဲအုပ်မောင်မောင်သန်းသိ သေချာပြီ။ ရိုးသားမှန်ကန်လျှင် သည်ငနဲ လိမ်စရာအကြောင်းမရှိ။

လူရွယ်ကို တွန်းဖယ်ကာ ရဲအုပ်မောင်မောင်သန်း အတွင်းသို့ ဆက်ဝင်သွားသည်။ ယိုင်သွားပြီး ''ခင်ဗျား. .'' ဟူသော အံ့ဩတကြီး အော်လိုက်သောလူရွယ်အား နယ်ထိန်းထိန်လင်းက လက်မောင်းကို ဆွဲကာ တင်းတင်းကိုင်ထားလိုက်သည်။ နောက်မှဝင်လိုက်လာသော ရဲအုပ်ကြပ်ကြီးသန်းမောင်နှင့် ရဲသားဇေအောင်မင်းက ရဲအုပ်မောင်မောင်သန်းနောက်သို့ လိုက်ဝင်သွား၏။

ထိုအချိန်တွင်. . .

အခန်းတစ်ခန်း၏တံခါး ဝုန်းခနဲဖွင့်ကာ လူတစ်ယောက်ပြေးထွက်လာသည်။ စောစောက အိတ်နှင့်လူပဲ ဖြစ်ပါ၏။

ထိုသူက ရဲအုပ်မောင်မောင်သန်းကိုမြင်သည်နှင့် နောက်ဖေးဘက်သို့ ဝင်ပြေးသည်။

''ဟေ့ကောင်. . မပြေးနဲ့''

ရဲအုပ်မောင်မောင်သန်းက ပြေးလိုက်သွားသည်။ မမီ. .။ ထိုသူက တိုက်ခန်း၏အနေအထားကို ကျွမ်းကျင်ပုံရ၏။ နောက်ဘက်ထွက်သောတံခါးမှ နောက်ဖေးလမ်းကြား မှောင်ထဲသို့ ပြေးထွက်သွားသည်။

ရဲအုပ်မောင်မောင်သန်း မစဉ်းစားအားတော့။ နောက်ဖေးလမ်းကြားထဲ ဆက်၍ပြေးလိုက်ခဲ့သည်။

ကြိုတင်အစီအစဉ်ချပြီး မှာကြားထားသည်မို့ ဆေးဆိုင်ထဲတွင် နယ်ထိန်းထိန်လင်းနှင့်အဖွဲ့ လုပ်စရာရှိသည်များ ဆက်၍လုပ်ပေလိမ့်မည်။ သူတို့ကို စိတ်ချရသည်။ အရေးကြီးသည်က ပြေးသူကိုမိဖို့. .။

ရှေ့မှပြေးသူကား နောက်ဖေးလမ်းကြားအတိုင်း တအားကုန်ပြေးနေသလို ရဲအုပ်မောင်မောင်သန်းကလည်း အားကုန်လိုက်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား၊ အကွာအဝေးမှာ ကိုက်နှစ်ဆယ်ခန့်ရှိမည်။

"မပြေးနဲ့. . ရပ်"

ရဲအုပ်မောင်မောင်သန်း အော်သော်လည်း၊ ပြေးသူက မရပ်

ထိုသူ နောက်ဖေးလမ်းကြားအဆုံးမှ အပြင်သို့ရောက်သွားပြီး လွတ်သွားမှာစိုး၍ ရဲအုပ်မောင်မောင်သန်း အားစိုက်ပြီး ပြေးလိုက်သည် မောသည်ကို ဂရုမထားနိုင်။

ရဲအုပ်မောင်မောင်သန်း နောက်ဖေးလမ်းကြားမှထွက်ချိန်တွင် ရှေ့မှပြေးသောင်နဲက ပလက်ဖောင်းအတိုင်းပြေးနေရာက တစ်စုံတစ်ဦးကို လက်လှမ်းပြပြီး အော်လိုက်သည်။ အချက်ပေးခြင်းဖြစ်နိုင်၏။

ရဲအုပ်မောင်မောင်သန်း သူ့ကိုအမီလိုက်ကာ အရဖမ်းဖို့ ကြိုး စားသည်။

ထိုအခိုက်အတန့်တွင်. .

လမ်းတစ်ဖက် အမှောင်တစ်နေရာ၌ ရပ်ထားသော အနက် ရောင်ကားတစ်စီးက မီးထိုးပြီး မောင်းနှင်လာ၏။

ရှေ့မှပြေးသူက ထိုကားရှိရာသို့ လမ်းကိုဖြတ်ကူးပြီး ပြေးသွား သည်။

"ဟိတ်. . ရပ်လိုက်"

ရဲအုပ်မောင်မောင်သန်းက ထိုသူလွတ်မသွားအောင် အားသွန် ပြီး အမီပြေးလိုက်သည်။

အဖြစ်အပျက်က မယုံချင်စရာ။ မြန်လည်းမြန်၏။ ဆန်းလည်း ဆန်း၏။ ပြေးသူက ကားထံသို့ အားကိုးတကြီးပြေးသည်။ ကားပေါ် တက်၍ပြေးမည်ဟူသော ရည်ရွယ်ချက်။ ရဲအုပ်မောင်မောင်သန်းကလည်း လက်လွတ်မခံအလိုက်။ ကားနက်ကြီးက လမ်းကိုဖြတ်၍ပြေးလာသူကို ကယ်၍ခေါ်မသွားဘဲ အရှိန်ဖြင့်တိုက်ချလိုက်ကာ ဂူးခနဲ တစ်ရှိန်ထိုး မောင်းပြေးသွားသည်။





"ဟာ. ."

"ကားတိုက်သွားပြီဟ"

အနားရှိလူများ၏ ထိတ်လန့်တကြား အော်ဟစ်လိုက်သံများ ဆူညံသွားသည်။

ကားဖြင့်အတိုက်ခံရသူ အပြေးသမားသည်ကား၊ ကားဦးမှ အရှိန်ဖြင့်လွင့်စင်ကာ လမ်းပေါ်သို့ပြုတ်ကျပြီး လိမ့်သွားသည်။

ရဲအုပ်မောင်မောင်သန်း ရောက်သွားသောအခါ လုံးဝမလှုပ်ရှား တော့။ သွေးအိုင်ထဲမှာ မြင်ရက်စရာမရှိ။ ဒုစရိုက်လောကသားတို့၏ နိဂုံးကား ဤသို့ပါတကား။

ကားနက်ကြီးကား ပျောက်သွားခဲ့ပြီ။ မှောင်ထဲသို့. .။

www.burmeseclassic.com

www.burmeseclassic.com

## ၁၉

"'အစ်ကိုကြီး. . ဖုန်း"

"ဟာ. . အရေးထဲကွာ"

ဦးဒိဗ္ဗက ဖက်ထားသောမဒီကို မခွာချင့်ခွာချင်ခွာကာ အိပ်ရာပေါ်မှ ထထိုင်လိုက်သည်။ ခုတင်ဘေး စားပွဲပုလေးပေါ်တွင် တင်ထားသော လက်ကိုင်ဖုန်းကို လှမ်းယူသည်။

မီးရောင်ပြာလဲ့လဲ့အောက်မှ မဒီက သူ့ကိုကြည့်နေ၏။

"ဟဲလို"

"ဆရာကြီး. . ကျွန်တော်တို့ ကြိုးတစ်ချောင်းပြတ်သွားပြီ"

"ဘာ. ."

"ပစ္စည်းသွားအပို့မှာ ရဲတွေက ကြိုသတင်းရထားလို့ထင်တယ်။ တိမ်တစ်လုံး ဆိုင်ထဲအဝင်မှာ လိုက်ပြီးပိတ်ဖမ်းကြတယ်။ တိမ်တစ်လုံး





နောက်ဖေးလမ်းကြားကနေ ထွက်ပြေးတယ်။ ရဲက နောက်ကလိုက်လာတယ်။ ကျွန်တော်က တိမ်တစ်လုံးကိုကယ်ဖို့ ကြိုးစားပေမယ့် မရတော့ဘူး။ သူ့ကို မကယ်နိုင်ဘဲ ကစ်နွယ်ငင်တစ်စင်ပါ ပေါ်ကုန်မှာစိုးလို့ တိမ်တစ်လုံးကို ကားနဲ့တိုက်ပစ်ခဲ့ပြီး မောင်းထွက်ပြေးခဲ့ရတယ်"

"ဒါဖြင့် တိမ်တစ်လုံးက. ."

"ဝိညာဉ်ချုပ်သွားပြီထင်တာပဲ ဆရာကြီး"

"ပစ္စည်းတွေ. ."

"အဲဒါတွေတော့ ရဲတွေနောက်ပါသွားမှာပဲ။ ဆိုင်လည်း ကွဲသွားပြီ"

"တောက်. ."

"ဆရာကြီး. . ကျွန်တော်ဘာဆက်လုပ်ရမလဲ"

"မင်းနောက်ကို ဘယ်သူလိုက်လာသေးလဲ"

"ဘယ်သူမှ ပါမလာဘူး"

"ကောင်းတယ်။ မင်းလုပ်ခဲ့တာ ကောင်းတယ် ယကွ။ ပိုသေချာအောင် မနက်ဖြန် တိမ်တစ်လုံးရဲ့သတင်းရယ်၊ ဇီဝကသတင်းရယ် နားထောင်လိုက်။ ရရင် ငါ့ဆီသတင်းပို့။ ကြားလား"

"ဟုတ်ကဲ့. . ဆရာကြီး"

ဦးဒိဗ္ဗ ဖုန်းကိုပိတ်သည်။ ရှုသည်။ ခုတင်မှာ စိတ်အနှောင့်အယှက်ဖြစ်စွာ ပြန်ထိုင်ချလိုက်သည်။

"ဘာဖြစ်လို့လဲဟင်. . အစ်ကိုကြီး"

မဒီက ကြာနွယ်လိုလက်ချောင်းများဖြင့် ဦးဒိဗ္ဗ၏လည်ပင်းကို နောက်မှသိုင်းဖက်ကာ ရွဲနွဲ့နွဲ့မေးသည်။ ထိုအထိအတွေ့က ဦးဒိဗ္ဗကို ငြိမ်းစေသည်။

"မဒီလေးနဲ့ မဆိုင်ပါဘူးကွာ။ မသိချင်စမ်းပါနဲ့"

"ဟုတ်ပါပြီ. . ထားလိုက်ပါတော့။ မဒီက အစ်ကိုကြီးစိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com



စရာရှိရင် ခွဲဝေယူဖို့ မေးတာပါ။ ကဲ. . အဲဒါဆိုရင် မဒီနဲ့ဆိုင်တာ မေးမယ်နော်။ မဒီ့ကို အစ်ကိုကြီး တကယ်ချစ်တာလား"

ဦးဒိဗ္ဗ၏ကိုယ်ကို ဆွဲလှည့်ရင်း မေးသည်။

"မေးနေရသေးလား. .။ ချစ်တာပေါ့"

မဒီက မဲ့လိုက်သည်။

"ချစ်တယ်သာပြောတယ်။ ခုထိ မဒီကို အစ်ကိုကြီးလက်ထ မယူသေးဘူး။ မဒီက အမြဲ ဒီလိုပဲနေရမှာလားလို့. ."

သည်းသည်းလေး၊ ချွဲချွဲလေး အမူပိုပိုနှင့်မေးသည်။ ညို့အ ကောင်းသော မာယာမျက်လုံးများက ဦးဒိဗ္ဗကို ဖမ်းစားထားသည်။

"ဘယ်ဟုတ်မလဲ။ အစ်ကိုကြီးက တင့်တင့်တယ်တယ်ကို လ ထပ်မှာ။ အခုဟာက အခြေအနေတွေ ရှုပ်ထွေးနေသေးလို့ပါ"

မဒီကို ပြန်ဖက်ရင်း ပခုံးသားလေးကွေ့ကို ပွတ်သပ်ကျီစ ရင်း ဦးဒိဗ္ဗပြောသည်။

"ဒါပဲနော်. .။ အစ်ကိုကြီးစကား အစ်ကိုကြီးမမေ့ရဘူး"

"မမေ့ပါဘူးဗျာ။ စိတ်ချပါ။ ကဲ. ."

"အို. . အမေ့"

❦ ❦ ❦ ❦ ❦

# ၂၀

မြနှင်းဆီ အိပ်ရာမှထလိုက်သည်။ အိပ်မပျော်သောအခါ ညသည် တာရှည်သည်ဟူသောစကားကို မြနှင်းဆီသတိရလိုက်၏။

ယခု ဘယ်အချိန်ရှိနေပြီမသိ။

သန်းခေါင်ကျော်ခဲ့ပြီမှာမူ သေချာသည်။

မြနှင်းဆီ အိပ်မပျော်နိုင်သေး. .။

ပြတင်းဝမှာ ရပ်လိုက်သည်။ လရောင်က မှန်ပြတင်းကိုဖြတ်၍ ကျလာကာ မြနှင်းဆီမျက်နှာပေါ်မှာ နားခိုနေ၏။

အပြင်မှာ တိတ်ဆိတ်နေသည်။ ကားသံ၊ လူသံ၊ အားလုံး တိတ်နေပြီ။

လရောင်အောက်မှ မြို့ပြအဆောက်အအုံတွေက ငြိမ်ငြိမ်သက် သက်။

သို့သော် သည်မြင်ကွင်းတွေကို မြနှင်းဆီစိတ်မဝင်စားပါ။ ဒါ တွေက မြနှင်းဆီအဖို့ အသက်မဝင်သော ရုပ်တုများသာ။

ယခုအချိန်မှာ အသက်ဝင်နေသည်က မြနှင်းဆီနှလုံးသားပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဆန့်ကျင်ဘက်ဖိုသဘ္တဝါတွေနှင့် လက်ပွန်းတတီး နေခဲ့၊ ထိုင်ခဲ့၊ အတူတူအလုပ်လုပ်ခဲ့ဖူးခဲ့၊ ရင်ဘောင်တန်းယှဉ်ပြိုင်တိုက်ခိုက်ဖူးခဲ့ပေါင်းများပြီ။ ကြာခဲ့ပြီ။ သည်နှလုံးသားက တစ်ကြိမ်မျှ မလှုပ်ရှား၊ ပန်းကြားဖူးခဲ့။

စင်စစ် ထိုနှလုံးသားကို ရှိမှန်းပင် မြနှင်းဆီမသတိမှတ်ခဲ့။

နိစ္စဓူဝ မြနှင်းဆီအာရုံများက စွန့်စားဖို့၊ တိုက်ခိုက်ဖို့သာ ဖြစ်ခဲ့၏။ မိန်းမကြမ်းကြီးဟုပြောသော် ရနိုင်၏။

ယခုမူ ဆန့်ကျင်စွာ၊ ထူးခြားစွာ၊ ဆန်းကြယ်စွာ၊ လျှို့ဝှက်စွာ၊ နားမလည်နိုင်စွာ ထိုဒိုင်မောကျနေသောနှလုံးသားက နိုးကြားလှုပ်ရှားလာ၏။

ကြည့်. . ။

သူ. . ။

ဘူတာရုံတွင် တစ်ကြိမ် သူ့ကိုတွေ့ခဲ့ရသည်။ ဘောင်းဘီရှည်နှင့် စပို့ရှပ်နှင့်၊ လယ်သားဦးထုပ်နှင့်. . ။ ငယ်ရွယ်နုပျိုလျက် အပြစ်ကင်းစွာရှင်သန်နေသော မျက်နှာနှင့်. . ။

ဘူတာရုံမှာတုန်းကတော့ မြနှင်းဆီကသာ သူ့ကိုတွေ့ခဲ့ခြင်းဖြစ်ပြီး သူနှင့်အကြည့်ချင်းမဆုံဖူးခဲ့။

သည်နေ့ ပလာဇာမှာတော့ ထူးဆန်းစွာ တိုက်ဆိုင်ကြုံတွေ့လာပြန်ခဲ့သည်။ နေကာမျက်မှန်နှင့် ဂျင်းဘောင်းဘီနှင့် စတိုင်ကျလှသောသူ. . ။

သူနှင့် အကြည့်ချင်းဆုံခဲ့သည်။

သူက စိုက်ကြည့်နေသည်ကို ကြုံခဲ့ရသည်။

သူ့မျက်နှာက အံ့အားတသင့်အရိပ်များ ရှိနေခဲ့သည်။

သည်မျက်နှာနုနုကလေးနှင့် သူက မြနှင်းဆီထက် ငယ်ပုံရသည်။ မြနှင်းဆီလိုလည်း အတွေ့အကြုံမရင့်ကျက်သောပုံ ပေါ်သည်။





ကလေးလေးလို မြင်သည်။

သူနှင့်အဆုံမှာ မြနှင်းဆီ၏စိတ်ထဲတွင် ပေါ်စိတ်စုံတစ်ခုသောခံစားမှု ပေါ်လာသည်။ သူ့ကိုခင်တွယ်သည့်စိတ်မျိုး၊ သူ့ကိုကျွမ်းဝင်နေသည့်စိတ်မျိုးဟု မြနှင်းဆီယူဆသည်။

ဆုပွက်သောအသွေးအသားက လှုံ့ဆော်သည့် အရိုင်းစိတ်မဟုတ်။ တပ်မက်စိတ်မဟုတ်။ တဏှာနွယ်သောစိတ် မဟုတ်။ သန့်စင်သော၊ ကြည်လင်သော၊ အေးမြသော နွယ်ငင်မှုဟု မြနှင်းဆီတွေးကြည့်သည်။ ပူလောင်မှု လုံးဝကင်းသည်။ တစိမ့်စိမ့်ယိုစီးကျသော အရာတစ်ခုဟု မြနှင်းဆီမှန်းဆမိသည်။

'ဒါ. . ဘာလဲ'

'ဘာဖြစ်တာလဲ'

'ဘာခံစားမှုလဲ'

ယောက်ျားနှင့်မိန်းမ တွေ့ကြသည့်အခါ ရင်ခုန်၊ လှိုက်မော၊ တပ်မက်၊ စွဲလမ်း၊ ငြိတွယ်. . ။ အဲသည်လိုမျိုးမဟုတ်တာ သေချာသည်။

သူက ဘယ်သူလဲ။

ဘာကြောင့် သူ့ကို သည်လိုတွယ်ငြိနေတာလဲ။

မြနှင်းဆီ အဖြေရှာမရ။

ပြီးတော့. .

ဘာကြောင့်မှန်းမသိ၊ သူနှင့်ဆုံအတွေ့မှာ မြနှင်းဆီထွက်ပြေးခဲ့မိသည်။ သူ့အမူအရာတွေ၊ ဟန်ပန်တွေ၊ အကြည့်တွေက ရူးစမ်းမှုတွေ ရှိနေရဲ့ပဲလား။ သူကကော မိမိကိုတွေ့ပြီး ဘာကြောင့် လှုပ်ရှားဟန်များ ပေါ်နေတာလဲ။

သူက ရဲမျှားလေလား။

ဖြစ်နိုင်ခြေတော့ ရှိသည်။

မိမိပြေးပြီဆိုသည်နှင့် သူက ထက်ကြပ်မကွာလိုက်သည်။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူက အဲသည်လိုလိုက်တာလဲ။

မိမိက မလုံလဲတာဖြစ်နိုင်သလို သူကလည်း တစ်စုံတစ်ခုကို မသင်္ကာတာ ဖြစ်နိုင်သည်။

သူနှင့်မိမိသည် ပြေးသူနှင့်လိုက်သူ ဖြစ်ခဲ့ရ၏။ တကယ်တမ်းတွင်လည်း ဆန့်ကျင်ဘက်အဖြစ် ရပ်တည်နေသူများ ဖြစ်နေလေမလား။

ကြည့်စမ်း. . ။

မိမိနှင့်တူသော ရွှေနေမလေးမေ့စ်ရှားနှင့်ကျတော့ သူက ရယ်လို့၊ မောလို့၊ ပြုံးလို့။ ပြီးတော့ လေးစားမှုတွေ၊ အထင်ကြီးမှုတွေနှင့်. .။ မိမိကိုကျတော့ တရားခံတစ်ယောက်ဟု အထင်သေးလေသလား။

ဟုတ်ပြီ. . ။

မိမိကို မေ့စ်ရှားနှင့်တူနေသဖြင့် အံ့အားသင့်ပြီး ကြည့်နေခဲ့ခြင်း ဖြစ်နိုင်သည်။ မေ့စ်ရှားနှင့် မိမိက သည်လောက် ဘာကြောင့် ရုပ်ချင်းဆင်တူနေရတာလဲ။ ဒါလည်း မြနှင်းဆီသိချင်သည်။

လောကမှာ လူတူမရှား၊ နာမည်တူမရှားဟု ဆိုကြ၏။ သည်မျှ တိုက်တိုက်ဆိုင်ဆိုင် ရုပ်ရည်၊ အရပ်အမောင်း တူနေသည်မှာမူ ဆန်းကြယ်သည်ဟု ဆိုရမည်။

မေ့စ်ရှားနှင် မိမိသည် ညီအစ်မများ ဖြစ်နေမလား။

ဒက်ဒီဦးဒိဗ္ဗကတော့ မိမိတွင် ညီအစ်မရှိသည်ဟု တစ်ကြိမ်မှ မပြောခဲ့ဖူးပါ။

အမေ. . ။

အမေ့မှာ တခြားသမီးတစ်ဦးရှိနေပြီး ထိုသမီးသည် မေ့စ်ရှား များ ဖြစ်နေမလား။

ဒက်ဒီကရော ဘာကြောင့် ခုထိ အမေနှင့်မြနှင်းဆီကို တွေ့ မပေးသေးတာလဲ။

ဒက်ဒီဦးဒိဗ္ဗကိုလည်း မြနှင်းဆီနားမလည်နိုင်ပြန်။





လွန်ခဲ့သောတစ်နှစ်ကျော်က ဆုံးသွားသော ဒေါ်ဆုဇီသည် မြနှင်းဆီ၏အမေမဟုတ်။ သို့ဖြစ်လျှင် ဒေါ်ဆုဇီ၏အရင်က ဒက်ဒီဦးဒိဗ္ဗ၏ ဇနီးလော။ ဒါကလည်း မသေချာ။

ယခုလည်း မဒီဆိုသော မိန်းမတစ်ယောက်နှင့် ဒက်ဒီဦးဒိဗ္ဗ တွဲနေသည်။ မဒီက ငယ်ငယ်လေးဖြစ်သည်။ မြနှင်းဆီထက် ကြီးလှလျှင် သုံးလေးနှစ်ပေါ့။

သည်ကြားမှာ ဒေါ်ဆုဇီ၏သမီး ခရစ္စတီနာ စင်ကာပူမှပြန် ရောက်လာသည်ကို ကြားရ၏။ မြနှင်းဆီတော့ မတွေ့ဖူးသေးပါ။ ခရစ္စတီနာက ဒက်ဒီဦးဒိဗ္ဗ၏သမီးမဟုတ်ဟု ကိုယ်ကွက ပြောဖူးသည်။ သို့ဆိုလျှင် ခရစ္စတီနာသည် ဒေါ်ဆုဇီ၏ ယခင်အိမ်ထောင်နှင့်ရသော သမီး ဖြစ်ပေမည်။

ဇာတ်လမ်းတွေ ရှုပ်ထွေးလွန်းလှသည်။

သည်အရှုပ်အထွေးတွေကို ဖန်တီးသူမှာ အခြားသူမဟုတ်။ ဒက်ဒီဦးဒိဗ္ဗသာလျှင်ဖြစ်၏။ ဘာကြောင့်များ သည်လိုအရှုပ်အထွေးတွေ ကြားမှာ ဒက်ဒီဦးဒိဗ္ဗပျော်နေပါလိမ့်။ ပြီးတော့ ကုမ္ပဏီတစ်ခုနှင့် အဆင်ပြေနေပါလျက်နှင့် တရားမဝင်သောအလုပ်တွေကိုလည်း လုပ်နေသေးသည်။ ဒက်ဒီဦးဒိဗ္ဗ၏လောကကား ကြောက်စရာကောင်းလွန်းလှသည်။

ယခုနေ့အချိန်မှာ မြနှင်းဆီအနေနှင့် ဝန်ခံရလျှင်. .

မြနှင်းဆီ ဒက်ဒီဦးဒိဗ္ဗကို စိတ်ကုန်သည်။

မြနှင်းဆီ မေ့စ်ရှားကို အားကျသည်။

မြနှင်းဆီ လက်ရှိအခြေအနေတွေကို ပြောင်းပြန်လှန်ကာ မေ့စ်ရှားလို အေးချမ်းသောဘဝတစ်ခု၊ အဓိပ္ပာယ်ရှိသောဘဝတစ်ခုကို ထူထောင်ချင်သည်။

သို့သော်. .

မြနှင်းဆီ၏ရှေ့ရေးက မည်သို့ဖန်တီးလာဦးမည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီ သက်ပြင်းမောကြီးကို ချလိုက်မိပြန်၏။ ဘယ်နှကြိမ် မှန်းမသိတော့သော ပင့်သက်မောကြီးဖြစ်သည်။

ညဥ့်ကား ပို၍နက်ရှိုင်းလာနေလေ၏။

❦ ❦ ❦ ❦ ❦

# ၂၁

မေစံရှားနှင့် ကိုနေသော်တို့ စီးလာသော အငှားကားလေးက ဒေါက်တာဦးလွန်းမောင်၏ခြံဝမှာ ထိုးရပ်လိုက်သည်။ ကိုနေသော်က ကားခရှင်းပေးနေသည်။ မေစံရှားက ခြံတွင်းကို လှမ်း၍အကဲခတ်သည်။ အကဲခတ်ရင်း ကားပေါ်ကဆင်းသည်။

တိုက်က တစ်ထပ်တိုက်ပုကလေးဖြစ်၏။ သစ်ပင်ပန်းပင်တွေ ဝန်းရံထားသော တိုက်ကလေးက ရိုးရိုးကလေးဖြစ်သော်လည်း နေချင့် စဖွယ်ဖြစ်သည်။

ထိုအချိန်တွင် တိုက်ရှေ့တွင်ရပ်ထားသော ကားဖြူကလေးက မောင်းထွက်လာသည်။ ခြံစောင့်က တံခါးကိုဖွင့်ပေးသည်။ ကားက အရှိန် ဖြင့် မောင်းထွက်သွားသည်။

ကားနောက်ခန်းမှာ ပါသွားသူက အသက်ငါးဆယ်ကျော် လူ ကြီးတစ်ဦးဖြစ်သည်။ ဆံပင်နောက်လှန်ဖြီးထားသည်။ ကာလာပါသော ပါဝါမျက်မှန်ကို တပ်ထားသည်။ ရုပ်က သန့်သန့်ခန့်ခန့်ဖြစ်၏။ သို့သော် မာနဖြင့် တင်းနေသောမျက်နှာ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ. . ဦးလွန်းမောင်များလား မသိဘူး"

ကိုနေသော်က ထင်မြင်ချက်မေးသည်။

မေစံရှားက ခြံတံခါးကိုပြန်ပိတ်ရန်ရွယ်နေသော ခြံစောင့်ကြီးနားသို့ ချဉ်းကပ်သွားကာ. .

"ကျွန်မတို့ ဒေါက်တာဦးလွန်းမောင်နဲ့ တွေ့ချင်လို့ပါ"

ဟု ပြောလိုက်သည်။

"ဩော်. . ဟုတ်ကဲ့။ ဆရာရှိပါတယ်။ ဝင်သွားပါ"

ခြံစောင့်ကြီးက ပြောသည်။

ကိုနေသော်နှင့် မေစံရှား ခြံထဲဝင်မိခဲ့ကြ၏။

"စောစောက ကားပေါ်ပါသွားတဲ့လူကြီးကို ရှားမြင်ဖူးနေသလိုပဲ။ ဘယ်မှာ မြင်ဖူးပါလိမ့်"

ဟု မေစံရှားက တွေးတွေးဆဆနှင့် ပြောသည်။

"ကိုကိုလည်း အဲဒီလိုပဲ။ တစ်နေရာရာမှာ တွေ့ဖူးသလိုပဲ။ တစ်ယောက်ယောက်နဲ့တူတာလည်း ဖြစ်နိုင်တယ်"

ကိုနေသော်က ထောက်ခံသည်။

တိုက်အိမ်ဝသို့ ရောက်လာ၏။ ကိုနေသော်က လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ အတွင်းမှာ ခေါင်းလောင်းသံကလေး ဝေစည်သွားသည်။

အိမ်ဖော်ဖြစ်ဟန်တူသူ အမျိုးသမီးတစ်ဦး ထွက်လာသည်။

"ဘာကိစ္စများပါလဲရှင်။ ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

ယဉ်ကျေးသော အမေးစကား. .။

"ဒေါက်တာဦးလွန်းမောင်နဲ့ တွေ့ချင်လို့ပါ"

"ဩော်. . ဟုတ်ကဲ့။ ကြွပါရှင်. ."

အိမ်ဖော်အမျိုးသမီးက သံဘာဂျာတံခါးကို ဆွဲဖွင့်ပေးသည်။ မေစံရှားနှင့် ကိုနေသော်တို့ တိုက်ထဲဝင်လိုက်၏။

တိုက်လေးအတွင်းမှာလည်း လှလှပပလေးဖြစ်သည်။ ခေတ်မီ





အသုံးအဆောင်များဖြင့် ခမ်းနားထည်ဝါမှုရှိလှ၏။ နံရံရှိ ပန်းချီကားချပ်ကြီးများကလည်း စိတ်ဝင်စားစရာ။

အသက်ငါးဆယ်ကျော်ဝန်းကျင်၊ လူရည်သန့်သည့် လူကြီးတစ်ဦး ထွက်လာ၏။ ဒေါက်တာလွန်းမောင်ဖြစ်ဟန်ရှိသည်။

"ထိုင်ကြပါ"

အပြုံးချိုချိုဖြင့် ညှိဝတ်ပျူငှာစွာပြောသည်။

မေစံရှားတို့ ဆိုဖာဆက်တီများတွင် ဝင်ထိုင်ပြီးသည်နှင့် ထိုလူကြီးလ်ကလည်း မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။

"ကျွန်မက မေစံရှားပါ။ ရှေ့နေပါ။ သူကတော့ ကိုနေသော်ပါ။ စာရေးဆရာပါ"

မေစံရှားက သွက်လက်စွာ မိတ်ဆက်စကားဆိုလိုက်၏။

"ဟုတ်ကဲ့. . ကျွန်တော် လွန်းမောင်ပါ။ ဘာကိစ္စများ ရှိလို့ပါလဲ"

ဒေါက်တာလွန်းမောင်က မေးခွန်းထုတ်သည်။ စူးစမ်းမျက်လုံးများဖြင့်လည်း ကြည့်သည်။

"ဒီလိုပါ. .။ ကျွန်မအမှုသည် ခရစ္စတီနာက သူ့အမေဒေါ်ဆူဇီ ကွယ်လွန်တာနဲ့ပတ်သက်ပြီး တစ်ခုခုသံသယရှိနေကြောင်း တင်ပြလာလို့ ကျွန်မက သူ့သံသယရှင်းအောင် စုံစမ်းပေးဖို့ ရောက်လာတာပါ။ အန်တယ်က ဒေါ်ဆူဇီရဲ့ မိသားစုဆရာဝန်ဖြစ်တယ် ဆိုလို့ပါ"

ဒေါက်တာလွန်းမောင်၏မျက်နှာ မဆိုစလောက်လှုပ်ရှားကာ အပြုံးများပျောက်ကွယ်လွင့်စင်သွားသည်။ မျက်လုံးများက မေစံရှားကို တည့်တည့်ကြည့်နေရာမှ လွှဲသွားသည်။ မေစံရှားက အကဲခတ်နေ၏။

"ဟုတ်ပါတယ်။ ကျွန်တော် ဦးဒီဗွနဲ့ ဒေါ်ဆူဇီတို့ရဲ့ မိသားစုဆရာဝန်ပါ။ ဒေါ်ဆူဇီသမီးက ဘာကိုသံသယရှိနေတာလဲ"

ပြန်မေးသည်။ ဒေါက်တာလွန်းမောင်၏ စကားသံများကလည်း စောစောကလို တည်ငြိမ်မနေဟု မေစံရှားက တွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဆူဇီဆုံးတာ ဘာကြောင့်လဲ။ သွေးရိုးသားရိုးဟုတ်ရဲ့လား။ စသည်ဖြင့်ပေါ့လေ. . ။ သူက စင်ကာပူမှာရောက်နေပြီး အချိန်မီလည်း ပြန်မလာနိုင်ခဲ့တာကြောင့် မိခင်ရဲ့အလောင်းကိုလည်း မမြင်ခဲ့ရဘူးလေ။ ဒါကြောင့် ခရစ္စတီနာက သိချင်နေရှာတဲ့ပုံပဲ"

မေစံရွှေက စကားကိုလျှော့၍ ပြောသည်။ ဤနေရာမှာက တရားရုံးလို စစ်မေးနေ၍မရ၊ ဒေါက်တာလွန်းမောင်တွင် ပြောချင်လျှင် ပြောပိုင်ခွင့်ရှိနေသလို မပြောချင်လျှင်လည်း မပြောဘဲနေပိုင်ခွင့် ရှိသည်။ ပြီးတော့ ပြောစကားများမှာ အမှန်ချည်းဖြစ်မည်ဟု တစ်ထစ်ချယုံမှတ်၍ မရ။

သို့ဆိုလျှင် အဖြေမှန်မရနိုင်ပါဘဲနှင့် မေစံရွှေတို့ အဘယ့်ကြောင့် ဒေါက်တာလွန်းမောင်ကို လာတွေ့ပါသနည်း။

လျှို့ဝှက်မှုကို အကဲခတ်ရန်ပင် ဖြစ်သည်။

"အင်းပေါ့လေ. . ။ အန်ကယ်လည်း ကိုယ်ချင်းစာပါတယ်။ မိဘပဲကိုး. . ။ ပြီးတော့ သူတို့မှာက သမီးတစ်ခု၊ အမေတစ်ခုရယ်လေ။ အန်ကယ်စိတ်မကောင်းဖြစ်ရပါတယ်။ ဒေါ်ဆူဇီဆုံးသွားရတာကို နှမရင်းလိုပဲ ခံစားရပါတယ်။ ရောဂါက နှလုံးရောဂါပါပဲ"

ဒေါက်တာလွန်းမောင်၏အဖြေ. . ။

"နှလုံးရောဂါဆိုတာက ဒီခေတ်မှာ ကြောက်စရာကောင်းတဲ့ ရောဂါကြီး မဟုတ်ဘူးလို့ ထင်ပါတယ်။ ပြီးတော့ အန်ကယ့်လို အတွေ့အကြုံရင့်တဲ့ဆရာဝန်တစ်ယောက် ရှိနေလျက်နဲ့ ရုတ်တရက်ဆုံးပါးရတာကို ခရစ္စတီနာက လက်မခံနိုင် ဖြစ်နေတာပါ။ ကုသမယ်ဆိုရင် ဒေါ်ဆူဇီမှာက ငွေကြေးလည်းပြည့်စုံနေတာမဟုတ်လား"

မေစံရွှေစကားမှာက နိုက်ကွက်များပါသည်။

ဒေါက်တာလွန်းမောင် မျက်လုံးများပြူးကျယ်သွားသည်ထင်ရ၏။ ပြီးမှ ဣန္ဒြေဆည်ကာ. .





"အန်ကယ်လည်း ဂရုစိုက်ပါတယ်။ အန်ကယ်ဂရုစိုက်တဲ့ကြားက ဖြစ်သွားတာပါ။ တကယ်ဆို အန်ကယ်လည်း ဖြစ်မယ်မထင်ထားပါဘူး။ ဦးဒိဗ္ဗက သူ့ဇနီးအသည်းအသန်ဖြစ်တယ်ဆိုပြီး ဖုန်းဆက်လို့ အန်ကယ်ရောက်သွားတော့ ဒေါ်ဆူဇီက ဆုံးနေပါပြီ။ အသက်မမီတော့ပါဘူး"

"အန်ကယ် သေသေချာချာ စစ်ဆေးတယ်ပေါ့. . ဟုတ်လား"

မေစံရွှေက ဒေါက်တာလွန်းမောင်၏ မျက်လုံးများကို စိုက်ကြည့်ကာ မေးသည်။

"ဟုတ်ပါတယ်"

"ဒေါ်ဆူဇီဟာ တကယ်ပဲ နှလုံးရောဂါနဲ့ ဆုံးပါးတာလား။ တခြားအကြောင်းတစ်ခုခုများ. ."

"နှလုံးရောဂါကြောင့်ပါ"

ဒေါက်တာလွန်းမောင်က မေစံရွှေစကားကိုဖြတ်ကာ အစောတလျင်ဝင်ပြောသည်။ မေစံရွှေက ကိုနေသော်ကို တစ်ချက်ငဲ့ကြည့်၏။ ကိုနေသော်၏အကြည့်နှင့် ဆုံသွားသည်။

"ဘယ်လိုကြောင့် နှလုံးရောဂါက ခုလိုချက်ချင်းကြီးဖြစ်သွားရတယ်ဆိုတာ အန်ကယ်စစ်ဆေးတွေ့ရှိသလောက် ရှင်းပြပေးပါလား"

မေစံရွှေ၏မေးခွန်းက ထွက်ပေါက်ကို ဘောင်ခတ်ကာ နယ်ပယ်ကို ကျဉ်း၍ယူလိုက်သည်သို့ ဖြစ်၏။

ဒေါက်တာလွန်းမောင် ချက်ချင်းအဖြေပြန်မပေး။

စကားလုံးရွေးသလို ခေတ္တဆိုင်းသွားပြီးမှ. .

"နှလုံးရောဂါရဲ့သဘောက အခုကောင်းနေပေမယ့် တော်ကြာ ရုတ်တရက် ဖောက်ချင်ဖောက်တာလေ။ စိတ်အနှောင့်အယှက်ဖြစ်စရာ၊ လန့်စရာ၊ ကြောက်စရာ၊ စိတ်ဆင်းရဲစရာတွေနဲ့ တွေ့ရင် စိတ်လှုပ်ရှားပြီး ရှော့ခ်ဖြစ်သွားတတ်ပါတယ်။ Attack ပေါ့ဗျာ။ ဒေါ်ဆူဇီလည်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပါပဲ။ အန်ကယ့်ဆီကို ဦးဒိဗ္ဗဖုန်းဆက်တော့ ညဆယ့်နှစ်နာ
ထိုးတော့မယ်။ အန်ကယ်လည်း ချက်ချင်းထလိုက်သွားတာပဲ။ စောစော
ပြောသလို အသက်မမီတော့ဘူး”

“အန်ကယ်တို့ ရဲစခန်းကို အကြောင်းကြားသေးလား”

“ဟာ . . ဒါက ရိုးရိုးသေဆုံးရတာ။ ရဲစခန်းကို အကြောင်းဘယ်
ကြားမလဲ။ ရပ်ကွက်ထောက်ခံစာနဲ့ မြို့နယ်ကျန်းမာရေးဦးစီးဌာနက
သေစာရင်းထုတ်ယူပြီး ဈာပနလုပ်လိုက်ရတာပါပဲ”

“အခြားရောဂါလက္ခဏာ မတွေ့တာ သေချာပါတယ်နော်
အန်ကယ်”

ဒေါက်တာလွန်းမောင်၏အကြည့်များက ခက်ထန်သွားသည်

“ဒီမှာ . . မိန်းကလေး။ မင်းမေးနေတဲ့ မေးခွန်းတွေက တရား
ခွင်မှာစစ်မေးနေတဲ့ပုံမျိုး ဖြစ်နေပြီ။ ဒါ . . အန်ကယ့်ကို စော်ကားရာကျ
တယ်”

မေစံရှား ပြုံးလိုက်သည်။ တောင်းပန်ပြုံးပါ . .။

“ဆောရီး အန်ကယ်။ ကျွန်မတောင်းပန်ပါတယ်။ ကျွန်မ အဲ
လိုမရည်ရွယ်တာ အမှန်ပါ။ ကျွန်မရဲ့အမှုသည်ကို သေချာယကာ ပြ
ရှင်းပြနိုင်ဖို့ ကျွန်မကလည်း သေသေချာချာမေးရတာပါ”

“အန်ကယ်ဖြေပြီးပါပြီ။ နှလုံးရောဂါကြောင့် သေဆုံးရတာပါ”

“ဦးဒိဗ္ဗက သူ့ဇနီးသေဆုံးရတာနဲ့ ပတ်သက်ပြီး အန်ကယ့်ကို
ဘာများပြောသေးလဲ”

“အို . . ဘာပြောရမှာလဲ။ ရောဂါကြောင့် သေဆုံးရတာပဲဟာ”

“အပြစ်မတင်ဘူးပေါ့ . . ဟုတ်လား”

“အန်ကယ်တို့ချင်းက နားလည်မှုရှိပါတယ်”

“ကျေးဇူးတင်ပါတယ် အန်ကယ်။ အန်ကယ် ခုလို စိတ်ရှည်
လက်ရှည်ရှင်းပြတဲ့အတွက် ရှင်းသွားပါပြီ။ ကျွန်မအားနေနဲ့ ခရစ္စတီနာ





ပြန်ပြောပြဖို့လည်း လုံလောက်သွားပါပြီ။ ကျွန်မတို့ကို ခွင့်ပြုပါဦး”

“ကောင်းပါပြီ”

မေစံရှားနှင့် ကိုနေသော် ထိုင်ရာမှ ထလိုက်ကြသည်။

တိုက်အိမ်ထဲမှ ဆင်းလာခဲ့ကြပြီး ခြံအရောက်တွင် ခြံတံခါးကို
ဖွင့်ပေးနေသော ခြံစောင့်အဘိုးကြီးနားသို့ မေစံရှားကပ်သွားသည်။

“ဘကြီး . . စောစောက ကျွန်မတို့ခြံထဲဝင်ခါနီး ခြံထဲကထွက်
သွားတဲ့ကားပေါ်မှာ ပါသွားတာ ဦးဒိဗ္ဗများလားရှင်”

မေးသည်။

“ဟုတ်တယ်ကွယ့်”

“ဦးဒိဗ္ဗက ခုလိုပဲ ဒေါက်တာဦးလွန်းမောင်ဆီကို လာနေကျပဲ
လား”

“မလာတာ ကြာပြီကွယ့်။ အခုတစ်လောမှ ပြန်ပေါ်လာတာ”

“ဦးဒိဗ္ဗ သူ့ဇနီးဆုံးစဉ်ကတော့ ခဏခဏလာမှာပေါ့နော်”

“လာတာပေါ့ကွယ်။ ချောင်းပေါက်မတတ်ပဲ”

“ကျေးဇူးနော် ဘကြီး . .။ ဘကြီးလက်ဖက်ရည်သောက်ပါ”

မေစံရှားက တစ်ထောင်တန်တစ်ရွက်ကို ခြံစောင့်အဘိုးကြီး
အား ကပ်၍ပေးလိုက်သည်။ အဘိုးကြီး သဘောကျသွားပုံပေါ်သည်။

ခြံထဲမှ ထွက်လာကြသောအခါ . .

“ဒေါက်တာဦးလွန်းမောင်ကို ကြည့်ရတာ မရိုးသားဘူးလို့ ကိုကို
တော့ ထင်နေတယ်’

ကိုနေသော်က သူ၏ထင်မြင်ချက်ကို ဖော်ပြသည်။

“သိပ်သေချာတာပေါ့ ကိုကိုရယ် . . သိပ်သေချာတာပေါ့”

မေစံရှားက ထောက်ခံသည်။

“ဦးဒိဗ္ဗက ခုတစ်လောမှ ဦးလွန်းမောင်ဆီကို ပြန်ပေါ်လာတယ်
ဆိုတဲ့ စကားကလည်း စဉ်းစားစရာဖြစ်နေတယ်”



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်. . ။ ခရစ္စတီနာပြန်ရောက်လာပြီးမှ သူတို့ပြန်ဆက်သွယ်ကြပုံဟာ အဓိပ္ပာယ်တစ်ခု ရှိနေတယ်ကိုကို"

"ခရစ္စတီနာရဲ့ပထွေး ဦးဒိဗ္ဗဆိုတာ The Rays ကုမ္ပဏီပိုင်ရှင်မဟုတ်လား။ ရွှေနေဦးသက်မွန် အကြံပေးလုပ်တဲ့ ကုမ္ပဏီက. ."

"ဟုတ်တယ်ကိုကို"

"ဟာ. . အခုမှပဲ တွေးမိတယ်။ ဦးဒိဗ္ဗဟာ မင်းခန့်အဖေရဲ့ သူငယ်ချင်း ဦးထင်ကျော်နဲ့တူတာ မဟုတ်ဘူးလား"

"ရှားလည်း အဲဒီလိုထင်နေတာ"

"ဒါဆို ဇာတ်လမ်းက ပိုရှုပ်လာပြီ ရှားရေ"

"သန်းခေါင်ကျော်ပြီးရင် မိုးလင်းပိုင်းရောက်မှာပါ ကိုကို"

❦ ❦ ❦ ❦ ❦

## ၂၂

မေစံရှားသည် သူမ၏ရုံးခန်းစားပွဲတွင် လျှောက်လဲရမည့်အမှုတစ်ခုအတွက် သဲကြီးမဲကြီးဖတ်နေရာမှ ခေါင်းမမော့ဘဲ. .

"ဝင်ခဲ့ပါ မင်းခန့်"

ဟု ပြောလိုက်သည်။

တံခါးဝတွင်ရပ်လျက် အသံပြုရန်အတွက် တံခါးရွက်ကို လက်နှင့်ခေါက်မည်ပြုနေသော ဒုရဲအုပ်မင်းခန့်၏လက်များ တန့်သွားသည်။ ပြုံးလိုက်ပြီး အထဲကိုလှမ်းဝင်လိုက်၏။

"မမရှားက ကျွန်တော်မှန်း ဘယ်လိုသိလဲ"

ထိုင်ခုံတစ်ခုမှာဝင်ထိုင်ရင်း မေးသည်။

"လှေကားကတက်လာတဲ့ နင့်ခြေသံကြောင့်ပေါ့ဟာ"

စာဖတ်ရင်းကပင် ပြန်ဖြေသည်။ မော့မကြည့်သေး. . ။

"တခြားသူတွေတက်လာရင်လည်း ခြေသံမြည်မှာပဲ။ ဘာကွာလို့လဲ"

"ကွာတာပေါ့ဟာ. . ။ နင်က ယူနီဖောင်းနဲ့လာတာ။ ဖိနပ်က



www.burmeseclassic.com

www.burmeseclassic.com

တခြားအပြင်လူနဲ့ မတူဘူး။ ပြီးတော့ နှင်က လမ်းလျှောက်ရင် ခြေဖျား ကိုအားပြုလျှောက်တယ်။ ဒါကြောင့် နှင့်ခြေသံက တခြားနှင့်လိုဖိနပ်မျိုး စီးထားတဲ့လူတွေလို တဂွပ်ဂွပ်မမြည်ဘူး။ နောက်တစ်ခုက အဝင်ဝရောက် တော့ တံခါးဖွင့်ထားပါလျက်နဲ့ ဝင်မလာဘူး။ ဒါက နှင့်အကျင့်။ တခြား သူဟာစ်ဦးဦး. . စခန်းမှာဆိုရင် စခန်းမှူးတို့၊ မြို့နယ်မှူးတို့အခန်းကို ဝင် ဖယ်ဆိုရင် ခွင့်တောင်းပြီးဝင်တယ်မဟုတ်လား။ ဒီအကျင့်လေးက နှင့်မှာ စွဲနေတာ။ ဒါကြောင့်. ."

မင်းခန့် သဘောကျစွာရယ်ပြီး. .

"ဒါကြောင့်လည်း မမရှားနာမည်ကြီးပေတာပဲ"

ဟု ဆိုသည်။

"ကဲ. . ပြော။ နှင်လာတာ ဘာကိစ္စလဲ။ ဘာဒုက္ခပေးဦးမလို့လဲ"

"ဟာ. . ပမရှားကလည်းဗျာ။ ကျွန်တော့်ကိုမြင်တာနဲ့ ဒုက္ခပေး မယ်ပဲ ထင်နေတော့တာကိုး"

"မဟုတ်ဘူးလား. .။ နှင်လာရင် ပြဿနာတစ်ခုခု ပါလာ တာပဲဟာ"

"အခု မပါပါဘူး မမရှားရာ"

"ဒါဖြင့် မြန်မြန်ပြော။ ငါ့မှာ အလုပ်တွေရှိသေးတယ်"

"မမရှား ဘယ်တော့လက်ထပ်မှာလဲလို့ မေးမလို့ပါ"

မေစံရှား ဆတ်ခနဲမော့ကြည့်သည်။ စိတ်တိုသွားဟန်ဖြင့်. .

"မင်းခန့်. . နှင်ငါ့ကိုနောက်ဖို့လာတာဆိုရင် ပြန်တော့"

ဟု ပြောသည်။ မင်းခန့်က ခွိခနဲရယ်သည်။

"အရေးကြီးကိစ္စ ပြောစရာရှိလို့ပါ မမရှားရာ"

"ဘာလဲ"

"မမရှားနဲ့တူတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော်တွေ့ လိုက်တယ် မမရှား"





"ဟင်. ."

မေစံရှား စိတ်ဝင်စားသွားသည်။ ဥပဒေစာအုပ်များကို အာရုံ ...က်နေသော မေစံရှား၏အာရုံ မင်းခန့်ထံရောက်သွား၏။

"ဘယ်မှာလဲ. .။ ဘယ်တုန်းကလဲ. ."

"တစ်နေ့ကပဲ မမရှား။ ယုဇနပလာဇာမှာ တွေ့လိုက်တာ"

"ငါနဲ့ တော်တော်တူလား"

"တူတယ်. .။ သူက ခေတ်ရေ့ကို အရမ်းပြေးနေတာပဲ ကွာ ...ယ်"

"ဟိုတစ်လောကလည်း သဇင်တို့ ရန်ကင်းစင်တာမှာ ငါနဲ့တူ ...ဲ့ မိန်းကလေးတစ်ယောက် တွေ့လိုက်တယ်လို့ပြောတယ်။ အရမ်းဟော့ ...ယ်တဲ့။ ဒါဆို နှင်တွေ့တဲ့သူနဲ့ သဇင်တို့တွေ့တဲ့သူဟာ တစ်ယောက် ...ည်းဖြစ်နိုင်တယ်။ နှင် သူ့နောက် ခြေရာခံမလိုက်ဘူးလား"

မင်းခန့် ခေါင်းညိတ်သည်။

"လိုက်တာပေါ့. .။ ကျွန်တော်ကလိုက်လို့ သူကပြေး။ သူက ...ပြေးလို့ ကျွန်တော်ကလိုက်နဲ့ နောက်ဆုံးတော့ လူကြားမှာ မျက်ခြည် ...ပြတ်သွားတယ်"

မေစံရှား အားမလိုအားမရဖြစ်သွားသည်။

"နှင်ကလည်းဟာ. . ညံ့လိုက်တာ။ အဲဒါ ဦးသက်မွန်အမှုမှာ ...ပါဝင်နေတဲ့သူ ဖြစ်နိုင်တယ်ဟာ။ နှင် ရဲအုပ်ဦးမောင်မောင်သန်းကို သတင်း ...ပို့ဘူးလား"

"ပို့ထားပါတယ်"

"ဦးသက်မွန်အမှုကရော တခြားဘာထူးခြားသေးလဲ"

"ဟင့်အင်း. ."

မေစံရှားက ရုတ်တရက်သတိရသွားဟန်ဖြင့်. .

"ဩော်. . နှင်နဲ့တွေ့ရင် ပြောမလို့ ငါစဉ်းစားထားတာ။ The



www.burmeseclassic.com

www.burmeseclassic.com



Rays က သူ့ရှေ့ဦးဒိဗ္ဗဆိုတာ နင်မြင်ဖူးလား"

မေးသည်။

"မမြင်ဖူးဘူး။ ဆရာဦးမောင်မောင်သန်းတော့ မြင်ဖူးတယ်"

"သူ့ကို မနေ့က ငါဖျတ်ခနဲတွေ့လိုက်တယ်။ ငါ့စိတ်ထဲမှ နင့်အဖေရဲ့သူငယ်ချင်း ဦးထင်ကျော်နဲ့ တူတယ်လို့ ထင်မိလို့ဟ။ ကို ကလည်း အဲဒီလိုထင်တယ်။ ဒါပေမဲ့ နင့်အမေဆီကရတဲ့ဓာတ်ပုံက ကို လွန်ခဲ့တဲ့ အနှစ်အစိတ်လောက်ကပုံ ဖြစ်နေတယ်။ အခု သူက ငါးဆ ကျော်။ ဟုတ်မဟုတ်ဆိုတာ ဒီအတိုင်းမှန်းကြည့်လို့ မရနိုင်ဘူး။ အဝ အကျမပြောနိုင်ဘူး။ ဒီတော့ ငါ ဒီလိုလုပ်ကြည့်ချင်တယ်"

"ပြောပါ မမရှား"

မင်းခန့်ကလည်း စိတ်ဝင်တစားရှိလာသည်။ ခုံကိုပင် ရှေ့သို့ ဆွဲယူကာ မေစံရှားနားသို့ ကပ်သည်။

"နင် ဦးဒိဗ္ဗပုံကို ဓာတ်ပုံရိုက်ယူလို့ရအောင် ကြိုးစားပါလား သူက ဦးသက်မွန်ကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခု ပတ်သက်နိုင်ခြေရှိတယ် နင့်မမကိစ္စနဲ့လည်း ပတ်သက်နိုင်ခြေရှိတယ်"

"ဓာတ်ပုံရရင်.."

"ဓာတ်ပုံရရင် ငါကွန်ပျူတာထဲထည့်မယ်။ နင့်အမေဆီက ရခဲ့တဲ့ပုံနဲ့ ယှဉ်မယ်။ အခုဆံပင်ပုံစံ၊ မျက်မှန်၊ စတာတွေ ပြောင်းတ ကြည့်မယ်။ နှာတံ၊ မေးရိုးတွေရဲ့အနေအထား။ နှုတ်ခမ်း။ မျက်နှာအကျ စတာတွေ ယှဉ်ကြည့်လိုက်ရင် အဖြေသိနိုင်တယ်"

မင်းခန့်မျက်နှာ ဝင်းခနဲလက်သွားသည်။ လက်ဖျောက်တစ် ချက် တီးလိုက်သည်။

"ဟာ..သိပ်မိုက်တာပေါ့ မမရှားရာ။ မမရှားအကြံ ကောင်း တယ်။ ကျွန်တော် ဓာတ်ပုံရအောင်ရိုက်ပေးမယ်"

"ကဲ..ဒါဆို ပြန်တော့"





"ဟာ..မမရှားကလည်း။ ခဏနေပါရစေဦး။ ကျွန်တော်ပြော င်တာ ရှိသေးတယ်"

"ဘာလဲ..။ ဘာရှိသေးတာလဲ"

မေစံရှား စူးစမ်းကြည့်ဖြင့် ကြည့်သည်။ မင်းခန့်က ဟက်ခနဲ က်ရယ် ရယ်သည်။

"ကျွန်တော် ခုတစ်လော မိန်းကလေးနှစ်ယောက်ကြောင့် အိပ် ပျော်ဘူးဖြစ်နေတယ် မမရှား"

မေစံရှား ပြုံးလိုက်ကာ..

"ဖြစ်ရမယ်..နင်ကတော့လေ"

ဟု ရေရွတ်သည်။ ပြီးမှ..

"ဘယ်သူလဲ..။ သဇင့်ကြောင့်တော့ ဟုတ်ဟန်မတူဘူး။ ရွှတီနာပဲ ဖြစ်ရမယ်။ ဟုတ်တယ်မဟုတ်လား"

မင်းခန့် မလုံမလဲဖြစ်သွား၏။

"မမရှားက ဗေဒင်ဟောလည်း ကျွမ်းတာပဲ၊ ဘယ်လိုလုပ်သိလဲ၊ ၀ိဇ္ဇာလား"

မေစံရှားက ဟင်းခနဲရယ်သည်။

"နင့်မျက်လုံးတွေက ပြောပြနေတာပဲဟာ"

"ဟာ..အဲဒီလောက်တောင် ကျွန်တော့်စိတ်ထဲရှိတာတွေ မျက် ုံးမှာပေါ်နေလား"

"ကဲပါ..ဟုတ်၊ မဟုတ်ဘဲ ဖြေပါ"

"ဟုတ်ပါတယ် မမရှား။ ကျွန်တော် ခရစ္စတီနာကို မြင်မြင်ချင်း ပ်မိသွားပြီထင်တယ်။ ကျွန်တော့်အတွေးထဲမှာလည်း သူပဲ။ အိပ်မက် ဲမှာလည်း သူပဲ"

"ရောဂါ..ရောဂါ.."

မေစံရှားက သီချင်းထဲက ရောဂါလို အသံထည့်၍ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစေ့စေ့ကြည့်ကာ. .

"အမေလုပ်တဲ့သူရှာနိုင်းတာက အစ်မ။ နင်ရှာတာက ချစ်သူ အတော်ကောင်းတဲ့ကောင်လေး. .။ ဒါနဲ့ နေပါဦး။ နင်စောစောကပြော တော့ မိန်းကလေးနှစ်ယောက်ကြောင့်လို့ ငါကြားလိုက်ပါတယ်။ နောက် တစ်ယောက်က ဘယ်သူလဲ"

မင်းခန့်မျက်နှာ အနည်းငယ်လေးနက်သွားသည်။

"ပလာဇာမှာတွေ့လိုက်တဲ့ မမရှားနဲ့တူတဲ့ မိန်းကလေး"

"ဟင်. ."

မေစံရှားမျက်ဝန်းတွေ ဝိုင်းသွားသည်။ အာမေဍိတ်သံ 'ဟင်' ပင် ထွက်လာသည်။ မင်းခန့်ကို မယုံနိုင်သလိုကြည့်ကာ. .

"ဟုတ်မှလည်းလုပ်ပါ မင်းခန့်ရယ်။ နင့်ဟာက မြင်မြင်ချင်း တွေချည်းပဲ။ တစ်ခါတွေ့လိုက်တာနဲ့. ."

"အို. . မဟုတ်ဘူးမမရှား. . မဟုတ်ဘူး။ သူ့ကို ခရစ္စတီနာလို့ ပြောတာ မဟုတ်ဘူး"

မင်းခန့်က လက်တကာကာဖြင့် အသော့ဝင်ငြင်းသည်။

"ဒါဖြင့် ဘာလဲ. . နင်ဆိုလိုချင်တာက. ."

"အဲဒီမိန်းကလေးကိုမြင်တော့ ကျွန်တော့်စိတ်ထဲ လှုပ်ရှားတာ အမှန်ပဲ။ ဒါပေမဲ့ ခရစ္စတီနာကိုတွေ့လို့ ရင်ခုန်တာမျိုး မဟုတ်ဘူး။ ကျွန်တော် သေသေချာချာမပြောတတ်လို့ပါ။ တစ်ခုခုတော့ တစ်ခုခုပဲ"

"တရားခံလို့ ထင်လိုက်လို့ မဟုတ်လား"

"အဲဒါကြောင့် မဟုတ်ဘူး"

"ငါနဲ့တူလို့ အံ့ဩတာမျိုးလား"

"အဲဒါလည်း မဟုတ်ဘူး"

"ခရစ္စတီနာလိုပဲ သူ့ကိုအိပ်မက်မက်လား"

"ဟင့်အင်း. . သတိတော့ ရနေတယ်"





မေစံရှား တစ်ချက်တွေ၍စဉ်းစားနေသည်။ ခဏကြာမှ မေးခွန်း တစ်ခုမေးပြန်သည်။

"သူက ငါနဲ့ အသက်ဘယ်လောက် ရှိလား"

"ထင်ရတာပဲ"

မေစံရှား ခေါင်းတဆတ်ဆတ်ညိတ်သည်။

"သူဟာ ငါတို့ဇာတ်လမ်းမှာ အဓိက ပါဝင်လာမယ့်မင်းသမီးပဲ မင်းခန့်။ နင်ပြောတာ ငါ့စိတ်ထဲမှာ ခံစားရတာတစ်ခု ရှိနေတယ်"

"ဘာလဲ မမရှား. .။ မမရှားနဲ့ ညီအစ်မဖြစ်နေတယ်လို့ ထင် တာလား"

မေစံရှား မဖြေ။ မင်းခန့်ကိုသာ ပြုံးကြည့်နေသည်။

"ဒါ. . ထားလိုက်ပါဦးဟာ။ အဖြေရဖို့ စောပါသေးတယ်။ အရေး ကြီးတာက ဦးဒိဗ္ဗဓာတ်ပုံ ရဖို့ပါပဲ။ ဟော. . ခရစ္စတီနာထင်တယ်"

မေစံရှားက စကားပြောရင်း နားစွင့်ပြီး ခန့်မှန်းချက်ပေးလိုက် သည်။ ခရစ္စတီနာဟူသောအမည်ကြောင့် မင်းခန့်လှုပ်လှုပ်ရှားရှားဖြစ် သွားသည်။ လှေကားမှတက်လာသောခြေသံ. .။ ဖိနပ်သံ၊ လှေကားပေါ် နင်းသောခြေသံမျိုး မဟုတ်။ ခြေသံက ဖွလျက်. .။ ကြမ်းပြင်ကို ... ကျောသောအရာတစ်ခုခုနှင့် ထောက်လိုက်သံက ကြားရလျက် ပေါ်လာ သည်။

မေစံရှား ထိုင်ခုံမှထလိုက်သည်။

မင်းခန့်က ဘာလုပ်မလဲဟူသော သိချင်စိတ်ဖြင့် မေစံရှားကို ကြည့်နေသည်။ မေစံရှားက တံခါးဝသို့ ခပ်သွက်သွက်လျှောက်သွား လိုက်သည်။

"လာ. . တီနာ. . လာ. ."

ဖော်ရွေသောဖိတ်ခေါ်သံနှင့်အတူ မေစံရှားက လှေကားမှ ချိုင်း ထောက်ကိုအားပြုတက်လာသော ခရစ္စတီနာကို လှမ်းတွဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမရှားအခန်းကို လာချင်လို့သာ ဝင်လာရတာ။ တက်ရတာ မောလိုက်တာ"

ဟု ခရစ္စတီနာက အပြုံးကလေးနှင့်ပြောသည်။ တကယ်ပင် သူမ ခက်ခက်ခဲခဲနှင့် တက်လာခြင်းဖြစ်၏။ ခြေထောက်က မသန်၍ ချိုင်းထောက်ကို အားပြုတက်ရခြင်းမဟုတ်ပါလား။

"အားနာတယ် တီနာရယ်။ တီနာလာရင်လည်း ကားထဲကနေ ဖုန်းဆက်လိုက်ရောပေါ့။ မမရှား ဆင်းလာမှာပေါ့"

"ရပါတယ် မမရှားရယ်။ တီနာကသာ မမရှားကို အားနာတာ"

မေစံရှားက တီနာ၏လက်မောင်းကို ဖေးတွဲကာ အတွင်းသို့ ခေါ်လာသည်ကို မင်းခန့်က ထိုင်နေရာမှ ရင်ခုန်စွာကြည့်နေသည်။ တွေ့ချင်သူကိုတွေ့လိုက်ရ၍ ကြည်နူးခြင်းက သူ့ရင်မှာ ဆွတ်ပျံ့ကူးလူး နေ၏။ နှုတ်ခမ်းမှာ ပြုံးရိပ်ပြုံးယောင်..။

မေစံရှားနှင့်အတူပါလာသော ခရစ္စတီနာကလည်း အထဲကို လှမ်းဝင်ရင်း မင်းခန့်ကိုတွေ့သွားသည်။ ရုတ်တရက် ခြေလှမ်းတုံ့သွား၏။ မျက်ဝန်းလေးတွေ ဝိုင်းခနဲဖြစ်သွား၏။ ရှက်သွေးကလေးက ဖျော့ဖျော့ ပြေးသွားသည်။ ဒါကို မေစံရှားက သတိပြုမိလိုက်သည်။

မင်းခန့်က ထိုင်ရာမှထ၍ ခုံတစ်ခုံကိုဆွဲယူကာ ခရစ္စတီနာထိုင် ရန် အသင့်ချပေးသည်။

"ထိုင်..ယောက်မလေး"

မေစံရှားက ပြုံးစေ့စေ့ဖြင့်ပြောလျက် ထိုင်ခုံတွင် ခရစ္စတီနာ ကို ဖြည်းညင်းစွာထိုင်စေသည်။ မေစံရှား၏ 'ယောက်မလေး' ဟူသော အသုံးအနှုန်းကြောင့် မင်းခန့်မျက်နှာ မထားတတ်ဖြစ်သွားသလို ခရစ္စတီနာ ခေါင်းကလေးငုံ့သွားသည်။ ချိုင်းထောက်ကို ထိုင်ခုံဘေးတွင်ထောင်လိုက် ပြီး မဝံ့မရဲပြန်မော့ကာ..

"ရဲအုပ်ကြီးလည်း ရောက်နေတာကိုး။ တီနာလာတာနဲ့ အလုပ် ကိစ္စတွေ ပျက်သွားပြီထင်တယ်"

ဟု အရှက်ပြေနှုတ်ဆက်စကား ဆိုသည်။

မင်းခန့်က ပြန်ထိုင်ရင်း..

"အလုပ်ကိစ္စမဟုတ်ပါဘူး တီနာ။ မမရှားဆီ မရောက်တာ ကြာလို့ ဝင်လာတာပါ"

ဟု ပြန်ဖြေသည်။

မေစံရှားက သူမ၏ထိုင်ခုံတွင် ပြန်ထိုင်ရင်း ရယ်ကျဲကျဲဖြင့် မင်းခန့်တို့နှစ်ယောက်ကို ကြည့်သည်။

"အလုပ်ကိစ္စမဟုတ်ပါဘူး တီနာရဲ့။ အားမနာပါနဲ့။ မမရှား မဆောင်လေးက သူ့ခံစားချက်တွေကို လာပြီးရင်ဖွင့်ပြနေတာပါ"

"ဟာ..မမရှားကလည်း"

မင်းခန့် မလုံမလဲလှမ်းတားသည်။ ရှက်အားနာစွာ ခရစ္စတီနာ ကိုလည်း လှမ်းကြည့်သည်။ ခရစ္စတီနာကလည်း ရိပ်မိနားလည်ဟန်ဖြင့် မျက်နှာကို အောက်ချကာ မသိဟန်ဆောင်လိုက်သည်။

မေစံရှားကမူ ရုပ်ရှင်တစ်ခုထဲမှ Love Scence လေးတစ်ခု ကို ကြည့်နေရသလို..။

"ကဲ..ဆိုပါဦး။ တီနာ မမရှားဆီ ဝင်လာတဲ့ကိစ္စ.."

မေစံရှားအမေး..။

ခရစ္စတီနာက မင်းခန့်ကို တစ်ချက်ဝေ့ကြည့်၏။

"ရဲအုပ်ကြီးရှိနေတော့.."

"ရပါတယ် တီနာ။ ကိစ္စမရှိဘူး။ မင်းခန့်အတွက် စိတ်အနှောင့် အယှက်မဖြစ်ပါနဲ့"

"မမရှားတို့ လွတ်လွတ်လပ်လပ်ပြောကြပါ။ ကျွန်တော့်ကိုခွင့် ပြုဦး။ ကျွန်တော်ပြန်လိုက်ဦးမယ်"

မင်းခန့်က အလိုက်တသိထသည်။ ဒါကို ခရစ္စတီနာက အား







www.burmeseclassic.com

www.burmeseclassic.com



နာသွားပုံရသည်။

"အို..တီနာကြောင့် ထပြန်တာလား။ ရဲအုပ်ကြီးကို အားနာ.."

"အားမနာပါနဲ့..။ ကျွန်တော်လည်း မမရှားနဲ့ ပြောစရာတွေ ပြောပြီးသွားပါပြီ"

"တောင်းပန်ပါတယ်နော် ရဲအုပ်ကြီး"

မင်းခန့်က မတ်တတ်ရပ်လျက်မှ အပြုံးဖြင့်..

"အဲဒီ..ရဲအုပ်ကြီး..ရဲအုပ်ကြီး..ဆိုတာကြီးတော့ ခဏခဏ မခေါ်ပါနဲ့ဗျာ။ နာမည်ခေါ်ရင် ရပါပြီ"

မေစံရှားက ဝင်၍..

"ဟုတ်သားပဲ တီနာရဲ့။ မင်းခန့်ကတောင် ရင်းရင်းနှီးနှီး တီနာ ပဲခေါ်နေတာ။ မင်းခန့်ပဲ ခေါ်လိုက်ပေါ့။ မင်းခန့်နဲ့ တီနာက ရွယ်တူပါပဲ။ သိပ်လေးလေးစားစားကြီးတွေ လုပ်မနေပါနဲ့"

ခရစ္စတီနာက ခေါင်းညိတ်သည်။

"ဟုတ်ကဲ့..ကောင်းပါပြီ။ ကိုမင်းခန့်ပဲ ခေါ်ပါ့မယ်"

"ကဲ..မမရှား..ကျွန်တော်သွားမယ်။ တီနာ..ကျွန်တော် ပြန်မယ်။ နောက်မှ တွေ့တာပေါ့"

မင်းခန့် နှုတ်ဆက်သည်။ 'ဟုတ်ကဲ့..' ဟူသော ခရစ္စတီနာ စကားနှင့် 'အေး..ကောင်းကောင်းသွား။ စိတ်လှုပ်ရှားနေလို့ လှေကား ကချော်ကျနေဦးမယ်' ဟူသော မေစံရှား၏စကားသံ နှော့ဆင့်နောက်ဆင့် ထွက်လာသည်။ မင်းခန့် လှေကားမှ ဆင်းသွားမှ..

"မမရှားကလည်း..။ ကိုမင်းခန့်ရှက်သွားပြီထင်တယ်။ အား နာစရာ"

ခရစ္စတီနာ တိုးကိုးပြောသည်။

"အမယ်..ဘာအားနာစရာရှိလဲ။ သူ့အကြောင်း ခရစ္စတီနာ သိအောင် ပြောပေးလို့ မမရှားကိုတောင် သူကကျေးဇူးတင်နေဦးမှာ။





ကဲ..သူမရှိတုန်း မမရှားကို ပြောပါဦး။ မမရှားမောင်လေးက မဆိုးပါ ဘူးနော်"

ခရစ္စတီနာ၏ ပါးပြင်မို့မို့မှာ ရှက်သွေးတွေ ဖြန်းခနဲခုန်တက်လာ ပြန်၏။

"ပြောပြန်ပြီ မမရှားကလည်း.."

နှုတ်ခမ်းမှာ ကျေနပ်ပြုံးကလေးမပြယ်ဟု မေစံရှားအကဲခတ် မိ၏။

"ဒီလောက်ဆိုရင် တော်ပါပြီ။ မမရှားက တီနာပျော်သွားအောင် အပြောင်အပြက်ပြောတာပါကွယ်။ အခု စကားအတည်ပြောရအောင်။ တစ်နေ့က မမရှား ဒေါက်တာဦးလွန်းမောင်ဆီကိုရောက်တယ်"

"သူက ဘာပြောလဲ"

ခရစ္စတီနာ သိချင်စိတ် စောသွားသည်။

"သူကတော့ နှလုံးရောဂါကြောင့် ဆူဇီကွယ်လွန်ရတာပါလို့ အခိုင်အမာပြောတာပါပဲ။ ဒါပေမဲ့ သူ့အပြော၊ သူ့အမူအရာတွေကို မရှားသံသယရှိတယ်။ နောက်တစ်ခု စိတ်ဝင်စားစရာကောင်းတာက မရှားတို့ထက်အရင် ဦးဒိဗ္ဗက ဒေါက်တာလွန်းမောင်ဆီကို ရောက်လာ တာပဲ"

"ဟင်.."

ခရစ္စတီနာ မျက်လုံးဝိုင်းကလေးဖြင့် အာမေဍိတ်ပြုသည်။

"မမရှားအထင်တော့ ဦးဒိဗ္ဗနဲ့ဦးလွန်းမောင် အချိတ်အဆက် တစ်ခုရှိနေတာ သေချာတယ်"

"ဒါဆို မမရှားဘာဆက်လုပ်မလဲ။ တီနာ ဘာလုပ်ပေးရမလဲ"

"မမရှား လုပ်စရာတွေ ဆက်တိုက်လုပ်သွားမှာပါ။ ဒေါက်တာ ဦးလွန်းမောင်နဲ့ ဦးဒိဗ္ဗရဲ့ ဆက်နွယ်မှုကို သေချာအောင်စုံစမ်းရမယ်။ ပြီးတော့ ဦးဒိဗ္ဗအလုပ်ယုတ်လိုက်ကယ်ဆိုတဲ့ ဒေါ်ဆူဇီရဲ့အိမ်ဖော် ဒေါ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ညွန့်ကို မမရှားသွားတွေ့မယ်"

"ကောင်းပါတယ်. . ။ ဒါပေမဲ့ မမရှားရဲ့ခြေလှမ်းတွေကို ဦးဒီဗွ မသိဖို့တော့ လိုမယ်ထင်တယ်။ ဦးဒီဗွက သိပ်လျင်တဲ့လူကြီး မမရှားရဲ့၊ အဲဒါကြောင့် တီနာကလည်း မမရှားအကြံပေးသလို သူ့ကို တိတိလင်း လင်းဆန့်ကျင်ပြီး သူ့အရိပ်အောက်ကလွတ်အောင် ကားဒရိုင်ဘာရော အိမ်ဖော်ရော ပြောင်းပစ်လိုက်ပြီ။ နောက်ထပ် တီနာ့စိတ်ကြိုက်လူတွေ ပဲ ခေါ်ထားလိုက်တယ်"

"မှန်တယ် တီနာ. . ။ တီနာ့လုပ်ရပ် မှန်တယ်။ သူတို့ဟာ တစ်နည်းနည်းနဲ့ တီနာ့ကို အန္တရာယ်ပြုနိုင်သူတွေဖြစ်တယ်။ သူတို့မရှိ ရင် တီနာရဲ့လှုပ်ရှားမှုကို ဦးဒီဗွလည်း မသိနိုင်တော့ဘူး။ ဒါကြောင့် မမရှားက အဲဒီအကြံပေးခဲ့တာ။ ဒါနဲ့ပတ်သက်လို့ရော ဦးဒီဗွဆီက ဘာ တုံ့ပြန်မှုလာလဲ"

"တီနာ့ဆီကိုတော့ ဘာမှ တုံ့ပြန်မှု ရောက်မလာသေးပါဘူး။ ဒါပေမဲ့ သူ့ရင်ကိုတော့ ဓားစိုက်သွားသလို ဖျတ်ဖျတ်လူးသွားမှာ သေ ချာတယ်"

❦ ❦ ❦ ❦ ❦

# ၂၇

ဓားမြှောင်တစ်ချောင်းက ဒေါက်ခနဲ သစ်ပင်ကိုလာစိုက်သည်။ ဓားဦးက သစ်ပင်တွင် နစ်ဝင်နေပြီး လက်ကိုင်က အရှိန်ဖြင့်တုန်ခါနေ သည်။

ဦးဒီဗွက သစ်ပင်ရှိရာ လျှောက်လာကာ ဓားကိုဆတ်ခနဲနုတ် ယူသည်။ ပြီးနောက် ဒေါသတကြီးဖြင့် ဓားဦးဖြင့် သစ်ပင်ကို တဒုတ်ဒုတ် ဆက်ကာ ဆောင့်၍ဆောင့်၍ထိုးသည်။

"တောက်. ."

နှုတ်မှလည်း မကျေမနပ် တောက်ခေါက်သံ. . ။

"ခရစ္စတီနာ. . မင်းသိပ်လည်နေတယ်ပေါ့. . ဟုတ်လား။ ဒီဗွ အကြောင်း မသိသေးဘူးထင်တယ်"

ရေရွတ်သည်။

ဓားဖြင့် အပင်ကို တစ်ချက်ထိုးစိုက်ပြန်သည်။

"မေစံရှား. . မင်းကလည်း သိပ်တော်တဲ့ ရှေ့နေစုံထောက်ပဲ။ ဒါကို မင်းက စိန်ခေါ်လာတယ်ပေါ့။ ဒီဗွက လိုချင်တာ ရအောင်ယူတတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူ. .။ ဖြစ်ချင်တာ ဖြစ်အောင်လုပ်တတ်တဲ့လူ. .။ မင်းက ဦးလွန်းမောင်ကိုသွားမေးလို့တော့ ဦးလွန်းမောင်ဆီက မင်းဘာသိရမှာလဲ။ လွန်းမောင်ဆိုတာ ငါ့ကိုမယှဉ်ရဲတဲ့လူပါကွ။ ဟား. . ဟား. . ဟား. .''

လှောင်ရယ် ရယ်ပစ်သည်။

သစ်ပင်ကို ဓားမြှောင်ဖြင့် အားကုန်ထိုးစိုက်ပြန်သည်။

ထိုအခိုက်မှာ ယက္ခ ဦးဒိဗ္ဗရှိရာသို့ ခပ်သုတ်သုတ်လျှောက်လာသည်။

''ဆရာကြီး. .''

ဦးဒိဗ္ဗဘေးမှာ ခပ်ယို့ယို့ရပ်သည်။

''ဆရာကြီး ကျွန်တော့်ကို ခေါ်တယ်ဆိုလို့ပါ။ ဘာခိုင်းစရာရှိလို့ပါလဲ''

ဦးဒိဗ္ဗက အံကြိတ်ထားသောမျက်နှာဖြင့် လှည့်လာကာ. .

''မင်း အုန်းပင်ချောင်ကိုသွား။ အဲဒီမှာ မညွန့်ရှိတယ်။ မင်းသိတယ်မဟုတ်လား။ အရင်က ဆူဇီ့အိမ်မှာ အစေခံလုပ်သွားတဲ့မိန်းမကြီး။ အေး. . အဲဒီမညွန့်ကို ရှင်းပစ်ခဲ့။ ပိရိပစေ. .။ လက်ရာခြေရာမကျန်စေနဲ့''

''ဟုတ်ကဲ့. .''

''ကဲ. . သွားနိုင်ပြီ။ ကိစ္စပြီးရင် ငါ့ဆီကိုသတင်းပို့။ ဟောဟိုက ခုံပေါ်မှာ တင်ထားတဲ့အထုပ် ယူသွား။ အဲဒါ မင်းအတွက် ဘောက်ဆူး''

ယက္ခ လှည့်ထွက်သွားသည်။

မြက်ခင်းပေါ်ရှိ စားပွဲပုလေးပေါ်မှ အထုပ်တစ်ထုပ်ကို ပြုံးချိုသောမျက်နှာဖြင့် ကောက်ယူကာ ဆက်ထွက်သွားသည်။

ဦးဒိဗ္ဗ စားပွဲလေးရှိရာ ပြန်လာသည်။ ဘေးမှထိုင်ခုံပေါ် ထိုင်ချသည်။ ဓားမြှောင်ကို စားပွဲပေါ်ပစ်ချသည်။ စားပွဲပေါ်ရှိ Vat 69 ပုလင်းကို ဆွဲယူကာ အဖုံးဖွင့်၍ ဖန်ခွက်ထဲငှဲ့ထည့်သည်။





''ကြူပင်ခုတ်ပြီးမှတော့ ကြူငုတ်တွေလည်း ရှင်းပစ်ရတော့မှာပဲပေါ့ကွာ။ ကျားသေကို အသက်သွင်းလို့ ဘယ်ရမလဲ''

❦ ❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

## ၂၄

"ကျားသေကို အသက်ပြန်သွင်းရသလို ဖြစ်နေပေမယ့် ...
နေတဲ့အမှန်တရားတစ်ခုကို ပေါ်အောင်တော့ လုပ်ယူရမှာပဲ ကိုကို ...
ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး ငွေကြေးအရှိန်အဝါနဲ့ ဖြစ်မှုကို ...
ကွယ်ထားတာမျိုးတော့ ရှားကလည်း လက်ပိုက်ကြည့်မနေနိုင်ဘူးဆို ...
ကိုကိုအသိပဲလေ"

"ရှား ဦးဒိဗ္ဗကို ပစ်မှတ်ထားနေပြီပေါ့. . ဟုတ်လား"

"ဟုတ်တယ် ကိုကို. .။ ဒါကြောင့် ဒေါက်တာဦးလွန်းမောင် ...
ခြံစောင့်ကြီးကိုပေါင်းပြီး အိမ်ဖော်မလေးကိုပါ ရှားသွားတွေ့ပြီး စည်း ...
ထားခဲ့တယ်။ မကြာခင် တစ်ခုခုထူးခြားမှု တွေ့လာမှာပါ"

"ဒေါ်ကြီးညွန့်ဆီကလည်း ကိုကိုတို့ တစ်ခုခုရနိုင်တယ် ...
တယ်"

"ရှားလည်း အဲဒီလိုမျှော်လင့်တာပဲ"

ရွာလမ်းကလေးအတိုင်း လျှောက်လာကြပြီး စောစော ...
ရှယ်ကရေးတစ်ဦး ညွှန်ပြလိုက်သော အိမ်ကလေးတစ်လုံးဆီသို့ မေစံ ...





တို့ ရောက်လာကြသည်။ အိမ်ရှေ့တွင် အဝတ်လျှော်နေသောမိန်းကလေး
တစ်ဦးကို တွေ့သဖြင့်. .

"ဒီအိမ်က ဒေါ်ကြီးညွန့်တို့အိမ်ပါလားကွယ်"

ရှားက မေးလိုက်သည်။

"ဟုတ်ကဲ့ရှင့်"

မိန်းကလေးက အဝတ်လျှော်နေရာမှ မော့ကြည့်ပြီး ဖြေသည်။
ဖြေပုံမှာ ယဉ်ယဉ်ကျေးကျေး။

"ဒေါ်ကြီးညွန့်ရှိလား။ မမတို့က ဒေါ်ကြီးညွန့်နဲ့ တွေ့ချင်လို့ပါ"

"အမေမရှိဘူး မမ။ ကောက်သင်းကောက်သွားတယ်"

"ဟုတ်လား. .။ ဘယ်မှာသွားကောက်တာလဲ။ ဝေးလား"

"သိပ်တော့မဝေးပါဘူး။ မမတို့ဝင်လာတဲ့ ရွာထိပ်ကနေ ဘေးဘက်ကိုချိုးထွက်လိုက်ရင် လှိုကလေးတွေ့မယ်။ အဲဒီလှိုကလေးရဲ့ ဟိုဘက်မှာ. .။ ကျွန်မပြောပြလည်း မမတို့ ရှာတွေ့ချင်မှတွေ့မှာ။ ကျွန်မပဲ လိုက်ပို့ပါ့မယ်"

"အဲဒါဆိုလည်း ပိုကောင်းတာပေါ့ကွယ်"

မိန်းကလေးက အဝတ်လျှော်ခြင်းကိုရပ်ပြီး မေစံရှားတို့ကိုခေါ်ကာ ရွာထိပ်ဘက် ထွက်လာသည်။ သစ်ပင်ဝါးပင်များ ကိုင်းညွတ်အုပ်ဆိုင်းနေသော လမ်းကလေးအတိုင်း မိန်းကလေးက ဦးဆောင်ခေါ်ငင်သွားသည်။

မကြာခင် ရွာထိပ်သို့ရောက်လာသည်။

ရိတ်သိမ်းပြီးစ လယ်ကွင်းပြင်ကျယ်ကြီးကို တွေ့ရ၏။ အချို့နေရာမှာ စပါးကောက်လှိုင်းပုံများ။ အဝေးမှာ ကောက်လှိုင်းတိုက်နေသော လှည်းတစ်စီး. .။

"ဟိုဘက်မှာ မမ။ အမေက ဘကြီးမွန်းရဲ့လယ်ထဲမှာ ကောက်သင်းသွားကောက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကောက်သင်းကောက်သည်ဆိုခြင်းမှာ မှည့်ဝင်းပြီးသောစပါး များကို ရိတ်သိမ်းပြီးနောက် လယ်ကွင်းထဲတွင်ကျကျန်ခဲ့သော စပါးနှံ များကို လိုက်လံရှာဖွေကောက်ယူခြင်းဖြစ်၏။

လျှိုကလေးထဲသို့ မေစံရှားတို့ ဝင်လာကြသည်။

"မဝေးသေးလား"

"မဝေးတော့ပါဘူး မမ. . ။ ဒီလျှိုကလေးရဲ့ ဟိုဘက်မှာပါပဲ"

လျှိုကလေးအတိုင်း လျှောက်လာကြရင်းမှာပင် မမျှော်လင့် သော မြင်ကွင်းတစ်ခုက မေစံရှားတို့အား ဘွားခနဲဆီးကြိုလိုက်သည်။ မိန်းကလေး၏ အလန့်တကြားအော်သံ. . ။

"အို. . လုပ်ကြပါဦး။ အမေ့ကို ဟိုလူကြီး ဓားနဲ့ထိုးတော့မယ်"

သူကား ယက္ခဖြစ်၏။

ယက္ခက ဒေါ်ညွန့်အား လျှိုထဲသို့ဆွဲခေါ်လာခြင်းဖြစ်၏။ ဒေါ် ညွန့်က ကြောက်ကြောက်ရွံ့ရွံ့၊ ဆုတ်ကန်ဆုတ်ကန်၊ တောင်းတောင်း ပန်ပန်နှင့် ပါလာသည်။ ယက္ခ၏မျက်နှာကား ခက်ထန်နေပြီး လက်က ဓားကိုမြှောက်လိုက်ချိန်ဖြစ်သည်။

မိန်းကလေး၏အသံကြောင့် ယက္ခ၏ ထိုးမည့်ဓား တန့်သွားပြီး ဖျတ်ခနဲလှည့်ကြည့်ချိန်ကလေး. . ။

မေစံရှား သဘောပေါက်လိုက်ပြီ။

အချိန်ဆွဲ၍ မရတော့။ ယက္ခတို့ရှိရာသို့ မေစံရှား တစ်ဟုန်ထိုး ပြေးဝင်သွားသည်။

"ရှား. . : သတိထား"

ကိုနေသော်က လှမ်းအော်သတိပေးရင်း အနားမှာ အသုံးပြု နိုင်မည့် လက်နက်တစ်ခုခု လှည့်၍ရှာသည်။

မေစံရှားပြေးဝင်လာသည်ကိုမြင်၍ ယက္ခက ဒေါ်ညွန့်ကို မထိုး ဖြစ်တော့ဘဲ မေစံရှားကိုရင်ဆိုင်ကာ ဓားဖြင့်ကြံ၍ဝှေ့ယမ်းလိုက်သည်။





"အနားကပ်မလာနဲ့။ သေသွားမယ်"

မေစံရှား တန့်ခနဲရပ်လိုက်သည်။ လောလောဆယ် ဒေါ်ညွန့် က ပစ်ကွင်းမှလွတ်သွားပြီ။ ဘာမှပူစရာမလိုတော့။

တစ်ခုခက်နေသည်က မေစံရှားက လုံချည်နှင့်ဖြစ်နေသည်။ ဂျင်းဘောင်းဘီနှင့်ဆိုလျှင် တိုက်ရခိုက်ရ လွယ်ကူအဆင်ပြေသည်။ ယခု တော့ စိတ်ရှိတိုင်း လွတ်လွတ်လပ်လပ်လှုပ်ရှား၍ မရနိုင်။

"ရှင်ဘယ်သူလဲ။ ဘာကြောင့် ဒေါ်ကြီးညွန့်ကို အန္တရာယ်ပေး ရတာလဲ"

မေစံရှားက ယက္ခကို ပျော့ကွက်ရှာရင်း မေးလိုက်သည်။

"အဲဒါ မင်းသိဖို့မလိုဘူး။ ဝင်ရှုပ်တဲ့သူဟာ သူ့သေလမ်း သူ ရွေးချယ်တာပဲ"

ယက္ခက ပြောပြောဆိုဆို ဓားဖြင့် မေစံရှား၏ရင်ဝသို့ ထိုးစိုက် ချလိုက်သည်။ မေစံရှားက နောက်ကိုခြေတစ်လှမ်းဆုတ်လိုက်၏။ ဓားက တစောင်းဖြစ်သွားသော မေစံရှား၏ရင်ဝမှကပ်ကာ ဝိုးခနဲဖြတ်သွားသည်။ လွန်သွားသောဓားကိုင်လက်၏ လက်ဖျံကို မေစံရှားက ဘယ်လက်ဖနောင့် ဖြင့် ရိုက်ထုတ်ပစ်လိုက်သည်။

တစ်ဆက်တည်းပင် မေစံရှား၏ညာလက်က လေတွင်မြှောက် သွားကာ ညာလက်ဝါးစောင်းခုတ်ချက် 'ရှုတိုဆာကိုဆုအုချိ' က ယက္ခ ၏လည်ကုပ်ဆီသို့ ကျသွားသည်။

"ဒုတ်"

"အင့်. ."

ယက္ခ ယိုင်ကာ ဟန်ချက်ပျက်သွား၏။ လက်ထဲမှ ဓားကမူ လွတ်ကျမသွား။

ယက္ခက ဒေါသထွက်လာကာ ဓားဖြင့် မေစံရှားကို လက်ပြန် လှည့်၍ တွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သေပေတော့"

မေစံရှားက အသင့်ရှိနေသူ. .။ ဓားကိုင်လက်ကောက်ဝတ်
ဘယ်လက်ဖြင့်ဖမ်းဆုပ်သည်။ ဓားက လေထဲတွင်ပင် တန့်သွားသည်
မေစံရှား ဒုတိယတိုက်ကွက်ကို သုံးလိုက်သည်။

ညာလက်သီးက ဖက်လက်အနေအထားဖြင့် ယက္ခ၏နံဘေး
အရှိန်ဖြင့်ဝင်သွားသည်။ 'ယူရကန်ရှိတာအူရှိ' ဖြစ်၏။

"ဒုတ်. ."

"အွတ်. ."

ထို့နောက် မေစံရှားက ဆုပ်ထားသောလက်ကောက်ဝတ်
မလွှတ်ဘဲ အပေါ်သို့ဆွဲလှန်လိုက်သည်။

ယက္ခ ဟန်ချက်ပျက်ကာ နောက်သို့လန်သွားသည်။ မျက်နှာ
တိုက်ကွက်အတွက် ပွင့်သွားသည်။ မေစံရှား၏ 'ရှုတိုဂါမင်အုရှိ' လက်
စောင်းရိုက်ချက်က ယက္ခ၏မျက်နှာပေါ် ဒိုင်းခနဲဝင်သွား၏။

"အင့်. ."

ယက္ခ နောက်သို့လန်ကာ ယက်ကန်ယက်ကန်ဖြင့် ခြေလှမ်း
တွေကိုးရိုးကားရားဆုတ်သွားသည်။

ထိုအချိန်တွင် ကိုနေသော်က ပြေးဝင်လာကာ ကိုင်ထားသော
သစ်ကိုင်းခြောက်ဖြင့် ဝင်ရိုက်သည်။ ရိုက်ချက်က ယက္ခ၏ခေါင်းနှင့်
သွားပြီး ညာပခုံးပေါ်ကျသည်။

"ဖြောင်း. ."

"အ. ."

ယက္ခလက်မှ ဓားလွတ်ကျသွားသည်။ လူက ဖင်ထိုင်ပြီး
သည်။ သို့သော် ယက္ခဆိုသူကလည်း အာဂလူကြမ်း။ တော်ရုံနှင့် ပွဲသိမ်း
မသွား။ ဖင်ထိုင်ကျရာမှ ဘေးသို့လူးလိမ့်ထွက်ကာ ခုန်ထသည်။

မေစံရှားက နောက်တစ်ကွက်တိုက်ဖို့အသင့်. .။





ကိုနေသော်က နောက်တစ်ချက်ရိုက်ဖို့အသင့်. .။

အခြေအနေမဟန်တော့ပြီကို ယက္ခသိသွားလေပြီ။ မေစံရှားတို့
ကို သူရင်မဆိုင်ရဲတော့။ ရပ်နေရာမှ ချာခနဲလှည့်ကာ ပြေးထွက်သွား
သည်။

ကိုနေသော် ပြေးလိုက်ပါသေး၏။ မမီတော့. .။ လျှိုကလေး
ကြားမှာ ခုန်လွှားကျော်ဖြတ်ကာ ယက္ခပျောက်သွားသည်။

မိန်းကလေးက ဒေါ်ကြီးညွှန့်ကို ဖက်ထား၏။ ဒေါ်ကြီးညွှန့်
ကြောက်လန့်စိတ်ဖြင့် တုန်နေသည်။

"ကျေး. . ကျေးဇူးတင်ပါတယ် တူမရယ်"

တုန်တုန်ယင်ယင်ဖြင့် ဆိုရှာသည်။

မေစံရှားက အပြုံးဖြင့်နှုတ်သိမ့်ရင်း. .

"ဒေါ်ကြီးညွှန့်ကို အချိန်မီကယ်လိုက်နိုင်တာကို ကျွန်မတို့ဝမ်း
သာပါတယ်။ ကြည့်ရတာ အဲဒီလူက ဒေါ်ကြီးညွှန့်ကို အသက်အန္တရာယ်
ပေးမယ့်ပုံပဲ"

ကိုနေသော် အနားပြန်ရောက်လာသည်။

"မမီလိုက်တော့ဘူး ရှား"

"သွားပါစေ ကိုကို။ သူ့ကို ရဲစခန်းတိုင်ပြီး အမှုဖွင့်ထားရမယ်"

"သူက ဘယ်သူမို့လဲ"

ဒေါ်ကြီးညွှန့်က ဝင်၍. .

"အဲဒီလူက ဆရာကြီးဦးဒိဗ္ဗရဲ့တပည့် ယက္ခပဲ တူမလေး"

မေစံရှား မျက်ခုံးတွေတွန့်ရှုံ့သွားသည်။

"ဦးဒိဗ္ဗက တော်တော်ကြောက်စရာကောင်းတဲ့လူပါလား။ ကြည့်
ရတာ ရှားတို့ ဒေါ်ကြီးညွှန့်ကိုလာတွေ့မှာ ရိပ်မိပုံရတယ်။ ဒါကြောင့်
ဒေါ်ကြီးညွှန့်ကို အပြတ်ရှင်းတာပဲ ကိုကို"

ကိုနေသော်ဘက်သို့ လှည့်၍ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်သေချာတာပေါ့"

"ကဲ. . ဒေါ်ကြီးညွှန့်။ ကျွန်မတို့ အိမ်ပြန်ရအောင်။ အိမ်ကျမှ စကားအေးအေးဆေးဆေးပြောကြတာပေါ့"

"ဟုတ်ကဲ့"

ဒေါ်ကြီးညွှန့်အိမ်သို့ ပြန်လာရာလမ်းတွင် မေစံရှားက ယခုကိစ္စကို ရဲစခန်းတွင်တိုင်ကြားပေးမည်ဖြစ်ကြောင်း၊ ထိုမှုမှာ ဒေါ်ကြီးညွှန့်တွင် နောက်ထပ်အန္တရာယ်ရှိလာနိုင်၍ အခြားတစ်နေရာတွင် ရှောင်နေသင့်ကြောင်း၊ ပို၍ကောင်းသည်မှာ ခရစ္စတီနာနှင့်အတူ လိုက်၍ ပြန်နေရန်ဖြစ်ကြောင်း ပြောပြသည်။

"ကျွန်မတို့ကလည်း ဒေါ်ကြီးညွှန့်ကို စောင့်ရှောက်နိုင်တာပေါ့"

"ဖြစ်ပါ့မလား တူမရယ်။ ဦးဒိဗ္ဗက. ."

"အဲဒီအတွက် မပူပါနဲ့။ တရားဥပဒေရဲ့ လက်လှမ်းမီတဲ့နေရာမှာ သူ ဖြန်းခနဲ ထင်တိုင်းမကြံနိုင်ပါဘူး"

"ခရစ္စတီနာကရော ဘာပြောမလဲမသိဘူး"

"တီနာက သဘောကျမှာပါ။ သူက ဒေါ်ကြီးညွှန့်ကို သိပ်ခင်တွယ်တာမဟုတ်လား။ အခု ဒေါ်ဆူဇီမရှိတော့ သူ့မှာ အနီးကပ်တိုးတိုးဖော်လည်း လိုတယ်လေ"

အိမ်ရောက်သောအခါ ဒေါ်ကြီးညွှန့်၏သမီးလေးက ရေနွေးကြမ်းဖြင့် ဧည့်ခံသည်။

"စောစောက ကိုယက္ခက ဒေါ်ကြီးညွှန့်ကို ဘာပြောသေးလဲ"

မေစံရှားက မေးသည်။

"ဒေါ်ကြီးကောက်သင်းကောက်နေတုန်း သူရောက်လာပြီး ပြောစရာရှိတယ်လို့ ဆွဲခေါ်သွားတယ်။ လျှို့ထဲလည်းရောက်ရော ဓားနဲ့ထိုးမလို့လုပ်တာပဲ။ တူမတို့ အရောက်မြန်ပေလို့ပေါ့"

ဒေါ်ကြီးညွှန့်က အကြောက်မပြေသေးဟန်ဖြင့် ဖြေသည်။





"ဒါ. . ဦးဒိဗ္ဗလက်ချက်ပဲ။ ဦးဒိဗ္ဗက ဒေါ်ကြီးညွှန့်ကို နှုတ်ပိတ်ခိုင်းတာပဲ။ ကျွန်မက ရှေ့နေပါ။ ခရစ္စတီနာက အမှုအပ်ထားလို့ပါ။ ဒေါ်ဆူဇီသေဆုံးရတာကို ခရစ္စတီနာက မသင်္ကာလို့ ကျွန်မကို အမှုပြန်ဖော်ဖို့ အပ်တာပါပဲ။ ဒါကြောင့် ဒေါ်ကြီးညွှန့်ရဲ့အကူအညီ လိုပါတယ်။ ကျွန်မတို့ကို ကူညီပါ"

မေစံရှားက လာရင်းကို ကောက်သည်။ ဒေါ်ကြီးညွှန့် သက်ပြင်းချသည်။

"ဒေါ်ကြီး ဘာကူညီရမှာလဲ"

"ဒေါ်ဆူဇီသေဆုံးရတာ နှလုံးရောဂါကြောင့်လို့တော့ ဒေါက်တာဦးလွန်းမောင်က ပြောတာပဲ။ ဒါပေမဲ့ ခရစ္စတီနာက လက်မခံချင်ဘူး။ ဦးဒိဗ္ဗရဲ့ပယောဂတစ်ခုခုကြောင့်လို့ ထင်တယ်။ ကျွန်မလည်း အဲဒီလိုပဲ ယူဆတယ်။ အဲဒီအချိန်က ဒေါ်ကြီးညွှန့်က ဒေါ်ဆူဇီနဲ့အတူ ရှိနေတာမို့ မြင်သမျှ၊ သိသမျှ ပြောပြပေးပါ"

"မမလေးဆူဇီမှာ နှလုံးရောဂါရှိတာတော့ မှန်ပါတယ်။ ဒါပေမဲ့ မမလေးဆူဇီ သေဆုံးတဲ့ရက်က နှလုံးရောဂါကြောင့် ဆိုးဆိုးဝါးဝါးခံစားနေရတာ မရှိပါဘူး။ ဒါကြောင့် ဒေါ်ကြီးကတော့ နှလုံးရောဂါကြောင့်လို့ မထင်ဘူး"

"ဟုတ်ကဲ့. . ။ ပြောပါဦး. . ဒေါ်ဆူဇီသေဆုံးတဲ့ညက အကြောင်းတွေ"

"အဲဒီညက မမလေးဆူဇီဟာ ခါတိုင်းလိုပဲ ဆေးသောက်ပြီး အိပ်တာပါ။ မမလေးကို ဆေးနဲ့အိုဗာတင်းနဲ့ ဒေါ်ကြီးကတိုက်တာပါ။ အဲဒီအချိန်က ဦးဒိဗ္ဗလည်း ရှိတာပါပဲ။ အဲဒီတစ်လောကတော့ သူတို့ လင်မယား စကားများကြပြီး စကားမပြောကြပါဘူး။ ညကျတော့ ဒေါ်ကြီးအိပ်နေတုန်း မမလေးတို့အခန်းက အသံတစ်ခုကြားပါတယ်။ မမလေးဆူဇီ တစ်ခုခုအော်လိုက်သလို၊ ညည်းလိုက်သလို အသံမျိုးပါ။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒေါ်ကြီးက ဘာများဖြစ်လို့လဲဆိုပြီး မမလေးဆုဇီတို့အခန်းကို သွားပါတယ်။ အဲဒီကျတော့ ဘာသံမှမကြားရပါဘူး။ ငြိမ်နေပါတယ်။ ဒေါ်ကြီးလည်း ဘာလုပ်ရမှန်းမသိလို့ ရပ်နေမိပါတယ်။ အဲဒီအချိန်မှာ ဦးဒိဗ္ဗ တံခါးဖွင့်ထွက်လာတာ တွေ့ရပါတယ်။ ဒေါ်ကြီးကိုမြင်သွားပြီး သူမျက်နှာပျက်သွားတယ်။ ဘာလုပ်နေတာလဲ၊ ဘာညာဆိုပြီး မေးပါတယ်။ ဒေါ်ကြီးက စောစောကအသံတစ်ခုကြားလို့ လာတာဆိုတော့ မဟုတ်ဘူးတဲ့။ ဘာမှမဖြစ်ဘူးတဲ့။ ပြန်အိပ်ပါလို့ ပြောပါတယ်''

''အဲဒါ ဘယ်အချိန်လောက်ရှိမလဲ''

''ညဆယ့်တစ်နာရီခွဲလောက်ပါ။ ဟုတ်ပါတယ်. . ။ ဆယ့်တစ်နာရီခွဲပါ။ ဒေါ်ကြီး အိပ်ခန်းထဲပြန်မဝင်ခင် နာရီကြည့်တော့ ဆယ့်တစ်နာရီခွဲဖို့ နည်းနည်းလေးပဲလိုတာပါ''

''ဦးဒိဗ္ဗက အခန်းထဲကနေ ဘယ်သွားတာလဲ''

''ထမင်းစားခန်းဘက် ထွက်သွားတာပါ။ ဒါကြောင့် သူအိပ်မပျော်လို့ အရက်ထသောက်တာဖြစ်မယ်ဆိုပြီး ဒေါ်ကြီးရဲ့အခန်းကို ပြန်သွားပါတယ်။ ဒေါ်ကြီးပြန်အိပ်ပျော်ခါစမှာပဲ အသံတွေကြားလို့ ထကြည့်တော့ ဒေါက်တာလွှန်းမောင်ရောက်နေပြီး မမလေးဆုဇီ ဆုံးသွားပြီဆိုတာ သိရတော့တာပဲ။ မယုံကြည်စရာ အဖြစ်ကြီးပါ''

''ဒေါက်တာလွှန်းမောင်ရောက်လာတာ ဘယ်အချိန်လောက်မှာလဲ''

''ဆယ့်နှစ်နာရီကျော်ပါပြီ''

''ဒါဆို ဒေါ်ကြီးညွှန့်အိပ်ခန်းထဲပြန်ဝင်တဲ့အချိန်နဲ့ နာရီဝက်ကျော်ကျော်လေးပဲ ကွာမှာပေါ့''

''ဟုတ်ပါတယ်။ အဲဒါကြောင့် မယုံနိုင်စရာပဲလို့ ပြောတာပါ''

''ဒေါ်ကြီးညွှန့်က ဘာတွေလုပ်ပေးရလဲ''

''ဒေါ်ကြီးညွှန့်ကို ဦးဒိဗ္ဗက သူတို့အခန်းထဲ မဝင်ခိုင်းပါဘူး။ ဒေါက်တာဦးလွှန်းမောင်နဲ့ ဦးဒိဗ္ဗပဲ မမလေးဆုဇီကိစ္စတွေ လုပ်ကြပါတယ်''

''ဘာတွေပြောသံ ကြားရလဲ''

''သူတို့ချင်း တိုးတိုးကျိတ်ကျိတ် ပြောနေကြတာပါ။ ဒေါ်ကြီးက အနားမှာမနေရလို့ ဘာမှတော့ သေသေချာချာ မကြားရပါဘူး''

''တခြား ဘာတွေများ ထူးခြားတာ တွေ့မိသလဲ''

''နောက်နေ့ မမလေးဆုဇီရဲ့အလောင်းကိုပြင်တော့ ခေါင်းအုံးစွပ်နဲ့ အိပ်ရာခင်းအဟောင်းတွေကို ခြင်းထဲကယူပြီး ဒေါ်ကြီးက လျှော်ရပါတယ်။ ခေါင်းအုံးစွပ်မှာ အနီကွက်ကလေးတစ်ခု တွေ့ရပါတယ်။ သွေးကွက်လို့ ထင်မိတယ်။ ဒါပေမဲ့ ဒေါ်ကြီး ဘယ်သူ့ကိုမှ မပြောရဲဘူး''

''ဒေါ်ဆုဇီက ဆံပင်ကောင်းလား''

''ကောင်းပါတယ်. . ။ ဆံပင်က အုံလည်းကောင်းတယ်။ ရှည်လည်းရှည်တယ်။ သူ့အလှက သူ့ဆံပင်ကြောင့် ပိုပေါ်တာ''

''ဒေါ်ကြီးညွှန့်ကို ဘယ်အချိန်မှာ ဦးဒိဗ္ဗက ရွာပြန်လွှတ်တာလဲ''

''မမလေးဆုဇီကိစ္စ ပြီးမှပါ။ ဒေါ်ကြီးကိုခေါ်ပြီး ခင်ဗျားရဲ့သခင်မလည်း မရှိတော့ဘူး။ ဒါကြောင့် ကျုပ်အဖို့ ခင်ဗျားကို မလိုအပ်တော့ဘူး။ ရွာပြန်ပါ. . ။ ခင်ဗျားသုံးဖို့စွဲဖို့ လုပ်ကိုင်စားဖို့ ကျုပ်ငွေတစ်သိန်းပေးလိုက်မယ်ဆိုပြီး ငွေပေးပါတယ်''

''တခြားဘာပြောသေးလဲ''

''ဆုဇီကိစ္စတွေ ဟိုပြောဒီပြော လျှောက်မပြောပါနဲ့။ မဟုတ်တာတွေ လျှောက်ပြောရင် ခင်ဗျားဒုက္ခရောက်သွားမယ်။ သတိထားပါလို့ ပြောပါတယ်''

''ဒါ. . ခြိမ်းခြောက်စကားပဲ။ ဒေါ်ကြီးညွှန့်က တစ်ခုခုသိနေပုံရှိတယ်လို့ ဦးဒိဗ္ဗယူဆလို့ ဒီစကားပြောတာပဲ။ ဘာကြောင့်လဲဆိုတော့





စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူအိပ်ခန်းထဲက ထွက်လာချိန်မှာ ဒေါ်ကြီးညွန့်ကို တွေ့လိုက်ရတာကို။ မရှိးသားမှု မရှိရင် ဒေါ်ကြီးညွန့်ကို ပြန်လွှတ်စရာအကြောင်းမရှိသလို အခုလို ပြောစရာ၊ ခြိမ်းခြောက်စရာလည်း မလိုဘူး။ ကိုကိုဘယ်လို သဘောရလဲ"

"ရှားလိုပဲ ယူဆတယ်"

"အင်း. . ဦးဒိဗ္ဗကတော့ Master-mind ပဲ ကိုကိုရေ၊ ရှား တို့တော့ Master-mind နဲ့ ရင်ဆိုင်ရလိမ့်မယ်"

❦ ❦ ❦ ❦ ❦

# ၂၅

"Master-mind တွေဘာတွေ ကျွန်တော်ဘာမှမသိပါဘူး။ ကျွန်တော်တို့နဲ့ဆက်သွယ်တာက အခု ကားတိုက်ပြီး ဆုံးသွားတဲ့လူပါ။ သူနဲ့ပဲ ကျွန်တော်တို့သိတာပါ"

ဗိဝကဆေးဆိုင်မှ မန်နေဂျာက ဤအဖြေကိုပဲပေးသည်။

မည်သည့်အခါမေးမေး သူဖြေသည့်အဖြေမှာ ဤအဖြေပဲဖြစ်၏။

ရဲအုပ်မောင်မောင်သန်းက သူ၏အတွေ့အကြုံအရ ဆေးဆိုင်မန်နေဂျာ၏စကားကို လက်ခံလိုက်ရသည်။

"ကဲ. . သူ့ကို အချုပ်ထဲ ပြန်ထည့်လိုက်ဗျာ"

ရဲတပ်ကြပ်ကြီးကို အမိန့်ပေးပြီး ရဲအုပ်မောင်မောင်သန်း စစ်ကြောရေးအခန်းထဲမှ ထွက်လာခဲ့သည်။ ပြီးနောက် စခန်းမှူးကို ဝင်၍ သတင်းပို့သည်။

"သူတကယ်သိပုံမရဘူး ဆရာ။ သူနဲ့အလုပ်အတူတူလုပ်တဲ့ ကောင်ကလည်း နောက်ကွယ်က ဆရာကြီးကို မပြောဘူးတဲ့"

"ကောင်းပြီလေ. . ။ ဒီတော့ ကားတိုက်ပြီးသေဆုံးသွားတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ နောက်ကြောင်းရာဇဝင်တွေကို ပြန်ရှာပါ။ ဘယ်သူနဲ့အဆက်အသွယ် ရှိခဲ့လဲ ပြန်လိုက်ပါ''

''ဟုတ်ကဲ့. .''

စခန်းမှူးကို အလေးပြုပြီး ရဲအုပ်မောင်မောင်သန်း စခန်းမှူး အခန်းမှ ပြန်ထွက်လာချိန်တွင် ဦးဒိဗ္ဗ ရဲစခန်းအတွင်း ဝင်လာသည်။

''ဟော. . ဦးဒိဗ္ဗပါလား။ ဘာကိစ္စများ ရှိလို့ပါလဲ''

ရဲအုပ်မောင်မောင်သန်းက စတင်နှုတ်ဆက်သည်။

''အရေးပေါ်လာလို့ ဆရာရေ. .''

ဦးဒိဗ္ဗက ရယ်ရယ်မောမော ပြောရင်းဆိုရင်း ထိုင်ခုံမှာဝင် ထိုင်၏။

''ဘယ်လိုအရေးပေါ်လာတာလဲ''

''ကျွန်တော့်တပည့်လေးပေါ့ဗျာ. .။ ကျွန်တော်က ယုံကြည် စိတ်ချလို့ တချို့ကိစ္စတွေဆို လွှဲထားတာ။ ကုမ္ပဏီငွေတွေကိုယူပြီး လစ် ပြေးလို့ ဆရာရေ၊ အဲဒါ လာတိုင်တာ''

''ဘယ်တုန်းကလဲ''

''နှစ်ရက်ရှိပြီ ဆရာ''

''သူ့နာမည်က ဘယ်သူတုံး''

''အောင်ဝိုင်း ဆရာ. .''

အောင်ဝိုင်းဆိုသည်မှာ ယက္ခ၏အမည်ဖြစ်၏။

''ငွေဘယ်လောက်ပါသွားလဲ''

''ကိုးသိန်းပါ''

''သူ့ဓာတ်ပုံရှိလား''

''ရှိပါတယ် ဆရာ''

ဦးဒိဗ္ဗက ဓာတ်ပုံထုတ်ပေးသည်။ ယက္ခ၏ပုံ. .။

''သူ့မှတ်ပုံတင်နံပါတ်၊ သူ့နောက်ကြောင်းရာဇဝင် စတာတွေ





ပြောပါဦး''

ဒုရဲအုပ်မင်းခန့်က သူ၏စားပွဲမှ ဦးဒိဗ္ဗကို မသိမသာခိုး၍ကြည့် နေသည်ကို ဦးဒိဗ္ဗမသိ။

''ကျွန်တော်ကတော့ သူ့ကို မိမရှိ ဖမရှိ တစ်ကောင်ကြွက်ဆို ပြီး ကြည့်ထားတာပါ ဆရာရယ်။ သူက ကျေးဇူးတရားကိုမသိဘဲ ခုလို လုပ်သွားတော့ စိတ်ထဲမှာတော့ ခံစားရတာပေါ့ ဆရာ။ အဲဒါပဲ ဆရာ ရဲ့. .။ လူဆိုတာ အပေါ်ယံကြည့်လို့ မရဘူးဆိုတာ''

www.burmeseclassic.com

www.burmeseclassic.com

## ၂၆

"လူဆိုတာ အပေါ်ယံကြည့်လို့မရဘူးပြောတော့ ကျွန်တော်
ရယ်ချင်လိုက်တာ မမရှားရာ။ သူနိုးက လူဟာစ်တယ်ဆိုတာ အဲဒါပဲနေမှာ"

မေစံရှားက မင်းခန့်ယူလာပေးသောဓာတ်ပုံများကို skin ထဲ
ကာ ကွန်ပျူတာထဲထည့်သည်။ ပြီးလျှင် ယခင်က မင်းခန့်၏အမေ
ထားသောပုံနှင့် ယှဉ်သည်။ ရှေ့မှအနေအထားတူပုံကိုရွေး၍ ယှဉ်ခြင်း
ဖြစ်၏။

သည်ဓာတ်ပုံများကို မင်းခန့်က ကုမ္ပဏီ၏ရှေ့ ဆိုင်တစ်ဆိုင်
မှ နေရာယူကာ ကင်မရာဖြင့် မှန်ဘီလူးဆွဲ၍ ဦးဒိဗ္ဗကုမ္ပဏီမှအထွက်
တွင် ရိုက်ထားခဲ့ခြင်းဖြစ်၏။ အနေအထားအမျိုးမျိုးဖြင့် ဖြစ်သည်။

ကိုနေသော်က မေစံရှား၏ဘေးမှာထိုင်လျက် ကြည့်နေသည်။

ဒေါ်လေးကြင်ကြင်က ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ပန်းကန်
ကို လာချပေးသည်။

"ကဲ..အလုပ်လုပ်ရင်း လက်ဖက်လေးစား"

ဟု လောကွတ်ပြုသည်။





မေစံရှားက ကွန်ပျူတာဖြင့် အလုပ်လုပ်ရင်း..

"ဦးဒိဗ္ဗကတော့ ကြောက်စရာကောင်းလောက်အောင် လျင်တဲ့
သူပဲ။ သူ့တပည့် ယက္ခကို သူ့ဆီက ငွေတွေယူပြီး လစ်ပြေးတယ်လို့
ဇာနန်းမှာလာပြီး တိုင်ချက်ဖွင့်တာဟာ အတော်ကောင်းတဲ့လှည့်ကွက်ပဲ။
ဒေါ်ကြီးညွန့်ကို ယက္ခလုပ်ကြံမှု ပေါ်သွားရင် ပြဿနာက သူ့ဆီရောက်
လာမှာလေ။ အဲဒါကို သူက ကြိုပြီးလာကာထားတာပဲ။ အာဂလူကြီး.."

မှတ်ချက်ချသည်။

"လောလောဆယ်တော့ သူက ခြေတစ်လှမ်းသာနေတာပေါ့။
ဒါပေမဲ့ အမှန်တရားကို လှည့်ဖြားလို့မရပါဘူး ရှားရာ"

ကိုနေသော်က ဝင်ပြောသည်။

မင်းခန့်က..

"ဦးသက်မွန် သေဆုံးရတဲ့ကိစ္စဟာ ဦးဒိဗ္ဗနဲ့ပတ်သက်နိုင်တယ်။
ကျွန်တော်တွေ့လိုက်ဖူးတဲ့ မိန်းကလေးဟာလည်း ဦးဒိဗ္ဗနဲ့ ဆက်နွယ်မှု
ရှိနေနိုင်တယ်"

"ဟုတ်တယ် မင်းခန့်။ မမရှားလည်း အဲဒီလိုပဲယူဆတယ်"

ကွန်ပျူတာထဲမှ ဦးထင်ကျော်၏ဓာတ်ပုံပေါ်တွင် မေစံရှားက
သခု ဦးဒိဗ္ဗ၏ဆံပင်နှင့် မျက်မှန်ကို တပ်ပေးလိုက်သည်။

"ဟာ..တူတယ် မမရှား"

မင်းခန့်၏ အံ့အားတသင့်အပြော..။

"ဟုတ်တယ် ရှား..။ မျက်နှာကျပုံ၊ နှာတံစင်းပုံ၊ နှုတ်ခမ်း
ပုံ တစ်ထပ်တည်းပဲ"

ကိုနေသော်က ဖြည့်စွက်ထောက်ခံသည်။

"နေဦး ကိုကို"

မေစံရှားက ပုံနှစ်ပုံစလုံးကို တစ်ပုံစီချဲ့ကြည့်သည်။ ဘယ်
ဘက်ခုံးရိုးအစပ်သို့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား..။ အဲဒီမှာ မှည့်သေးသေးလေးတစ်လုံး ရှိ တယ်။ အခု ဦးဒိဗ္ဗပုံမှာရော၊ ဦးထင်ကျော်ပုံမှာရောပဲ။ ဒါဆို အတိအ သေချာသွားပြီ။ ဦးဒိဗ္ဗဟာ ဦးထင်ကျော်ပဲ"

မေစံရှားက အတည်ပြုလိုက်သည်။

"ဒါဆို မမကိုခိုးသွားတာ ဒီလူကြီး ဦးဒိဗ္ဗပဲပေါ့။ တွေ့ကြ တာပေါ့ဗျာ"

မင်းခန့်၏ခံစားမှုတွေ မြင့်တက်သွားသည်။ ဒေါသသံ ပါ သည်။ မေစံရှားက ကွန်ပျူတာရှေ့မှ ထလိုက်ရင်း..

"မလောနဲ့ဦး မင်းခန့်..။ ဦးဒိဗ္ဗမှာ သမီးတွေ ဘယ်သူရှိ တယ်၊ ဘယ်နှယောက်ရှိတယ်၊ ဘယ်မှာရှိတယ်ဆိုတာ မမရှားတို့ သေချာချာ စုံစမ်းကြရဦးမယ်"

ဟု ပြောသည်။

ကိုနေသော်က..

"ဒါက မခက်ပါဘူး။ ရှား ခရစ္စတီနာကိုမေးလိုက်ရင် တာပဲ"

ဟု ဝင်အကြံပေးသည်။

"ဟာ..ဟုတ်တာပေါ့ မမရှား။ လာဗျာ..ခရစ္စတီနာဆီ တစ်ခါတည်းသွားပြီး စုံစမ်းကြမယ်"

မင်းခန့်၏ အလောတကြီးအပြော..။

မေစံရှားက ရယ်သည်။

"မင်းခန့်..နင်က အစ်မအတွက် အလောတကြီးစုံစမ်း တာလား။ ခရစ္စတီနာကို တွေ့ချင်တာလား။ ပြောစမ်းပါဦး"

မင်းခန့်ရှက်သွားပုံကို ကြည့်ပြီး ကိုနေသော်ကပါ ရယ်သ

"ရှားကတော့ မလုံအိုးကို တုတ်နဲ့ထိုးလိုက်ပြီ"

မင်းခန့်က..





"ခရစ္စတီနာကို တွေ့ချင်တာကတော့ မှန်ပါတယ်။ ဒါပေမဲ့ အခုပြောတဲ့စကားထဲမှာတော့ အဲဒီရည်ရွယ်ချက် မပါပါဘူး။ မမ အကြောင်း သိချင်နေတာက အဓိကပါ"

ဖြောင့်ချက်ပေး၏။

"အေးပါ..။ ဘယ်လိုအကြောင်းရင်းခံပဲဖြစ်ဖြစ်ပေါ့။ သွားသင့် နင် သွားရမှာပေါ့။ ဒါပေမဲ့ မမရှားနဲ့ကိုနေသော်က ဒီနေ့ အနားယူရင်း ရုပ်ရှင်ကြည့်ကြမလို့။ ဒီနေ့တော့ မသွားနိုင်ဘူး"

မေစံရှားက လက်ဖက်စားရင်း မျက်နှာကလေးချိုကာ မင်းခန့် ကိုမကြည့်ဘဲ ပြောသည်။ မင်းခန့် ခေါင်းကုတ်သည်။

"မမရှား..အဲဒီလိုမညစ်နဲ့ဗျာ။ မမကို တွေ့အောင်ရှာပေးဖို့ မရှားပဲ မေမေ့ကို ကတိပေးထားတာမဟုတ်လား"

"အဲဒါက ဟုတ်ပါတယ်။ ဟုတ်လို့လည်း မမရှားရှာနေတာ ပဲလေ"

"ဒါဆို ခုပဲ ခရစ္စတီနာဆီ သွားကြမယ်လေ"

"နင်ဒီလောက်စိတ်စောနေရင်လည်း သွားပေးပါ့မယ်။ မမရှားပဲ သွားလိုက်မယ်။ နင် ဒီကစောင့်"

"ဟာဗျာ.."

မင်းခန့်ကိုကြည့်ပြီး ကိုနေသော်နှင့်မေစံရှား ပြိုင်တူရယ်လိုက် ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၇

ခရစ္စတီနာက ရှက်ရယ်ရယ်သည်။

"မမရှားနော်. ."

ပန်းနုရောင်မျက်နှာနှင့် မေစံရှားကို လှမ်းတားသည်။ မေစံရှားတို့ရောက်သွားသောအခါ ခရစ္စတီနာက 'ဟော. . မမရှားတို့ လှူစုံတက်စုံပါလား။ အကြောင်းမကြားဘာမကြား။ ချိန်းလည်းမထားဘဲနဲ့ ဘယ်လိုရောက်လာတာလဲ' ဟု မေးသည်။ ဒါကို မေစံရှားက 'ဟောဒီမင်းခန့်ပေါ့. .။ မနေ့ငါးမထိုင်နိုင် ခရစ္စတီနာဆီသွားမယ်ဖြစ်နေလို့ လိုက်ပို့ရတာ။ ဘာလဲ. . ပျော်သွားပြီလား ကောင်မလေး' ဟု ပြန်နောက်လိုက်သောကြောင့်ဖြစ်သည်။

ထိုစဉ် ဒေါ်ကြီးညွန့်ထွက်လာသည်။

"ဟော. . တူမလေးတို့ပါလား။ ထိုင်ကြ. . ထိုင်ကြ. .။ ဒေါ်ကြီးကော်ဖီဖျော်လိုက်ဦးမယ်"

ဟု ပြောကာ အတွင်းပြန်ဝင်သွားသည်။

ဆက်တီများ၌ ဝင်ထိုင်ကြသောအခါ တိုက်တိုက်ဆိုင်ဆိုင်





ခရစ္စတီနာနှင့် မင်းခန့်တို့ မျက်နှာချင်းဆိုင်ဖြစ်သွားသည်။

မေစံရှားက. .

"ဒေါ်ကြီးညွန့်ပြန်ရောက်လာတာကို ဦးဒီဗွသိသွားပြီလား" မေးသည်။

"မသိသေးဘူးထင်တယ်"

"တီနာ့အဖို့တော့ တိုင်ပင်ဖော်ရသွားတာပေါ့နော်"

"ဟုတ်တယ် မမရှား"

"မမရှားမှာချင်တာကတော့ ဒေါ်ကြီးညွန့်ကိုလည်း ဂရုစိုက်ရမှာဖြစ်သလို တီနာ့ကိုယ်ကိုလည်း ဂရုစိုက်ရလိမ့်မယ်။ ဦးဒီဗွကတော့ ဒေါ်ကြီးညွန့်ကို ကိုယကျွလုပ်ကြံတဲ့ကိစ္စကို ကာကွယ်ဖို့ ရဲစခန်းမှာ ကိုဆက္ကက သူ့ငွေတွေယူပြီး လစ်ပြေးသွားတယ်လို့ သာပြီးတိုင်ချက်ဖွင့်သွားတယ်"

"ဟုတ်လား. .။ ကွက်ကျော်မြင်တတ်လိုက်တာ"

"အဲဒါ မမရှားစဉ်းစားနေတယ်"

မေစံရှားက မင်းခန့်ဘက် တစ်ချက်ငဲ့ကြည့်ကာ စကားကိုချီထားသည်။

"ဘာများလဲ မမရှား"

"တီနာ့အတွက် လုံခြုံရေးအရေးကြီးနေလို့ မင်းခန့်ကို ဘော်ဒီတ်အဖြစ်ထားရင် ကောင်းမလားလို့"

"မမရှားကလည်း. ."

ခရစ္စတီနာ ခေါင်းငုံ့သွားသလို မင်းခန့်လည်း မနေတတ်မထိုင်တတ်ဖြစ်သွားသည်။ ကိုနေသော်ကမူ အရယ်သမား။ သူက မေစံရှားပြောပြော၊ ဘာလုပ်လုပ် အမြဲသဘောကျနေသူ။

မေစံရှားက မျက်နှာကို ပုံမှန်အတိုင်း တည်လိုက်ပြီး. .

"မမရှားက တီနာ့ကို ညီမလေးလိုချစ်နေလို့ ပြောက်တာနော်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်မဆိုးနဲ့နော်"

ဟု ပြောသည်။ ပြီးမှ ဆက်၍. .

"မမရှားတို့ အခုလာတာက တီနာ့ကို အကူအညီပြန်တောင်းချင်လို့ပဲ"

ဟု ပြောသည်။

"ပြောလေ မမရှား. .။ တီနာ ဘာကူညီရမလဲ"

"မမရှားတို့ သိချင်တာတစ်ခုရှိလို့ပါ။ ဦးဒိဗ္ဗမှာ သမီးဘယ်နှယောက်ရှိသလဲ သိချင်တာ"

"အင်း. . မာမီနဲ့လည်း သားသမီးမရခဲ့ဘူး။ မာမီ့အရင်က အိမ်ထောင်နဲ့လည်း သားသမီးမတွေ့ဘူး။ မာမီပြောသံကြားဖူးတာကတော့ ဦးဒိဗ္ဗဟာ သားသမီးမရနိုင်ဘူးတဲ့။ ဒါပေမဲ့ တစ်ခုရှိနေတာက တီနာ စင်ကာပူက ပြန်မရောက်ခင်မှာ ဟောင်ကောင်ကနေ သူ့သမီးကို ပြန်ခေါ်ထားခဲ့တယ်လို့ ကြားရတယ်။ မြနှင်းဆီတဲ့. .။ အဲဒါ ဘယ်လိုလဲတော့ တီနာသေသေချာချာမသိဘူး"

မေစံရှားက မင်းခန့်ကို လှမ်းကြည့်သည်။ မင်းခန့်ကလည်း မေစံရှားကို ဘယ်လိုလဲဟူသောအကြည့်ဖြင့် ကြည့်သည်။

"အဲဒီမြနှင်းဆီက အခု ဦးဒိဗ္ဗနဲ့အတူ ရှိလား"

"ရှိတယ်"

"တီနာမြင်ဖူးလား"

"မမြင်ဖူးဘူး"

"အသက်အရွယ်ဘယ်လောက်ရှိလဲ"

"အဲဒါလည်း မပြောတတ်ဘူး မမရှား"

ကိုနေသော်က ဝင်၍. .

"အဲဒီမြနှင်းဆီကို တွေ့ကြည့်ရင် မကောင်းဘူးလား"

အကြံပြုသည်။





မင်းခန့်က. .

"အဲဒါ ကောင်းသားပဲ မမရှား"

ထောက်ခံသည်။

"ကြိုးစားကြည့်တာပေါ့"

မေစံရှားက ခပ်လေးလေး သဘောတူချက် ပေးလိုက်၏။

ထိုစဉ် ကော်ဖီဇွန်းကိုကိုင်၍ ဒေါ်ကြီးညွန့်ပြန်ရောက်လာသည်။

"ကဲ. . ကော်ဖီသောက်ကြဦး။ တူမလေးတို့ကို ကျွေးဖူးတင်တာ ကျွေးဖူးမဆပ်နိုင်သေးဘူး။ အခုမှပဲ အလှူ့လက်ဖက်နဲ့ မျက်နှာလုပ်ရတော့မယ်"

ဒေါ်ကြီးညွန့်က ရယ်စရာပြောရင်း ကော်ဖီပန်းကန်များ၊ မုန့်ပန်းကန်များကို ချပေးသည်။

"ဒေါ်ကြီးညွန့်ရဲ့စကားရယ်၊ ဒေါက်တာလွန်းမောင်နဲ့ ဦးဒိဗ္ဗတို့ရဲ့ ဆက်သွယ်မှုရယ်ကိုကြည့်ပြီး ဒေါ်ဆူဇီသေဆုံးရတဲ့ကိစ္စဟာ မရိုးသားတာ အမှန်ပဲလို့ မမရှားကောက်ချက်ချမိတယ်။ ဒါပေမဲ့ တိကျတဲ့ သက်သေခံအထောက်အထား မမရှားတို့မှာ ဘာမှမရှိသေးလို့ လောလောဆယ် ဘာမှမလုပ်နိုင်သေးဘူး။ သေဆုံးခါစဆိုရင်တော့ အလောင်းကို ခွင်ခွဲစစ်ဆေးနိုင်တာပေါ့လေ။ အခုကျတော့ မလွယ်လှဘူး။ တစ်ခုတော့ ကံကောင်းတာပေါ့လေ။ ဒေါ်ဆူဇီကို မီးမသင်္ဂြိုဟ်ဘဲ မြေထဲမှာဂူသွင်းထားခဲ့တာ။ လိုအပ်လာရင်တော့ အဲဒီဂူကို ပြန်ဖောက်ကြည့်ရမှာပဲ"

မေစံရှားက အမှုကိစ္စကို ခရေစေ့တွင်းကျ တီနာအား ရှင်းပြသည်။

မင်းခန့်က ထိုအကြောင်းကို မသိထားသူမို့ ဇဝေဇဝါဖြင့် ကြည့်နေ၏။ ယင်းကို မေစံရှားက မြင်သည်။ မင်းခန့်နားလည်အောင် အကျိုးအကြောင်းကို အကျဉ်းချုပ်ရှင်းပြသည်။ မေစံရှား၏ ရှင်းပြချက်အဆုံးတွင်. .

"ဟာ. . ဒီလူကြီး အရမ်းရက်စက်ယုတ်မာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်က မှတ်ချက်ချရင်း ခရစ္စတီနာကို စာနာစွာလှမ်းကြည့်သည်။ ခရစ္စတီနာနှင့် အကြည့်ချင်းဆုံသွားရာ နှစ်ဦးစလုံး မလုံမလဲနှင့် အကြည့်ပြန်လွှဲသွားကြ၏။

"နေပါဦး. .။ မမရှားတို့ကရော ဘာကြောင့် ဦးဒိဗ္ဗသမီးအကြောင်း မေးရတာလဲ"

ခရစ္စတီနာကလည်း မရှင်းသည်ကို ပြန်မေး၏။

မေစံရှား ရှင်းရပြန်ပါပြီ။

"အဲဒါ မင်းခန့်အတွက်ပါ"

ဟူ၍ အစ်မပျောက်ရှာပုံတော်အကြောင်းနှင့် သူတို့သံသယရှိသော ဦးထင်ကျော်မှာ ဦးဒိဗ္ဗနှင့် ရုပ်ချင်းတူနေကြောင်း၊ ဦးထင်ကျော်က ဦးဒိဗ္ဗအမည်ပြောင်းနေထိုင်သည်ဟု ယူဆကြောင်းနှင့် ဦးဒိဗ္ဗ၏သမီးဆိုသူကို ငယ်စဉ်က မင်းခန့်အမေ၏ပုံပါ ထူးခြားချက်များနှင့် တိုက်ဆိုင်စစ်ဆေးကြည့်လိုကြောင်း အစအဆုံးပြောပြလိုက်သည်။

ခရစ္စတီနာ မင်းခန့်ကိုတစ်လှည့် ကရုဏာသက်စွာလှမ်းကြည့်မိပြန်၏။ အို. . အကြည့်ချင်းဆုံမိကြပြန်လေပြီ။

"အင်း. . ခရစ္စတီနာနဲ့ မင်းခန့်က ဘဝတူ၊ အကျိုးပေးတူဖြစ်နေပြီ။ ခရစ္စတီနာက ဖခင်အတွက် ဦးဒိဗ္ဗကို သံသယရှိတယ်။ မင်းခန့်က အစ်မအတွက် ဦးဒိဗ္ဗကို သံသယရှိတယ်။ ပစ်မှတ်ကတော့ လာဆုံနေပြီ"

ကိုနေသော်က သုံးသပ်အဖြေထုတ်ပြသည်။

ဒေါ်ကြီးညွန့်က. .

"မမလေးဆူဇီနဲ့ နေစဉ်ကာလတစ်လျှောက်မှာတော့ အဲဒီမြနှင်းဆီအကြောင်း မကြားမိဘူး။ အခုမှ မြနှင်းဆီက ပေါ်လာတာ"

ဝင်၍ ဖြည့်စွက်သည်။

"မြနှင်းဆီကို ဟောင်ကောင်ပို့ထားတာ ဖြစ်ချင်ဖြစ်မှာပေါ့။





ဟောင်ကောင်မှာ ညီတစ်ယောက်ရှိတယ်လို့ မာမီပြောဖူးတယ်ထင်တယ်"

ခရစ္စတီနာက ထပ်မံ၍ဖြည့်စွက်ချက်ပေးသည်။

"လမ်းဆုံးတော့ ရှာတွေ့လာမှာပါ တီနာ။ ကဲ. . အဲဒါ ထားဦး။ မရှားတစ်ခုသိချင်တာက တီနာ့မေမေရဲ့ အုတ်ဂူက ဒီခြံကြီးထဲမှာပဲလား"

ရှားအမေး. .။

"ဟုတ်တယ် မမရှား။ ခြံနောက်ဘက်က ကုန်းမြင့်လေးပေါ်မှာ တီနာ့မာမီအုတ်ဂူရှိတယ်။ မမရှားကြည့်ချင်လို့လား"

ခရစ္စတီနာက ပြန်မေးသည်။

"အခွင့်ပြုရင်လည်း ကြည့်သွားရအောင်။ မင်းခန့်လည်းရှိနေတော့ ဒီကိစ္စအတွက် လိုအပ်ရင် မင်းခန့်ရဲ့အကူအညီလည်း တောင်းရမယ်"

"ကျွန်တော်တတ်နိုင်တာ အစွမ်းကုန်လုပ်ပေးပါ့မယ်"

မင်းခန့်က မေစံရှားကို အာမခံချက်ပေးသည်။

မင်းခန့်နှင့်ခရစ္စတီနာ တတိယအကြိမ်မြောက် အကြည့်ချင်းဆုံရပြန်၏။ အကြည့်ချင်းဆုံတော့ နှစ်ဦးစလုံး ရင်ခုန်ကြသည်ပေါ့။

"ကဲ. . တီနာလိုက်ပြမယ်။ ဘာပဲပြောပြော တီနာ့တောင်းဆိုချက်ကို လိုက်လျောပြီး ဦးဒိဗ္ဗက မာမို့အုတ်ဂူလုပ်ပေးခဲ့တာကိုတော့ ကျေးဇူးတင်ရမယ်။ အင်း. . ဦးဒိဗ္ဗဟာ အတော့်ကိုနားလည်ရခက်တဲ့ လူကြီးပဲနော်"

www.burmeseclassic.com

www.burmeseclassic.com

## ၂၈

"ဒက်ဒီကိုတော့ နားလည်ရခက်နေပြီ။ ဒက်ဒီဘာတွေလျှောက်လုပ်နေတာလဲ"

မြနှင်းဆီ၏စကားကြောင့် ဦးဒိဗ္ဗပြုံးသည်။ အပြုံးက အေးစက်၍ ကြောက်စရာကောင်းသည်။ အဓိပ္ပာယ်တွေ နက်ရှိုင်းသည်။

ရှေ့မှစစ်တုရင်ကွက်ကို ငုံ့ကြည့်ကာ ရထားကိုနေရာရွှေ့ရင်း..

"ဆိုစမ်းပါဦး..။ ဘာတွေနားလည်ရခက်နေတာလဲ။ ဒက်ဒီက ဘာတွေလျှောက်လုပ်နေလို့လဲ"

မြနှင်းဆီကို မော့မကြည့်ဘဲ ပြန်မေးသည်။

မြနှင်းဆီရပ်နေရာမှ ဦးဒိဗ္ဗ၏စားပွဲရှေ့ထိုင်ခုံတွင် ဝင်ထိုင်ရင်း..

"ကိုယက္ခကို ဒက်ဒီက ရဲစခန်းမှာ အမှုသွားဖွင့်ထားတယ်ဆို" ဟု မေးသည်။

"ဟုတ်တယ်..။ ဒက်ဒီရဲ့ကုမ္ပဏီကငွေတွေ လစ်ပြေးတယ်လို့ တိုင်ချက်ဖွင့်လိုက်တယ်"





ဦးဒိဗ္ဗက လေသံအေးအေးနှင့် ဖြေသည်။

"ဘာလို့ အဲဒီလိုလုပ်တာလဲ။ ကိုယက္ခဟာ ဒက်ဒီရဲ့လူယုံ။ လက်ရုံးလေ..။ သူဘယ်မှာငွေတွေလစ်ပြေးလို့လဲ"

"မြနှင်းဆီ..။ သမီး ဒီနေရာမှာတော့ ညံ့သွားပြီ။ ဒါ..ဒက်ဒီ့ ကိုယ်ဒက်ဒီ ကာကွယ်ရတာ။ ကိုယ်ဆင်တဲ့အကွက်တစ်ကွက်ဟာ မအောင်မြင်ဘဲ တစ်ဖက်က ကိုယ့်ကိုပြန်တိုက်လာရင် ခုခံကာကွယ်ဖို့ အမြဲကြိုတင်ပြင်ဆင်ရတယ်။ အဲဒီအခါ ကြီးကြီးမားမားဆုံးရှုံးမှုတွေ မဖြစ်ရအောင် ကိုယ်က ထိုးကျွေးသင့်တာ ကျွေးရတယ်"

"သမီးနားမလည်ဘူး"

"ဒီမှာ..ဒက်ဒီရှင်းရှင်းပြောမယ်။ ဒက်ဒီက ယက္ခကို လူတစ်ယောက်ကို သွားရှင်းခိုင်းတယ်။ သမီးကို ဟိုကောင်သက်မွန်ကို ရှင်းခိုင်းသလိုပေါ့။ သူက မပီပြင်ဘူး။ မေစံရှားတို့နဲ့တွေ့တယ်။ ထွက်ပြေးခဲ့ရတယ်။ တစ်ဖက်က ဒက်ဒီရှင်းခိုင်းတဲ့လူက ယက္ခကိုသိတယ်။ ယက္ခကို သိသလို ဒက်ဒီရှင်းခိုင်းတာကိုလည်း သိတယ်။ သူတို့ ရဲစခန်းမှာ တိုင်ချက်ဖွင့်တယ်။ ဒါကို ယက္ခသတင်းပို့လို့ ဒက်ဒီသိရတယ်။ ဒါကြောင့် ယက္ခကို လုံခြုံတဲ့တစ်နေရာမှာ ခဏရှောင်နေခိုင်းလိုက်တယ်။ ဒက်ဒီ့ဆီကို ဒီပြဿနာလာမဆောင့်ခင် ဒက်ဒီက ရဲစခန်းမှာ ယက္ခ ငွေတွေယူပြီး လစ်ပြေးကြောင်း အမှုဖွင့်တယ်။ ယက္ခနဲ့ ဟိုတစ်ယောက်နဲ့ဖြစ်တာ။ ဒက်ဒီနဲ့ဘာမှမဆိုင်ဘူးလို့ ကြိုတင်အကာအကွယ်ယူလိုက်တာပဲ။ သဘောပေါက်ပြီလား"

မြနှင်းဆီ သဘောပေါက်သော်လည်း ခေါင်းကလေးတယမ်းယမ်းနှင့်ရှိနေသည်။ ဒက်ဒီဦးဒိဗ္ဗ၏စိတ်ဓာတ်ကို မြနှင်းဆီ ပို၍ သဘောပေါက် လိုက်ရပြန်ပါပြီ။ ဦးဒိဗ္ဗသည် သူ၏အတ္တအတွက်ဆိုလျှင် တပည့်သည်း ထိုးကျွေးမည့်သူ။ သမီးကိုပင် ကျွေးချင်ကျွေးဦးမည့်သူဟု မြနှင်းဆီ တွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချလိုက်ပြီး. .

"ဒက်ဒီ. . သမီးကို အမေနဲ့တွေ့ပေးမယ်ဆိုတဲ့ကိစ္စကို စိတ်ပူ ပါဦး"

ဦးဒိဗ္ဗကိုတည့်တည့်ကြည့်ကာ မြနှင်းဆီတောင်းဆိုသည်။

"ဒက်ဒီစိုးရိမ်နေပါတယ်"

"ကြာလှပြီ ဒက်ဒီ. .။ သမီးပြန်ရောက်တာပဲ တစ်နှစ်ကျော် နေပြီ"

"သမီးအမေကို ဒက်ဒီစုံစမ်းနေလို့ပါ။ အခု သတင်းရပါပြီ မကြာခင် သမီးတွေ့ရတော့မှာပါ"

ဦးဒိဗ္ဗက စကားကိုဖြတ်ကာ မြနှင်းဆီကိုစိုက်ကြည့်သည်။ အတန်ကြာ စိုက်ကြည့်နေပြီးမှ. .

"အင်း. . ဒီကိစ္စကိုတော့ သမီးနဲ့ဒက်ဒီ အပေးအယူတစ်ခု လုပ်ရလိမ့်မယ်ထင်တယ်"

တစ်ခွန်းချင်းပြောသည်။

"ဘာအပေးအယူလဲ"

"သမီးရဲ့ဆန္ဒကို ဒက်ဒီဖြည့်ပေးမယ်။ ဒက်ဒီရဲ့ဆန္ဒတစ်ခုကို သမီးက ဖြည့်ပေးပါ"

မြနှင်းဆီ မျက်နှာတည်သွားသည်။ မျက်လုံးတွေ မှိုင်းသွားသည်။ ဘဝင်မကျစွာဖြင့်. .

"သမီးက အမေကိုတွေ့ရမယ့်ကိစ္စကိုတောင် ဒက်ဒီက အပေး အယူသဘော လုပ်ဦးမှာလား"

မေးသည်။

ဦးဒိဗ္ဗ တဟားဟားရယ်သည်။ သူ့ကိုယ်ကြီးယိမ်းထိုးနေသည် အထိ ဖြစ်၏။

"သမီး စကားတွေတတ်လိုက်တာ။ ဒက်ဒီ့ကို အထင်မလွဲပါနဲ့





ဒက်ဒီပြောတာက သမီးနဲ့ သမီးအမေကို တွေ့ပေးဖို့ ဒက်ဒီကစီစဉ်နေ ချိန်မှာ သမီးက ဒက်ဒီကို ကိစ္စတစ်ခုဆောင်ရွက်ပေးဖို့ ပြောချင်တာပါ"

"သမီးက ဒက်ဒီခိုင်းတာ မလုပ်ပေးဘူးဆိုရင်ရော"

"ဒီလို တစ်ဖွတ်ထိုးမဆန့်ကျင်ပါနဲ့ သမီးရယ်။ ဒက်ဒီ့အကြောင်း လည်း သမီးသိသားပဲ။ ဒက်ဒီကလည်း ဘူးဆို ဖရုံမသီးတဲ့လူ"

မြနှင်းဆီမျက်လုံးတွေ စူးရဲတောက်ပြောင်လာသည်။

"သမီးက ဘာလုပ်ပေးရမှာလဲ"

ဦးဒိဗ္ဗက သဘောကျစွာပြုံး၏။ ဆံပင်ကိုသပ်တင်ရင်း မြနှင်းဆီ ကိုကြည့်သည်။ ပြီးမှ လေသံနိမ့်ကာ. .

"အမှိုက်တစ်ခုကို ရှင်းပေးဖို့"

မြနှင်းဆီ မျက်လုံးဝိုင်းသွားသည်။ နှုတ်ခမ်းဟသွားသည်။

"သမီးရဲ့အမေကိုတွေ့ရဖို့ ဒီလောက်တောင်ကြီးမားတဲ့အပေး အယူ သမီးက လုပ်ပေးဖို့လိုသလား ဒက်ဒီ"

အသံမှာ မာကျောခက်ထန်နေ၏။ တင်းမာပြတ်သားနေ၏။ အဓိပ္ပာယ်က ရှင်းရှင်းပြက်ပြက် ကွင်းကွင်းကွက်ကွက်ဖြစ်၏။

ဦးဒိဗ္ဗက လေသံပျော့ဖြင့်. .

"သမီးက ဒက်ဒီရဲ့သမီးပါ။ ဒက်ဒီရဲ့အကျိုးဟာ သမီးရဲ့အကျိုး ပါပဲ။ ဒက်ဒီရဲ့ရန်သူဟာ သမီးရဲ့ရန်သူပါပဲ။ သမီးကို အားကိုးလို့လည်း ဒက်ဒီက သမီးကို ဟောင်ကောင်ကနေ ပြန်ခေါ်လာခဲ့တာလေ။ ဒါ. . သမီးသိပါတယ်"

နှုတ်ခမ်းစူသည်။ (နှုတ်ညွှန့်စွာဆိုသည်။)

"ဒါကို သမီးသိပါတယ်။ ဒါပေမဲ့ သမီးကိုပေးထားတဲ့ အမေနဲ့ တွေ့ဖို့ကိစ္စကျတော့ နေ့ရွှေ့ညရွှေ့နဲ့။ သမီး ဒက်ဒီ့ကို မယုံချင်တော့ဘူး။ ပြီးတော့ အမေကိုတွေ့ရဖို့ကိစ္စမှာ ဒီလိုအပေးအယူလုပ်ရအောင်ထိ ဒက်ဒီ ပြောတာကိုလည်း သမီးမကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီ၏မျက်လုံးတွေက ညအမှောင်ထဲက ကျားသစ်မလေး၏မျက်လုံးမျိုး ရဲတောက်နေ၏။ အသွင်ကလည်း ကျားသစ်မလေးပမာ။

"ဒက်ဒီစကားများသွားတာပါ သမီး။ ဟုတ်ပါတယ်. .။ သမီးပြောတာ သဘာဝကျပါတယ်။ ဒက်ဒီတောင်းပန်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ သမီး ဒက်ဒီ့ကိုကူညီမှ ဖြစ်မှာမို့ပါကွယ်"

မြနှင်းဆီ၏စိတ်ဓာတ်ကို နားလည်သွားသော ဦးဒိဗ္ဗက အမူအရာရော၊ လေသံပါ ပြောင်းသွားသည်။ တိုက်ကွက်ပြောင်းသွားသည်ဟုဆိုသော် ရနိုင်၏။ ဒါကို မြနှင်းဆီကလည်း မသိမဟုတ်။ သိသည်။

သို့သော် မိမိရည်ရွယ်ချက် သို့မဟုတ် မိမိ၏အလွန်ပြင်းပြသောဆန္ဒဖြစ်သည့် အမေနှင့်တွေ့ရဖို့ကလည်း ဒက်ဒီ့အပေါ်မှာ တည်နေပေသည်။ ဒက်ဒီက သူ့စကားကို ပယ်ဖျက်လိုက်ပါက အမေနှင့် သည်ဘဝတွေ့ရတော့မည်မဟုတ်။

"ဒက်ဒီနဲ့ သမီးအမေကတော့ လုံးဝဆက်စပ်စရာမရှိတော့တာအမှန်ပဲ။ ဒါပေမဲ့ သမီးကိုသာ ဒက်ဒီက စာနာလို့ အမေနဲ့ပေးတွေ့ချင်တာ" ဟု ဒက်ဒီပြောခဲ့သည်မဟုတ်လား။

မြနှင်းဆီ စိတ်ကိုလျှော့ချလိုက်ရ၏။

"ဒါဖြင့် ပြောပါ။ သမီးရှင်းပေးရမယ့်အမှုကိစ်က. ."

ဦးဒိဗ္ဗ သဘောကျကျေနပ်စွာ ပြုံးသည်။ တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ခြင်းဖြစ်၏။

"သမီးအဖို့ မခက်ခဲပါဘူးကွယ်။ မိန်းကလေးတစ်ယောက်ပါ"

"ဘယ်သူလဲ. .။ ဘယ်ကလဲ. ."

"ခရစ္စတီနာ. . ဆူဇီရဲ့သမီး ခရစ္စတီနာ"

"ဟင်. ."

မြနှင်းဆီအံ့သြသွားရပြန်ပါပြီ။

ခရစ္စတီနာကို မြနှင်းဆီမမြင်ဖူးပါ။ မကြာခင်ကမှ စင်ကာပူ





မှပြန်ရောက်လာသည်ဟု ကြားသိရသည်။ ဦးဒိဗ္ဗ၏ဇနီး ဒေါ်ဆူဇီ၏သမီးဖြစ်ကြောင်း မြနှင်းဆီသိထား၏။ မယားပါသမီးဟု ဆိုနိုင်သော်လည်း ချစ်စိတ်နှင့်ကြည့်လျှင် သမီးအရင်းဟုလည်း သတ်မှတ်နိုင်၏။

မြနှင်းဆီနှင့်တန်းတူ ချစ်နိုင်၏။ ချစ်သင့်၏။

သို့သော် ဒက်ဒီဦးဒိဗ္ဗသည် ခရစ္စတီနာကို အဘယ့်ကြောင့်သတ်ဖို့ကြိုးစားပြန်ပါသနည်း။

မြနှင်းဆီ နားမလည်။

"ဒက်ဒီကလည်း. .။ ခရစ္စတီနာကို ဘာကြောင့်. ."

မြနှင်းဆီ၏အမေးစကား မဆုံးပါ။ ဦးဒိဗ္ဗက လက်ကာ၍ ရပ်လိုက်ရ၏။

"သူက ရန်သူပဲ။ ဒက်ဒီ့အကျိုးကို ဖျက်တဲ့သူ။ ဒက်ဒီ့အကျိုးစီးပွားကို ပျက်စေသူ။ ဒက်ဒီ့ကို ထောင်ထဲပို့ဖို့ ကြံနေတဲ့သူ။ ဒါကြောင့် ရန်သူမည်တယ်။ မွေးမွေးဆိုတာ ခါးပိုက်မပိုက်ရဘူး သမီးရဲ့"

"သမီး ဘာမှနားမလည်ဘူး"

"ဒါတွေ နောက်တော့ သမီးနားလည်လာမှာပါ။ အခုတော့ ဒီလောက်ပဲ သိထားပါဦး။ ရှင်းရှင်းပြောရရင် သမီးအတွက် ဒက်ဒီက သူ့ကိုရှင်းရမှာ"

မြနှင်းဆီ နားပိုရှုပ်သွားသည်။

မေးခွန်းတစ်ခု ပြန်မေးမည်အပြု ဦးဒိဗ္ဗက ထိုင်ရာမှထကာ. .

"ကိုင်း. . ဒက်ဒီတို့ ဒီမှာပဲ စကားဝိုင်းရပ်ရအောင်။ ဒက်ဒီပေးတဲ့တာဝန်ကို သမီးအမြန်ဆုံးထမ်းရွက်လိုက်ပါ။ သမီးအမေနဲ့ တွေ့ဖို့လည်း ဒက်ဒီက အမြန်ဆုံးစီစဉ်ပေးပါ့မယ်"

ပြောပြီး အခန်းတွင်းမှ တစ်ဟုန်ထိုးထွက်သွားသည်။

ပင့်သက်မောနှင့်အတူ မြနှင်းဆီ ထိုင်ခုံမှာ မလှုပ်မယှက်ကျန်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စတီနာဆိုသည်က ပြောရလျှင် ညီအစ်မဟုပင် ခေါ်နိုင်သူ. .။ အဘယ်ကြောင့် ခရစ္စတီနာကို သတိရိုင်းပါသနည်း။

❦ ❦ ❦ ❦ ❦

## ၂၉

ဈေးက နံနက်ပိုင်းမို့ လူစည်ကားလွန်းလှသည်။ ဈေးဝယ်ကျိန်မို့ ဝင်သူထွက်သူတွေ တိုးမပေါက်။

ဈေးဝင်ပေါက်နှင့်တည့်တည့်ဖြစ်သော သန်းကြွယ်လက်ဖက်ရည်ဆိုင်၏ အဝင်ဝနားကစားပွဲမှာ လူနှစ်ယောက်ထိုင်နေသည်။ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ဖြစ်သည်။

အမျိုးသမီးက ဈေးအဝင်အထွက်ပေါက်နှင့် ဈေးလာရာလမ်းဆီသို့ မကြာခဏမျှော်ကြည့်နေ၏။

သူတို့ကား အခြားမဟုတ်ပါ။

ကိုနေသော်နှင့် မေစံရှားသာလျှင် ဖြစ်ပါသည်။

"ရှားနဲ့ချိန်းထားတာ ဒီဆိုင်သေချာတယ်နော်"

ကိုနေသော်က နာရီကိုကြည့်ရင်း မေး၏။

"ဟုတ်ပါတယ် ကိုကို။ ဒီဆိုင်ပါ"

"အချိန်ကရော"

"ဒီအချိန်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ချိန်းတာလား"

"ဟုတ်တယ် ကိုကို။ ဖုန်းနဲ့လှမ်းချိန်းတာ"

သူတို့ ခဏစကားပြတ်သွားသည်။ လက်ဖက်ရည်ဆိုင်အတွင်း ဖွင့်နေသောသီချင်းသံကို သူတို့အာရုံမရောက်။ လက်ဖက်ရည်နှင့် မုန့်များကိုလည်း စိတ်မဝင်စား။

အချိန်အနည်းငယ်ကျော်သွားပြီးမှ..

"ဟော..လာပြီ"

မေစံရှားက ဝမ်းသာအားရ တိုးတိုးပြောသည်။ ကိုနေသော်က မေစံရှား၏အကြည့်ဦးတည်ရာသို့ လှမ်းကြည့်သည်။

ဈေးခြင်းတောင်းကိုဆွဲ၍ လက်ဖက်ရည်ဆိုင်ရှိရာသို့ ခပ်သုတ်သုတ်လျှောက်လာနေသော အသက်သုံးဆယ်ကျော်အရွယ် မိန်းမတစ်ဦး။ ရုပ်ရည်က ရွက်ကြမ်းရေကျို။ အရပ်က ပုပျပ်ပျပ်နှင့်။ အဝတ်အစားခပ်နွမ်းနွမ်းနှင့်။

မေစံရှားကို သူမလှမ်းမြင်ပုံရ၏။

ဆိုင်တွင်းသို့ တန်းဝင်လာသည်။ ဆိုင်တွင်းမဝင်မီ ပတ်ဝန်းကျင်ကိုလည်း မျက်ကလဲဆံပျာ ဝေ့ကြည့်ခဲ့သေးသည်။

"လာ..မမအုန်းမြင့်"

မအုန်းမြင့်က မေစံရှားဘေးမှခုံတွင် ဝင်ထိုင်သည်။ ခပ်သုတ်သုတ်လျှောက်လာရသောကြောင့်လား၊ စိုးရိမ်စိတ်ကြောင့်လား မသိ၊ မအုန်းမြင့် မောနေသည်။

"မအုန်းမြင့် ဘာသောက်မလဲ"

"မသောက်တော့ဘူး ဆရာမလေး။ အချိန်သိပ်မရဘူး။ ဈေးမှာ အချိန်ကြာရင် ဆရာကြီးက ကျွန်မကို တစ်မျိုးထင်နေမယ်"

"အဆင်ပြေလား"

"ပြေပါတယ်"





မအုန်းမြင့်က ပြောပြောဆိုဆို ဆွဲခြင်းအောက်ဘက် ပလတ်စတစ်အမည်းနှင့်ပတ်ထားသော အရာတစ်ခုကို နှိုက်ယူကာ မေစံရှားကိုပေးသည်။

"မနေ့ညက ဦးဒိဗ္ဗ ဆရာကြီးဆီကို လာပြီးစကားပြောတယ်။ အဲဒီမှာ ကျွန်မလည်း ဆရာမလေးမှာတဲ့အတိုင်း သူတို့ကို ကော်ဖီသွားပို့ရင်း အနီးဆုံးနေရာမှာ ကက်ဆက်လေးကို ဝှက်ချခဲ့ပြီး အသံဖမ်းခဲ့တာပဲ။ စားပွဲလေးအောက်မှာ ထားခဲ့တာဆိုပေမယ့် အသံတွေကောင်းကောင်းဝင်လောက်ပါတယ်"

"ကျေးဇူးပါပဲ မအုန်းမြင့်ရယ်..။ မအုန်းမြင့်လည်း ပင်ပန်းသွားပြီ။ ကျွန်မတို့အတွက် ဒုက္ခပေးသလိုဖြစ်ရတာလည်း အားနာပါတယ်။ ကဲ..ဒါလေးယူသွားပါဦး"

မေစံရှားက ငွေစက္ကူတစ်ထပ်ကိုထည့်ထားသည့် ပိုက်ဆံအိတ်တစ်ခုကို မအုန်းမြင့်အား ပြန်ပေးသည်။

"ဆရာမလေးကို အားနာလို့ ကျွန်မကလည်း အရဲစွန့်ကူညီရတာပါ။ ကြောက်တော့ကြောက်တာ အမှန်ပဲ။ ကဲ..ကျွန်မသွားတော့မယ်"

"ကောင်းပါပြီ"

မအုန်းမြင့် သုတ်သုတ်ပျာပျာပင် ထ၍ထွက်သွားသည်။ လမ်းကိုဖြတ်ကူးပြီး ဈေးထဲဝင်သွားသည်အထိ မေစံရှားက ငေးကြည့်ပြီးမှ အုန်းမြင့်ပေးသော ပလတ်စတစ်အိတ်အမည်းကိုဖွင့်ကာ အထဲမှ ပစ္စည်းကို နှိုက်သည်။

Sony Walkman ကက်ဆက်ကလေးဖြစ်၏။ မေစံရှား၏ ကိုယ်ပိုင်ကက်ဆက်ကလေးဖြစ်ကြောင်း ကိုနေသော်သိလိုက်သည်။

မေစံရှားက တိပ်ခွေကို ပြန်ရစ်လိုက်သည်။ ပြီးမှ Play ခလုတ်ကို ပြန်နှိပ်သည်။ ကက်ဆက်ကို ကိုနေသော်နှင့်မေစံရှား၏ကြား



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် တင်လိုက်သည်။

"ကိုကို ရှေ့တိုး . . ။ နားထောင်ရအောင်။ ဘေးလူတွေလည်း မကြားစေချင်ဘူး"

မေစံရှားက တိုးတိုးပြောသည်။ မေစံရှားပြောသလို ကိုနေသော်က ခုံကိုမရွှေ့ကာ ရှေ့ကိုတိုးသည်။ ဘေးဘီကိုဝေ့ကြည့်ရင်း ပြန်ပြောသည်။

"ဘေးက မကြားနိုင်ပါဘူး။ စားပွဲချင်းကလည်း ဝေးပါတယ်။ ပြီးတော့ ဆောင်းဘောက်စ်က သီချင်းသံကလည်း ရှိနေတာပဲ"

ထိုခဏမှာပဲ ကက်ဆက်ထဲမှ စကားသံအချို့ ပေါ်ထွက်လာသည်။ ဒေါက်တာဦးလွန်းမောင်နှင့် ဦးဒိဗ္ဗအသံများပင် ဖြစ်ပါ၏။

"ခင်ဗျားပြောသလိုဆိုရင် အဲဒီရှေ့နေမလေးက ဆူဇီကိစ္စကို စုံစမ်းနေတဲ့သဘောပဲပေါ့။ ဟုတ်လား ကိုလွန်းမောင်"

"ဟုတ်တယ် ဦးဒိဗ္ဗ . . ။ သူက အန္တရာယ်ပေးမယ့်လူပဲ"

"အေးဗျာ . . ။ ဒီလောက်ထိဖြစ်လာလိမ့်မယ်လို့ မတွက်ခဲ့မိတာ ကျုပ်အမှားပဲ။ ခရစ္စတီနာကို လွှတ်ခဲ့မိတာလည်း မှားတာပဲ"

"ဦးဒိဗ္ဗ . . ။ ခင်ဗျားကိစ္စတွေ ရှင်းအောင်လုပ်နော်။ ပေါ်လာရင် ကျွန်တော်ပါ အမှုပတ်နေမယ်"

"မပူပါနဲ့ ကိုလွန်းမောင်ရာ။ ခင်ဗျားက အနေသာကြီးပါ"

"အနေသာကြီးမလုပ်နဲ့။ ကျွန်တော် ရင်ပူနေပြီ။ ကျွန်တော်လည်း ကြံရာပါဖြစ်နေပြီ။ ကျွန်တော်က ခင်ဗျားနဲ့ရင်းလွန်းလို့သာ ကူညီခဲ့တာ"

"ဒီလိုချည်း မပြောနဲ့လေ။ ခင်ဗျားကိစ္စမှာတုန်းကလည်း ကျုပ်က အကူအညီ ပေးခဲ့ဖူးတာပဲ မဟုတ်လား။ ဒါက အပြန်အလှန်သဘောပဲလေ"

"ကဲ . . ထားပါဗျာ။ ဟိုရှေ့နေမလေးနဲ့ ခရစ္စတီနာနဲ့ ပေါင်းပြီး ဒီ့ထက်ရှေ့တိုးလာရင် ဘယ်လိုလုပ်မလဲ"





"ကြည့်ရတာ သူတို့က ရှေ့တိုးလာမယ့်ပုံပဲ ကိုလွန်းမောင်။ ခု ဆူဇီရှိစဉ်က အိမ်ဖော်မညွန့်ကိုတောင် ခရစ္စတီနာက ပြန်ခေါ်ထားတယ် သတင်းကြားတယ်"

"ဟင် . . အဲဒါ ပြဿနာပဲ။ ခင်ဗျားပြောတုန်းက မညွန့်က အဲဒီညက ခင်ဗျားကို မသက်သေပုံပဲဆို။ သူက အန္တရာယ်ပဲ"

"အဲဒါကြောင့် တစ်လောက ကျုပ် မညွန့်ကိုရှင်းနိုင်းလိုက်တာ။ အချင်တော့ ရှေ့နေမလေးရောက်လာတာနဲ့ မညွန့်ကိစ္စ မအောင်မြင်ဘူးဖြစ်သွားတယ်။ ကျုပ်ကိုပါပတ်မယ့်ကိန်းဆိုက်လာလို့ ယက္ခကို ရှောင်နေစေပြီး စခန်းမှာတောင် အမှုဖွင့်ထားလိုက်ရသေးတယ်"

"ဒါဆို ခင်ဗျားဘာဆက်လုပ်မလဲ"

"သိပ်လည်းမစိုးရိမ်ပါနဲ့ဗျာ။ ခင်ဗျားသာ မှုမပျက်နေပါ။ ပြီးတော့ ရှေ့နေမလေးပဲဖြစ်ဖြစ်၊ ရဲကပဲဖြစ်ဖြစ် မေးလာရင် နှလုံးရောဂါကြောင့် ရှော့ခ်ဖြစ်လို့ ဘာညာပဲ နိုင်နိုင်မာမာပြောပါ။ ကျန်တာ ကျုပ်ရှင်းပါ့မယ်"

"ခင်ဗျားဗျာ . . တစ်ခါတည်းမီးသဂြိုဟ်လိုက်ရင် ပြီးပြီ။ ခုတော့ မြှုပ်ထားတယ်ဆိုတော့ နောက်ကြောင်းက မအေးဘူး"

"အဲဒါက ခရစ္စတီနာက တောင်းဆိုလို့ကွ။ ကျုပ်ကလည်း သူ့အလိုကို မလိုက်ရင် တစ်မျိုးတစ်မည်ထင်မှာစိုးလို့ အယုံသွင်းတဲ့ အနေနဲ့ သူ့အမေကို ဂူသွင်းခဲ့တာပဲ"

"ကဲ . . ပြီးတာတွေပြန်ပြောနေလို့ အပိုပါပဲဗျာ။ ရှေ့ဆက်လုပ်မှာကိုပဲ စဉ်းစားပါ"

"အရေးကြီးတာက ခင်ဗျားပဲ ကိုလွန်းမောင်။ ခင်ဗျား မဖောက်နော်"

"ဒါတော့ စိတ်ချပါဗျာ။ ခင်ဗျားနဲ့ကျွန်တော်နဲ့က ကြိုးတစ်ချောင်းတည်း တွဲလျက်ဖြစ်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျုပ်သွားမယ်။ စီစဉ်စရာလေးတွေ ရှိသေးတယ်"

"ကောင်းပြီ ကိုဒိဗ္ဗ"

အသံများ ပြတ်သွားသည်။

မေစံရှားက ကက်ဆက်ခလုတ်ကိုပိတ်ရင်း. .

"ရှားတို့ထင်တာ လုံးဝသေချာသွားပြီ ကိုကို။ ဦးဒိဗ္ဗက ဒေါ်ဆူဇီကိုလုပ်ကြံခဲ့တာ အသေအချာပဲ။ ဒါကို ဦးလွန်းမောင်က သိပေမယ့် လျှို့ဝှက်ပေးထားတာ။ သူတို့က သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့နေတဲ့လူတွေပဲ" ဟု ပြောသည်။

"မှန်တယ်ရှား။ အခုအခြေအနေက အရေးကြီးတဲ့အချိန် ရောက်လာပြီ။ သူတို့ဘက်က လှုပ်ရှားလာတော့မယ်"

ကိုနေသော်က စိတ်ပူစွာ ဝင်၍သတိပေးသည်။

မေစံရှားက သက်ပြင်းချလိုက်သည်။

"ဦးဒိဗ္ဗက ခရစ္စတီနာကို အန္တရာယ်ပေးနိုင်တယ်။ ဒါ. . အရေး အကြီးဆုံးအချက်ပဲ။ ဒုတိယက ဒေါ်ဆူဇီရဲ့အလောင်း"

"ရှား. . ဘာဆက်လုပ်မလဲ"

ဒီအခွေကို ပွားပြီး တစ်ခုကို ရဲအုပ်မောင်မောင်သန်းကို အပ် ရမယ်။ တစ်ခုကို ခရစ္စတီနာကို ပေးရမယ်"

"ကဲ. . ဒါဆိုလည်း လုပ်စရာရှိတာ မြန်မြန်လုပ်ကြစို့။ သွားမယ်"

လက်ဖက်ရည်ဖိုးရှင်းပြီးသည်နှင့် မေစံရှားတို့ လက်ဖက်ရည် ဆိုင်တွင်းမှ ထွက်လာခဲ့ကြသည်။

နေက မြင့်သည်ထက် မြင့်လာနေပေပြီ။

❦ ❦ ❦ ❦ ❦

# ၃၀.

"စိတ်ကြွဆေးပြားတွေဖမ်းတုန်းက ကားထိုက်ခံရပြီး သေဆုံးသွားတဲ့ တိမ်တစ်လုံးဟာ အရင်က လုယက်မှုတစ်ခုနဲ့ ထောင်ကျခဲ့ဖူးတယ်။ ထောင်ကအလွတ်မှာ ခြေရာပျောက်နေတာ။ ဒါပေမဲ့ ရိုက်မှုတစ်ခုမှာ သူနဲ့ ယက္ခဆိုတဲ့ကောင် အတူတကွကျူးလွန်ခဲ့တာ ရှိခဲ့တယ်။ မိခဲ့ဘူး. .။ တစ်ခါ ယက္ခရဲ့နောက်ကြောင်းလိုက်ပြန်တော့ အဲဒီကောင်တာလည်း ထောင်ကျဖူးတယ်။ ဓားထိုးမှုနဲ့ တိမ်တစ်လုံးနဲ့ ထောင်ထဲမှာ သိခဲ့ကြဟန်ရှိတယ်။ ဒါကြောင့် သူတို့နှစ်ယောက်ဟာ အခုနောက်ပိုင်းမှာ တွဲလျက်ရှိနေတယ်လို့ မှန်းဆကြည့်လို့ရတယ်။ နောက်တစ်ခုက ကြောခင်က ဦးဒိဗ္ဗက သူ့ငွေတွေလစ်ပြေးသွားတယ်လို့ လာတိုင်ထားတဲ့ အောင်ပိုင်းဆိုတဲ့ကောင်ဟာ ယက္ခဖြစ်နေတယ်။ ဒါတွေကို ပေါင်းစပ်ကြည့်တဲ့အခါ ယက္ခရော၊ တိမ်တစ်လုံးရောဟာ ဦးဒိဗ္ဗနဲ့ဆက်စပ်နေတာ တွေ့နိုင်တယ်။ ဒီတော့ စိတ်ကြွဆေးပြားတွေကိစ္စမှာ ဦးဒိဗ္ဗဟာ နောက်ကွယ်က Mastermind ဖြစ်နိုင်ခြေရှိတယ်လို့ ယူဆနိုင်တယ်"

"ဒါဆိုရင် ကျွန်တော်တို့ ဦးဒိဗ္ဗကို မျက်ခြည်မပြတ်စောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေဖို့ လိုလာပြီပေါ့ ဆရာ"

"မှန်တယ် မင်းခန့်"

ထိုအခိုက်တွင် စခန်းတွင်းသို့ မေစံရှားနှင့်ကိုနေသော် ဝင်လာ သည်။ ရဲအုပ်မောင်မောင်သန်းနှင့် ဒုရဲအုပ်မင်းခန့်က လှမ်းမြင်ပြီး အပြုံး ဖြင့် ကြိုဆိုလိုက်ကြသည်။

"လာ. . မမရှားနဲ့ ကိုနေ"

မင်းခန့်က ထိုင်ခုံများဆွဲပေးသည်။

"ဒီကိုလာတာဆိုတော့ တစ်ခုခုတော့ ထူးခြားမှုရှိတယ်ထင် တယ်"

ရဲအုပ်မောင်မောင်သန်းက စကားကို စဖွင့်သည်။

မေစံရှားက. .

"ဦးသက်မွန်သေဆုံးမှုကရော ဘယ်လိုရှိနေလဲ"

ဟု မေးလိုက်သည်။

"အခု ကျွန်တော်တို့လိုက်နေတဲ့ မူးယစ်ဆေးဝါးအမှုတစ်ခု အသေရမိလိုက်တဲ့ကောင်ဟာ ဦးဒိဗ္ဗရဲ့လူဖြစ်ဖို့ များနေတယ်။ ဒါကြော ဦးဒိဗ္ဗဟာ တစ်ဖက်က နိုင်ငံခြားက ဆေးဝါးတင်သွင်းတဲ့အလုပ် လု နေရင်း နောက်တစ်ဖက်က မူးယစ်ဆေးဝါးတွေများ ဖြန့်သလားလို့ တွေ စရာရှိလာတယ်။ ဖြစ်နိုင်တာက ရှေ့နေဦးသက်မွန်ဟာ ဥပဒေအကြံ လုပ်ရင်းနဲ့ ဦးဒိဗ္ဗရဲ့လျှို့ဝှက်ချက်ကို ရိပ်မိသွားဟန်ရှိတယ်။ အဲဒီ ဦးဒိဗ္ဗက ဦးသက်မွန်ကို အပြတ်ရှင်းပစ်ခဲ့တာပဲလို့ တွေးစရာရှိလာတယ် အဲဒီကွင်းဆက်ကလေးတွေ တွေ့မိပေမယ့် တိကျတဲ့သက်သေ မရသေး လို့ စောင့်ကြည့်နေတဲ့အဆင့်မှာပဲ ရှိပါသေးတယ်"

ရဲအုပ်မောင်မောင်သန်းက ရှင်းပြသည်။

"အခု ကျွန်မက ကျွန်မအမှုသည် ခရစ္စတီနာရဲ့အမေ သေဆုံး ရတဲ့ကိစ္စကို လိုက်နေတာပါ။ အဲဒီမှာ ဦးဒိဗ္ဗပါဝင်ပတ်သက်နေတယ်





ဖော်ပြနေတဲ့အထောက်အထားတစ်ခု ရလာလို့ ရဲအုပ်ကြီးကို လာအပ် တာပါ"

မေစံရှားက ပြောပြောဆိုဆို တိပ်ခွေကို လှမ်းပေးသည်။

"ဒါ. . ဦးဒိဗ္ဗနဲ့ ဒေါက်တာလွန်းမောင်တို့ စကားပြောနေတာကို ကျွန်မစည်းရုံးထားတဲ့ အိမ်ဖော်မလေးက အသံဖမ်းပေးထားတာပါ"

မေစံရှား၏ ရှင်းလင်းစကား။

မင်းခန့်က ဝင်၍. .

"အဲဒီဦးဒိဗ္ဗဟာ ကျွန်တော့်အစ်မကို ခိုးယူသွားတယ်လို့ ယူဆ နိုင်တဲ့ဦးထင်ကျော် ဖြစ်နေတယ်ဆရာ"

ဟု ဝင်ပြောသည်။

"ဒါဆိုရင်တော့ ဦးဒိဗ္ဗဟာ ဦးသက်မွန်အမှုမှာရော၊ မူးယစ်ဆေး ဝါးအမှုမှာရော၊ ဒေါ်ဆူဇီအမှုမှာရော၊ ကလေးခိုးမှုမှာရော ပါဝင်ပတ်သက် နေတယ်လို့ ယူဆနိုင်တဲ့ အဓိက ပစ်မှတ်ကြီးဖြစ်နေပြီ"

ကိုနေသော်က ဝင်ပြောသည်။

"ပွဲသိမ်းခါနီးပါပြီဗျာ။ ဥပဒေဘောက်တော်သားတွေနဲ့ ဥပဒေကို ဖောက်ဖျက်ကျူးလွန်သူတွေရဲ့ နောက်ဆုံးတိုက်ပွဲ နီးလာပါပြီ"

ရဲအုပ်မောင်မောင်သန်းက မှတ်ချက်ချသည်။ ခေါင်းတဆတ် ဆတ်ညိတ်သည်။

'ခင်ဗျားဘယ်ပြေးမလဲ ဦးဒိဗ္ဗ'

www.burmeseclassic.com

www.burmeseclassic.com

## ၃၁

"ရှင်ပြေးလို့မလွတ်နိုင်တော့ပါဘူး ဦးဒိဗ္ဗရယ်။ ရှင်ယုတ်မာရက်စက်ခဲ့တာတွေအတွက် ရှင်ပေးဆပ်ဖို့ အချိန်ကျလာပါပြီ"

ခရစ္စတီနာက ကြုံးဝါးလိုက်သည်။

ညှော်ခန်းထဲမှာ လူသုံးယောက်ရှိနေ၏။ ခရစ္စတီနာရယ်၊ မေစံရှားရယ်၊ မင်းခန့်ရယ်. . ။

မေစံရှားက ဦးလွန်းမောင်နှင့်ဦးဒိဗ္ဗတို့ ပြောကြသောစကားသံများအား အသံသွင်းထားသည့်တိပ်ခွေကို ခရစ္စတီနာအား လာပေးခြင်းဖြစ်၏။

တိပ်ခွေကို ဖွင့်နားထောင်ပြီးချိန်တွင် ခရစ္စတီနာက ခံရခက်သောမျက်နှာဖြင့် အံကြိတ်ကာ ကြုံးဝါးလိုက်ခြင်းပဲ ဖြစ်ပါ၏။

"ဒါဆိုရင် မာမီဆုံးရတာဟာ ဦးဒိဗ္ဗရဲ့လက်ချက်ကြောင့်ဆိုတာတော့ သေချာသွားပြီ မမရှား။ ဘယ်လိုလုပ်ကြံတယ်ဆိုတာကိုပဲ ရှာတော့မယ်"

ဟုလည်း ခရစ္စတီနာက မေစံရှားကို လှမ်းပြောသည်။

"မမရှားအာထင် ပြောရရင် ဒေါ်ဆူဇီရဲ့ခေါင်းမှာ ပြဿနာရှိနိုင်





တယ်။ ဒေါ်ကြီးညွန့်ရဲ့အပြောအရ ဒေါ်ဆူဇီရဲ့ခေါင်းအုံးစွပ်ကို လျှော်ရာမှာ သွေးနဲ့တူတဲ့အနီကွက်ကို တွေ့တယ်ဆိုတော့ကာ ဦးဒိဗ္ဗက ဒေါ်ဆူဇီကို ခေါင်းကိုအန္တရာယ်ပြုသတ်တာပဲ။ ခေါင်းအုံးနဲ့ဖိသတ်တာမျိုးမဟုတ်ဘဲ သေစေနိုင်လောက်တဲ့ အရာရာတစ်ခုခုနဲ့ ရိုက်တယ်။ ဒါမှမဟုတ် ထိုးသွင်းတယ်ဆိုတာမျိုးပေါ့"

"မမရှားပြောတာ ဖြစ်နိုင်တယ်"

မင်းခန့်က ထောက်ခံသည်။

"ဒေါ်ဆူဇီက ဆံပင်ကောင်းတယ်လို့ ဆိုတဲ့အတွက် ဦးဒိဗ္ဗက ဒေါ်ဆူဇီရဲ့ခေါင်းထဲကို ဆံပင်တွေကြားထဲကနေ တစ်ခုခု၊ ဥပမာ. . သံအချွန်လိုဟာမျိုး ရိုက်သွင်းတာမျိုးဖြစ်မယ်လို့ မမရှားခန့်မှန်းတယ်။ ဆံပင်တွေအုပ်နေလို့ ရုတ်တရက် ဒဏ်ရာကို မတွေ့နိုင်ဘူးလေ။ ဒေါ်ဆူဇီအိပ်ပျော်နေချိန်မှာ လုပ်တာပဲ။ ဒါပေမဲ့ ဦးလွန်းမောင်က ဆရာဝန်ဆိုတော့ နှလုံးရောဂါကြောင့် သေဆုံးရတာမဟုတ်ဘူးဆိုတာကို သိတယ်။ ဒါကြောင့် ဦးဒိဗ္ဗက ဦးလွန်းမောင်ကို စည်းရုံးနှုတ်ပိတ်ခဲ့ပုံပဲ"

"ဒါဆို အဲဒီယူဆချက်ကို ဘယ်လိုသက်သေပြမလဲ"

ခရစ္စတီနာက မေးသည်။

"တစ်နည်းပဲ ရှိတယ်။ ဒေါ်ဆူဇီရဲ့အုတ်ဂူကိုဖွင့်ပြီး ဒေါ်ဆူဇီရဲ့ အရိုးခေါင်းမှာ ရှာရမှာပဲ။ အဲ. . မမရှားပြောသလို မဟုတ်ရင်တော့ ဒေါ်ဆူဇီရဲ့အရိုးခေါင်းမှာ ဘာမှတွေ့မှာမဟုတ်ဘူး။ ဒါက ခန့်မှန်းချက်မျှသာဖြစ်လို့ ကံသေကံမတော့ မပြောနိုင်ဘူး"

"အုတ်ဂူဖွင့်ဖို့ဆိုတာ မလွယ်ဘူးထင်တယ်။ ဥပဒေကြောင်းအရက မြို့နယ်ဆရာဝန်ကြီးတို့၊ တရားသူကြီးတို့၊ စခန်းမှူးတို့ပါမှ ရမှာ"

မင်းခန့်၏ ထောက်ပြစကား. . ။

"မှန်တယ်. . ။ မင်းခန့်ပြောတာ မှန်တယ်။ နောက်တစ်ခုက မမရှားတို့က ဒီကိစ္စနဲ့ပတ်သက်ပြီး တရားဝင်ရုံးခန်းမှာ အမှုဖွင့်ကြား



www.burmeseclassic.com

www.burmeseclassic.com



ခြင်း မပြုရသေးဘူး။ မမရှားတို့ဘာသာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းနေဆဲ အဆင့်ပဲ ရှိသေးတယ်''

''ဒါဆို စခန်းမှာ အမှုဖွင့်မယ်လေ''

ခရစ္စတီနာက ဝင်ပြောသည်။

''မလောနဲ့ဦး တီနာ။ မပိုင်ဘဲ ရိုက်လို့မရဘူး။ တစ်ဖက်က ဦးဒိဗ္ဗဆိုတာက သိပ်ပြီးလျှင်တဲ့ပုဂ္ဂိုလ်။ အိပ်နေတဲ့ကျားကို သွားနှိုးသလို ဖြစ်နေမယ်။ ပြီးတော့ ကိုယ့်ဘက်က မပိုင်ဘဲနဲ့ သူ့ဘက်ကို ကြိုတင် ပြင်ဆင်ဖို့ အချိန်ပေးလိုက်သလို ဖြစ်သွားမယ်''

''ဒါလည်း ဟုတ်တယ်''

မင်းခန့်အယူအဆကလည်း ထပ်တူ။

''မမရှား ဘယ်လိုစိတ်ကူးလဲ''

ခရစ္စတီနာက သိလိုဇောဖြင့် မေးသည်။

''မမရှား စိတ်ကူးရှိပါတယ်။ မမရှားရဲ့ယူဆချက် မှန်မမှန် သိရအောင်ရယ်၊ မမရှားတို့က ဒေါ်ဆူဇီရဲ့အုတ်ဂူကို မဖွင့်ဘဲ ဦးဒိဗ္ဗက လာဖွင့်တာ စောင့်ဖမ်းဖို့ရယ်၊ အကွက်ဆင်မယ်လို့ ရည်ရွယ်တယ်''

မင်းခန့်ရော၊ ခရစ္စတီနာပါ မေစံရှားစကားကို စိတ်ဝင်စား သွားကြသည်။

''ပြောပါဦး မမရှား''

''ဒါပေမဲ့ ကျန်တာကတော့ တိကျသေချာအောင် စဉ်းစားရဦး မှာပေါ့။ မပြီးခင် မြန်မာမမြင်စေနဲ့ ဆိုတာလိုပေါ့။ ခဏတော့ သည်းခံ လိုက်ပါဦး။ လိုအပ်ရင် ရဲအုပ်ဦးမောင်မောင်သန်းကိုလည်း တိုင်ပင်ပြီး အကူအညီတောင်းရမှာ''

''တီနာ့အကူအညီလိုရင်လည်း ပြောနော်''

''ပြောမှာပါ တီနာ။ တီနာကူညီဖို့လည်း လိုမှာပါ''

''ဒါနဲ့ အရင်တစ်ခါ မမရှားမေးတဲ့ ဦးဒိဗ္ဗသမီးကို တွေ့ပြီလား''





''ဟင့်အင်း. . မတွေ့သေးဘူး။ တီနာ့ကိစ္စကို ဦးစားပေးလှုပ်ရှား နေရလို့ ဟိုကိစ္စကို ခဏထားထားတာ''

''တီနာ့ကိုတော့ ဦးဒိဗ္ဗက အန္တရာယ်ပြုမယ့်အရိပ်အယောင် မတွေ့ရပါဘူးနော်။ ဟုတ်လား''

မင်းခန့်ဝင်မေးသည်။

''ခုထိတော့ မတွေ့ရသေးပါဘူး။ တီနာကလည်း ဂရုစိုက်ပြီး နေပါတယ်''

ခရစ္စတီနာက ပြန်ဖြေသည်။

''စိတ်ပူတာယ်ပေါ့. . ဟုတ်လား''

မေစံရှားက ပြုံးစစဖြင့် မင်းခန့်ကိုကြည့်ကာ ပြောသည်။ မေစံ ရှားစကားကြောင့် မင်းခန့်မလုံမလဲဖြစ်ကာ မျက်နှာတွေထူပူသွားသလို ခရစ္စတီနာကလည်း ပြုံးယောင်ယောင်ဖြင့် ခေါင်းငုံ့သွားသည်။

သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာ လိုက်ဖက်သည်ဟု မေ စံရှားက တွေးကာ မင်းခန့်ကိုကြည့်လိုက်၊ ခရစ္စတီနာကိုကြည့်လိုက် လုပ်နေ၏။

''ကဲ. . ညဉ့်တောင်နက်နေပြီ။ မမရှားတို့ ပြန်မှဖြစ်မယ်''

မေစံရှားက နံရံမှနာရီကို လှမ်းကြည့်ရင်း ပြောသည်။

မှန်၏။ နာရီကား ဆယ်နာရီထိုးရန် ငါးမိနစ်အလိုကို ပြနေ၏။

''ညဘက် တံခါးတွေဘာတွေ သေသေချာချာ ပိတ်နော်''

မင်းခန့်က ခရစ္စတီနာကို ဂရုတစိုက်မှာ၏။ ခရစ္စတီနာက မင်းခန့်၏စေတနာကို နားလည်စွာကြည့်၍ ခေါင်းညိတ်သည်။

သူတို့ကိုကြည့်၍ မေစံရှားက ပြုံးနေ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၂၂

မှောင်ရိပ်မှာရပ်ထားသော ကားထဲမှ မြနှင်းဆီက ခရွှတီနာတို့ခြံကြီးကို လှမ်း၍အကဲခတ်နေသည်။ ကားက အတွင်းမီးပိတ်ထားသည်။

"အထဲကို ကျွန်တော်လိုက်ခဲ့ရမလား"

ကားမောင်းသူနေရာမှ ကြွက်စုတ်တင်လှက မေးသည်။ ကြွက်စုတ်တင်လှမှာ ယခင်က ခရွှတီနာ၏ကားကို မောင်းခဲ့သူ၊ ခရွှတီနာက အလုပ်ဖြုတ်ခဲ့သူ။ ဦးဒိဗ္ဗက ခရွှတီနာဖြုတ်လိုက်သဖြင့် တင်လှကို ပြန်ခေါ်ကာ သူ့ထံတွင် ထားခဲ့သည်။ ယကွာလောလောဆယ်မရှိသောအခါ တင်လှကို ကားမောင်းစေသည်။

"မလိုဘူး"

အနက်ရောင်ဝတ်စုံဖြင့် မြနှင်းဆီက ခပ်တိုတိုပြန်ဖြေသည်။ ဦးထုပ်အနက်၊ သားရေဂျာကင်အနက်၊ ဘောင်းဘီအနက် မဟုရာမလေး ဖြစ်နေ၏။ မှောင်မိုက်သောညနှင့် တစ်သားတည်းဖြစ်နေ၏။

"ငါသွားမယ်။ နင် ဒီကစောင့်"

မြနှင်းဆီက ပြောပြီး ကားတံခါးကို ဖွင့်မည်အပြုတွင် ခြံထဲမှ





ထွက်လာသော ကားတစ်စီးကို မြင်၍ လက်ကိုပြန်ရုတ်လိုက်သည်။

ဘယ်သူပါလိမ့်. . ။

ခရွှတီနာပဲ အပြင်ထွက်လေသလား။

ခြံထဲမှထွက်လာသောကားက ခြံတံခါးမှထွက်ပြီး ကားလမ်းပေါ် ကွေ့တက်လာကာ အရှိန်နှင့်မောင်းသွားသည်။ မြနှင်းဆီတို့ကားရပ်ထားရာ လမ်းမကြီးပေါ်မှ ဝေါခနဲဖြတ်သွားသည်။

ခြံတံခါး ပြန်ပိတ်သွား၏။

မြနှင်းဆီက ကားပေါ်ပါသွားသူများကို ကားအတွင်းမီးရောင်ဖြင့် မြင်လိုက်သည်။

တစ်ယောက်က မေစံရှား။

နောက်ထပ်တစ်ယောက်က မြနှင်းဆီနှင့် ယုဇနပလာဇာတွင် ဆုံခဲ့သူ လူရွယ်. . ။

သူတို့ ဘာလာလုပ်ပါလိမ့်. . ။

သူတို့ ဘာတွေလှုပ်ရှားနေပါလိမ့်. . ။

'ဒက်ဒီရဲ့ရန်သူဟာ သမီးရဲ့ရန်သူပါပဲ' ဟူသော ဦးဒိဗ္ဗ၏စကားကို မြနှင်းဆီ ဖျတ်ခနဲ ကြားယောင်သည်။

နားမလည်. . ။ မြနှင်းဆီနားမလည်သည်မှာ အမှန်ပါ။

သို့သော် အမေ့ကိုတွေ့ရဖို့ ဒက်ဒီ၏ခိုင်းစေချက်ကို မြနှင်းဆီ လုပ်ရပါလိမ့်မည်။

မြနှင်းဆီ ကားတံခါးဖွင့်၍ ဆင်းလိုက်သည်။ လမ်းဘေးဝဲယာကို တစ်ချက်အကဲခတ်သည်။ ပြီးသည်နှင့် ခြံကြီးရှိရာသို့ ကားလမ်းကို ဖြတ်၍ ခပ်သုတ်သုတ်လျှောက်သွားလိုက်သည်။ အမှောင်ကျသော သစ်ပင်တစ်ပင်နား ကပ်လိုက်သည်။

ခြံဝန်းက အုတ်တံတိုင်းကာရံထားသည်။ မြနှင်းဆီ၏လက် ချပ်တစ်ဖောင်စာ အမြင့်ရှိ၏။ သို့သော် မြနှင်းဆီဂရုမစိုက်ပါ။ သည်



www.burmeseclassic.com

www.burmeseclassic.com



လောက်က မြနှင်းဆီအဖို့ အပျော်စားကလေးသာ။

အုတ်တံတိုင်း၏အပေါ်စွန်းကို လက်ဖြင့်ဖမ်းဆုပ်ကာ အရှိန်ယူ၍ နံရံကိုခြေနှင့်ကန်ပြီး လွဲခိုတက်လိုက်သည်။ ကြောင်ကလေးတစ်ကောင်လို အုတ်တံတိုင်းအပေါ်ရောက်သွားသည်။ အမှောင်ရိပ်ကျသော နေရာမို့ မည်သူမျှမမြင်နိုင်။

သည်နေရာကလည်း လမ်းမကြီးမဟုတ်ဘဲ လမ်းမကြီးကခွဲထွက်လာသော လမ်းသွယ်လေးဖြစ်သောကြောင့် ကားလမ်းပေါ်မှာကလည်း ရှင်းနေသည်။ မည်သည့်ကားမျှ မလာ။ မည်သူမျှမရှိ။

တိုက်ကြီးဆီသို့ လှမ်းကြည့်သည်။

မီးရောင်တွေ မြင်နေရသေးသည်။ ခရစ္စတီနာတို့ အိပ်ပုံမရသေး။

မြနှင်းဆီ အချိန်မဆွဲတော့။ အုတ်တံတိုင်းပေါ်မှ အတွင်းသို့ ခုန်ချလိုက်သည်။ မြေပြင်သို့ ခြေဖွလျက် ကြောင်တစ်ကောင်လို ဖတ်ခနဲကျသည်။ ကျရာနေရာမှာရပ်ပြီး အခြေအနေကို အကဲခတ်သည်။ ခြံဝမှ အစောင့်တဲကလေးအတွင်းရှိ ခြံစောင့်ကြီးက အေးအေးလူလူ ဆေးလိပ်ထိုင်သောက်နေသည်ကို တွေ့ရ၏။

ခြံစောင့်ကြီးမမြင်အောင် မှောင်ရိပ်ကျရာကိုရွေးကာ တိုက်ကြီးဆီသို့ မြနှင်းဆီချဉ်းကပ်လာခဲ့သည်။

ဆန်းစလရောင်က သစ်ပင်များကြားမှာ ဟိုတစ်ကွက်သည် တစ်ကွက်. . ။

ခြံထဲမှာ ခွေးမရှိခြင်းက မြနှင်းဆီအတွက် တစ်ပန်းသာနေ၏။

တိုက်အိမ်ကြီးနားသို့ကပ်ကာ လူသံသူသံကို နားစွင့်လိုက်သည်။ ဘာသံမျှ မကြားရ။ အခြေအနေ လုံးဝကောင်းသည်။

တိုက်အိမ်ကြီးနံရံကိုကပ်ကာ အတွင်းသို့ ဝင်နိုင်မည့်တံခါးကို မြနှင်းဆီရှာလိုက်သည်။ နောက်ဘက်တံခါးကြီးတွေက ကျွန်းတံခါးကြီးတွေဖြစ်၏။ အလွယ်တကူ ဖွင့်၍ရမည်မဟုတ်။





အကောင်းဆုံးက ဖလသာဆောင်ကိုတက်၍ အပေါ်မှမှန်တံခါး တစ်ခုခုကို ခွဲ၍ဝင်ရန်ဖြစ်သည်ဟု မြနှင်းဆီအကြံရသည်။

မြနှင်းဆီသည် တိုက်အိမ်ကြီး အနောက်ဘက်မှနေ၍ ရှေ့သို့ ခေါင်းရင်းဘက်မှပန်းကာ ဖြတ်လျှောက်သွားရင်း အလင်းရောင်ရှိသော အခန်းတစ်ခု၏ မှန်ပြတင်းနားသို့ ကပ်လိုက်သည်။ ပြတင်းက မှန်ပြတင်း။ အထဲမှာက သံပန်းကာရံထားသည်။

မြနှင်းဆီ အတွင်းသို့ ချောင်းကြည့်လိုက်သည်။

စာကြည့်ခန်းဖြစ်ပုံရ၏။ စာအုပ်စင်တွေနှင့် စာအုပ်တွေ တွေ့ရသည်။ ပြီးတော့ စားပွဲခုံတစ်ခုနှင့် ကွန်ပျူတာတစ်လုံး။ စားပွဲပေါ်က စာကြည့်မီးအုပ်ဆောင်း။ ပြီးတော့ ကုလားထိုင်တွင်ထိုင်ကာ ကွန်ပျူတာတွင် တစ်ခုခုရိုက်နေသော မိန်းကလေးတစ်ယောက်. . ။

သူကား ခရစ္စတီနာဖြစ်မည်။

သည်အိမ်မှာ ခရစ္စတီနာနှင့် ဒေါ်ကြီးညွန့်သာရှိကြောင်း မြနှင်းဆီသိထား၏။ သည်မိန်းကလေးက ခရစ္စတီနာအမှန်။

မီးရောင် အပေါ်မှဖြာကျနေသဖြင့် ပီပြင်စွာမြင်နေရသော သည်မိန်းကလေး၏ မျက်နှာကလေးက နုနယ်ယယ်ကလေးဖြစ်၏။ သူ့မျက်နှာတွင် လောဘ၊ ဒေါသ၊ မာန်မာနများ မြူမျှမထင်။

သည်မိန်းကလေးသည် အဘယ့်ကြောင့် ဒက်ဒီဦးဒိဗ္ဗ၏ရန်သူ ဖြစ်နိုင်ပါမည်နည်း။ သည်မိန်းကလေးက မိခင်မရှိတော့သော တစ်ကောင်ကြွက်ကလေး။ သူမက ဦးဒိဗ္ဗအကျိုးကို ဖျက်မည့်သူလေလား။ မဖြစ်နိုင်ပါ. . ။

မြနှင်းဆီ သူမကိုမြင်မြင်ချင်း ညီမလေးတစ်ယောက်လို ချစ်မိသွားပြီလား မပြောတတ်။ တကယ်ဆိုရလျှင်လည်း သူမနှင့် မြနှင်းဆီက အမေပါသမီးနှင့် အမေပါသမီး။ ညီအစ်မဟုတ်ဆိုသော် ရ၏။

ယခုတော့ သူမကို မိမိက သတ်ရမည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ခရစ္စတီနာက ကွန်ပျူတာရှေ့မှ ထရပ်ပြင်သည်။ အနားတွင်ထောင်ထားသည့် ချိုင်းထောက်ကို လှမ်းယူကာ ချိုင်းထောက်ကိုအားပြု၍ ရပ်လိုက်သည်ကို မြနှင်းဆီတွေ့လိုက်ရသည်။

"အို. ."

မြနှင်းဆီရင်ထဲတွင် အသနားပိုသွားသည်။

ကြည့်ပါဦး. .။ သူမသည် ဒုက္ခိတမကလေးပါတကား။

သည်ဒုက္ခိတမကလေးကို မိမိသတ်ရမည်လား။

မြနှင်းဆီ ပင့်သက်ချလိုက်သည်။

❦ ❦ ❦ ❦ ❦

# ၃၃

"မင်းခန့်. . ရပ်လိုက်"

နောက်ခန်းမှ မေစံရှားက အမိန့်ပေးသလိုပြောလိုက်သည်။

"ဘာလဲမမရှား. . ဘာဖြစ်လို့လဲ"

မင်းခန့်က နားမလည်သလိုဖြစ်ကာ ပြန်မေးသည်။ သို့သော် မေစံရှားပြောသလို ကားကိုတော့ ရပ်လိုက်သည်။

"စောစောက ငါတို့ခြံထဲကထွက်အလာ လမ်းဘေးမှာ ကားတစ်စီးရပ်ထားတာ တွေ့တယ်။ ကားအနက်တစ်စီးပဲ။ အတွင်းမီးကိုပိတ်ထားတယ်။ ငါ့စိတ်ထဲမှာ မသင်္ကာဘူး မင်းခန့်။ ခရစ္စတီနာကို အန္တရာယ်ပေးမဲ့သူများ ဖြစ်နေမလား၊"

မေစံရှားက ပြောရင်း ကားတံခါးဖွင့်ဆင်းသည်။

"မမရှားဘာလုပ်မလို့လဲ"

"တီနာတို့ခြံကို ပြန်သွားမယ်"

"ဒါဆို ကားနဲ့သွားမယ်လေ"

"မဖြစ်ဘူး. .။ ကားနဲ့သွားရင် ငါတို့ပြန်လာတာကို သူတို့



www.burmeseclassic.com

www.burmeseclassic.com



တွေ့သွားမှာပေါ့။ ငါက တိတ်တိတ်ကလေး ပြန်သွားပြီး ကြည့်ချင်တာ"

"ကျွန်တော်လည်း လိုက်မယ်။ ကားကို ဒီနားမှာထားခဲ့မယ်"

မင်းခန့်ပါ ကားပေါ်မှ ဆင်းလိုက်သည်။

"ဒီလိုလုပ်. . ။ နင်က ဟိုကားကို ခပ်လှမ်းလှမ်းက စော

ကြည့်ထား။ ကားထဲမှာ လူရှိနိုင်တယ်။ ငါက ခြံနားကိုကပ်ပြီး အ

အခြေအနေ ကြည့်မယ်"

မေစံရှားက အကြံပြုသည်။

"ဖြစ်ပါ့မလား"

မင်းခန့်က စိုးရိမ်စိတ်နှင့် မေးသည်။

"ငါ့အတွက် မပူပါနဲ့။ ငါက လိုလိုမယ်မယ်ဆိုပြီး တိ

ကျင့်ဘောင်းဘီဝတ်လာတာ အတော်ပါပဲ။ Fighting ချရရင်လ

ရပါတယ်"

"ဒါဆို သွားစို့"

❦ ❦ ❦ ❦ ❦

# ၃၄

အုတ်တံတိုင်းပေါ်မှနေ၍ မြနှင်းဆီ အောက်သို့ခုန်ချလိုက်သည်။ မြေပြင်သို့အကျကတော့ ညင်သာသည်။ အနေအထားမှန်သည်။ ဖွဖွကလေးဖြစ်သည်။ ပြီးမှ မိမိကားရပ်ထားရာဆီသို့ လှမ်းထွက်လိုက်သည်။

သည်မှာပင်. . ။

မမျှော်လင့်ဘဲ မှောင်ရိပ်ထဲမှ မိမိရှေ့သို့ လူရိပ်တစ်ခု ဘွားခနဲပေါ်ထွက်လာသည်။ မြနှင်းဆီခေါင်းထဲမှာ မီးနီကလေး ဝင်းခနဲ အချက်ပြသည်။

မိမိရှေ့မှလူကို လရောင်ဖြင့် မြင်လိုက်ရ၏။

ကောက်ကြောင်းတွေအရ မိန်းကလေးဖြစ်ကြောင်း သိလိုက်သည်။

"မင်းဘယ်သူလဲ။ မင်း ခြံထဲကို ဘာဝင်လုပ်တာလဲ"

ထိုမိန်းကလေးက မေးသည်။ မေးရင်းက မြနှင်းဆီ၏လွယ်အိတ်သိုင်းလမ်းကို ဖိတ်၍ရပ်လိုက်သည်။ သူ့ခန္ဓာကိုယ်နေရာအရွေ့မှာ လရောင်က ရုတ်နှာပေါ်ထိုးကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. ."

မြနှင်းဆီ အံ့အားသင့်သွားသည်။

မေစံရှားပေပဲ။ မိမိနှင့် ရုပ်ချင်းတူလှသော မေစံရှား။

သို့သော် မေစံရှားကမူ မိမိမျက်နှာကို မမြင်နိုင်သေးပါ။ ဦးထုပ်က လရောင်ကို ကွယ်ထားသည်လေ။ မျက်နှာပေါ် အမှောင်ရိပ်ကျ[illegible]သည်လေ။

မြနှင်းဆီက အဖြေမပေးဘဲ ရှောင်ထွက်ဖို့ ကြိုးစားသည်။

မေစံရှားက ခွင့်မပြု။

"ဖြေလေ. .။ ညကြီးမင်းကြီး သူတစ်ပါးခြံထဲ နိုးဝင်တာ [illegible] ကောင်းသူကောင်းတွေရဲ့အလုပ် မဟုတ်ဘူးလေ။ မင်းဘယ်သူလဲ။ [illegible] ကို ရဲစခန်းပို့ရမယ်"

မေစံရှားက အချော့အခြောက်တွေနှင့် ပြောသည်။ စကား[illegible] ပြောလေယူလေသိမ်းနှင့် စကားလုံးတွေက ပီပီပြတ်သားသည်။ [illegible] ဓာတ်ပါသည်။ ဆွဲဆောင်မှုကောင်းသည်။ သတ္တိကိုလည်း ဖော်ပြ[illegible] သည်။

မြနှင်းဆီ အထင်ကြီးစိတ် ဝင်သွားသည်။

သို့သော် အခြေအနေက မိမိဘက်က နိမ့်နေ၏။ မိမိက [illegible] များခြံထဲ ကျူးကျော်ဝင်ရောက်ခဲ့သူ။

"လမ်းဖယ်ပါ"

လေသံကို အတင်းမာဆုံးပြု၍ ပြောလိုက်သည်။

"ငါမေးတာ ဖြေလေ။ ကြည့်ရတာ မင်းက မိန်းကလေ[illegible] ဘာအကြံနဲ့ ခြံထဲဝင်လာတာလဲ။ လုံလောက်နိုင်မာတဲ့ အဖြေမရ[illegible] မင်းကို ငါမလွှတ်နိုင်ဘူး"

မေစံရှားအသံကလည်း ပြတ်သားသည်။ တိကျသည်။

မြနှင်းဆီ ပြန်မဖြေ။ တိုးထွက်ရန်သာ စိတ်ကူးပြီး မေစံရှ[illegible]





[illegible]ားဘက်သို့ ခြေလှမ်းလိုက်၏။

မေစံရှားလက်တစ်ဖက်က ဖမ်း၍ထားသည်။

"ဒီလိုရှောင်ပြေးလို့ ဘယ်ရမလဲ"

မြနှင်းဆီ ယတိပြတ်ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်နှင့်အတူ စတင်လှုပ်ရှားသည်။

ဦးတည်ထားသောဘက်သို့ ပြေးဟန်ပြုလိုက်၏။ မေစံရှားက [illegible]ု့ခြေလှမ်းကို ပိတ်၍ရပ်သည်။ သည်မှာ မြနှင်းဆီက နောက်ကြောင်း[illegible]ြန်လှည့်ကာ တစ်ဖက်သို့ ထိုးဖောက်ထွက်လိုက်သည်။

အံ့သြဖွယ်ကောင်းလေစွ. .။

မြနှင်းဆီ၏ပခုံးပေါ်သို့ နောက်မှနေ၍ ခြေတစ်ဖက်နင်းလိုက်[illegible]ာ မြနှင်းဆီ၏ရှေ့သို့ ကြောင်တစ်ကောင်လိုပင် မေစံရှားက ဖတ်ခနဲ [illegible]ျွမ်းပစ်ကျလာကာ အသင့်အနေအထားဖြင့် ရပ်သည်။

မေစံရှားကို အထင်သေးမိသည်မှာ မှားသွားပြီ။ မေစံရှားသည် [illegible]ုနေ၊ ပြီးတော့ နူးညံ့သိမ်မွေ့သော အသွင်အပြင်ရှိသည်ဟု မြနှင်းဆီ [illegible]တွေ့မြင်အကဲခတ်ထားသည်။ ကိုယ်ခံပညာတတ်ပုံမရဟုလည်း ယူဆ[illegible]ထားသည်။ ယခုတော့ အထင်နှင့်ဆန့်ကျင်စွာ. .။

လှလိုက်သည့် လှုပ်ရှားမှု. .။

မေစံရှား ခြေထောက်ဖြင့် ခုန်နင်းသွားသဖြင့် ရှေ့သို့ယိုင်သွား[illegible]သာခန္ဓာကိုယ်ကို ဟန်ချက်ပြန်ထိန်းရင်း မေစံရှားကိုရင်ဆိုင်ဖို့ မြနှင်းဆီ [illegible]င်လိုက်သည်။

ဘယ်လက်ဝါးစောင်းတစ်ချ ပြေးထွက်သွား၏။ သို့သော် မေစံ[illegible]ားက မြနှင်းဆီ၏လက်ဝါးစောင်းကို ခပ်သာသာပင် ရိုက်ထုတ်လိုက်၏။

နောက်တစ်ကွက် မြနှင်းဆီက ရှေ့တက်ကာ မေစံရှားကို ညာ[illegible]က်သီးဖြင့် ရင်ဝသို့ ထိုးသည်။ ဒါကိုလည်း မေစံရှားက သူမ၏လက်ဖျံ[illegible]င့်၍ ဘေးသို့ဖယ်ပစ်ကာ လျှပ်ပြက်သလို သူမ၏ညာလက်က မိမိ၏



www.burmeseclassic.com

www.burmeseclassic.com



ဦးထုပ်ကို ပုတ်ထုတ်လိုက်သည်။ ဦးထုပ်လွင့်ထွက်သွားသည်။

လရောင်တွင် မြနှင်းဆီ၏မျက်နှာ ပေါ်သွားပြီ။

"ဟင်.."

မေစံရှား၏မျက်ဝန်းတွင် ဝိုင်းခနဲ၊ လက်ခနဲ ဖြစ်သွားသည်ကို မြနှင်းဆီတွေ့လိုက်၏။ သူမနှင့်ရုပ်ချင်းတူသောသူကို တွေ့လိုက်ရ၍ အံ့ အားသင့်သွားခြင်းဖြစ်သည်။

ထိုအခွင့်ကောင်းကိုယူ၍ မြနှင်းဆီ ဘယ်လက်၊ ညာလက်အတွဲ များဖြင့် မေစံရှားကို ဝင်တိုက်သည်။

မေစံရှားက ပြန်မတိုက်သေးဘဲ ရှောင်တိမ်းသင့်သည်ကို ရှောင် တိမ်း၊ ခုခံသင့်သည်ကို ခုခံနေသည်။

ဟောင်ကောင်တွင် နာမည်ကြီး လူဆိုးယောကျာ်းကြီးများကို မြေပြင်ပေါ်လှဲသိပ်နိုင်ခဲ့သည့် မြနှင်းဆီ၏ တိုက်ကွက်လှလှတွေမှာ မေစံရှား၏ ခပ်ဖော့ဖော့ဖျက်ထုတ်မှုအောက်တွင် ပျက်ပြယ်သွားရ၏။

တစ်ကြိမ်တွင် မြနှင်းဆီ၏ ဘယ်လက်ဝါးစောင်းရိုက်ချက်ကို မေစံရှားက ပယ်ထုတ်ရင်း မိမိ၏ဘယ်လက်မှ စည်းထားသောပဝါကို ဆွဲဖြုတ်လိုက်သည်။ ပဝါပြုတ်သွားသည်။

"ဟင်.."

ဒုတိယမြောက် မေစံရှား၏ အံ့အားသင့်မှု..။ မျက်ဝန်းတွေ လရောင်ဖြင့် ဝိုင်းခနဲ..။ လူသည်ပင် တောင့်ရပ်သွားသည်ထင်ရ၏

သည်တစ်ကြိမ်မှာတော့ မြနှင်းဆီက မေစံရှားကို အလစ်တိုက် ပြီး ထွက်ပြေးဖို့ စဉ်းစားလိုက်သည်။

ထိုအချိန်တွင် ကြွက်စုတ်တင်လှက ကားကို မှောင်ထဲမှ အရှိန်ဖြင့်မောင်းထွက်လာကာ ကားလမ်းအစပ်ရှိ မေစံရှားထံသို့ ခနဲ တရကြမ်းမောင်းဝင်လာသည်။ ကားသံကြောင့် မေစံရှားက လှည့် ကြည့်ပြီး ဝင်လာသောကားမှလွတ်ရန် လမ်းဘေးသို့ လိမ့်ချလိုက်ရ၏





ကားက ကျွီခနဲထိုးရပ်သွားသည်။ ကောင်းလိုက်သည့်ကား..။ တိခနဲ..။

"မမလေး..တက်"

ကားတံခါး ဝုန်းခနဲပွင့်လာ၏။

မြနှင်းဆီ မဆိုင်းတော့။ ပွင့်နေသောကားတံခါးပေါက်မှ အတွင်း သို့ ဗိုက်ဗလိထိုးဝင်လိုက်သည်။ မြနှင်းဆီအထဲသို့ရောက်သည်နှင့် ကား က ဝူးခနဲမောင်းထွက်သွားသည်။ မောင်းသွားရင်းမှပင် ကားတံခါးကို ပြန်ပိတ်သွားသည်။ မြေပြင်မှ မေစံရှားလူးလဲထလိုက်သောအခါ မြနှင်းဆီ ပါသွားသောကားနောက်၏ နောက်မီးနီနီများကိုသာ မြင်လိုက်ရတော့၏။ ကားက အမှောင်ထဲတိုးဝင်သွားလေပြီ။

မင်းခနဲ့ အပြေးရောက်လာသည်။

"မမရှား ဘာဖြစ်သွားသေးလဲ"

မေးသည်။

"မင်းခနဲ့..နင့်ကို ကားကြည့်ထားပါပြောထားတာ ဘာလုပ်နေ တာလဲ။ အခု လစ်သွားကြပြီ"

မေစံရှားက ဆီး၍အပြစ်တင်လိုက်သည်။

"ဆောရီးပဲ မမရှား။ ကျွန်တော်ပေါ့သွားတာ။ ကားထဲမှာ လူ မရှိဘူးဆိုပြီး မမရှားတို့ဆီ အာရုံရောက်နေတာနဲ့ ကားမောင်းထွက်သွား တာ လွတ်သွားတယ်"

မေစံရှား မကျေမချမ်း ကျွတ်ခနဲအသံပြုလိုက်သည်။

"အဲဒါ ဘယ်သူလဲ၊ နင်သိလား"

"ဟင့်အင်း"

"နင် ယုဇနပလာဇာမှာ တွေ့လိုက်တယ်ဆိုတဲ့ ဓါးနဲ့တွဲတဲ့ မိန်းကလေးပဲ"

"ဟင်.."



www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်မျက်လုံးတွေ ပြူးကျယ်သွားသည်။

"နင် သူ့ကိုပလာဇာမှာတွေ့တုန်းက သူ့ဘယ်လက်ကို လက်ကိုင်ပဝါစည်းထားလား"

"ဟုတ်တယ် မရှား"

"အစလည်း စည်းထားတယ်။ ငါနဲ့အတိုက်မှာ ငါက သူ့ပဝါကိုဆွဲလိုက်တော့ ပြုတ်သွားတယ်။ ငါဘာတွေ့လိုက်ရသလဲ. . နင် သိလား"

"မရှား ဘာတွေ့လိုက်လဲ"

"ဘယ်လက်မအရင်းက ထွက်နေတဲ့ လက်ပွားကလေး"

"ဟာ. ."

❦ ❦ ❦ ❦ ❦

## ၃၉

"ဟင်. ."

တံခါးအဖွင့်မှာ ခရစ္စတီနာ မျက်လုံးတွေပြူးကာ အာမေဋိတ်ပြုသည်။

"မရှားတို့ ဘာလို့ပြန်လာကြတာလဲ"

မေးခွန်းတစ်ခုလည်း ထွက်လာသည်။

"အဆဲဝင်ကြရအောင်။ အထဲကျမှ ပြောကြတာပေါ့"

မင်းခန့်က ဝင်ပြောသည်။

"လာ. . မရှား"

ခရစ္စတီနာက ညွှန်ခန်းဆီသို့ ဦးဆောင်ခေါ်ငင်သွားသည်။

"တီနာက မရှားတို့ အိမ်ပြန်ရောက်သွားပြီလို့တောင် ထင်နေတာ။ တီနာတောင် အိပ်တော့မလို့။ ဒေါ်ကြီးညွှန့်တောင် အိပ်ပျော်သွားပြီထင်တယ်"

ဆက်တီတွင် ဝင်ထိုင်ထိုင်ချင်း ခရစ္စတီနာပြောသည်။ မရှား နှင့်မင်းခန့် ဒုတိယအကြိမ်ပြန် ရောက်လာသည်ကို နားလည်ပုံမရှ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၏။

"တီနာ ဘာမှမဖြစ်ဘူးနော်။ စောစောက တီနာ ဘာထူးခြားမှု တွေ့ရလဲ"

မင်းခန့်က ခရစ္စတီနာ၏မျက်နှာကို အကဲခတ်ကြည့်ရင်း မေး သည်။

"ဟင့်အင်း. .။ တီနာ ဘာမှမဖြစ်ပါဘူး။ ဘာမှလည်း ထူး ခြားတာ မတွေ့ရပါဘူး။ ပြောပါဦး. .။ ကိုမင်းခန့်တို့ ဘာတွေ့လို့လဲ ဘာဖြစ်လို့ ပြန်လာကြတာလဲ"

မေစံရှားက ဝင်၍. .

"စောစောက မမရှားတို့ ခြံကပြန်အထွက်မှာ ခြံနဲ့မလှမ်းမကမ်း မှောင်ရိပ်ထဲမှာ ကားအနက်တစ်စီး ရပ်ထားတာကို တွေ့ရတယ်။ မသင်္ကာ လို့ မမရှားတို့ ကားကို လမ်းထိပ်မှာရပ်ထားခဲ့ပြီး ပြန်လာအကဲခတ်တာ တီနာရဲ့ခြံထဲကနေ လူတစ်ယောက်ထွက်လာတယ်"

"ဟင်. ."

ခရစ္စတီနာလန့်သွားပုံရသည်။ မျက်လုံးကလေးပြူးကာ ကလယ် ကလယ်ဖြစ်သွားသည်။

"မမရှားနဲ့ သူ Fighting ချလိုက်ရတယ် တီနာ။ ပြီးတော့ ကားနက်က မောင်းထွက်လာပြီး သူ့ကိုတင်ပြေးသွားတယ်။ ကြည့်ရတာ တီနာ့ကို အန္တရာယ်တစ်ခုခုပေးဖို့ လာပုံပဲ။ ဒါပေမဲ့ တီနာ့ကို ဒုက္ခမပေး ဘဲ ပြန်ထွက်သွားတယ်ဆိုတော့ တစ်ခုခုထူးခြားတာပဲ"

"သူ ဘယ်သူဖြစ်မလဲဟင် မမရှား။ ဦးဒိဗ္ဗရဲ့လူပဲ နေမှာပေါ့"

"မှန်တယ် တီနာ။ ဦးဒိဗ္ဗလွှတ်လိုက်တာပဲ ဖြစ်မယ်။ တီနာ ပိုပြီးသတိရှိဖို့ လိုလာပြီ"

"တီနာဂရုစိုက်ပါ့မယ်။ ကျေးဇူးတင်ပါတယ် မမရှားရယ်"

"ကျွန်တော်တို့လည်း ဂရုစိုက်ပေးမှာပါ တီနာ။ သိပ်ပြီးတွေး





လည်း မကြောက်ပါနဲ့။ ဥပဒေမဲ့ လုပ်ချင်တိုင်းလုပ်လို့ မရပါဘူး"

"ဟုတ်ကဲ့. . ကိုမင်းခန့်တို့ကိုလည်း အားကိုးပါတယ်"

မေစံရှားက ပြုံးလိုက်သည်။ ထိုအပြုံးမှာ အဓိပ္ပာယ်ပါသည်။

❦ ❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

# ၃၆

ဦးဒိဗ္ဗ၏အပြုံးများ လွင့်ပြယ်သွားသည်။

"သမီး ဘယ်လိုပြောလိုက်တယ်"

ပြန်မေးသည့်မေးခွန်းမှာ ဒေါသသံပါသည်။

ဦးဒိဗ္ဗကို ရဲရဲဝံ့ဝံ့ မျက်နှာချင်းဆိုင်၍ မြနှင်းဆီက မျက်လုံးချင်းဆုံကာ ရှင်းလင်းပြတ်သား တိကျခိုင်မာသောလေသံဖြင့်. .

"သမီး ခရစ္စတီနာကို မသတ်နိုင်ဘူး ဒက်ဒီ"

ဦးဒိဗ္ဗမျက်လုံးများ မှေးစင်းသွားသည်။

သားအဖနှစ်ဦး၏မျက်လုံးများ အားပြိုင်နေ၏။

ဦးဒိဗ္ဗ၏တိုက်ရှေ့ မြက်ခင်းပြင်ပေါ်မှာ ဦးဒိဗ္ဗနှင့်မြနှင်းဆီ မျက်လုံးချင်းတိုက်ပွဲဆင်နေသည်။

ကိုင်ထားသော ဂေါက်ရိုက်တံကို ဦးဒိဗ္ဗပစ်ချလိုက်သည်။

"ဒါ. . သမီးရဲ့ဆုံးဖြတ်ချက်ပဲလား"

"ဟုတ်တယ် ဒက်ဒီ"

"ဘာကြောင့်လဲ. .။ ဘာဖြစ်လို့လဲ. ."





"ပြိုင်ပွဲဆိုတာ လက်ရည်ချင်းညီမှ ကောင်းတာပါ။ ဒက်ဒီ့တမကလေးတစ်ယောက်ကို တစ်ဖက်သတ် အနိုင်မယူချင်ဘူး။ နောက်တစ်ခုက သူ့ကို သမီး ညီမလေးတစ်ယောက်လိုပဲ ချစ်တယ်။ မသတ်ရက်ဘူး"

ဦးဒိဗ္ဗ သက်ပြင်းချလိုက်သည်။

"သူက သမီးရဲ့ညီမမှ မဟုတ်တာ"

"ချစ်တတ်ရင် ညီမလေးဖြစ်တာပါပဲ"

"သူက ဒက်ဒီကို ဒုက္ခပေးမယ့်သူဆိုတာ သမီးသိရဲ့လား"

မြနှင်းဆီ ခေါင်းခါသည်။

"မသိဘူး. .။ ဒါပေမဲ့ သမီးထင်တာကတော့ သူက ဒက်ဒီကို ဒုက္ခပေးမှာ မဟုတ်ပါဘူး။ ဒက်ဒီက သူ့ကို ဒုက္ခပေးတာပဲ ဖြစ်မှာပါ"

"ဘာ. ."

"ဒက်ဒီဟာ အေးချမ်းစွာ ချမ်းသာစွာ နေနိုင်တဲ့သူပါ။ ဘာကြောင့် လောဘတကြီးနဲ့ မဟုတ်တာတွေ လျှောက်လုပ်နေတာလဲ။ ချမ်းသာသုခဆိုတာ ရုပ်ဝတ္ထုပစ္စည်း၊ ငွေကြေးတွေ ပြည့်စုံနေတာနဲ့ မရနိုင်ဘူး။ နောက်ကြောင်းလုံတဲ့ စိတ်အေးချမ်းသာမှုသာ ချမ်းသာသုခပါ။ ဒက်ဒီက ကျီးလန့်စာစားချမ်းသာသုခ ဖြစ်နေတယ်"

"အဟား. . ဒက်ဒီရဲ့သမီးက အတွေးအခေါ်တွေ ပြောင်းသွားပါလား။ အရင်က သွေးတွေ အခုကြောင်သွားပြီလား"

"စိတ်ဓာတ်ဆိုတာ အခါအခွင့်နဲ့ အတွေ့အကြုံတွေအရ ပြောင်းလဲသင့်ရင် ပြောင်းလဲရမှာပါပဲ ဒက်ဒီ။ သမီး ခုလိုဘဝမှာ မပျော်တော့ဘူး။ ပိုက်ဆံမရှိရင်နေ။ အေးအေးချမ်းချမ်းပဲ နေချင်တော့တယ်။ အထူးသဖြင့် သမီးနဲ့ရုပ်ချင်းတူတဲ့ မေစံရှားကို တွေ့ပြီးကတည်းက သမီးရဲ့ခံစားမှုတွေ ပြောင်းလာတယ်။ သူက အေးဆေးသိမ်မွေ့တယ်။ အများအကျိုးကို လုပ်တယ်။ ဒါကြောင့် သူ့ကို လူချစ်လူခင်များတယ်။ သမီးနဲ့ဆန့်ကျင်ဘက်ပဲ။ ဆန့်ကျင်နေတာမှ လုံးဝကိုဆန့်ကျင်တာ။ သူကမှ



www.burmeseclassic.com

www.burmeseclassic.com



လူ့ ဘဝအဓိပ္ပာယ်ရှိရှိနေတာလို့ သမီးခံစားရတယ် ဒက်ဒီ''

ဦးဒိဗ္ဗက မြနှင်းဆီကို ပြုံးကြောင်ကြောင်မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ ပြောင်းလဲသွားသော မြနှင်းဆီကို သူနားမလည်နိုင်လောက်အောင် အံ့ဩနေသည်။

သူမ၏စကားတွေကလည်း အဓိပ္ပာယ်ရှိလှသည်ဟု သူတွေးမိ၏။ သို့သော် ဘုန်းကြီးတစ္ဆေဆိုသည်က တော်ရုံနှင့်တော့ ဘုရားတရားစာ ကြားရရုံနှင့် မကျွတ်နိုင်။

''သမီးအမေနဲ့ မတွေ့ချင်ဘူးလား''

ဦးဒိဗ္ဗထံမှ မေးခွန်းထွက်လာသည်။

''တွေ့ချင်ပါတယ်. .။ ဒါပေမဲ့ သူဟာစိပါးအသက်တစ်ချောင်းကို ထပ်သတ်ပြီးမှ အမေ့ကိုတွေ့ရမယ်ဆိုရင်တော့ ရှိပါစေတော့။ သမီးထိုက်နဲ့ သမီးကံပဲ ရှိပါစေတော့''

မြနှင်းဆီက ပြောပြီး လှည့်ထွက်လိုက်သည်။

''သမီး. .''

ဦးဒိဗ္ဗ၏အလောတကြီးခေါ်သံ နောက်မှထွက်လာ၏။

မြနှင်းဆီ ခြေကိုတန့်ရပ်ပြီး နားစွင့်နေလိုက်သည်။

''သမီးအမေနဲ့ သမီးကို တွေ့ပေးမှာပါ။ သမီးဆန္ဒမရှိရင် ခရစ္စတီနာကိစ္စကို မေ့လိုက်ပါ။ ဒါပေမဲ့ လူသတ်တာမဟုတ်တဲ့ တခြားကိစ္စတစ်ခုတော့ ဒက်ဒီ့ကို ကူညီပါ။ နောက်ဆုံး ဒက်ဒီရဲ့အကူအညီတောင်းခြင်းပါ။ ဒီတစ်ခုပဲ ကူညီပါတော့။ ဒါပြီးရင် သမီးဘဝကို သမီးစိတ်တိုင်းကျ တည်ဆောက်ဖို့ ဒက်ဒီခွင့်ပြုပါတယ်''

ဦးဒိဗ္ဗ၏စကား. .။

စကားလုံးများကတော့ မြနှင်းဆီကို ကျေနပ်စရာဖြစ်စေပါသည်။ နောက်ကွယ်တွင် အဓိပ္ပာယ် မည်သို့ရှိသည်ကိုတော့ မြနှင်းဆီမသိ။ လျှို့ဝှက်နိုင်လွန်းသော၊ နားလည်ရခက်လွန်းသော၊ အတ္တကြီးလွန်းသော





ဒက်ဒီဦးဒိဗ္ဗစကားများကို အကြွင်းမဲ့ ယုံကြည်ဖို့ခက်သည်ဟု မြနှင်းဆီထင်သည်။

မည်သို့ဆိုစေ. .

ဦးဒိဗ္ဗကိုတော့ မြနှင်းဆီ ခေါင်းညိတ်အဖြေပေးလိုက်ပါသည်။

ပြီးသည်နှင့် ဦးဒိဗ္ဗရှေ့မှောက်မှ မြနှင်းဆီ ခြေလှမ်းကျဲများဖြင့် ဆက်လက်ထွက်ခွာသွားသည်။

ဦးဒိဗ္ဗ မြနှင်းဆီ၏ကျောပြင်ကို ငေးကြည့်ရင်း ကျန်ခဲ့၏။

ပြီးလျှင် လက်ထဲတွင် ကိုင်ထားသော ဖေါက်သီးကို ဒေါသတကြီး အဝေးသို့ လွှင့်ပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီစိတ်ကြွဆေးပြားရောင်းဝယ်ဖြန့်ဖြူးမှုနဲ့ပတ်သက်ပြီး အရင်တစ်ခါက တိမ်တစ်လုံးကို အသေမိခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ်။ တိမ်တစ်လုံးရဲ့နောက်ကြောင်းလိုက်တော့လည်း ယကွန့်ဆက်နွယ်နေတာ တွေ့ရပါတယ်"

"ဟုတ်ပြီ. .။ ဒါဆို ဦးဇီဗွဟာ Mastermind ပဲ။ သူ့ကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး နိုင်လုံတဲ့အထောက်အထား ရအောင် ယူပါ။ သူလှုပ်ရှားလာရင် မလွတ်အောင် ကြိုးစားပါ"

"ဟုတ်ကဲ့"

"သွားနိုင်ပါပြီ"

"လေးစားပါတယ်"

အလေးပြုပြီး ရဲအုပ်မောင်မောင်သန်း ပြန်ထွက်လာသည်။

❦ ❦ ❦ ❦ ❦

# ၃၇

စခန်းမှူးအား ရဲအုပ်မောင်မောင်သန်း အလေးပြုလိုက်သည်။

"ဘာရေးလဲ ကိုမောင်မောင်သန်း"

"မနေ့က ကျွန်တော်တို့ သတင်းအရ ဝင်ဖမ်းလိုက်တဲ့ ကွမ်းယာဆိုင်က စိတ်ကြွဆေးပြားတွေ မိပါတယ်။ ကွမ်းယာဆိုင်ပိုင်ရှင်ကို အစစ်ဆေးတော့ သူနဲ့အရောင်းအဝယ်လုပ်တာ အောင်ပိုင်းလို့ ဆိုပါတယ်"

"သူက အောင်နိုင်းဆီက ဆေးပြားတွေယူတယ်ပေါ့"

"ဟုတ်ပါတယ်"

"အောင်ပိုင်းဆိုတာ ဘယ်သူလဲ"

"အောင်ပိုင်းဆိုတာ ယကွန့်ရဲ့အပေါင်းအပါတွေကောင်ပါ။ တလောက ဦးဇီဗွက သူ့ကုမ္ပဏီကငွေတွေ လစ်ပြေးတယ်လို့ အမှုလာဖွင့်ထားတဲ့ ဦးဇီဗွရဲ့တပည့်ပါ"

"ဦးဇီဗွဆိုတာ The Rays ကုမ္ပဏီသူဌေးလား"

"ဟုတ်ပါတယ်"

"ဒါဆို ဒီကိစ္စဟာ ဦးဇီဗွနဲ့ဆက်နွယ်နေတာ သေချာတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ၃၈

ဦးဒိဗ္ဗ၏ခြံဝန်းကျယ်ကြီးရှေ့ လမ်းကလေး၏တစ်နေရာမှာ ကား တစ်စီးပျက်၍ ပြင်နေသည်။

စက်ဖုံးကိုဖွင့်၍ ဟိုနှိုက်သည်နှိုက်လုပ်နေသူမှာ ကိုနေသော် ဖြစ်၍ ကားအတွင်းဘက်တွင်ထိုင်၍ ဦးဒိဗ္ဗ၏ခြံကြီးဆီသို့ စောင့်ကြည့် နေသူမှာ မေစံရှားဖြစ်သည်။

ကိုနေသော်က စက်ဖုံးကိုလှန်၍ ဟိုစမ်းသည်ကိုင်လုပ်နေရာမှ ကားရှေ့ခန်းတံခါးကိုဖွင့်၍ အထဲသို့ပြန်ဝင်လာပြီး. .

"အခုထိတော့ ဘာမှမထူးခြားသေးဘူးမဟုတ်လား။ ဦးဒိဗ္ဗရဲ့ သမီးဟာ ရှားဟိုညကတွေ့လိုက်တဲ့ ရှားနဲ့တူတဲ့မိန်းကလေး ဟုတ်မဟုတ် ရှားကသိချင်တာ မဟုတ်လား။ ခုလိုစောင့်ကြည့်တာ အကျိုးရှိပါ့မလား"

မေးသည်။

မေစံရှားက. .

"ဦးဒိဗ္ဗသမီးဆိုရင် ဦးဒိဗ္ဗအိမ်မှာ ရှိရမှာပဲလေ။ သူက The Rays ကုမ္ပဏီမှာ ဝင်လုပ်တာမှ မဟုတ်တာ။ အနည်းဆုံး အပြင်ထွ





တစ်ခေါက်တလေတော့ ထွက်မှာပဲ။ ရှားတို့ စိတ်ရှည်ရှည်စောင့်ကြတာ ပေါ့"

ပြန်ဖြေသည်။

ကိုနေသော် ကားထဲမှပြန်ထွက်ကာ စက်ဖုံးအတွင်း ဟိုကြည့် သည်ကြည့်လုပ်ရပြန်၏။ မပျက်ဘဲနှင့် ကားပျက်ဟန်၊ မပြင်တတ်ဘဲ ကားပြင်နေဟန်. .။

ကြိုးစားအားထုတ်မှုဟူသည် အကျိုးမဲ့ အချည်းနှီးမဖြစ်ပါ။

ကားနက်တစ်စီး အဝေးမှမောင်းလာပြီး ဦးဒိဗ္ဗ၏ခြံဝင်းတံခါးဝ မှာ ဦးဆိုက်၍ ရပ်သွားသည်။ ခြံစောင့်က ခြံတံခါးကို လာဖွင့်ပေးသည်။ ခြံတံခါးပွင့်လျှင် ကားက အထဲသို့မောင်းဝင်သွားသည်။ တိုက်ကြီး၏ ဆင်ဝင်အောက်မှာ ကားက ရပ်သည်။

မေစံရှားက သူမ၏ကားအတွင်းမှ မှန်ပြောင်းဖြင့် ကားနက် ကြီးပေါ်မှဆင်းလာမည့်သူကို စောင့်ကြည့်သည်။

ကားနောက်ခန်းတံခါးမှ ဆင်းလာသူမှာ မိန်းကလေး. .။

ရွှေရောင်ဆံပင်၊ အသားက ဖြူဖွေးဖွေး၊ တီရှပ်နှင့်၊ အသား ပျော့ဘောင်းဘီနှင့်၊ နေကာမျက်မှန်နှင့်။ ကိုယ်လုံးလှလှ လူလှလှဖြစ်၏။ မေစံရှားနှင့်ဆင်တူသော မိန်းကလေး။

ဟိုညက မေစံရှားနှင့် ခရစ္စတီနာတို့ခြံနားမှာ ဖိုက်တင်ချခဲ့ရ သည့် မိန်းကလေးဖြစ်၏။

အိမ်ဖော်ဖြစ်ဟန်တူသောမိန်းကလေးက တိုက်၏တံခါးမကြီး ကို လာဖွင့်ပေးကာ ထိုမိန်းကလေး၏လက်ထဲမှ အိတ်နှင့်ပစ္စည်းများကို သယ်၍ အတွင်းသို့ဝင်သွားသည်။ မိန်းကလေးက ဒရိုင်ဘာဖြစ်သူကို တစ်စုံတစ်ခုမှာကြားပြီး အတွင်းသို့ဝင်သွားသည်။

ကိုနေသော်က ကားစက်ဖုံးကိုပိတ်၍ ကားတွင်းပြန်ဝင်လာ၏။

"သေချာပါပြီ ကိုကို။ အဲဒီမိန်းကလေးဟာ ရှားနဲ့တူတဲ့မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေး၊ ဟောင်ကောင်ကပြန်ရောက်လာတဲ့မိန်းကလေး မြန်းဆီပဲ မင်းခန့်အတွက် သတင်းထူးတစ်ခုလို့ ပြောရမယ်။ ဦးဒိဗ္ဗဟာ ဦးထင်ကျော်ဖြစ်နေလေတော့ ဘယ်လက်မှာ လက်ပွားကလေးနဲ့ မြန်းဆီဟာ မင်းခန့်ရဲ့အစ်မဖြစ်ဖို့ သေချာသလောက်ရှိသွားပြီ။ ရာနှုန်းပြည့်ပြောနိုင်ဖို့ သူ့ရဲ့ညာဘက်လက်ပြင်ပေါ်က အမှတ်မည်းကြီး ရှိမရှိပဲ လိုတော့တယ်"

"ခင်းခန့်တော့ သိပ်ဝမ်းသာသွားမှာပဲ"

ကိုနေသော်က အားတက်သရောပြောလိုက်သော်လည်း မေစံရှား၏မျက်နှာကမူ ညှိုးနေ၏။ သက်ပြင်းရှိုက်လျက်. .

"မြန်းဆီဟာ မင်းခန့်ရဲ့အစ်မမှန်နေရင်တော့ အစ်မကိုပြန်တွေ့ရလို့ ဝမ်းသာစရာပါပဲ။ ဒါပေမဲ့ မြန်းဆီဟာ ဦးဒိဗ္ဗရဲ့ တရားမဝင် ဥပဒေမဲ့လုပ်ငန်းတွေမှာ ပါဝင်ပတ်သက်နေပြီး ဦးသက်မွန်ကိုသတ်တဲ့ တရားခံ ဖြစ်နိုင်ခြေရှိတာကတော့ ဝမ်းနည်းစရာပဲ ကိုကို"

လေးတွဲ့စွာပြောသည်။

"အင်း. . ရှားပြောတာလည်း ဟုတ်တာပဲ။ ကဲ. . အခု ကိုတို့ တို့ ဘာဆက်လုပ်ကြမလဲ"

"စိတ်ရဲ့ခံစားမှုတွေကို ခဏဘေးဖယ်ပြီး လုပ်သင့်တာ လုပ်ကြရမှာပဲပေါ့။ အရေးအကြီးဆုံးက ဦးဒိဗ္ဗကို ကြိုးကွင်းစွပ်နိုင်ဖို့ နောက်ဆုံးထောင်ချောက်ဆင်ရတော့မယ်။ ပွဲသိမ်းထိုးနက်ချက်ပဲပေါ့။ အဲဒါကို အချိန်ဆွဲလို့ မရတော့ဘူး"

ကိုနေသော်က ကားစက်ကို နှိုးလိုက်သည်။

"ဘယ်ကိုမောင်းရမလဲ မမလေး"

အရယ်နှော၍ အသံကလေးဖြင့် ကိုနေသော်ပြောသည်။ ချစ်သူ၏ အုံ့မှိုင်းသော စိတ်ကလေးကို ကြည်လင်စေချင်သည့်သဘော။

မေစံရှားက အမောကြားမှ ပြုံးလိုက်သည်။ ကြည်နူးစွာဖြင့် ကိုနေသော်ကို လှမ်းကြည့်သည်။ အလိုက်သိသောချစ်သူမို့ မြတ်နိုး





ဝေနိုင်။

"တီနာတို့အိမ် သွားမယ် မောင်လေးရေ"

ကားလေးက သခင်တို့အလိုကျ ဝေါခနဲပြေးထွက်သွားလေ၏။

❦ ❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

# ၃၉

မေစံရှားက တယ်လီဖုန်းခွက်ကို မ,ယူကာ ဂဏန်းများကို နှိပ်သည်။

ခရစ္စတီနာက မေစံရှားကို စိတ်လှုပ်ရှားစွာငေးကြည့်နေ၏။ ကိုနေသော်ကမူ ဣန္ဒြေရစွာ တည်တည်ငြိမ်ငြိမ်။

"ဟဲလို. . ဒေါက်တာဦးလွန်းမောင်နဲ့ စကားပြောချင်လို့ပါရှင်"

"......."

"အန်ကယ်လား. .။ သမီးက ခရစ္စတီနာပါ။ ဒေါ်ဆူမီရဲ့ သမီးပါ"

"......."

"ဟုတ်ကဲ့. .။ သမီးက ဒေါ်မေစံရှားကို အကူအညီတောင်းထားတာလေ။ အဲဒါကြောင့် ဒေါ်မေစံရှား အန်ကယ့်ဆီလာတာနေမှာပါ"

"......."

"မာမီ့မှာ နှလုံးရောဂါရှိတယ်ဆိုတာ သမီးသိပါတယ်။ ဒါပေမဲ့ သမီးပြောပါရစေ။ အခု သမီးအိပ်မက်မက်တာ သုံးညဆက်တိုက်ရှိသွားပြီ။





ပြီ။ အိပ်မက်ထဲမှာ မာမီက သူ့ခေါင်းကိုပုတ်ပြပြီး 'ဒီမှာ ဝါ့ကိုသတ်တယ်' လို့ ပြောတယ်။ သုံးညစလုံး အိပ်မက်က အတူတူပဲ"

"......."

"ဟုတ်ကဲ့. .။ စိတ်စွဲတာကြောင့်လည်း ဖြစ်ချင်ဖြစ်မှာပါ။ ဒါပေမဲ့ နဂိုက သမီးစိတ်ထဲမှာက မရှင်းမလင်းဖြစ်နေတာမို့ အိပ်မက်က သမီးကို ပိုပြီးစိတ်ဆင်းရဲစေတယ် အန်ကယ်။ သမီး ဒီအိပ်မက်ကို အမှန်လို့ ယုံကြည်နေတယ်။ အန်ကယ် ပြောပါ. .။ အန်ကယ်တစ်ခုခု သိထားရင် အမှန်တွေပြောပြပါလား အန်ကယ်"

"......."

"သမီးကတော့ အန်ကယ်တစ်ခုခုသိထားတယ်လို့ ထင်တာပဲ၊ အင်းလေ. . အန်ကယ်မပြောချင်ရင်လည်း မပြောပါနဲ့။ သမီးကတော့ သမီးအိပ်မက် သေချာ၊ မသေချာ စုံစမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။ မာမီ့ရဲ့လက်စွဲတော်ကြီး ဒေါ်ကြီးညွန့်က ကြို့ပင်ကောက်မှာ လေချွန်နတ်ရှိတယ်တဲ့။ အဲဒီကို သမီးတို့ မနက်ဖြန်မနက် သွားပြီးမေးကြမယ်။ လေချွန်နတ်ဟောတာနဲ့ သမီးအိပ်မက်နဲ့ တူနေရင် ပြန်လာတဲ့အခါ ရဲစခန်းမှာ အမှုဖွင့်မယ် အန်ကယ်။ အန်ကယ်ပါဝင်ပတ်သက်နေရင် ဒါမှမဟုတ် အန်ကယ်ထိန်ချန်ထားရင်တော့ အန်ကယ့်အပိုင်းပဲ"

"......."

"သမီးကိုနားလည်ပေးပါ အန်ကယ်။ မာမီ့အတွက် သမီး ဒီလောက်တော့ လက်တုံ့ပြန်ရမှာပေါ့။ ဒါပဲနော် အန်ကယ်။ ကျေးဇူးပါပဲ"

မေစံရှားက ဖုန်းကိုပြန်ချပြီး ကိုနေသော်နှင့် ခရစ္စတီနာရှိရာသို့ ပြန်လာသည်။ အပြုံးဖြင့်. .

"ဦးလွန်းမောင်ကိုတော့ တပ်လှန့်လိုက်ပြီ။ တီနာက မနက်ဖြန်မနက် ဒေါ်ကြီးညွန့်နဲ့ ခရီးထွက်ဖို့ ပြင်ဆင်ထားပါ"

ပြောသည်။ သို့မဟုတ် ညွှန်ကြားချက်ပေးသည်ဟု ဆိုနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမရှားရည်ရွှယ်ချက်က. ."

ခရစ္စတီနာ နားမရှင်းသေး။

"ဦးလွန်းမောင်ဆီကို ခေါက်လိုက်တဲ့သံချောင်းဟာ အခုလောက်ဆိုရင် ဦးဒိဗ္ဗဆီမှာ သွားပြီးဆူညံနေလောက်ပြီ ထီနာ။ ဒါဆို ဦးဒိဗ္ဗ မနေနိုင်မထိုင်နိုင်ဖြစ်သွားမှာ သေချာပါပြီ။ မျောက်မီးခဲကိုင်မိသလိုပေါ့။ အဲဒီတော့ မီးခဲကိုင်ထားတဲ့မျောက်ဟာ မီးခဲကို လွှတ်မချဘဲ ရေထဲကို ခုန်ဆင်းလာလိမ့်မယ်"

ကိုနေသော်ကပါ ဇဝေဇဝါဖြင့် ကြည့်နေသည်။ ခရစ္စတီနာ မျက်လုံးကလယ်ကလယ်နှင့်။ မေစံရှားကတော့ ယုံကြည်ချက်အပြည့်ဖြင့် ရဲရဲဝံ့ဝံ့ကြေညာလိုက်သည်။

"မနက်ဖြန် ပွဲသိမ်းရမယ်"

❦ ❦ ❦ ❦ ❦

# ၄၀

တိုက်ရှေ့တွင်ရပ်ထားသောကားပေါ်သို့ ဒရိုင်ဘာနှင့် ဒေါ်ကြီးညွန့်က အိတ်တစ်လုံးနှင့် စားစရာများထည့်ထားသော ခြင်းတောင်းတစ်လုံးကို တင်နေသည်။ တိုက်ဝမှာ ခရစ္စတီနာက ချိုင်းထောက်ကလေးနှင့် ပေါ်လာ၏။ အနွေးထည်ကလေးနှင့်. .။

"ပြီးပြီလား။ ပြီးရင် သွားကြမယ်။ အချိန်လင့်လို့ မဖြစ်ဘူး"

ခရစ္စတီနာ လှမ်းမေးသည်။

"ပြီးပြီ မမလေး"

ဒရိုင်ဘာက ဖြေသည်။ ခရစ္စတီနာအတွက် ကားတံခါးကို အသင့်ဖွင့်ပေးသည်။ ဒေါ်ကြီးညွန့်က ခရစ္စတီနာကိုတွဲကာ ကားဆီသို့ ခေါ်လာပြီး ကားထဲသို့ ဖေးမ၍ သွင်းပေးသည်။ ပြီးလျှင် ဒေါ်ကြီးညွန့်ပါ ကားပေါ်တက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကလေး မောင်းထွက်လာသည်။

ခြံစောင့်ကြီးက ခြံတံခါးဖွင့်ပေးသည်။

ခရစ္စတီနာက ကားပြတင်းမှ ခေါင်းပြူကာ. .

"ဘကြီးမွဲ. . ကျွန်မတို့ မိုးချုပ်မှ ပြန်ရောက်မယ်ထင်တယ်။ ခြံကို သေသေချာချာဂရုစိုက်လိုက်ပါ"

ခပ်ကျယ်ကျယ်လှမ်းမှာသည်။

"ဟုတ်ကဲ့. . စိတ်ချပါ"

ခရစ္စတီနာ ကားတွင်းပြန်ဝင်ကာ မှန်တံခါးကိုချသည်။ ကားကလေးက ခြံထဲမှ လျှောခနဲပြေးထွက်သွားသည်။ ခြံစောင့်ကြီးက ခြံတံခါးကို ပြန်ပိတ်သည်။

ခရစ္စတီနာတို့ကား ထွက်သွားသည်ကို စောင့်ကြည့်နေသူတစ်ဦး ရှိ၏။ ကားလမ်းဘေး သစ်ပင်အကွယ်မှဖြစ်သည်။ သူကား ကြွက်စုတ်တင်လှ. .။

ခရစ္စတီနာတို့ကားကလေး လမ်းသွယ်မှထွက်ကာ လမ်းမကြီးပေါ် ချိုးကွေ့တက်သွားလျှင် ကြွက်စုတ်တင်လှကလည်း သစ်ပင်နောက်မှ ထွက်လိုက်သည်။

မြီးလျှင် ခပ်လှမ်းလှမ်း ခြံတစ်ခြံရှေ့ အဝင်ဝနားတွင် ရပ်ထားသော သူ၏ကားရှိရာသို့ လျှောက်သွားသည်။ ကားကို စက်နှိုးကာ အပြင်းမောင်းထွက်သွားသည်။ မိုးစင်စင်မလင်းသေး။

❦ ❦ ❦ ❦ ❦



မင်းခန့်က ရဲအုပ်မောင်မောင်သန်းကို အလေးပြုလိုက်သည်။

"ဆရာ. . ကျွန်တော်သွားပြီ"

"အေး. . သေသေချာချာဂရုစိုက်။ မင်းဆီက သတင်းပို့တာနဲ့ ငါတို့အဖွဲ့ လိုက်လာမယ်"

"ဟုတ်ကဲ့. ."

မင်းခန့် ရဲအုပ်မောင်မောင်သန်းကို ထပ်မံအလေးပြုလိုက်ကာ ထွက်လာသည်။ သူ့ရင်တွေ ခုန်နေသည်။

သူတွေ့ချင်နေသော မမ. .။

သူပျောက်ဆုံးနေခဲ့သော မမ. .။

ထိုမမနှင့် တွေ့ရတော့မည်။

❦ ❦ ❦ ❦ ❦

အခန်းတွင်းမှထွက်လာသော မေစံရှားကိုကြည့်၍ ကိုနေသော်က ပြုံးသည်။ ဒါက မေစံရှားဝတ်နေကျစတိုင်လ်။

အပေါ်က step တီရှပ်အပြာနုစင်းနှင့် အောက်က ဂျင်းဘောင်းဘီနက်ပြာရောင်။ တီရှပ်ပေါ်မှာ ဂျင်းဂျာကင်အပြာရင့်ကို ထပ်ဝတ်ထားသည်။ အပြာတွေ လွှမ်းနေသည်။ ဖိနပ်ကတော့ ဖေါ့ကင်းရှူးအဖြူ. . Fila။

ဆံပင်ရှည်ကြီးကို စုစည်းသိမ်းဆည်းကာ နောက်တွင်ချထား၏။ ခေါင်းပေါ်မှာ လျှာထိုးဦးထုပ်ကလေးကို ဆောင်းထားသည်။ ဂျင်းဦးထုပ်ကလေးပဲဖြစ်သည်။ ဦးထုပ်ပေါ်မှာ 09 နံပါတ်ကလေးနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပွားတစ်ထောင်မောင်မဲခေါင် လက်ဆောင်ပေးခဲ့တဲ့ဓား ရော မပါဘူးလား"

"ဘယ်မေ့လိမ့်မလဲ ကိုကိုရယ်။ လောကမှာ တရားမျှတမှုဆို တာရှိတယ်ဆိုတဲ့ မောင်မဲခေါင်ရဲ့ လက်စွဲတော်ဓားက ခြေသလုံးမှာ အိတ်နဲ့ထည့်ထားပါတယ်"

မေစံရှားက လန်းဆန်းသောအပြုံးနှင့် ပြန်ဖြေသည်။

သနပ်ခါးပါးပါးကလေးသာ မျက်နှာပေါ်တင်လျက် သစ်ရွက် ကလေးလို ပုံဖော်ထားသည့် ပါးကွက်ကလေးနှင့် မေစံရှားကို ကိုနေသော် က ငေးနေသဖြင့်..

"ဆရာကြီး.. ငေးမနေနဲ့။ နောက်ကျနေမယ်"

❦ ❦ ❦ ❦ ❦

ရပ်နေသူများကို ဦးဒိဗ္ဗက တစ်ဦးချင်းအား စေ့စေ့စပ်စပ် ကြည့်၍..

"ဒီနေ့က အရေးကြီးတယ်။ အချိန်ကလည်း ဒီနေ့တစ်ရက် ပဲရမယ်။ လုပ်စရာရှိတာ မြန်မြန်သွက်သွက်လုပ်ရမယ်။ အန္တရာယ်ပေါ် လာရင်လည်း အပြတ်အသတ်ရင်ဆိုင်ဖို့ ပြင်ဆင်ထားရမယ်။ ဒီနေ့ကိစ္စ အောင်မြင်သွားရင် ငါ့အဖို့ ကျောလုံသွားပြီ။ မင်းတို့နဲ့အတူ ငါပါလိုက် မယ်"

ဟု ပြောသည်။

အားလုံးငြိမ်နေကြ၏။





မြနှင်းဆီ၊ ယက္ခနှင့် ကြွက်စုတ်တင်လှ..။

"ငါမှာထားတာတွေ အားလုံးရှင်းတယ်နော်"

"ဟုတ်ကဲ့.."

ဦးဒိဗ္ဗက မြနှင်းဆီကိုကြည့်ကာ..

"သမီး.."

ဟု ခေါ်သည်။

မြနှင်းဆီ ပြန်ကြည့်နေ၏။ နှုတ်မှ ဘာမျှမပြော။

"ဒီနေ့ ဒက်ဒီ့ကိုကူညီခြင်းဟာ နောက်ဆုံးပါပဲကွယ်။ နောက် နေ့ကျရင် သမီးအမေနဲ့ တွေ့ရပါစေမယ်။ ဒက်ဒီကတိပေးပါတယ်"

မြနှင်းဆီ တဲမိ..။ မျက်လုံးတွေထဲမှာ စိတ်လှုပ်ရှားမှုမရှိ။ မျှော်လင့်ခြင်းလည်းမရှိ။ တက်ကြွခြင်းလည်းမရှိ။ နှုတ်ခမ်းမှာ အပြုံး လည်းမရှိ။

ဦးဒိဗ္ဗ မြနှင်းဆီကို အကြည့်လွှဲလိုက်သည်။

"သွားကြမယ်"

❦ ❦ ❦ ❦ ❦

ဒုရဲအုပ်မင်းခန့်ကို မြင်သည်နှင့် အရပ်ဝတ်နှင့် တာဝန်ကျရဲ တပ်သားလေးက သစ်ပင်တစ်ပင်အကွယ်မှ ပြေးထွက်လာကာ အလေးပြု လိုက်သည်။

"ဘယ်လိုလဲဟေ့ အခြေအနေ.."

"ခရွှတ်နာတို့ မနက်စောစောကပဲ ထွက်သွားတယ်။ ခရွှတ်နာ



www.burmeseclassic.com

www.burmeseclassic.com



တို့ကား ထွက်သွားတာကို လူတစ်ယောက်က စောင့်ကြည့်နေတယ်။ ခဏနေတော့ သူလည်း ကားတစ်စီးကိုမောင်းပြီး ထွက်သွားတယ်”

ရဲသားလေး၏ သတင်းပို့ချက်. . ။

“အဲဒါ ဦးဒိဗ္ဗလူပဲဖြစ်ရမယ်။ မနေ့က မမရှား ဦးလွန်းမောင်ကို ပေးလိုက်တဲ့သတင်းအတိုင်း ခရစ္စတီနာတို့ ခရီးသွားမသွား စောင့်ကြည့်တာပဲ။ ခရစ္စတီနာတို့ ထွက်သွားကြောင်း သူက ဦးဒိဗ္ဗကို သတင်းပြန်ပို့နေပြီ။ ဦးဒိဗ္ဗတို့ရောက်လာမှာ သေချာပြီ”

မေစံရှားက ဝင်ပြောသည်။

မင်းခန့်က. .

“နောက်ထပ် ဘယ်သူလာသေးလဲ။ ဘာထူးခြားသေးလဲ”

မေးသည်။

“ခုထိ ဘယ်သူမှမလာဘူး။ ဘာလှုပ်ရှားမှုမှ မရှိဘူး ဆရာ”

“အိုကေ. . ဒါဆို တို့အထဲဝင်ကြမယ်”

မေစံရှားတို့ ခြံဝတွင်ရပ်လိုက်လျှင် ခြံစောင့်ကြီးက ပြေးလာပြီး တံခါးဖွင့်ပေးသည်။ မေစံရှားတို့ အတွင်းဝင်လိုက်ကြ၏။ ခြံစောင့်ကြီးက တံခါးကိုပြန်ပိတ်ကာ သော့ခတ်သည်။

“ဘကြီးမှုံ. .”

“ဘာလဲ ဆရာမလေး”

“ဘကြီးမှုံလည်း ပါမှ ရမှာနော်။ သိပ်လှုပ်ရှားဖို့တော့ မလိုပါဘူး။ မကြောက်ပါနဲ့။ သရုပ်ဆောင်ရုံလေးပါပဲ”

“ရပါတယ်ကွယ်. . ။ ဘကြီးက မကြောက်တတ်ပါဘူး”

ကိုနေသော်က Rum တစ်ပုလင်းနှင့် ခေါက်ဆွဲထုပ်တစ်ထုပ်ကို ခြံစောင့်ကြီးအား လှမ်းပေးသည်။

❦ ❦ ❦ ❦ ❦



လမ်းသွယ်ကလေးထဲသို့ ရှေ့ဆင့်နောက်ဆင့်ဝင်လာသော ကားကလေးနှစ်စီး. . ။

တစ်စီးက အနက်ရောင်. . ။ ကြွက်စုတ်တင်လှမောင်းသည်။ ဦးဒိဗ္ဗနှင့်မြနှင်းဆီပါသည်။ နောက်တစ်စီးက တောင်းအေ့စ်ကားပြာကလေး။ ယင်းကားကိုတော့ ယက္ခက မောင်းလာသည်။

ခရစ္စတီနာတို့ခြံနှင့် မလှမ်းမကမ်းမှာ ကားနှစ်စီးစလုံးရပ်သည်။

“ကြွက်စုတ်. . မင်းသွား”

ဦးဒိဗ္ဗက အမိန့်ပေးလိုက်သည်။

ကြွက်စုတ်တင်လှ ကားပေါ်မှဆင်းသည်။ ပြီးနောက် ခရစ္စတီနာတို့ခြံဝင်း၏ အုတ်တံတိုင်းနားသို့ ကပ်သွားသည်။ လှမ်းရိပ်လှမ်းခြည်ကြည့်ပြီး အုတ်တံတိုင်းရှေ့ရှိ သစ်ပင်ငယ်၏ သစ်ကိုင်းကို ဆွဲခိုကာ အပင်ပေါ်တက်သည်။ အပင်ပေါ်မှ အုတ်တံတိုင်းပေါ်သို့ ကူး၏။ ပြီးလျှင် အုတ်တံတိုင်းပေါ်မှ အတွင်းသို့ခုန်ချလိုက်၏။

ကြွက်စုတ်တင်လှ မြေပြင်မှာအသာပြန်ရပ်ပြီး ခြံဝင်းထဲသို့ အကဲခတ်သည်။ ခြံစောင့်ကြီး၏ အစောင့်ရုံကလေးကို လှမ်းကြည့်သည်။ ညီသူမျှ မမြင်ရ။ အားလုံး တိတ်ဆိတ်နေ၏။

အစောင့်ရုံကလေးနားသို့ ကြွက်စုတ်တင်လှ ခြေဖွ၍ အသာကပ်လာသည်။ ရုံကလေးဘေးနားရောက်လျှင် အတွင်းသို့ ကဲကြည့်လိုက်သည်။

ခြံစောင့်ကြီးဦးမှုံ ပိုးလိုးပက်လက်အိပ်ပျော်နေသည်။ ဘေးမှာ ပုလင်းတစ်လုံး။ ဖန်ခွက်တစ်လုံး. . ။ Rum ပုလင်းက ဖင်ကပ်ပဲကျန်တော့သည်။ ခေါက်ဆွဲထုပ်ကလည်း စားပြီးသား။

ကြွက်စုတ်တင်လှ ပြုံးလိုက်၏။

“အတော်စိတ်ချရတဲ့ ခြံစောင့်ကြီး။ အိမ်ရှင်တွေမရှိတာနဲ့ အကောင်းကောင်းသောက်စားပြီး အိပ်ပျော်နေတယ်။ ကောင်းတယ်. . ။



www.burmeseclassic.com

www.burmeseclassic.com



ထုစရာရိုက်စရာတောင် မလိုဘူး''

စိတ်ထဲမှာ ပြောမိသည်။

ကြွက်စုတ်တင်လှ အစောင့်ရုံတွင်း ဖြည်းဖြည်းတိုးဝင်ကာ အစောင့်ကြီးဦးမှုံ၏ခါးမှ သော့တွဲကို ဖြုတ်ယူသည်။ ဦးမှုံက တစ်ချက် အဲ့ခနဲညည်းကာ တစ်ဖက်စောင်းလှည့်၍ အိပ်သွားသည်။

ကြွက်စုတ်တင်လှက ခြံတံခါးကို ဖွင့်ပေးလိုက်သည်။

ကားနှစ်စီး ခြံထဲဝင်လာ၏။ ရှေ့ကားကို မြနှင်းဆီက မောင်း ယူလာခြင်းဖြစ်သည်။

ကားနှစ်စီး ခြံထဲရောက်လျှင် ကြွက်စုတ်တင်လှက ခြံတံခါးကို ပြန်ပိတ်လိုက်၏။

''ကားသံကြားတယ်။ လာကြပြီနဲ့တူတယ်''

ကိုနေသော်က မေစံရှားကို လက်တို့ကာ တိုးတိုးပြောသည်။ မေစံရှားက ခေါင်းညိတ်သည်။ အာရုံတွေ ပို၍နိုးကြားလာကြောင်း မေ စံရှားမျက်နှာက ဖော်ပြနေ၏။ မေစံရှားအကြည့်က မင်းခန့်ထံ ရောက် သွားသည်။

မင်းခန့်ကလည်း သူလည်းကြားကြောင်း ခေါင်းဆတ်ပြသည်။

သူတို့လေးယောက် ခရစ္စတီနာတို့တိုက်ကြီး၏ နောက်ဘက် ကားဂိုဒေါင်ထဲတွင် ရောက်နေကြခြင်းဖြစ်၏။

ကားဂိုဒေါင်က တိုက်နှင့် ပေလေးဆယ်ခန့်ကွာသည်။ ဂို ဒေါင်နောက်မှာက သစ်ပင်ကြီးများနှင့် ချုံအချို့ရှိသည်။ ယင်းသစ်ပင် ကြီးများနှင့် ချုံများကို ကျော်သွားလျှင် ကုန်းမြင့်ကလေးကိုရောက်၏။ ထိုကုန်းမြင့်ကလေးပေါ်တွင် ဒေါ်ဆူဇီ၏အုတ်ဂူ ရှိနေသည်။





မေစံရှားတို့ခိုအောင်းနေရာ ကားဂိုဒေါင်၏ ထပ်ခိုးမှ လေဝင် ပေါက်များကိုဖြုတ်၍ကြည့်လျှင် ဒေါ်ဆူဇီ၏အုတ်ဂူကို ချုံများ၊ သစ်ပင် ကြီးများကြားမှ လှမ်းမြင်နေရသည်။

မေစံရှားက သူမ၏ဂျင်းဂျာကင်အိတ်ထဲမှဖုန်းကို ထုတ်ယူကာ ခလုတ်ကလေးများကို နှိပ်သည်။ ဖုန်းကို နားမှာကပ်သည်။

''ဟဲလို..''

''.......''

''မမရှားတို့ အဆင်သင့်စောင့်နေကြပြီ။ သူတို့လည်း လာကြ ပြီထင်တယ်။ ကားသံကြားရတယ်''

''.......''

''တီနာ အဲဒီမှာပဲ အေးအေးဆေးဆေးနေပါ။ မပူပါနဲ့..။ ပြီးမှ ထပ်ပြီးဖုန်းဆက်မယ်''

မေစံရှား ဖုန်းကိုပြန်ပိတ်ပြီး မင်းခန့်ဆီသို့ ကမ်းပေးသည်။

''မင်းခန့်..နင် ရဲအုပ်မောင်မောင်သန်းဆီကို သတင်းပို့တော့''

တိုးတိုးလှမ်းပြောသည်။

www.burmeseclassic.com



ဦးဒိဗ္ဗဦးဆောင်လာသော ကားနှစ်စီးအနက် ကားနက်ကလေး
က တိုက်ရှေ့တွင် ဂူလွန်ရဲရရပ်နေပြီး တောင်းအော့စ်ကားက တိုက်
ကွေ့ကာ နောက်သို့မောင်းဝင်လာသည်။ ကားကိုဒေါင်သို့လာရာလ
ကလေးအတိုင်း မောင်းလာပြီးနောက် ကားကိုပြန်ကွေ့ကာ အပြန်
ပြန်ထွက်ရန် အသင့်အနေအထားဖြင့် ရပ်သည်။

တိုက်ကြီးကိုကွေ့၍ ဦးဒိဗ္ဗ၊ မြနှင်းဆီနှင့် ကြွက်စုတ်တင်
တို့ လျှောက်လာကြ၏။

ယက္ခက တောင်းအော့စ်ပေါ်မှဆင်းသည်။ ကားနောက်
ပေါက်ချွန်းနှစ်ခုကို ဆွဲထုတ်သည်။

ဦးဒိဗ္ဗတို့က ကားကိုဖြတ်ကျော်ကာ ကုန်းမြင့်ကလေးရှိရာ
လျှောက်သွားကြလျှင်. ယက္ခက ကြွက်စုတ်တင်လှကို ပေါက်ချွန်းတ
လှမ်းပေးပြီး နောက်မှလိုက်သွား၏။

ဒေါ်ဆွေဇီ၏အုတ်ဂူနားသို့ ရောက်သွားကြပြီ။

ဦးဒိဗ္ဗက အုတ်ဂူ၏ခြေရင်းပိုင်းကို လက်ညှိုးထိုးပြကာ. .

"ယက္ခနဲ့ကြွက်စုတ်. . ဒီကနေဖောက်"

ဟု အမိန့်ပေးသည်။

လူ့အန္တနှစ်ယောက်ကလည်း ဆရာသခင်ခိုင်းသမျှ အ
မဆိုင်း တစ်သဝေမတိမ်း လုပ်ငန်းစလိုက်ကြ၏။

အုတ်ဂူကို အရှိန်ဖြင့်ပေါက်လိုက်သော ပေါက်ချွန်းနှင့် ဂူ
ကရစ်များ ထိတွေ့သံက ခြံဝန်းကျယ်ကြီး၏ အုပ်ဆိုင်းဆိုင်းဝန်း
တွင် ခပ်အုပ်အုပ်ထွက်ပေါ်လာသည်။

"ဒုတ်. ."

"ဒုတ်. ."

❦ ❦ ❦ ❦ ❦



သစ်ပင်များကြားမှ ထိုးဆင်းလာသော နေပြောက်များအောက်
တွင် ယက္ခနှင့်တင်လှက အုတ်ဂူကိုဖောက်နေကြပြီး ဦးဒိဗ္ဗက အုတ်ဂူ
ပွင့်လာမှာကို အာရုံစိုက်နေသည်။

မြနှင်းဆီက အုတ်ဂူကိုကြည့်လိုက်၊ ပတ်ဝန်းကျင်ကိုအကဲခတ်
လိုက် ရှိနေ၏။

ကားကိုဒေါင်ထပ်မိုးပေါ်မှကြည့်နေသော မေစံရှားတို့အဖွဲ့ စတင်
လှုပ်ရှားနေပေပြီ။

"သူတို့က လူလေးယောက်။ သေနတ်ပါကောင်း ပါနိုင်တယ်။
သတိထားပါ။ ဟိုလူနှစ်ယောက်ကတော့ မြင်တဲ့အတိုင်း ပေါက်ချွန်းတွေ
ရှိနေတယ်။ သတိလက်လွှတ်လို့ မဖြစ်ဘူး။ အမှားအယွင်းဖြစ်လို့ မရ
ဘူးနော်"

မေစံရှားက သတိပေးသည်။

မင်းခန့်က. .

"ကျွန်တော့်မှာ သေနတ်ပါတယ်"

ရဲသားလေးနှင့် ကိုနေသော်က ဘာလက်နက်မျှ မပါ။ ထပ်မိုး
ပေါ်တွင်တွေ့ရသော သစ်သားပိုင်းအတိုများကို တစ်ခုစီဆွဲယူလိုက်ကြ၏။

"ရဲအုပ်မောင်မောင်သန်းတို့ ရောက်လာတဲ့အထိ စောင့်လို့မရ
တော့ဘူး မင်းခန့်ရေ။ ငါတို့သွားကြမယ်။ ခြေသံလုံပါစေ၊ မင်းခန့်. .
မင်းအရေးကြီးတယ်နော်"

"စိတ်ချပါ မမရှား"

❦ ❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူက ပေါက်သွားပြီ။

သောမှာ အုတ်ချပ်များ၊ အင်္ဂတေအကျိုးအပဲ့များ၊ ဖရိုဖရဲပြို ကျလျက်..။ အပေါက်ကို ကျယ်သွားစေရန် ယက္ခက ပေါက်ချွန်းဖြင့် ပေါက်ကာ ချဲ့ထုတ်နေသည်။

"အထဲက ခေါင်းကို ဆွဲထုတ်လို့ရနိုင်တဲ့ အနေအထားလောက် ဆိုရင် တော်ပြီ။ ငါတို့ အုတ်ဂူကို ပြန်ပိတ်ရဦးမှာ"

ဦးဒိဗ္ဗက အနားကပ်လာရင်း ပြောသည်။

ယက္ခက ပေါက်ချွန်းကိုပစ်ချကာ နဖူးမှချွေးများကို သုတ်၍ ကြွက်စုတ်တင်လှက အပေါက်ကိုငုံ့ကြည့်သည်။

"ရလောက်ပြီ ဆရာကြီး"

"ယက္ခနဲ့ကြွက်စုတ်..ဆွဲထုတ်ကြ"

ဦးဒိဗ္ဗစေခိုင်းသည့်အတိုင်း ယက္ခနှင့်ကြွက်စုတ်က အုတ်ဂူ အတွင်း လက်သွင်းကာ ခေါင်းကိုစမ်း၍ ဆွဲထုတ်ရန် ကြိုးစားကြသည်။ ဦးဒိဗ္ဗက ကျေနပ်သောမျက်နှာဖြင့် ငေးကြည့်နေ၏။ မြနှင်းဆီကလည်း ပတ်ဝန်းကျင်ကို သတိပြုနေရာမှ အုတ်ဂူဆီသို့ အာရုံရောက်လာသည်။

ထိုအချိန်မှာပဲဖြစ်ပါ၏။

"ဟေ့..တစ်ယောက်မှမလှုပ်နဲ့။ လက်မြှောက်.."

အောင်၍ ဩဇာပါသော အမိန့်ပေးသံ ထွက်လာ၏။

မင်းခန့်က ဦးဒိဗ္ဗကို သူ၏သေနတ်ဖြင့် ချိန်ထား၏။ မေစံရှား ကိုနေသော်နှင့် ရဲသားလေးတို့က အုတ်ဂူနှင့် ဦးဒိဗ္ဗတို့အဖွဲ့ကို ဝိုင်းလျက် ပေါ်လာ၏။

ဦးဒိဗ္ဗ တုန်လှုပ်သွားသည်။ ယက္ခနှင့် ကြွက်စုတ်တင်လှ ယောင် ယမ်းကာ အုတ်ဂူကိုအာရုံစိုက်နေရာမှ ထရပ်လိုက်ကြသည်။ မြနှင်းဆီ အကြည့်တွေ အသံလာရာသို့ ရောက်သွား၏။

ရဲယူနီဖောင်းဖြင့် ခန့်ညားသော နုနယ်သည့်ကောင်ကလေး..။





လောဇာမှာ သူမတွေ့ခဲ့သည့် ကောင်ကလေး..။ ဘူတာမှာ သူတွေ့ခဲ့ သည့် ကောင်ကလေး..။ သူ့သတိတရရှိနေခဲ့သည့် ကောင်ကလေး..။

ကောင်ကလေးက ရဲအရာရှိပါကလား..။

ဦးဒိဗ္ဗကို အာရုံစိုက်၍နေသော မင်းခန့်၏မျက်လုံးများက မြ နှင်းဆီထံသို့ ရွေ့သွားသည်။ မြနှင်းဆီနှင့် အကြည့်ချင်းဆုံသွားသည်။

မေစံရှားနှင့်ရုပ်ချင်းတူသော၊ မိမိနှင့် မျက်လုံး၊ မျက်ခုံးချင်း ဆင်သော အမျိုးသမီး..။ ဦးဒိဗ္ဗ၏ ဦးထင်ကျော်၏သမီး၊ မိမိ၏ ပျောက်ဆုံးနေသောအစ်မ ဖြစ်နိုင်သည့် အမျိုးသမီး..။

မင်းခန့်မျက်လုံးများက မြနှင်းဆီ၏ မျက်နှာမှတစ်ဆင့် ဘယ် ဘက်လက်ဆီသို့ ရောက်သွားသည်။

သည်နေ့မှ ဘယ်လက်ကို လက်ကိုင်ပဝါမစည်းခဲ့သည့် မြနှင်းဆီ ၏ ဘယ်လက်မအရင်းမှ ထွက်နေသည့် လက်ပွားကလေး။

"မမ.."

ရုတ်တရက် ရင်ထဲတွင်ဖြစ်လာသော လှုပ်ရှားမှု၊ ဝမ်းသာဝမ်း နည်းမှု၏ တွန်းအားကြောင့် မင်းခန့်၏နှုတ်မှ လွှတ်ခနဲထွက်သွားသော ခေါ်သံ။ မင်းခန့်၏ 'မမ' ဟူသောခေါ်သံကြောင့် မြနှင်းဆီကြောင်သွား သည်။

ယင်းသည် မင်းခန့် ခံစားမှု၌ နှစ်မျောအင်္ဂိကိမိသွားခြင်းပဲ ဖြစ်၏။

ဦးဒိဗ္ဗက ထိုအခိုက်အတန့်ကလေးကို အသုံးချလိုက်၏။

မင်းခန့်အား ပြေး၍ တွန်းလှဲလိုက်ခြင်းပင် ဖြစ်ပါ၏။ မြနှင်းဆီ ထံ အာရုံရောက်နေသော မင်းခန့်အဖို့ လှုပ်ရှားချိန်နှောက်ကျသွားခဲ့ သည်။ ဦးဒိဗ္ဗ၏ကိုယ်လုံးကြီးက အရှိန်ဖြင့် မင်းခန့်ကို တွန်းတိုက်မိလသ နှင့်ယောက်စလုံး မြေပြင်ပေါ်သို့ လုံးထွေးကျသွားခဲ့သည်။

အခြေအနေက ရုတ်ရုတ်သဲသဲဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကြောင်နေသော ယက္ခနှင့် ကြွက်စုတ်တင်လှက ပေါက်ချွန်းများကောက်ယူကာ အနီးရှိ ကိုနေသော်နှင့် ရဲသားလေးထံ ပြေးဝင်သွားကြ၏။ ယက္ခနှင့်ကိုနေသော်က တစ်တွဲ၊ ရဲသားလေးနှင့်ကြွက်စုတ်တင်လှက တစ်တွဲ. .။

မြနှင်းဆီကလည်း ရသည့်အခွင့်အရေးကိုယူကာ မေစံရှားထံသို့ ခုန်ဝင်လာကာ ခြေဖျားနှင့်ကန်သည်။ သတိမလွတ်သော မေစံရှားက ခေါင်းငုံ့၍ရှောင်လိုက်၏။

"ဝုစ်. ."

လေထဲတွင် မြနှင်းဆီ၏ခြေတံက အရှိန်ဖြင့်ဝဲသွားသည်။

မြနှင်းဆီက နောက်တစ်ကွက်ထပ်တိုက်သည်။ လက်ဝါးစောင်းများ၊ လက်သီးများဖြင့် ဖြစ်၏။ မေစံရှားက ခြေအနုတ်အသိမ်း၊ ကိုယ်အယိမ်းအနွဲ့ဖြင့် ဟန်ချက်မပျက်ထိန်းရင်း မြနှင်းဆီ၏ တိုက်ကွက်လက်များကို ဖယ်ထုတ်ပစ်သည်။

မြေပြင်ပေါ်မှာတော့ ဦးဒိဗ္ဗနှင့် မင်းခန့်တို့ ဘတစ်ပြန်ကျား တစ်ပြန် လိမ့်နေ၊ ထိုးနေကြသည်။

အေးဆေးစွာ လက်ရဖမ်းဖို့ အစီအစဉ်သည် အနီးကပ်တိုက်ပွဲလေးအသွင်သို့ ပြောင်းလဲသွားခဲ့ပေပြီ။

❦ ❦ ❦ ❦ ❦



ယက္ခက ပေါက်ချွန်းကြီးကို လေတွင်လွှဲ၍ ကိုနေသော်ကို ဝင်ထိုက်သည်။ ပေါက်ချွန်းအား လက်တွင်ရှိသောသစ်သားပိုင်းဖြင့် ခုခံ၍ရသောကြောင့် ကိုနေသော်က နောက်ကိုဆုတ်ရင်း သတိကြီးစွာရှောင်ထိမ်းနေရ၏။

တစ်ကြိမ်တွင် ယက္ခက အရှိန်ဖြင့် ပေါက်ချွန်းကိုလွှဲ၍ ပေါက်ချလိုက်ရာ ကိုနေသော်က ခေါင်းကို ငုံ့ပေးလိုက်ရသည်။ ခေါင်းငုံ့၍ရှောင်ထိမ်းချိန် အနည်းငယ်စောသွားသဖြင့် ပေါက်ချွန်းက ခေါင်းမှလွဲချော်ကာ နောက်ဘက်ရှိ သစ်ပင်၏ပင်စည်ကို သွားစိုက်သည်။

"ဒုတ်. ."

အရှိန်ပြင်းသောကြောင့် ပေါက်ချွန်းက ပင်စည်ထဲ အတော်နစ်ဝင်သွားသည်။ ယက္ခ ပြန်ဆွဲနုတ်၍ အလွယ်တကူမရ။

ဒါကို ကိုနေသော်သိလိုက်သည်။ အခွင့်အရေး. .။ ထိုအခွင့်အရေးကို ကိုနေသော်အရအမိ အသုံးချလိုက်၏။ လက်တွင်ကိုင်ထားသော သစ်သားပိုင်းဖြင့် ယက္ခ၏ခါးဆီသို့ ဖြတ်ရိုက်လိုက်သည်။

"ဖျောင်း. ."

သစ်သားက ဆွေးနေပုံရ၏။ ထက်ပိုင်းကျိုးသွားသည်။

"အီး. ."

ယက္ခသည်လည်း ခါးကော့ကာ အဝေးသို့ယိုင်ထွက်သွား၏။ သက်မှတုတ်က တိုသွားပြီမို့ ရိုက်ရန်သုံးမရတော့သဖြင့် တုတ်ကိုပစ်ချကာ ကိုနေသော်က ယက္ခကိုဝင်ထိုးသည်။

"ဒုတ်. ."

လက်သီးက မျက်နှာကိုတည့်တည့်ထိ၏။

သို့သော် ယက္ခက ခံနိုင်ရည်အားကောင်းသည်။ လဲပြိုမသွား။ လဲပြိုမသွားသည့်အပြင် အားယူကာ ကိုနေသော်ကို လက်သီးများဖြင့် အကြမ်းပြန်ထိုးသည်။ လက်ရည်တူတိုက်ပွဲ ဖြစ်သွား၏။

❦ ❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ်တွင်လိမ့်နေသော မင်းခန့်နှင့် ဦးဒီဗွမှာ သူတစ်ပြန် ကိုယ်တစ်ပြန် ဖြစ်နေ၏။ အပေါ်စီးရောက်သွားသောဦးဒီဗွက ထိုးနေ… မင်းခန့်က ဦးဒီဗွ၏လက်သီးများကိုကာရင်း ခြေထောက်ဖြင့် ဦးဒီဗွ… ဗိုက်ကို ပင့်ကန်လိုက်၏။

"ဘုတ်"

"အင့်.."

ဦးဒီဗွ မင်းခန့်၏ကိုယ်ပေါ်မှ လွင့်ကျသွားသည်။

မင်းခန့် မြေပြင်ပေါ်မှ ခါးကိုကော့ကာ ခုန်ထပြီး မတ်တ… ရပ်၏။ ယခုတော့ မင်းခန့်ရော၊ ဦးဒီဗွပါ လက်နက်မဲ့တိုက်ပွဲဖြစ်သွား…

မင်းခန့်သေနတ်ကား မြက်တောထဲ ဘယ်နေရာတွင် ရော… နေပြီမသိ။

မင်းခန့်တို့နှင့်မလှမ်းမကမ်းတွင် ရဲသားလေးနှင့် ကြွက်စုတ်… တင်လှတို့သည်လည်း သစ်သားပိုင်းများ၊ ပေါက်ချွန်းများ မရှိကြသော… ဘဲ တစ်ယောက်တစ်ပြန်ထိုးနေကြ၏။

ကြွက်စုတ်တင်လှထိသွားလိုက်၊ ရဲသားလေးထိသွားလိုက်နှ… အလဲလဲအကွဲကွဲ။

ပွဲက ပို၍ကြမ်းလာ၏။

* * * * *



မေစံရှားနှင့် မြနှင်းဆီမှာ လက်ရည်ညီနေသည်။ မည်သူက မည်သူ့ကိုမျှ အလွယ်တကူမဖြိုလှဲနိုင်။

မေစံရှားက အခြားသော ကွန်ဖူး၊ တိုက်ကွမ်ဒို စသည်များကို လေ့လာသင်ယူမှု ရှိထားသော်လည်း သူမ၏အဓိကအားပြုမှုက ကရာတေးသာလျှင်ဖြစ်၏။

မြနှင်းဆီကမူ ကွန်ဖူးကို ကျွမ်းကျင်ပုံရသည်။ အခုန်အပျံတွေက လျင်သလား၊ မြန်သလား မမေးနှင့်။

သည်တော့ တိုက်ကွက်ချင်းက မတူ။

စင်စစ် မေစံရှား၏ရည်ရွယ်ချက်မှာ မြနှင်းဆီကို အနာ တရ ရသည်အထိ တိုက်ရန်မဟုတ်။ လောလောဆယ် သူမသိလိုနေ သည်က မြနှင်းဆီ၏ညာဘက်လက်ပြင်တွင် အမှတ်မည်းကြီးတစ်ခု ရှိ၊ မရှိဖြစ်သည်။

အမှတ်မည်းကြီးက မြနှင်းဆီ၏ညာဘက်လက်ပြင်တွင် ရှိနေ ပါက ဘယ်လက်မလက်ပွားကလေးနှင့် နှစ်ခုပေါင်းလိုက်လျှင် မင်းခန့် ၏အစ်မဖြစ်ဖို့ သေချာသွားပေမည်။ ယင်းသည် အရေးကြီးသော အထောက်အထား။

ထို့ကြောင့် မြနှင်းဆီ၏အကျႌကို ဆုတ်ဖြဲရန် မေစံရှားက အကြံထုတ်နေရသည်။

"ဖတ်.."

ခေါင်းထဲတွင် အတွေးဝင်လာသည်နှင့် သတိက အနည်းငယ် အားလျော့သွားသည်။ မြန်လှသော မြနှင်းဆီကလည်း ထိုအားနည်းကွက် ကို မြင်သည်။ လက်ဝါးစောင်းတစ်ခုက ရိုပ်ခနဲ မေစံရှားလည်ကုပ်သို့ ဝင်လာ၏။ အားထည့်၍ ရှောင်လိုက်သော်လည်း သိသိကလေး နောက် ကျသည်။ ပခုံးသားကိုထိသည်။

သို့သော် သည်မျှလောက်နှင့် မေစံရှားနှင့်မပြီး။



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ ယိုင်သွားသောဟန်ချက်ကို ပြန်ထိန်းရင်း အကွက်သစ်တစ်ခုကို ဖန်တီးလိုက်သည်။

မြနှင်းဆီ၏နောက်သို့ ရုတ်တရက် မျက်လုံးအကြည့်ကို ပို့လိုက်သည်။ မြနှင်းဆီ၏အာရုံကို နောက်သို့ မျှားထုတ်လိုက်ခြင်းဖြစ်၏။ မြနှင်းဆီ မေစံရှား၏မျှားကွက်နောက် ပါသွားသည်။ နောက်မှ တစ်စုံတစ်ယောက် ဝင်၍အန္တရာယ်ပြုသည့်အထင်နှင့် အာရုံက နောက်သို့လွင့်သွား၏။

မေစံရှားက ဘယ်ဘက်လက်ဖျားများကိုစုကာ အားထည့်ပြီး မြနှင်းဆီ၏လည်မျိုဆီသို့ တည့်ထိုးလိုက်သည်။ 'နုကီတိ'ထိုးချက်. . ။ သို့သော် မေစံရှားရည်မှန်းချက်အမှန်က လည်မျိုမဟုတ်။

"ဝုစ်. ."

မေစံရှား၏ထိုးချက်ကို မြနှင်းဆီက လက်ဝါးစောင်းဖြင့် ပယ်ထုတ်ဖို့ မကြိုးစားဘဲ ခေါင်းကိုတိမ်း၍ရှောင်သည်။

မေစံရှားမှန်းချက်နှင့် အံကိုက်ဖြစ်သွား၏။

မြနှင်းဆီ၏ခေါင်းက ဘယ်ကိုအစောင်းတွင် မေစံရှား၏ဘယ်လက်များက လည်ပင်းဘေးဘက်သို့ပြေးဝင်ကာ မြနှင်းဆီ၏တီရှပ်လည်ပင်းကို ကုပ်၍ဆွဲယူလိုက်သည်။ မိမိရရပါပဲ။

မြနှင်းဆီအရှုံး။ မေစံရှားအဆွဲမှာ တီရှပ်က ပြဲကျသွားသည်။

"ဗြဲ. ."

"ဟာ. ."

မြနှင်းဆီ တအံ့တသြနှင့် အာရုံပျက်သွားသည်။ တီရှပ်အပြဲထံ မျက်လုံးရောက်သွားသည်။

မေစံရှားက ညာခြေကို ရှေ့တစ်လှမ်းတက်ကာ ဘယ်လက်ဝါးစောင်းဖြင့်ပင် မြနှင်းဆီ၏လည်ပင်းဆီသို့ ထပ်မံခုတ်ချသည်။ 'ရှုတိုဂါပင်အုချီ' ရိုက်ချက်ဖြစ်၏။





"ဝုစ်. ."

မြနှင်းဆီက မေစံရှား၏ရိုက်ချက်ကို ရှောင်နိုင်ရန် ခန္ဓာကိုယ်ကိုလှည့်၍ ရှောင်ထွက်သည်။

မေစံရှားမျှော်လင့်ချက် ကွက်တိကျသွားပြန်သည်။

လည်ပင်းကိုမထိလိုက်သော လက်ဝါးစောင်းကို ပြန်အသိမ်းတွင် တစ်ဖက်လှည့်လိုက်သောမြနှင်းဆီ၏ ပြဲနေသောတီရှပ်၏ နောက်ကျောစကို မိမိရရဆွဲချလိုက်သည်။

"ဗြဲ. ."

တီရှပ်အပြဲက ပခုံးသားပေါ်မှ ကွာကျသွားသည်။ ကျောပြင်တစ်ခြမ်း ပေါ်သွားသည်။

"ဟာ. ."

မြနှင်းဆီ၏ ညာဘက်လက်ပြင်ပေါ်မှာ အမှတ်မည်းကြီးတစ်ခု။

❦ ❦ ❦ ❦ ❦

မင်းခန့်၏လက်သီးချက်ကြောင့် ဦးဒိဗ္ဗ ဒေါ်ဆူဇီ၏အုတ်ဂူပေါ် ကျောမှီ၍ကျသည်။

မင်းခန့်က ထပ်မံ၍ ဖိတိုက်ရန် ရှေ့ကိုခုန်၍တိုးသည်။ ဒါက မင်းခန့်အမှား။

အုတ်ဂူပေါ် ကျောမှီကျရာမှ ခါးပြန်အဆန့်တွင် ခုန်ဝင်လာသော မင်းခန့်၏ခြေဖျားကို ဦးဒိဗ္ဗက သူ၏ခြေဖျားဖြင့် သိမ်းချိတ်သည်။

မင်းခန့် ရှောင်ချိန်မရလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ် ဟန်ချက်ပျက်ကာ အရှိန်ဖြင့်လဲကျသည်။

ဦးဒိဗ္ဗက အခွင့်ကောင်းယူ၍ ထွက်ပြေးဖို့ ပြင်လိုက်၏။

မြနှင်းဆီက အကျိုးပြသွားသောကြောင့် မေစံရှားနှင့်တိုက်ခိုက်နေမှုမှ ရှောင်ထွက်လိုက်သည်။

မေစံရှားက နောက်မှထက်ကြပ်လိုက်လာသည်။

ဦးဒိဗ္ဗက မင်းခန်းဘေးမှဖြတ်ကာ ပြေးထွက်သည်ကိုမြင်၍ မေစံရှားအာရုံက ဦးဒိဗ္ဗထံ ရောက်သွားသည်။ မြနှင်းဆီကိုလိုက်နေသော ခြေလှမ်းများကို တန့်ရပ်ကာ ဦးဒိဗ္ဗ၏ပြေးလမ်းကို ပိတ်ဆို့လိုက်သည်။ ဦးဒိဗ္ဗက မေစံရှားကို ကမူးရှူးထိုးတိုက်ခိုက်ဖို့ ကြိုးစား၏။

ဒါမျိုးတော့ မေစံရှားက လာထား..။

ဦးဒိဗ္ဗ၏လက်သီးချက်ကို ဘယ်လက်ဖျံဖြင့် ပက်ထုတ်ကာ ကွယ်ပြီး ညာလက်ဖနောင့်ဖြင့် ဦးဒိဗ္ဗ၏မေးစေ့ကို ပင့်ရိုက်လိုက်သည်။ 'ရှိတေ' ပင့်ရိုက်ချက်က ကွက်တိကျ၏။ ပြင်း၏။

"ခွပ်.."

"အ.."

ဦးဒိဗ္ဗ နောက်လန်သွားသည်။ နှုတ်မှ အော်ညည်းသံထွက်သွားသည်။ မေစံရှားက ရပ်တန့်မနေ။ ဘယ်လက်သီးဖြင့် ဦးဒိဗ္ဗ၏ရင်ဝသို့ ထိုးသွင်းသည်။ 'ယူရာကင်ရှိတာအုချိ' ထိုးချက်။ ခါးအားရော လက်သီးအားပါ ပါ၍ ဦးဒိဗ္ဗရင်ဝကို ဖွဲအိတ်ထိုးသလို ဝင်သွား၏။

"ဘုတ်.."

"အီး.."

ဦးဒိဗ္ဗ ခါးကြီးကုန်းသွားပြန်ကာ ခေါင်းကရှေ့ငိုက်လာသည်။ မေစံရှား တတိယတိုက်ကွက်ကို ထပ်မံဆက်သည်။ 'ဟိုက်ကျိအေ့အုချိ' ဖြစ်၏။ ညာတံတောင်က အရှိန်ဖြင့်မြောက်တက်ကာ ဦးဒိဗ္ဗမေးရိုးကို လျှပ်တစ်ပြက်ပင့်ရိုက်လိုက်ခြင်းဖြစ်သည်။





"ဒေါက်.."

"အား.."

ဦးဒိဗ္ဗ နောက်ပြန်လန်ကာ ဖင်ထိုင်ကျသွားသည်။

❦ ❦ ❦ ❦ ❦

ကိုနေသော်နှင့် ယက္ခတို့ သဲသဲမဲမဲတိုက်နေဆဲ။ ရဲသားလေးနှင့် ကြက်စုတ်တင်လှတို့ အသေအကြေတိုက်နေဆဲ။

ဦးဒိဗ္ဗ၏ခြေသိမ်းရိုက်ချက်ကြောင့် ဟန်ချက်ပျက်ကာ လဲကျသော မင်းခန်းမှာ မထင်မှတ်ဘဲ စောစောက ယက္ခတို့တူးဖောက်ထားသည့် အုတ်ကျိုးပုံနှင့် ခေါင်းနှင့် မိတ်ဆက်သလိုဖြစ်သွား၏။

ခေါင်းထဲမှာ မူးဝေသွားသည်။ ရုတ်တရက် ပြန်မထနိုင်။

အားယူ၍ မျက်လုံးကိုဖွင့်လိုက်သောအခါ..

သူ့အပေါ်မှာ စီးမိုး၍ရပ်နေသော မြနှင်းဆီကို တွေ့လိုက်ရသည်။ မြနှင်းဆီက အုတ်ခဲတစ်လုံးကိုကိုင်ကာ မြှောက်ထားသည်။ သူ၏ခေါင်းကို ထုချတော့မည့်အနေအထား။

ထိုအချိန်မှာ မင်းခန့်မျက်လုံးများနှင့် မြနှင်းဆီမျက်လုံးများ ဆုံသွားသည်။

မြနှင်းဆီ လက်တန့်သွားသည်။

အကြည့်ချင်း ဆုံနေဆဲ..။

ထိုအကြည့်တွေထဲမှာ ရန်သူဟူသောခံစားချက်များ မပေါ်။ မုန်းတီးမှုမပေါ်။ ဒေါသမပေါ်။



www.burmeseclassic.com

www.burmeseclassic.com



ခွဲငင်မှုရှိနေ၏။ ညင်သာပျော့ပျောင်းမှု ရှိနေ၏။ ရင်လှိုင်းခတ်မှုများ ရှိနေ၏။

တစ်ခဏလေး. .။

စက္ကန့်ပိုင်းလေး. .။

"သမီး. . အပြတ်ရှင်းလိုက်"

ဦးဒိဗ္ဗ၏အသံက ဩဇာကြီးစွာ ပေါ်လာ၏။ မြနှင်းဆီ၏ခန္ဓာကိုယ်ကလေး ဆတ်ခနဲ လှုပ်ခနဲ ဖြစ်သွားသည်။ မြှောက်ထားသော လက်ထဲကို အားတွေစီးဝင်လာသည်။ ဒက်ဒီ၏စကား. .။ တစ်နည်းအားဖြင့် အမိန့်. .။

ထိုအချိန်ပိုင်းကလေးမှာပဲ ဖြစ်ပါချေ၏။

"မြနှင်းဆီ. . မလုပ်နဲ့။ အဲဒါ မင်းရဲ့မောင်လေး"

မြနှင်းဆီ၏အော်သံက ရှုံးရှုံ့တွင်းဖောက်ကာ ဖြတ်ဝင်လာ၏။

မြနှင်းဆီလက်များ လှုပ်ရှားမည်ပြုပြီးမှ ဆောင့်ဆွဲလိုက်သလို ပြန်၍တန့်ရပ်သွားသည်။ ရင်ထဲကို လှိုင်းတစ်ခု ဖျတ်ခနဲတိုးဝင်ဖြတ်သန်းသွားသည်။ စိမ့်ခနဲ အေးမြသော လှိုင်းတစ်ခု. .။ ပြီး. . မယုံကြည်နိုင်သော စကားတစ်ခွန်း။ မေစံရှား၏စကား။ ဒါ. . မေစံရှား၏ လှည့်ကွက်ပေလား။

သံသယဒွိဟဖြင့် ဆိုင်းသွားသော ကာလတိုကလေးအတွင်း မေစံရှားပြေးဝင်လာကာ မြနှင်းဆီကိုဆွဲယူ၍ လိမ့်ချလိုက်သည်။ မြေပြင်ပေါ်သို့ နှစ်ဦးသား လုံးထွေးကျသွားပြီး လူချင်းကွဲသည်နှင့် အသီးသီးပြန်၍ခုန်ထကာ ရင်ဆိုင်လိုက်ကြ၏။

မြနှင်းဆီက လက်နှစ်ဖက်ဖြန့်ကာ အသင့်။

မေစံရှားက ညာခြေခင်း၊ ဘယ်ခြေဖျားထောက်၊ လက်နှစ်ဖက်ကို ရင်နှင့်တစ်တန်းတည်း ခုံးကွေးလျက်. .။ ကြောင်တစ်ကောင်၏ကိုယ်ဟန်. .။ 'နီကိုရာရှိဒါရှိ' အနေအထား. .။





"မင်း ဘာတွေလှည့်ကွက်လာလုပ်တာလဲ"

ပြောရင်း မြနှင်းဆီက ဝင်တိုက်သည်။

မြနှင်းဆီ၏တိုက်ကွက်ကို ခုခံပြီး တိုက်ကွက်တစ်ခုအပြီး မျက်နှာချင်းဆိုင်ပြန်အကျတွင်. .

"အမှန်ပြောတာ။ ဒီမှာကြည့်. ."

မေစံရှားက ညာလက်ဖြင့် ညာဘက်ဘောင်းဘီအိတ်ထဲမှတတ်ပုံကို ဆွဲထုတ်ကာ မြနှင်းဆီမြင်သာအောင် ထောင်ပြလိုက်သည်။ ဒေါ်ထားရီထံမှ ရခဲ့သည့် မင်းခန့်၏အစ်မ (ကလေးအရွယ်က) ပုံ။ ဝဲလျားမှောက်လျက်. .။ ဘယ်လက်မအနီးမှ လက်မှုးကလေး. .။ ညာဘက်လက်ပြင်မှ "အမှတ်မည်း. .။

မြနှင်းဆီအံ့အားသင့်သွားသည်။ မျက်လုံးပြူးသွားသည်။

"ဒီဓာတ်ပုံ မင်းဘယ်ကရလဲ"

မြနှင်းဆီ တုန်လှုပ်စွာမေးသည်။

"မင်းအမေဆီက ရတာ။ မင်းခန့်အမေဆီက ရတာ"

နှစ်ဦးသား တိုက်ဖို့အနေအထားဖြင့် မေစံရှားပြော၏။

တစ်ကွက်အပြန်အလှန်တိုက်ပြီး တစ်ဆက်တည်းမှာပင် ဘယ်လက်က ဘယ်ဘက်ဘောင်းဘီအိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်ပြီး ထောင်ပြလိုက်ပြန်သည်။

"တွေ့လား. .။ ဒါ. . မင်းအဖေနဲ့ မင်းအမေ့သူငယ်ချင်း။ ဦးဒိဗ္ဗဟာ မင်းအဖေရဲ့သူငယ်ချင်း ဦးထင်ကျော်ဆိုတဲ့လူပဲ။ မင်း တစ်လသားအရွယ်မှာ မင်းအဖေနဲ့အမေဆီက မင်းကိုခိုးသွားတာ"

"ဟင်. ."

"မဟုတ်ဘူး. .။ မယုံနဲ့ သမီး။ သူတို့ပြောတာ မယုံနဲ့"

အဝေးမှ ဦးဒိဗ္ဗနှင့်မင်းခန့် ပြန်တိုက်နေရင်းက ဦးဒိဗ္ဗက လှမ်းအော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းခန့်ဟာ မင်းရဲ့မောင်လေးအရင်းပဲ မြနှင်းဆီ။ ငါတို့ မင်းကို ရှာနေတာ။ မင်းအမေက မင်းကိုသိပ်တွေ့ချင်နေတယ်"

မေစံရှားက အခွင့်ရခိုက် ထပ်ပြောသည်။

"အမေ. . အမေ. . ဟုတ်လား"

"ဟုတ်တယ်. . မင်းအမေ၊ မင်းကိုမွေးတဲ့ အမေ. .။ အမေ အရင်း. ."

မြနှင်းဆီ၏ခန္ဓာကိုယ် အားအင်တွေကုန်ခန်းသလို ပျော့သွား သည်။ အားသွင်းထားမှုတွေက လေပူဖောင်းထဲမှလေများကို လျှော့ချ လိုက်သလို. .။

ပြောင်းလဲလျော့ကျသွားသော မြနှင်းဆီ၏မျက်နှာကို မေစံရှား က အကဲခတ်ရင်း ကြည့်နေသည်။

"ဟုတ်တယ်မမ။ မမဟာ ကျွန်တော့်အစ်မပါ။ အမေက မမ ကို တွေ့ချင်နေတယ်"

ဦးဒိဗ္ဗနှင့်တိုက်ခိုက်ရင်း မင်းခန့်က လှမ်းအော်သည်။ မြနှင်းဆီ ထံသို့ မင်းခန့်အာရုံရောက်သွားခိုက် ဦးဒိဗ္ဗက အခွင့်ကောင်းယူ၍ မင်းခန့် ကို လက်သီးနှင့်ထိုးသည်။ မင်းခန့်ကိုထိပြီး မင်းခန့်ယိုင်လဲကျသွား၏။

ထိုအခါမှ ဦးဒိဗ္ဗက သူ၏ခါးကြားမှ သေနတ်ကို ဆွဲထုတ်ယူ လိုက်ကာ မင်းခန့်ကို ထိုးချိန်လိုက်သည်။

"မလုပ်နဲ့"

ကျားတစ်ကောင်လို အော်ဟစ်လိုက်သည်။ သူက ကျားနာဖြစ် နေလေပြီ။

ထိုအချိန်မှာ ကိုနေသော်က ယက္ခ၏ဦးခေါင်းအား သစ်ပင်နှင့် ဆောင့်တိုက်ကာ မြေပေါ်လှဲသိပ်လိုက် ပြီးဖြစ်၏။ ရဲသားလေးလက်ချက် ဖြင့် ကြွက်စုတ်တင်လှလည်း မြေပြင်မှာ မှောက်လျက်သား။

မေစံရှား ရုတ်တရက် အကြံရကျပ်သွားသည်။





မြနှင်းဆီတွေငိုင်နေရာမှ ဦးဒိဗ္ဗကို လှမ်းကြည့်သည်။

"ဒါ. . တကယ်ပဲလား ဒက်ဒီ။ သူတို့ပြောတာတွေ အမှန်ပဲ လား"

မယုံနိုင်စွာ မြနှင်းဆီလှမ်းမေး၏။ အမေးမှာ မကျေနပ်ခြင်း၊ ခံပြင်းခြင်း၊ နာကျည်းခြင်းတွေ ပါ၏။

ဦးဒိဗ္ဗပြန်မဖြေမီ. .

"မြနှင်းဆီ. . မင်းအဖေနဲ့ ပြိုင်ဘက်ဖြစ်ခဲ့လို့ ဦးဒိဗ္ဗက မင်းကို ခိုးယူပြီး ဟောင်ကောင်ကို ပို့ခဲ့တာ။ သူက အဖေအရင်းမဟုတ်ဘူး။ ဒီ ဓာတ်ပုံတွေက သက်သေပဲ။ မင်းအမေကိုတွေ့ရင် ပိုရှင်းသွားမယ်"

မေစံရှားက ထပ်ပြောသည်။ ပြောရင်း ဓာတ်ပုံနှစ်ပုံကို ထပ်မံ၍ မြနှင်းဆီရှေ့တွင် ထောင်ပြပြန်သည်။

ဦးဒိဗ္ဗ၏သေနတ်ပြောင်းဝက လဲကျနေသော မင်းခန့်ထံမှ မြနှင်းဆီထံသို့ ရွေ့လာသည်။ မောင်းကိုဖွင့်သည်။ မြနှင်းဆီ၏ နှလုံး သားတည့်တည့်။

ဦးဒိဗ္ဗ ပြုံးလိုက်သည်။ အေးစက်သောအပြုံး၊ ကောက်ကျစ် သောအပြုံး. . .။

"ဒီအခြေအနေရောက်နေမှတော့ ငါမလိမ်ချင်တော့ပါဘူး။ ဟုတ်တယ် မြနှင်းဆီ။ မင်းဟာ ငါ့သမီးအရင်းမဟုတ်ဘူး။ မင်းကို ငါ ခိုးလာတာ။ မင်းအဖေကို ကလဲ့စားချေချင်လို့ မင်းကိုခိုးလာတာ။ မင်း ကို ခိုင်းစားနေတာ"

"ဟင်. . ရက်စက်လိုက်တာ။ ရှင်. . လူယုတ်မာ"

မြနှင်းဆီ၏ဒေါသများ နှံအဟုန်မြင့်တက်သွားသည်။ ဦးဒိဗ္ဗ ထံသို့ ပြေးသွားရန် ဟန်ပြင်လိုက်သည်။

"မလုပ်နဲ့. . မြနှင်းဆီ။ ငါ့အဖို့တော့ မထူးတော့ဘူး။ မင်းကို ရော သူတို့ကိုရော ရှင်းပြီး ဒီနေ့ ဘနေ ငါထွက်သွားရုံကလွဲပြီး ငါ့

www.burmeseclassic.com

www.burmeseclassic.com



မှာ ရွေးစရာလမ်းမရှိတော့ဘူး။ ဒီတော့..''

ဦးဒိဗ္ဗတကယ်ဆုံးဖြတ်ချက်ချလိုက်ဟန်ရှိကြောင်း မေစံရှား သိလိုက်သည်။ အတ္တဘီလူးမီးနေသော ဦးဒိဗ္ဗ၏လက်ညှိုးကလေးက ခလုတ်ပေါ်မှာ ကွေးသွားကြောင်း သတိပြုလိုက်မိ၏။ အချိန်လုံးဝမရှိ တော့။

မေစံရှားက မြနှင်းဆီကို နေရာမှတွန်းဖယ်ပစ်လိုက်သည်။ သို့သော် မေစံရှားအရှိန်ဖြင့် ပြေးတွန်းသည်ကပင် စက္ကန့်ပိုင်းကလေး နောက်ကျသွားခဲ့၏။

''ဒိုင်း''

''အား''

သေနတ်ကျည်ဆန်က မေစံရှားတွန်းဖယ်မှုကြောင့် မြနှင်းဆီ၏ နှလုံးသားမှ လွဲချော်သွားသည့်တိုင် ညာဘက်ပခုံးကို ဖောက်ဝင်သွား သည်။

''မမ..''

မင်းခန့်၏ အလန့်တကြားအော်လိုက်သံ..။

ဦးဒိဗ္ဗက သေနတ်ပြောင်းကို မင်းခန့်ဘက်ပြန်လှည့်ကာ ဒုတိယ ကျည်ဆန်ကို ပစ်လွှတ်ဖို့ လက်ညှိုးကို ကွေးပြန်သည်။

သည်သို့ ဦးဒိဗ္ဗလုပ်လိမ့်မည်ကို ကြိုတင်တွေးဆမိခဲ့သော မေစံရှားသည် မြနှင်းဆီကိုတွန်းပစ်ပြီး မြေပေါ်လဲကျရာမှ ပြန်အလာ တွင် သူမ၏ဂျင်းဘောင်းဘီအောက်မှ သားရေအိတ်ဖြင့်ထည့်ထားသော ကိုယ်ပွားတစ်ထောင်မောင်မဲခေါင် လက်ဆောင်ပေးခဲ့သည့် ဓားမြှောင် ကို ဆတ်ခနဲထုတ်ယူလိုက်သည်။

တစ်ဆက်တည်းမှာပင် ဓားကို လေတွင်မြှောက်လျက် အလျား ပြန်ဖမ်းကာ ဦးဒိဗ္ဗဆီသို့ လျှပ်တစ်ပြက်ပစ်လွှတ်လိုက်သည်။

''ဗိုး''





''ဒုတ်''

''အ..''

''ဒိုင်း..''

လေထဲတွင် အရှိန်ပြင်းစွာ ဝဲခေါ်ပျံသန်းသွားသော ဓားမြှောင် သည် ဦးဒိဗ္ဗ၏ သေနတ်ကိုင်ညာလက်ဖျံကို ဒုတ်ခနဲ ဝင်စိုက်သည်။ အလန့်တကြားညည်းညူသံနှင့်အတူ ကွေးလိုက်သောလက်ညှိုးက ယိမ်း ယိုင်သွားကာ သေနတ်ပြောင်းဝက လွဲသွားပြီး မင်းခန့်၏ဘေးမြေပြင် ကို ကျည်ကကျသွားသည်။

အခြေအနေကို မျက်စိလျှင်လျှင်ကြည့်နေသော ကိုနေသော်က သူပါဝင်ရတော့မည်ဖြစ်ကြောင်း နားလည်လိုက်၏။ သူနှင့် ဦးဒိဗ္ဗက လူချင်းအနီးဆုံးဖြစ်နေသည်လေ။

ထို့ကြောင့် စောစောက သူယက္ခကိုရိုက်၍ ကျိုးသွားသော သစ်သားပိုင်းကို အလျင်အမြန်ကုန်းကောက်ကာ ဦးဒိဗ္ဗဆီသို့ ပြေးသွား ပြီး ခေါင်းကိုရိုက်ချလိုက်သည်။

''ခွပ်''

''အား''

နောက်ထပ်သေမင်းတမန် သေနတ်ကျည်ဆန်တစ်ခုကို ထပ်မံ ပစ်လွှတ်ရန် ကြံလိုက်သော ဦးဒိဗ္ဗမှာ စိတ်အလိုကို မလိုက်နိုင်ဘဲ ခေါင်း ကိုထိလိုက်သော တုတ်ချက်ကြောင့် မျက်လုံးထဲတွင် မီးပွင့်တွေဖြာထွက် သွားပြီး မြေပြင်သို့ ဘုံးခနဲ ပစ်ကျသွားသည်။

သူ့မျက်လုံးထဲမှာ မှောင်သွားပြီ။

မင်းခန့်က နေရာမှလူးလဲထကာ မြနှင်းဆီလဲကျနေရာသို့ပြေး ကာ ပွေ့ထူလိုက်သည်။

''မမ..မမ''

ဒဏ်ရာရထားသောပခုံးကို ကျန်လက်တစ်ဖက်ဖြင့်ဖိထားရာ



www.burmeseclassic.com

www.burmeseclassic.com



မှ မြနှင်းဆီက မင်းခန့်၏မျက်နှာကို မော့ကြည့်သည်။

"မောင်လေး. ."

မင်းခန့်က မြနှင်းဆီကို အားရဝမ်းသာ တအားပွေ့လိုက်သည်။ သူတို့နှစ်ဦးစလုံး၏ပါးပြင်မှာ မျက်ရည်များက ပုလဲလုံးလေးများလို. .။

မေစံရှားက သူတို့ကို ကြည်နူးစွာငေးကြည့်နေခိုက် ကိုနေသော်က အနားရောက်လာကာ မေစံရှားလက်ကို ဆုပ်ကိုင်လိုက်သည်။

ဥသြသံနှင့်အတူ ရဲကားတစ်စီး ခြံအကျင်းသို့ တရကြမ်းမောင်း ဝင်လာသည်။

❦ ❦ ❦ ❦ ❦

# ၄၁

ရဲသားလေးနှစ်ယောက် စောင့်ကြပ်နေသော ဆေးရုံခန်းအတွင်း ခုတင်ထက်၌ မြနှင်းဆီရှိနေ၏။ ခုတင်ဘေးတွင်ကား ဒေါ်ထားရီ. .။

ဒေါ်ထားရီက မြနှင်းဆီ၏မျက်နှာလေးကို ကြည့်မဝသလို စိုက်ကြည့်ရင်း ဆံပင်လေးသပ်တင်လိုက်၊ နဖူးလေးစမ်းလိုက်၊ လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်နှင့် ရှိနေ၏။ မျက်ဝန်းမှာကား မျက်ရည်တွေ အုံ့မှိုင်းကျင်းလျက်။

"သမီးလေး. . သမီးလေး. . သမီးလေးကို မေမေက ပြန်မတွေ့ရတော့ဘူးလို့တောင် ထင်တာ။ ခုလိုပြန်တွေ့ရတော့ မယုံနိုင်စရာ အိပ်မက်တစ်ခုလို ဖြစ်နေတယ်။ သမီးလေးဆေးရုံကဆင်းရင် မေမေနဲ့ တစ်ခါတည်း ပြန်လိုက်ခဲ့နော်။ မေမေတို့ အတူနေကြမယ်နော်"

မိခင်၏လက်ကို ပြန်ဆုပ်ကိုင်ရင်း မျက်ရည်များဖြင့် မြနှင်းဆီ ခေါင်းညိတ်ပြလိုက်ရ၏။ လောလောဆယ် မေမေ၏ဝမ်းသာကြည်နူးမှုများ ကြည်နူးရမှုများကို မလျော့ပါး၊ မပျက်ပြယ်စေလို၍ပါ။

သို့သော် မိမိကျူးလွန်ခဲ့သော အပြစ်များအတွက် မိမိပေးဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရဦးမည်ကို မြနှင်းဆီသိထားပါ၏။ ဒါက ဘယ်သူမပြု မိမိမှုသာ။ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လာခြင်းသာ။

'သမီးသာ အပြစ်ကင်းတဲ့လူတစ်ယောက်အနေနဲ့ ပြန်တွေ့ရရင် သိပ်ကိုဝမ်းသာစရာကောင်းမှာပဲ မေမေရယ်. .။ မေမေရယ် မောင်လေးရယ်၊ သမီးရယ် အတူတူ ပျော်ပျော်ကြီးနေချင်လိုက်တာ'

မြနှင်းဆီရင်ထဲက တိုးတိတ်စွာပြောနေမိသော စကားများ. .။

လောကဆိုသည်က အလှည့်အပတ်၊ အကွေ့အဝိုက်များသောသည်းထိတ်ရင်ဖို ဇာတ်လမ်းရှည်ကြီးပေပဲ။

❦ ❦ ❦ ❦ ❦

ဆေးရုံစင်္ကြံမှာရပ်ကာ အခန်းနံရံကိုမှီလျက် မျက်ရည်တွေ
နေသော မင်းခန့်၏ရှေ့သို့ ခရစ္စတီနာရောက်လာသည်။

"ကိုမင်းခန့်. ."

တိုးညင်ဖွဖွခေါ်သည်။ ခရစ္စတီနာ၏ ကရုဏာမျက်ဝန်းများကို မင်းခန့်မြင်ရ၏။ အားပေးပြုံးကိုလည်း မင်းခန့်ငွေးတွေးစွာခံစားရ

"တီနာ. ."

"ကိုမင်းခန့်ခံစားနေရတာကို တီနာကိုယ်ချင်းစာမိပါတယ် တစ်သက်လုံး ဝေးကွာနေရတဲ့အစ်မကို ပြန်တွေ့ရပေမယ့် အစ်မ ပြစ်ဒဏ်ကြွေးတွေ ပေးဆပ်ရဦးမှာဆိုတော့. ."

ခရစ္စတီနာ စကားမဆက်နိုင်။ အသံတွေ တိမ်ဝင်သွား
မင်းခန့် သက်ပြင်းရှိုက်သည်။ စကားမပြန်နိုင်ဘဲ ခရစ္စတီ



ကိုသာ ပြန်ကြည့်နေမိ၏။ ခရစ္စတီနာကို တွေ့ရသဖြင့် ရင်မှဝေဒနာသက်သာသည်ကမူ အမှန်. .။

"အားတင်းထားပါ ကိုမင်းခန့်။ တီနာလည်း၊ လူယုတ်မာကြီးဦးဒိဗ္ဗကြောင့် မိခင်ဆုံးပါးခဲ့ရသူပါ။ ဆုံးရှုံးရပုံချင်းမတူပေမယ့် ကိုမင်းခန့်နဲ့ တီနာက ဘဝတူတွေပါပဲ။ ကိုမင်းခန့် တီနာ့ထက်သာတာက အမေရှိနေသေးတာပဲ မဟုတ်လား။ တီနာကသာ လောကကြီးမှာ တစ်ကောင်ကြွက်ပါ"

နုနယ်ငယ်ရွယ်သလောက် စိတ်ဓာတ်ရင့်ကျက်လှသော ခရစ္စတီနာကို မင်းခန့်အထင်ကြီးသွားရပြန်၏။ မိန်းကလေးဖြစ်သော်လည်း၊ ဒုက္ခိတဖြစ်သော်လည်း ဘဝကို ရဲရဲဝံ့ဝံ့စိန်ခေါ်ရပ်တည်ရဲသူ အာဂမိန်းကလေး. .။

"ကျေးဇူးတင်ပါတယ် တီနာ. .။ ဒါပေမဲ့ တီနာလည်း အားမငယ်ပါနဲ့။ တီနာ တစ်ကောင်ကြွက်မဟုတ်ပါဘူး။ ကိုယ်ရှိပါတယ်"

မင်းခန့်က ခရစ္စတီနာ၏လက်ကလေးကို ဆွဲယူလိုက်သည်။

ခရစ္စတီနာ မရုန်းဖယ်ပါ။

❦ ❦ ❦ ❦ ❦

ဆေးရုံရှေ့ စကားပင်အောက်က ခုံတန်းလျားလေးမှာ ကိုနေသော်နှင့်မေစံရှား ထိုင်နေသည်။ လေအဝှေ့မှာ ဝဲကျလာသော စကားပွင့်ဖြူဖြူကလေးက ကိုနေသော့်ပေါင်ပေါ်သို့. .။

ကိုနေမသော်က စကားပွင့်ကလေးကို ကောက်ယူရင်း. .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဆုဇီရဲ့ဦးခေါင်းခွံမှာ သံတစ်ချောင်းကို စစ်ဆေးတွေ့ရှိရတယ်။ ဦးဒီဗွဟာ အိပ်ပျော်နေတဲ့ဒေါ်ဆုဇီရဲ့ ခေါင်းထဲကို သံရိုက်သွင်းပြီး သေအောင်သတ်ခဲ့တယ်ဆိုတာ ငြင်းမရတော့ဘူးပေါ့။ ခုတော့လည်း ဦးသက်မွန်ကိုသတ်တဲ့တရားခံ၊ မှူးယစ်စိတ်ကြွဆေးရောင်းဝယ်ဖြန့်ဖြူးတဲ့တရားခံ၊ ဒေါ်ဆုဇီကိုသတ်တဲ့တရားခံတွေ မိပြီဆိုတော့ အမှုကိစ္စတစ်ခုအောင်မြင်စွာပြီးဆုံးသွားပြီပေါ့ ရှားရယ်။ ဒီအမှုမှာ ရှားအပင်ပန်းခံခဲ့တာတွေအတွက် ကိုကိုဂုဏ်ယူပါတယ်"

ဟု မေစံရှားကို အမြတ်တနိုးကြည့်ကာ ပြောသည်။

မေစံရှားကမူ အဝေးကို ငေးနေမြဲငေးနေရင်းက. .

"မင်းခန့်နဲ့မြနှင်းဆီ မောင်နှမအတွက်တော့ စိတ်မကောင်းဘူး ကိုကိုရယ်။ သူတို့မောင်နှမ ပြန်ဆုံအောင် ကြိုးစားပေးနိုင်ခဲ့ပေမယ့် မြနှင်းဆီက. ."

ပြောရင်း အသံနစ်ဝင်သွားသည်။

ကိုနေသော်က မေစံရှား၏လက်ကို ဆုပ်ကိုင်၍ စကားပွင့်လေးကိုထည့်ပေးရင်း နှစ်သိမ့်သည်။

"မင်းခန့်နဲ့ ခရစ္စတီနာတို့အတွက် ကိုကိုတို့ ဝမ်းသာကြည်နူးပေးလို့ရပါတယ် ရှားရယ်"

"အင်း. . ဒါတော့ဒါပေါ့လေ။ လောကဓံလေအဟုန်မှာ ကြွေတဲ့ပန်းကကြွေ၊ ဝေတဲ့ပန်းက ဝေနေမှာပဲပေါ့။ ဘာသာတရားရှုထောင့်ကပဲကြည့်ကြည့်၊ ဥပဒေရှုထောင့်ကပဲကြည့်ကြည့်၊ လူမှုရေးရှုထောင့်ကပဲကြည့်ကြည့် အတ္တရဲ့ဆိုးကျိုးတွေ၊ ကြောက်စရာကောင်းပုံတွေကိုတော့ ရှားတွေ့ပြီး သံဝေဂရမိတယ်။ ဦးဒီဗွဆိုတဲ့ ဇာတ်လိုက်ကြီးဟာ အရာရာကို ကြိုးကိုင်ခြယ်လှယ်နိုင်စွမ်းရှိသူလို့ သူ့ကိုယ်သူအထင်ရောက်ခဲ့တာ နောက်ဆုံးမှာတော့ အဲဒီကြိုးတွေကပဲ သူ့ကိုတုပ်နှောင်တာခံရပြီး မလှုပ်သာမလူးသာ မိခဲ့၊ ကျဆုံးခဲ့ရပြီလေ"





"သူကျဆုံးတာကို ကိုကိုစိတ်မထိခိုက်ပါဘူး။ သူ့ရဲ့ အတ္တစ်တုရင်ခုံပေါ်က အသုံးချခံဘုရင်မရုပ်လေးဖြစ်ခဲ့တဲ့ မြနှင်းဆီကိုပဲ သနားမိတာပါ"

"ကဲ. . ကိုကိုရေ၊ ရှားတို့ ဆေးရုံပေါ်ပြန်တက်ပြီး ဒေါ်ထားရီတို့၊ မြနှင်းဆီတို့၊ မင်းခန့်တို့၊ ခရစ္စတီနာတို့ကို ရှားတို့ မေတ္တာငွေ့လေးနဲ့ နွေးထွေးမှုပေးကြဦးစို့။ သွားကြမယ်"

မေစံရှားက ကိုနေသော် ဆုပ်ကိုင်ထားသောလက်ကို ဆွဲ၍ ထိုင်ရာက ထသည်။ မေစံရှားက ဆွဲခေါ်ပြီဆိုမှတော့ ကိုနေသော် မငြင်းမဆန် ပါရပြီပေါ့။ စကားပင်အောက်က သူတို့အထွက်မှာ လေကလေးတစ်ချက် ခပ်ကြမ်းကြမ်းလေးဝှေ့လိုက်ပြန်ရာ စကားပွင့်လေးသုံးလေးပွင့် ဝင်ယံ ထက်မှ ကြွေသက်ကာ ကျလာပြန်သည်။

ကိုနေသော်နှင့်မေစံရှားတို့ ထိုင်သွားခဲ့သော ခုံတန်းလျားလေးပေါ် မှာ စကားပွင့်လေးနှစ်ပွင့် ပွင့်ဖတ်ချင်းထိလျက်။ မခွဲမခွာ. .။ ။

နေစိုးသော်